တီတီထွန်း

# ဘာသိရင် ကောင်းမလဲ



# တီတီထွန်း
# ဘာသိရင် ကောင်းမလဲ

ပထမအကြိမ် - ဒီဇင်ဘာလ ၂၀၁၁

**တန်ဖိုး - ၁၅၀၀ ကျပ်**

ဖြန့်ချိရေး

**ဒေါင်းစာပေ**

၁၁၃၊ ၃၃လမ်း(အလယ်လမ်း) ကျောက်တံတား၊ ရန်ကုန်မြို့။

ဖုန်း- (၀၁) ၃၇၃၂၁၀ / ၀၉၅၀၄၀၉၉၄

e-mail: daung73@gmail.com

ထုတ်ဝေသူ-ဒေါ်သင်းသင်းမွန်(၀၄၂၇၂)၊ သင်းစာပေ၊ ၁၀၊ ရတနာမြိုင်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ အတွင်းနှင့်အဖုံး ပုံနှိပ်သူ-ဦးဆန်းထူးစိုး (၁၄၆၉၈)၊ ဆန်းသစ် ပုံနှိပ်တိုက်၊ အမှတ် ၁၉၆၊ ၃၉ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ စာမူ ခွင့်ပြုချက်အမှတ် ၄၀၁၄၄၃၁၂၁၀။ မျက်နှာဖုံး ခွင့်ပြုချက် အမှတ် ၄၀၁၃၄၁၁၁၁ ။ စောင်ရေ - ၁၀၀၀။

အဖုံးဒီဇိုင်း-သိုးထိန်း

၈၀၈. ၈၄

တီတီထွန်း

ဘာသိရင် ကောင်းမလဲ/

တီတီထွန်း။ - ရန်ကုန် ၊

သင်းစာပေ ၊ ၂၀၁၁ ။

၁၄၄ - စာ ၊ ၁၃. ၁ × ၂၁. ၄ စင်တီ။

(၁) ဘာသိရင် ကောင်းမလဲ

# ဘာသိရင် ကောင်းမလဲ

တိတိထွန်း

ဒေါင်းစာပေ
၁၁၃၊ ၃၃လမ်း(အလယ်လမ်း)၊ ကျောက်တံတား၊ ရန်ကုန်မြို့။
ဖုန်း-(၀၁)၃၇၃၂၁၀ / ၀၉ ၅၀၄၀၉၉၄
e-mail: daung73@gmail.com

## မာတိကာ


- မောင်ဝံသ၏ အမှာစာ
(လူကောင်းတစ်ယောက် ဖြစ်စေဖို့ ဘယ်လို နေထိုင်သင့်သလဲ) ၄
- အမ်ဆွေ၏ မိတ်ဆက် "ဗိဇ နိုးခြင်း" ၇
- စာရေးသူ၏ စကားဦး ၁၀

၁။ ကောင်းကင်ယံမှ မြေပြင်ပေါ်သို့ ၁၃
၂။ ဆန်းစစ်ပြီး နေထိုင်တဲ့ဘဝ ၂၀
၃။ အမှန်တရားဆိုတာ မရှိဘူးဆိုရင် ဒီစကားကရော မှန်သလား ၃၃
၄။ ကျုပ်ဘာမှ မသိပါ ၄၆
၅။ သတ္တိရှိသူက နောက်မဆုတ်ဘူး ဟုတ်လား ၅၇
၆။ ကောင်းလို့ နတ်ဘုရားကြိုက်တာလား
နတ်ဘုရားကြိုက်လို့ ကောင်းတာလား ၇၀
၇။ တရားတဲ့ သေဒဏ်နဲ့ သေစေချင်တာလား ၇၉
၈။ ကြက်ဖတစ်ကောင် ဆက်သလိုက်ပါ ၉၂
၉။ သူ့စာရိတ္တရဲ့အားသာချက်ဟာ သူ့အတွေးအခေါ်ရဲ့အားနည်းချက်ပဲ ၁၀၀

## မောင်ဝံသ၏ အမှာစာ

### လူကောင်းတစ်ယောက် ဖြစ်စေဖို့ ဘယ်လို နေထိုင်သင့်သလဲ

၂၀၀၉ခု နှစ်ဦးပိုင်း တစ်ရက်တွင် တီတီထွန်း၏ "ဘာသိရင် ကောင်းမလဲ" စာမူတစ်အုပ် အတွေးအမြင် မဂ္ဂဇင်းတိုက်သို့ ရောက်လာသည်။ စာမူတစ်အုပ်ဟု ဆိုရခြင်းမှာ ကွန်ပျူတာစာစီထားပြီး ဗလာစာအုပ်အရွယ် သပ်သပ်ရပ်ရပ် ချုပ်လုပ်ထားခြင်းကြောင့် ဖြစ်သည်။

ထိုစာမူကို ယူလာသူမှာ ဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသော ဦးမောင်အေးဆိုသူ ဖြစ်သည်။ တစ်နေ့တွင် ဦးမောင်အေး အတွေးအမြင်တိုက်သို့ လာရောက်စဉ် ကျွန်တော်နှင့် ဆုံတွေ့၍ စကားစမြည် ပြောဆိုကြရာ သူသည် အတွေးအခေါ် ရှိသူ၊ အမြင်ကျယ်သူ တစ်ဦး ဖြစ်ကြောင်း အကဲခတ်မိသည်။ စာမူရှင် တီတီထွန်းသည် အမည်ရင်း သိန်းသန်းထွန်းဖြစ်ပြီး သူ၏ ညီဖြစ်ကြောင်း သိရသည်။

"ဘာသိရင် ကောင်းမလဲ" စာမူကို ၂၀၀၉ မေလ အတွေးအမြင် ၂၀၆ ကစ၍ ထည့်သွင်း ဖော်ပြခဲ့ရာ တစ်လ နှစ်လအတွင်းမှာပင် လူပြောသူပြော များသော ဆောင်းပါးများအဖြစ် ပညာတတ် စာဖတ်ပရိသတ်တို့၏ စကားဝိုင်းများတွင် ဆွေးနွေးစရာ ဖြစ်လာသည်။

ဤဆောင်းပါးများသည် ဆော့ခရေးတီးစ်၏ ဘဝနိဂုံးချုပ်ရံချိန်ကို နောက်ခံထား၍ ဒဿန ရှုထောင့်မျိုးစုံမှ အမြင်များကို ဖော်ပြထားခြင်း ဖြစ်သည်။ စာရေးသူ တီတီထွန်းသည် ဤဆောင်းပါးများကို ရေးနိုင်ရန်

ဒဿနစာတွေ စုံအောင် ဖတ်ရသည်ကို မမေးဘဲနှင့် သိနိုင်သည်။ ကျွန်တော်ကိုယ်တိုင်လည်း "ဘာသိရင်ကောင်းမလဲ"ဆောင်းပါးများကို မပျက်မကွက် စောင့်ဖတ်နေခဲ့သည်။ အားလုံး ပြီးစီးသွားလျှင် စာအုပ်ထုတ်ရန် ထိုစဉ်တတည်းက ရည်ရွယ်ရင်း ရှိသည်။

စာရေးသူ တီတီထွန်းသည် ဆောင်းပါး သုံးလေးပုဒ် ဖော်ပြခံရပြီးနောက် လူကိုယ်တိုင် ရောက်လာသည်။ သူသည် အသက် သုံးဆယ်ကျော်မျှ လူငယ်တစ်ယောက်ဖြစ်သည်။ အသက်မွေးဝမ်းကျောင်း ပညာမှာ ကွန်ပျူတာ သိပ္ပံဘွဲ့ရဖြစ်သော်လည်း ဒဿနပညာကို အလွန်ဝါသနာပါ၍ အဆက်မပြတ် ဖတ်ရှုလေ့လာနေခဲ့ခြင်းကြောင့်သာ ဤသို့သော ဆောင်းပါးမျိုးကို ရေးနိုင်ခြင်း ဖြစ်သည်။

"ဘာသိရင်ကောင်းမလဲ" ဆောင်းပါးများ ပြီးဆုံးသွားသောအခါ တစ်စုတစ်စည်းတည်း စာအုပ်ထုတ်ရန် ကျွန်တော်တို့ သဘောတူကြသည်။ ဤစာအုပ်မျိုး ရှိကောင်းသည်ဟု ကျွန်တော်တို့ ယုံကြည်သည်။

သင်တို့ သိချင်တာတွေ အများကြီး၊ တကယ်က သင်ဘာကိုပဲ သိဖို့ လိုသလဲ ဆိုတာ သိသင့်သည်။ ဘယ်လို ကိစ္စမျိုးဟာ အရေးပါပြီး လူတစ်ယောက်အနေနဲ့ သိသင့်ပါသလဲ။ ခေတ်အဆက်ဆက်တိုင်းမှာ လူတွေဟာ ဒီမေးခွန်းရဲ့အဖြေကို ကိုယ့်နည်း ကိုယ့်ဟန်နဲ့ ရှာခဲ့ကြဖူးပါတယ်။ သူတို့ရဲ့ သင်ခန်းစာအရဆိုရင် "ရှိရှိသမျှ သိချင်စရာ အားလုံးထဲမှာ 'လူကောင်းတစ်ယောက်ဖြစ်ဖို့ ဘယ်လို နေထိုင်သင့်သလဲ' ဆိုတဲ့ကိစ္စသာလျှင် အရေးအကြီးဆုံး" ဖြစ်ပါသည်။

ဤစာအုပ်ငယ်သည် လူကောင်းတစ်ယောက် ဖြစ်လိုသူများအား လူကောင်း မဖြစ်လာလျှင်တောင်မှ လူဆိုးတော့ လုံးဝအဖြစ်ခံမှာ မဟုတ်ဘူးဟု အာမခံချက်ပေးနိုင်ပါလိမ့်မည်။

မောင်ဝံသ

## အမ်ဆွေ၏ မိတ်ဆက်
## "ဗီဇနိုးခြင်း"

ဗီဇနှင့် ပတ်ဝန်းကျင် ဘယ်သင်းက ပိုအရေးကြီးသလဲဟု အခြေအတင် ငြင်းခုံကြတိုင်း ကျောင်းဆရာဖြစ်သော ကျွန် တော်က ပတ်ဝန်းကျင်ဘက်မှ ရပ်တည် ငြင်းခုံလေ့ရှိပါသည်။ အတွေးအမြင်မဂ္ဂဇင်း၌ပါသော တီတီထွန်း၏ "ဘာသိရင် ကောင်းမလဲ" အခန်းဆက်ဆောင်းပါးကို ဖတ်ပြီး ဗီဇနှင့် ပတ်ဝန်းကျင် ဆက်စပ်မှုသဘောကို ကျွန်တော်ဆင်ခြင်ကြည့်မိပါသည်။

ကျွန်တော်တို့ ငယ်ငယ် (လွန်ခဲ့သော အနှစ်လေးဆယ်လောက်ဆီက) လူငယ် လူရွယ်များ၊ စာရေးဆရာ ဖြစ်ချင်လာလျှင် ဝတ္ထုနှင့်ကဗျာတို့ကို စတင် စမ်းသပ်ရေးလေ့ရှိခဲ့ကြ၏။ ဝတ္ထုရေးအားကောင်းသော၊ ကဗျာရေး အားကောင်းသော ပုဂ္ဂိုလ်တို့ကိုသာလျှင် စာရေးဆရာအဖြစ် ပရိသတ်က ပို၍လက်ခံချင်ကြ၏။ အထူးသဖြင့် ပညာရပ်တစ်ခုခုကို အခြေပြုရေးသား သော ဆရာတို့ကို စာရေးဆရာအဖြစ်ထက်ပို၍ ပညာရှင်အဖြစ်သာ နေရာ ပေး ချင်ကြ၏။ ယခု ခေတ်ပြောင်းသွားပြီ။ ဆရာဦးအောင်သင်းကဲ့သို့ စာပေ ဝေဖန်ရေးဆရာ (စာပေပညာရှင်)-ကို ပရိသတ်က စာရေးဆရာအဖြစ် နှစ်နှစ်ခြိုက်ခြိုက် လက်ခံအားပေးနေကြပြီ။ စာမရေးဖူးသော တီတီထွန်းကဲ့သို့ အသက် သုံးဆယ်ကျော် လူငယ်တစ်ဦးကလည်း ဆော့ခရက္တီ စဉ်း စားနည်းကို မွှေနှောက်တင်ပြ၍ စာပေနယ်သို့ဝင်ရန် ကြိုးစားနေလေပြီ။ အတွေးအမြင် ကဲ့သို့သော မဂ္ဂဇင်းမျိုးသည် တီတီ ထွန်းကဲ့သို့သော လူငယ်များအတွက် ရေခံ မြေခံကောင်းဖြစ်ပေသည်။

ဤနေရာတွင် မေးရန် မေးခွန်းတစ်ခု ပေါ်လာသည်။ အတွေးအမြင် မဂ္ဂဇင်းကို ဖတ်သော လူငယ်လူရွယ်တိုင်းသည် တီတီထွန်းကဲ့သို့ အားထုတ် ပါမည်လော။ အားထုတ်ကြလိမ့်မည်ဟု ကျွန်တော်တော့ဖြင့် မထင်မိပါ။

ဤတွင် ဗီဇသဘော ပါလာသည်။ ကျွန်တော်သည် တီတီထွန်း၏ အခန်းဆက်ဆောင်းပါးများကို ဖတ်ပြီးတိုင်း သူ၏ ဖခင်ဖြစ်သူ ဦးလေး ဦးကိုကိုကြီး၏ ညီသော၊ တိုသော၊ ဖြူဖွေးသော၊ သွားများပေါ်အောင် အားပါးတရပြုံးနေသည့်မျက်နှာကို မြင်ယောင်မိပါသည်။

ကျွန်တော်နှင့် တီတီထွန်း၏ ဒုတိယအကြီးဆုံး အစ်ကိုမှာ တက္ကသိုလ်တွင် ကျောင်းနေဖက်များ ဖြစ်ကြပါသည်။ မွေးချင်းဆယ်ယောက်တွင် တီတီထွန်း (သိန်းသန်းထွန်း) မှာ အငယ်ဆုံးဖြစ်သဖြင့် မိသားစုနှင့် ရင်းနှီးသူများက သူ့ကို အဘိုင်း (ညီညီ) ဟု ခေါ်ကြပါသည်။ ကျွန်တော့် သူငယ်ချင်းနှင့် တီတီထွန်းမှာ အနှစ် နှစ်ဆယ် ကွာပါသည်။ ကျွန်တော်တို့ တက္ကသိုလ် ကျောင်းသားဘဝမှာပင် တီတီထွန်း မွေးဖွားလာခြင်းဖြစ်ပါသည်။ ဆိုချင်သည်မှာ တီတီထွန်းသည် ကျွန်တော့် မျက်စိရှေ့တွင် လူလားမြောက်လာသော လူငယ်တစ်ယောက်။ သူငယ်စဉ်က ဘာမှ ထူးထူးခြားခြားရှိသည်ဟု သတိမထားမိပါ။ ရန်ကုန်တက္ကသိုလ်တွင် သင်္ချာအဓိကဖြင့် ဒုတိယနှစ်အထိ တက်ခဲ့၏။ ထို့နောက် ကွန်ပျူတာခေတ်ရေစီးနှင့်အတူ ဗြိတိန်နိုင်ငံသို့ ရောက်ရှိ၍ Ph.D ဘွဲ့ရ။ ဒါပဲဖြစ်သည်။ "ဘာသိရင်ကောင်းမလဲ" ဆောင်းပါးမျိုး ရေးလာလိမ့်မည်ဟုကား ကျွန်တော်တစ်ခါမျှ မမျှော်လင့်မိခဲ့ပါ။

သူတို့မိသားစုတွင် ကျွန်တော် စိတ်အဝင်စားသူကား သူ၏ဖခင် ဦးလေး ဦးကိုကိုကြီး ဖြစ်သည်။ ဦးလေးသည် ဆိုရှယ်လစ်ခေတ်စကားနှင့်ဆိုလျှင် လုပ်ငန်းရှင်တစ်ဦး ဖြစ်၏။ ကျွန်တော်သည် ညနေတိုင်း သူတို့အိမ်သို့ ရောက်လေ့ရှိရာ ဦးလေးကို သူနှင့်သက်တူရွယ်တူများဖြင့် ဝိုင်းဖွဲ့ စကားပြောနေတတ်သည်ကိုလည်း တွေ့ရလေ့ရှိ၏။ ဦးလေးသည် စကားကို အားကောင်း မောင်းသန်၊ စိတ်ပါလက်ပါ ပြောတတ်သူ ဖြစ်၏။ အမြဲလိုလိုပင် ဦးဆောင်ပြောကြားနေသူအဖြစ် တွေ့ရလေ့ရှိ၏။ သူတို့ ပြောနေကြသော အကြောင်းအရာမှာ လုပ်ငန်းစကား စီးပွားရေးစကားမဟုတ်ဘဲ သာမန် ထွေရာလေးပါး စကားဝိုင်းသာ ဖြစ်ပုံရပါသည်။ ထူးခြားသည်က ညနေပိုင်း အလုပ်သိမ်းချိန်၌ စာအုပ်တစ်အုပ်ကို သဲသဲမဲမဲ ဖတ်နေတတ်သော ဦးလေးကို မကြာခဏ တွေ့ရခြင်းဖြစ်သည်၊ နောက်ထပ် ထူးခြားချက်တစ်ခုကား ဦးလေးသည် လက်ဖက်ရည်ကြိုက်၏။ ဆေးလိပ်ကြိုက်၏။ ကွမ်းကြိုက်၏။ စကားပြောရခြင်းကိုလည်း နှစ်ခြိုက်ပုံရပေသည်။

အိမ်ကို ကျွန်တော် အဝင်အထွက် များလာသောအခါ ဦးလေးနှင့်

ကျွန်တော် ရင်းနှီးလာပါသည်။ စကားလည်း ပြောဖြစ်လာပါသည်။ ဦးလေးသည် သတင်းစာသမားဘဝမှ လုပ်ငန်းရှင်အဖြစ်သို့ ရောက်လာခဲ့သူဖြစ်ပါသည်။ အိုးဝေဦးညိုမြ၊ ဆရာဇဝန၊ ကြေးမုံဦးသောင်းတို့ကို ကောင်းစွာသိပါသည်။ ဦးလောရုံ၏ နေးရှင်းသတင်းစာတွင်လည်း သတင်းထောက်လုပ်ခဲ့ဖူးသည်၊ သို့သော် သူ၏ ပင်တိုင်သတင်းစာမှာ တမိလ်ဘာသာစကားဖြင့် ထုတ်ဝေ "သွန်ဒန်" နေ့စဉ် သတင်းစာ ဖြစ်ပါသည်။ ၎င်းတွင် လက်ထောက်အယ်ဒီတာအဖြစ် အမှုထမ်းခဲ့ခြင်းဖြစ်၏။ ဦးလေးသည် တမိလ်ဘာသာစကားကို ကောင်းစွာ ကျွမ်းကျင်သူဖြစ်ပါသည်။

ဦးလေးနှင့် ကြာရှည် စကားပြောမိလာသောအခါ သူသည်လည်း နေရာမှား၍ လူဖြစ်နေရသူဖြစ်ကြောင်း ကျွန်တော် ရိပ်မိလာပါသည်။ စီးပွားရေးသမားဘဝကို ရောက်နေသော်လည်း သတင်းစာသမားတစ်ဦး၏ ဝိညာဉ်က သေပုံမရပါ။ အသိပညာအရေး (ပညာရေး) ကို ဦးလေး အလွန်ထက်သန်၏။ စာပေကိုမြတ်နိုး၏။ စာဖတ်ခြင်းကို နှစ်သက်၏။ ရသမျှ အချိန်ကို လု၍ စာလည်းရေး၏။ (တမိလ်ဘာသာဖြင့် ရေးခြင်းဖြစ်၏။) နိုဘဲလ်ဆုရ ရုရှားစာရေးဆရာ ဆိုလ်ဇင်နစ်ဆင်၏ Cancer Ward ကို ဦးလေးပေးသဖြင့် ကျွန်တော်ဖတ်ခဲ့ရခြင်းဖြစ်၏။

လွန်ခဲ့သော အနှစ်နှစ်ဆယ်လောက်ဆီက ဦးလေးဦးကိုကိုကြီး ဆုံးပါးခဲ့ပါသည်။ သူမကွယ်လွန်မီ အရိုးဆေးရုံသို့ ကျွန်တော် သွားရောက် တွေ့ဆုံခဲ့ပါသည်။ ဦးလေးသည် သူ၏ ရောဂါအခြေအနေကို ရိပ်မိပုံရပါသည်။ သူ့ဘဝထုပွတ်ကို အကျဉ်းချုပ်ပြ၏။ သားသမီးများ၏ ပညာရေးကို သူ အရေးပေးခဲ့ကြောင်း ဂုဏ်ယူပြော၏။ ထိုစဉ်က တီတီထွန်းသည် ဆယ်ကျော်သက်မျှသာ။ ဦးလေးသည်လည်း သူ့ သားအငယ်ဆုံးတွင် သူ၏ ဗီဇ ဆက်လက်ရှင်သန် ပွင့်လန်းလာလိမ့်မည်ဟု မျှော်လင့်နိုင်ခဲ့မည်မဟုတ်ပါချေ။

ကျွန်တော်ကား တီတီထွန်း၏ "ဘာသိရင်ကောင်းမလဲ" အခန်းဆက်ဆောင်းပါးကို ဖတ်ပြီးတိုင်း သူ့ဖခင်၏ ပြုံးနေသောမျက်နှာကို မြင်သကဲ့သို့ပင် "ဒါဗီဇ နိုးခြင်းပဲ" ဟု ကောက်ချက်ချမိပါသည်။

အပ်ဆွေ
ဂုဏ်ထူး၊ ပညာရေးစိတ်ပညာဌာန
ရန်ကုန်ပညာရေးတက္ကသိုလ်

# ဘာသိရင် ကောင်းမလဲ

**ရှိရှိသမျှ သိချင်စရာ အားလုံးထဲမှာ 'လူကောင်းတစ်ယောက်ဖြစ်ဖို့ ဘယ်လိုနေထိုင်သင့်သလဲ' ဆိုတဲ့ကိစ္စသာလျှင် အရေးအကြီးဆုံးဖြစ်ပါတယ်**

## စာရေးသူ၏ စကားဦး

လူတိုင်းမှာ အမြဲရှိသလို သိချင်စိတ် တစ်ခုလည်း ရှိကြမြဲပဲ။ လူရယ်လို့ဖြစ်လာတဲ့အခါမှာ သိချင်စရာတွေကတော့ အစုံ အလင်ပေါ့။ ဘောလုံးပွဲ အနိုင်အရှုံး အကြောင်း၊ သေရေး ရှင်ရေးအကြောင်း၊ နေ့စဉ်ကုန်ဈေးနှုန်း အတက်အကျ အကြောင်း၊ မိုးလေဝသ ခန့်မှန်းချက် အကြောင်း၊ စာပေအနုပညာအကြောင်း၊ ကိုယ်က အထင်ကြီးသူရဲ့ စိတ်နေသဘောထားအကြောင်း၊ လူအချို့ ဘယ်လိုနည်းနဲ့များ ဒီလောက်တောင် ချမ်းသာနေနိုင်တဲ့ အကြောင်း၊ နိုင်ငံတကာရေးရာအကြောင်း၊ ကျန်းမာရေးအကြောင်း၊ ကျောင်းပညာရေး အကြောင်း၊ ကြီးပွားရေးနည်းလမ်း အကြောင်း စသည်ဖြင့် သိချင်စရာတွေက များလွန်းပါတယ်။ အဲ့ဒီလို သိချင်စရာတွေ အများကြီးထဲက အချို့ကိစ္စတွေဟာ အရေးပါသလို အချို့ဟာလည်း သိပ်အရေးမပါ ဘူးဆိုတာ ထင်ရှားပါတယ်။ ဥပမာ ကိုယ် မကြားဖူးတဲ့မြို့က ကိုယ်မသိသူရဲ့ ခေါင်းမှာ သန်း ဘယ်နှစ်ကောင်ရှိတယ် ဆိုတာ သိရလို့ ဘာဖြစ်မှာလဲ။ ဒါကြောင့် သိလို့ ရနိုင်တဲ့ အရာတိုင်းဟာ သိချင်စရာ မကောင်းသလို သိချင်စရာကောင်းတဲ့ အရာ အားလုံးကိုလည်း လူသား တစ်ယောက်အနေနဲ့ သိနိုင်မှာ မဟုတ်ဘူး။ ဘဝဟာ တိုတောင်းလွန်းပါတယ်။

ဒါဆိုရင် ဘယ်လိုကိစ္စမျိုးဟာ အရေးပါပြီး လူတစ်ယောက်အနေနဲ့ သိသင့်ပါသလဲ။ ခေတ်အဆက်ဆက်တိုင်းမှာ လူတွေဟာ ဒီမေးခွန်းရဲ့ အဖြေကို ကိုယ့်နည်းကိုယ့်ဟန်နဲ့ ရှာခဲ့ကြဖူးပါတယ်။ သူတို့ရဲ့ သင်ခန်းစာ အရ ဆိုရင် ရှိရှိသမျှ သိချင်စရာ အားလုံးထဲမှာ 'လူကောင်းတစ်ယောက်ဖြစ်ဖို့ ဘယ်လိုနေထိုင်သင့်သလဲ' ဆိုတဲ့ကိစ္စသာလျှင် အရေးအကြီးဆုံး ဖြစ်ပါတယ်။ 'လူကောင်းတစ်ယောက်ဖြစ်ဖို့ ဘယ်လိုနေထိုင်သင့်သလဲ' ဆိုတာက ရှင်းလင်းတဲ့မေးခွန်း တစ်ခု ဆိုပေမယ့် သေသေချာချာဖြေဖို့ လွယ်တဲ့ မေးခွန်းတော့ မဟုတ်ပါဘူး။

ဒီမေးခွန်းကို ချဉ်းကပ်တဲ့အခါမှာ အသုံးချလို့ရတဲ့ နည်းတွေ အမျိုးမျိုး ရှိပါတယ်။ တစ်နည်းကတော့ ကိုယ့်ရဲ့ ယုံကြည်မှုကိုသာ အခြေခံတဲ့နည်းပါ။ 'ငါဟာ စိတ်ကောင်းရှိသူ၊ စဉ်းစားဉာဏ်ရှိသူ၊ ပညာတတ်သူ၊ လူကြီးမိဘ ကောင်းရဲ့ ဆုံးမစကား နားလည်သူ ဖြစ်တယ်။ ကောင်းတဲ့စိတ်ထားရှိတဲ့ အတွက် ငါဟာ မကောင်းတာလုပ်သူ မဖြစ်နိုင်ဘူး'လို့ ယူဆတဲ့နည်းပေါ့။ ဒီနည်းရဲ့ သဘာဝက တစ်ဖက်သတ် ချစ်ရသူရဲ့ စိတ်ကူးလိုပါပဲ။ သူပိုးတဲ့သူ က မျက်စိမှိတ်တာမြင်ရင် မျက်လုံးထဲ ဖုန်ဝင်တယ်လို့ မသိချင်ဘူး။ သူ့ကို မျက်နှာသာပေးနေပြီလို့သာ တထစ်ချ နားလည်သူပေါ့။ သူ့အတွက်က သူယုံကြည်ချင်တာဆို မှန်တယ်။ မယုံကြည်ချင်တာဆို မှားတာကိုး။ တကယ့်ပြဿနာကတော့ သူ့ရဲ့ တစ်ဖက်ကန်း ယုံကြည်ချက်တွေကို အခြားသူတွေက မေးမြန်းတာ၊ ဆန်းစစ်တာ၊ ဝေဖန်တာ၊ သရော်တာ စတာတို့ကို လုံးဝ မကြိုဆိုတဲ့ နည်းပါ။

နောက်တစ်နည်းကတော့ လူအများ အပြန်အလှန် အခြေအတင် ဆွေးနွေးပြီး အဖြေရှာတဲ့နည်းဖြစ်ပါတယ်။ သိပ္ပံပညာရှင်တွေ၊ ဥပဒေ ပညာ ရှင်တွေ၊ ခေတ်မီ ကျောင်းဆရာတွေ၊ အသိပညာကို ရှာဖွေ ဝေမျှတဲ့အခါမှာ သုံးတဲ့နည်းလို့လည်း ဆိုနိုင်ပါတယ်။ အမှန်အမှားကို ဆုံးဖြတ်ရာမှာ ဒီနည်းဟာ လူအများရဲ့ စဉ်းစားဆင်ခြင်နိုင်စွမ်းနဲ့ လက်တွေ့ အတွေ့အကြုံကိုသာ အားကိုးပါတယ်။ ဒါကြောင့် ကိုယ့်ယုံကြည်ချက်ကို အခြားသူတွေက အပြန်အလှန် ဆန်းစစ်တာ၊ ဝေဖန်တာ၊ အထောက် အထားပြဖို့ စိန်ခေါ်တာ၊ သရော်တာတို့ကို လှိုက်လှိုက်လှဲလှဲ ဖိတ်ခေါ်တဲ့ နည်းပါ။ အထက်မှာမေးခဲ့တဲ့ 'လူကောင်းတစ်ယောက်ဖြစ်ဖို့ ဘယ်လို နေထိုင်သင့်သလဲ' ဆိုတဲ့မေးခွန်းကို လူအချို့ အပြန်အလှန် အခြေအတင် ဆွေးနွေးကြပုံကို ဒီဆောင်းပါးတွေမှာ

ဖော်ပြထားပါတယ်။ လူကောင်းလူမွန် ဖြစ်ရေးအကြောင်း ဆွေးနွေးမယ် ဆိုပေမယ့် ဆုံးမစကားတွေကို တစ်ဖက်သတ် ပြောမှာ မဟုတ်ပါ။

ဒီဆောင်းပါးတွေရဲ့ အကြောင်းအရာနဲ့ တင်ပြပုံက ဂရိဒဿနဆရာကြီး ပလေးတိုး အစောပိုင်းကရေးတဲ့ 'ကထာ' လို့ခေါ်တဲ့ စကားပြောဆွေးနွေးခန်းတွေကို အပေါ်ယံအားဖြင့် အခြေခံထားပါတယ်။ ပလေးတိုးရဲ့ ရေးသားချက်တွေကို အစအဆုံး တိုက်ရိုက် ဘာသာပြန်တာ မဟုတ်ဘဲ အရေးကြီးတယ်လို့ ယူဆမိတဲ့ အတွေးအခေါ်တွေကို ကောက်နုတ်ပြီး ဝေဖန် ဆွေးနွေးထားတာပါ။ ဒဿနပညာကို လူအများ တွေ့ဆုံဆွေးနွေးတဲ့နည်းနဲ့ လေ့လာ အသုံးချနိုင်ဖို့ကို ရည်ရွယ်ပါတယ်။

တီတီထွန်း (T.T. Tun)



## ဆောင်းပါးအမှတ် (၁)

# 'ကောင်းကင်ယံမှ မြေပြင်ပေါ်သို့'

ဒီစကားဝိုင်းထဲ အဓိက မေးသူတွေထဲမှာ လူကြီး၊ လူငယ်၊ ယောက်ျား၊ မိန်းမ အားလုံး ပါဝင်တယ်။ မေးခွန်းအများစုကို စာရေးသူက ပြန်ဖြေဟန်နဲ့ ရေးပါမယ်။ ဒီဆောင်းပါးက ဆွေးနွေးချက်တွေကို နိဒါန်းပြုတာပါ။

*မေး။ ဒီမှာ ဘာအကြောင်း ဆွေးနွေးကြမှာလဲ။*

ဖြေ။ 'ဘယ်လိုလူကို လူကောင်းလူမွန်လို့ခေါ်တာလဲ' ဆိုတဲ့ မေးခွန်းမျိုးကို အဓိက ဆွေးနွေးကြမှာပါ။ လူကောင်းဖြစ်ဖို့ ဘယ်လိုအသိတွေရှိဖို့ လိုသလဲ၊ လိုအပ်တဲ့ အသိမျိုးကို ဘယ်လိုနည်းနဲ့ ရနိုင်မလဲ၊ စတာတွေကို မေးသူနဲ့ဖြေသူ အတူတူ လေ့လာကြမှာပါ။

*မေး။ လူကောင်းဆိုတာမျိုးကို သိဖို့ဘာခက်လို့လဲဗျ၊ ကောင်းတာလုပ်သူကို လူကောင်းလို့ ခေါ်တာပဲ မဟုတ်လား။ သူများကို မတရားတာ မလုပ်သူ၊ သူများပိုင်ပစ္စည်းကို မပေးဘဲ မယူသူ၊ အဲသလို မကောင်းတာတွေ မလုပ်သူကို လူကောင်းလို့ ခေါ်ကြတာပဲလေ။ ဒါကို အထူးအဆန်း လုပ်ပြီး ဘာကြောင့် လေ့လာရမှာလဲ။ ဒီခေတ်မှာ လူကောင်းတွေ ရှားနေပြီ လို့ ထင်လို့လား။*

ဖြေ။ ပြဿနာက ခင်ဗျားပြောသလို လွယ်ရင် အဆင်ပြေတာပေါ့ဗျာ။ ဒါပေမယ့် လက်တွေ့မှာ ထင်သလို လွယ်ကူရှင်းလင်းမှု မရှိဘူး။ ဥပမာ

တစ်ခုအနေနဲ့ ခင်ဗျား အခုပြောတဲ့ 'သူများပိုင်ပစ္စည်းကို မပေးဘဲ မယူသူဟာ လူကောင်းတစ်ယောက်' ဆိုတဲ့ စကားကို လေ့လာကြည့်ရအောင်။ ဒီလိုစကားမျိုးကို အဆိုပြုချက်လို့ ခေါ်မယ်။ ပြီးတော့ ဒီလို အဆိုပြုချက်တွေကို ဝေဖန်ပိုင်းခြားကြည့်ကြမယ်လေ။

ရွာတစ်ရွာမှာ မိတ်ဆွေ သုံးယောက်ရှိတယ် ဆိုပါစို့။ လွယ်အောင် သူတို့ကို ကိုပိုင်၊ ဒေါ်လှိုင်နဲ့ မမြိုင်လို့ နာမည်ပေးရအောင်။ ကိုပိုင့်မှာ အင်မတန်ထက်တဲ့ ဓားရှည်တစ်ချောင်း ရှိတယ်။ သူက အဲဒီဓားကို အင်မတန် တန်ဖိုးထားတာ။ တစ်နေ့မှာ ခရီးဝေး တစ်နေရာ သွားစရာရှိလို့ သူ့ဓားရှည်ကို ဒေါ်လှိုင့်ဆီမှာ သိမ်းဖို့ပေးထားခဲ့တယ်။ ကိုပိုင်ပြန်လာတဲ့ တစ်နေ့မှာ ဒေါ်လှိုင်က သူ့ဓားကို ပြန်ပေးသင့်တာပေါ့ မဟုတ်လား။ ကောင်းပြီ။ ဒါနဲ့ သုံးလလောက် အကြာမှာ ကိုပိုင်တစ်ယောက် စိတ်ဖောက်ပြန်သွားပြီဆိုတဲ့ သတင်းတွေ ထွက်လာတာကို ဒေါ်လှိုင်ကြားမိတယ်။ မကြာခင် တစ်ရက်မှာ ဒေါ်လှိုင့်ဆီ ကိုပိုင်က ဝုန်းဝုန်းဒိုင်းဒိုင်းနဲ့ ရောက်ချလာတယ်။ ပြီးတော့ 'မမြိုင်က ကျွန်တော့်ကွယ်ရာမှာ ကျွန်တော်ရှုံးနေပြီလို့ ပြောတာကို အတော်ပဲ မခံနိုင်ဘူးဗျာ။ အခုပဲ သူ့ဆီသွားပြီး စာရင်းအပြတ် ရှင်းပစ်မှဖြစ်မယ်။ ကျွန်တော့်ဓားကို ပြန်ပေးပါ' လို့ ပြောရင် ဒေါ်လှိုင်က ကိုပိုင့်ဓားကို ချက်ချင်းပြန်ပေးသင့်သလား။

မေး။ ဒီလိုပေးလိုက်လို့ ကိုပိုင်က မမြိုင်ကို ကိုယ်ထိ လက်ရောက်လုပ်မိရင် *ဒေါ်လှိုင့်မှာ တာဝန်ကင်းမှာ မဟုတ်ဘူး ထင်တယ်။ သူက စိတ်ဖောက်ပြန်သွားပြီဆိုတာ ဖြစ်နိုင်တယ်လေ။ စိတ်ဖောက်ပြန်သူကို ဓားသွားပေးရင် ပေးသူမှာ ဝတ္တရား မကင်းရာ ရောက်မယ်။ ကိုပိုင်ထင်သလို မမြိုင်က သတင်းပျက် ဖြန့်တာလည်း ဟုတ်ချင်မှ ဟုတ်မှာ။ ဒါကြောင့် အဲဒီဓားကို ဒေါ်လှိုင်က ချက်ချင်းပြန်မပေးသင့်ဘူးလို့ ထင်တယ်။*

ဖြေ။ ဒါဆို 'သူများပိုင်ပစ္စည်းကို မပေးဘဲ မယူသူဟာ လူကောင်းတစ်ယောက်' ဆိုတဲ့ အဆိုပြုချက်ဟာ မပြည့်စုံဘူး။ ဘာကြောင့်လဲဆိုတော့ အချို့အခြေအနေတွေမှာ လူကောင်းတစ်ယောက်ဟာ သူများပိုင်ပစ္စည်းကို ပိုင်ရှင်သဘောမတူရင်တောင် ယူထားသင့်တယ်လို့ ဆိုရမယ်ပေါ့။ ဒါဆို အခုပြောတဲ့ အဆိုပြုချက်ကို မှန်တယ်လို့ လက်ခံလို့မရဘူး။

*မေး။ အတွန့်တက်တယ်လို့ မထင်နဲ့နော်။ အခုပြောတဲ့အဆိုပြုချက်ကို နည်းနည်းပြန်ပြင်ရင်ရော မရဘူးလား၊ ဆိုပါစို့ 'စိတ်မဖောက်ပြန်သူများရဲ့ ပစ္စည်းကို မပေးဘဲ မယူသူဟာ လူကောင်းတစ်ယောက်' လို့ ပြန်ပြီးအဆိုပြုရင်ရော။*

ဖြေ။ ရပါတယ်၊ များများသာ အတွန့်တက်ပါ။ ဒါမှ စိတ်ဝင်စားဖို့ ကောင်းမယ်။ ဒီလိုပြောပေမယ့်လည်း မပြေလည်သေးဘူး ထင်တယ်။ ဘယ်သူက စိတ်မှန်တယ်၊ မမှန်ဘူးဆိုတာကို ဘယ်လို လုပ်ပြီး သိနိုင်သလဲလို့ ထပ်မေးရမယ်။ လူတစ်ယောက် စိတ်မှန်တယ်၊ မမှန်ဘူး ဆိုတာကို သိဖို့က ထင်သလောက်တော့ မလွယ်ဘူး။ သာမန်လူတွေမပြောနဲ့ စိတ်ဝေဒနာရှင်တွေကို ကုသပေးတဲ့ ဆရာဝန်တွေတောင် လွယ်လွယ်ကူကူ မခွဲခြားတတ်ဘူး။ ဒီအချက်ကို ထောက်ပြဖို့ အမေရိကန် စိတ်ပညာရှင်တစ်ယောက်က စမ်းသပ်ချက်တစ်ခု လုပ်ဖူးတယ်။

*မေး။ ဘယ်လို စမ်းသပ်ချက်မျိုးပါလဲ။*

ဖြေ။ စိတ်ရောဂါမရှိသူ သာမန် လူ ၈ ယောက်ကို အခုပြောတဲ့ အမေရိကန် စိတ်ပညာရှင်က ရွေးတယ်။ အရွေးခံရသူတွေထဲမှာ ကျောင်းသား၊ ဆရာဝန်၊ ပန်းချီဆရာ၊ အိမ်ရှင်မ စတဲ့ အလွှာအသီးသီးက လူတွေပါဝင်တယ်။ ပြီးတော့ သူတို့ကို စိတ်ရောဂါ အထူးကုဆေးရုံတချို့ကို သွားခိုင်းပြီး နားထဲမှာ အသံတွေ ကြားရကြောင်း ပြောစေတယ်။ ဒီလိုပြောရမှာကလွဲလို့ ကျန်ကိစ္စတွေမှာ ပုံမှန်သာ နေထိုင်ကြဖို့ကိုလည်း မှာလိုက်သေးတယ်။ ဆေးရုံအတင်ခံခဲ့ရရင် သူတို့ဟာ စိတ်ဖောက်ပြန်သူ မဟုတ်ပါ၊ လူကောင်းပါလို့ ဆရာဝန်တွေကို ရှင်းပြပြီး ဆေးရုံက အမြန်ဆုံး ဆင်းခွင့်ရဖို့ကိုလည်း ကြိုးစားခိုင်းလိုက်ပါတယ်။ ရည်ရွယ်ချက်ကတော့ လူတစ်ယောက် စိတ်မှန် မမှန်ကို ဆရာဝန်တွေ ဘယ်လောက် မြန်မြန်သိသလဲ ဆိုတာကို ဖော်ထုတ်ချင်လို့ပါ။

အဲသလိုလည်းလုပ်ရော ဒီလူ ၈ ယောက်စလုံးဟာ ဆေးရုံအသီးသီးမှာ လူနာအဖြစ် ဆေးရုံတင် ခံရတယ်။ ဆရာဝန်နဲ့တွေ့တိုင်း သူတို့ဟာ စိတ်မမှန်သူတွေ မဟုတ်ပါလို့ ဆိုတော့လည်း ဆရာဝန်တွေက သူတို့ကို မယုံဘူး။ ဒါနဲ့သူတို့က နည်းတစ်မျိုးကြံတယ်။ ဆရာဝန်တွေထင်သလို

သူတို့စိတ်မမှန်ဘူးဆိုတာကို မငြင်းတော့ဘဲ ဆရာဝန်ပေးတဲ့ ဆေးကြောင့် အခုခါ သက်သာနေပြီလို့ ဆိုကြတယ်။ ဒါကို ဆရာဝန်တွေက ပိုသဘောကျတာမို့ မကြာခင်မှာ ဆင်းခွင့်အသီးသီး ပေးလိုက်တယ်။ ဆေးရုံမှာ အနည်းဆုံး ၇ ရက်ကနေ အများဆုံး ၅၂ ရက်ကြာ သူတို့ နေခဲ့ကြရတယ်။ ဆရာဝန်တွေဟာ စိတ်မှန်သူကို စိတ်မှန်သူမှန်းသိဖို့ ပျမ်းမျှ ရက် ၂၀ လောက်ကြာ အချိန်ယူရတယ်ပေါ့ဗျာ။

*မေး။ ဒါက စိတ်ရောဂါမရှိသူတွေကို စိတ်ရောဂါရှိသူတွေလို့ အထင်မှားတာပေါ့။ စိတ်ရောဂါရှိသူတွေကို စိတ်ရောဂါမရှိသူတွေလို့ ထင်တာမဟုတ်ဘူးနော်။*

ဖြေ။ အပြောမစောနဲ့ဦး။ ဒီစမ်းသပ်ချက် သတင်းကိုလည်း ကြားရော အခြားနာမည်ကြီး စိတ်ရောဂါ အထူးကုဆေးရုံက ဆရာဝန်တွေက သူတို့ဆေးရုံမှာဆိုရင်တော့ ဒီလိုအမှားတွေ မဖြစ်နိုင်ဘူးလို့ ဆိုလေတယ်။ ဒါနဲ့ ဒီစိတ်ပညာရှင်က တစ်ခါ သူတို့ဆေးရုံကိုလည်း ဒီလူတွေကို လွှတ်လိုက်မယ်၊ သူတို့ ရှာနိုင်ရင်ရှာကြလို့ ပြောပြီး သုံးလလောက် စောင့်လိုက်တယ်။ မကြာခင်ပဲ အဲဒီဆေးရုံက ဆရာဝန်တွေက သူတို့ဆေးရုံမှာ 'လူနာအတု' ၄၁ ယောက်တွေ့ကြောင်း၊ နောက် ထပ် ၄၂ ယောက်ကိုလည်း သံသယရှိကြောင်း ဆိုလာတယ်။ တကယ်တော့ ဒီစိတ်ပညာရှင်က အဲဒီဆေးရုံကို သူလူတွေ တစ်ယောက်မှ မသွားခိုင်းထားပါဘူး။

*မေး။ ကောင်းလိုက်လေ၊ ဒီဆေးရုံကဆရာဝန်တွေ ထောင်ချောက်မိသွားတာပေါ့။*

ဖြေ။ ဟုတ်တယ်။ အရေးကြီးတာက ဒီစမ်းသပ်ချက်အရဆိုရင် လူတစ်ယောက် စိတ်မှန်တယ်၊ မမှန်ဘူး ဆိုတာကို စိတ်ရောဂါအထူးကု ဆရာဝန်တွေတောင် တိတိကျကျနဲ့ မြန်ဆန်စွာ မခွဲခြားတတ်ဘူး။ မောင်ပိုင် စိတ်မှန်၊ မမှန်ကို ဒေါ်လှိုင်ကရော ဘယ်လို လုပ်သိနိုင်မှာလဲ။

*မေး။ နောက်ပြဿနာတစ်ခုလည်းရှိသေးတယ်။ ဒေါ်လှိုင်က မောင်ပိုင့်ရဲ့ ဓားကို ယူလိုစိတ်နဲ့ မောင်ပိုင်ဟာ စိတ်ဖောက်ပြန်သွားပြီလို့ သူ့ကိုယ်သူ သိမှန်းမသိ လှည့်စားမိရင်ရော။ မောင်ပိုင့်ခများမှာ စိတ်ဖောက်ပြန်*

*သွားပြီလို့လည်း အထင်ခံရတယ်။ သူပေးတဲ့ဈေးလည်း ဆုံးမဲ့ကိန်းပဲရှင့်။*

ဖြေ။ ဟုတ်တယ်။ ဒါဆို ပြဿနာတွေ ရှိလာပြီ။ သူပိုင်တဲ့ပစ္စည်း ပြန်လာတောင်းသူကို စိတ်မှန်ကြောင်း ဆရာဝန်ထောက်ခံစာ တောင်းနိုင်းလို့လည်း သင့်မယ် မထင်ဘူး။ ကျွန်တော်တို့ ဆွေးနွေးကြမယ့် ပြဿနာအကျဉ်းချုပ်သဘောက ဒါပဲ။ သူများပိုင်ပစ္စည်းပြန်ပေးသူကို လူကောင်းလို့ ခေါ်ချင်ရင် ဒီအယူအဆကို အပြန်အလှန် ဆန်းစစ်ကြည့်မှ ဖြစ်မယ်။ ဆုံးမစကားဆိုတာ နားထောင်လို့ ကောင်းပေမယ့် အဓိပ္ပာယ်တကယ်မရှိတဲ့ စကားတွေဖြစ်နိုင်တယ်။ ဒါကိုမသိဘဲ မျက်စိမှိတ်လိုက်နာနေရင်တော့ မတရားမှုမှာ လက်ဝင်လျှိုသူတစ်ယောက်အဖြစ်ကိုယ်ပါ ပါသွားနိုင်တယ်။

*မေး။ လူကောင်းဆိုတာ သူများပိုင်ပစ္စည်းကို မပေးဘဲ မယူဘူးလို့ လွယ်လွယ်မှတ်ထားရာက အခုပြောပုံအရဆို အတော် ခေါင်းစားမယ့်ပုံပဲ။*

ဖြေ။ ဘယ်ဟာက ကောင်းတယ်၊ ဘယ်ဟာက ဆိုးတယ် ဆိုတာကို ကျွန်တော်တို့က သေသေချာချာ မစဉ်းစားကြည့်ဘဲ ခပ်ပေါ့ပေါ့ နေတတ်ကြတာ။ လူတိုင်း သိပါတယ် ဆိုပြီး ဂရုမစိုက်ကြတာ၊ ပြီးတော့ အရေးမပါတဲ့ကိစ္စတွေနဲ့သာ အချိန်တွေ ကုန်နေကြတာ။ ဒါကြောင့် အရေးကြီးကိစ္စတွေကို ပြန်လည် အချိန်ပေးစဉ်းစားဖို့ တိုက်တွန်းချင်တာပါ။ မဆန်းစစ်ဘဲ နေထိုင်တဲ့ဘဝဟာ နေဖို့ မတန်ဘူးလို့ အတွေးအခေါ် ဆရာတစ်ယောက်က ပြောဖူးပါတယ်။

အဲဒီအတွေးအခေါ် ဆရာက ဆော့ခရေ့တီး(စ်)ပါ။ ကျွန်တော်တို့က သူ့ရဲ့ အတွေးအခေါ်ကို အဓိကထားပြီး ဆွေးနွေးကြမှာ ဖြစ်ပါတယ်။ သူက လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၅၀၀ လောက်က ရှေးခေတ် ဂရိတိုင်းပြည်ရဲ့ အေသင်မြို့မှာ နေထိုင်ခဲ့သူ တစ်ယောက်ပါ။ ဒီစကားဝိုင်းမှာ သူ့အကြောင်း၊ သူ့အတွေးအခေါ် အကြောင်းနဲ့ သူ့ရဲ့ တွေးခေါ်နည်းအကြောင်းကို အနည်းအကျဉ်း ဝေဖန်ဆွေးနွေးကြမှာပါ။

*မေး။ သြော်၊ ဟုတ်ပြီ၊ အခုမှ မှတ်မိပြီ။ ဒီလူ့ကိုဂုဏ်ပြုတဲ့အနေနဲ့ ကျွန်တော်တို့ ရပ်ကွက်ထဲမှာ 'ဆိုကရေးတီးပြိုင်ပွဲ' ဆိုတာကို မကြာမကြာ ကျင်းပလေ့ရှိတယ်။ သူက သိချင်းတွေ ဘာတွေ အဆိုကောင်းတယ် ထင်တယ်။*

ဖြေ။ 'ဆော့ခရေ့တီး(စ်)ရဲ့ အကျော်ကြားဆုံးစေးများ' ဆိုပြီး သီချင်းခွေတွေ ဘာတွေ သူက မထုတ်ခဲ့ဘူးဗျ။ ဒါကြောင့် သူ သီချင်းအဆို ကောင်း မကောင်းတော့ ကျွန်တော်လည်း မသိဘူး။ ဘာပဲဖြစ်ဖြစ် ဆော့ခရေ့တီး(စ်)နဲ့ ဆိုကရေးတီးက စကားလုံး အသံထွက် တိုက်ဆိုင်ပြီး ဆင်တာက လွဲရင် အခြားဘယ်လိုမှ မပတ်သက်ကြပါဘူး။ ဆော့ခရေ့တီး(စ်)က ဂရိ လူနှာမည်ပါ။ ဆိုကရေးတီး က အဆို၊ အက၊ အရေး၊ အတီး စတဲ့ သုခုမအနုပညာ အမျိုးမျိုးကို အတိုကောက် ခေါ်တာပါ။

*မေး။ ဒီလောက်တော့ သိပါတယ်၊ ပညာစမ်းတဲ့သဘောနဲ့ မေးကြည့်တာပါ။ စိတ်မရှိနဲ့နော်။ ဒါနဲ့ သူက ဂရိလူတော် ဆိုတော့ သင်္ချာတို့ သိပ္ပံတို့ ကျွမ်းတယ်ထင်တယ်။*

ဖြေ။ သိပ္ပံ၊ သင်္ချာ စတဲ့ ဘာသာရပ်တွေကို ဆော့ခရေ့တီး(စ်)က ငယ်ရွယ်ချိန်မှာ နည်းနည်းပါးပါး လေ့လာထားဖူးပုံ ပေါ်ပါတယ်။ အရွယ်ရောက်လာတဲ့ အခါမှာ ရုပ်လောက အကြောင်း၊ ကိန်းဂဏန်းတွေအကြောင်း၊ နက္ခတ်တာရာစတဲ့ အကြောင်းတွေထက်စာရင် လူတွေရဲ့အကြောင်းကို သူက ပိုပြီး စိတ်ဝင်စားလာပါတယ်။ အထူးသဖြင့် လူကောင်းတွေ အကြောင်းကို သူက သိချင်တယ်။ လူကောင်းလူမွန်ဆိုတာ ဘယ်လိုလူကို ခေါ်တာလဲ ဆိုတဲ့ မေးခွန်းမျိုးကို အတော်စိတ်ဝင်စားခဲ့တယ်။

*မေး။ ဒါတွေက အပိုတွေပါဗျာ၊ ဖြစ်ချင်ရာ ဖြစ် ဆိုပြီး နေချင်သလို နေထိုင်လို့လည်း ဖြစ်ပါတယ်။ လူကောင်းလား လူဆိုးလား ဆိုတာက သူများတွေ ဆုံးဖြတ်ရမှာ။*

ဖြေ။ ကိုယ်က ဘာကို လုပ်ချင်တယ်ဆိုတာကို သိနိုင်ဖို့ အရင် စဉ်းစား ဆုံးဖြတ်ရမယ် ထင်တယ်။ ခင်ဗျားပြောသလို လုပ်ချင်ရာ လုပ်မယ့်သူက ငါ တစ်နေကုန် အရက်သောက်နေမယ် ဆိုရင် ဂျော်နီဝေါကား သောက်မှာလား၊ ဘီအီးသောက်မှာလား၊ 'မိုးကြိုးပစ်ပါစေရဲ့ ဆန်ဆေးရည် နည်းနည်းပဲ ပါပါတယ်ဗျာ' ဆိုတဲ့ ထန်းရည် သောက်မှာလား၊ ဆုံးဖြတ်ရမယ်။ သူက ဖြစ်နိုင်ရင် ကောင်းတဲ့ ယမကာရည်ကိုပဲ သောက်မှာပေ့။ မဟုတ်လား။ ဒါဆိုလည်း ကောင်းခြင်းက ဘာလဲ သိဖို့လိုတယ်။ အဝင်ကောင်းမှ ကောင်းတာလား၊ အထွက်ကောင်းတာမှ ကောင်းတာလား၊ စဉ်းစားရ

မယ်။ လူကောင်းဖြစ်ဖို့ သက်သတ်လွတ်ပဲ စားမယ်ဆိုလည်းပဲ နို့ထွက် အစားအစာ စားမှာလား မစားဘူးလား၊ ကြက်ဥစားမှာလား မစားဘူး လား စဉ်းစားရဦးမယ်။ ကောင်းခြင်း၊ ဆိုးခြင်းအကြောင်း မစဉ်းစားဘဲ လွတ်ရာကို ပြေးနေလို့မရဘူး။

*မေး။ ကောင်းပြီ၊ မပြေးပါဘူး။ ဒါနဲ့ ကောင်းခြင်းဆိုတာကို သူက ဘာကြောင့် သိချင်ရတာလဲ။*

ဖြေ။ ဆော့ခရေ့တီး(စ်)က 'ကောင်းခြင်းဆိုတာ အသိပညာ'လို့ ယုံကြည်လို့ ပါ။

*မေး။ အဲဒီစကားကို မြန်မာလို ဘာသာပြန်ပေးနိုင်မလားရှင့်။*

ဖြေ။ ကျွန်တော်လည်း ဂရိလိုမတတ်တဲ့အတွက် သိပ်ခက်မယ်မထင်ပါဘူး။ ဆော့ခရေ့တီး(စ်) ပြောချင်တာက လူတစ်ယောက်ဟာ ကောင်းမှုတစ်ခု လုပ်ချင်ရင် ကောင်းခြင်းဆိုတာ ဘာလဲ ဆိုတာကို သိဖို့ လိုတယ်၊ ဒီလုပ်ရပ်နဲ့ ပတ်သက်ပြီး ကျွမ်းကျင်မှု ရှိဖို့ လိုတယ်။ အဲသလိုအသိမျိုး ရှိရင် လူဟာ ကောင်းတာကိုပဲ လုပ်တယ်လို့ ဆိုတယ်။ ဥပမာ ကိုယ်သွား ချင်တဲ့ နေရာတစ်ခုရှိရင် အဲဒီနေရာက ဘယ်လိုမျိုးလဲဆိုတာကို သိဖို့ လိုတယ်လေ။ မသိရင် ဘယ်ကိုသွားမှာလဲ၊ ထင်ရာသွားပြီး ကံကောင်းလို့ ရောက်ရင်တောင် ကိုယ်ရောက်တဲ့ နေရာက ကိုယ်သွားချင်တဲ့နေရာ ဟုတ် မဟုတ် ဆုံးဖြတ်နိုင်ဖို့ လိုတယ်လေ။ ဒါကြောင့် လူကောင်းဖြစ်ချင် သူက ကောင်းခြင်းဟာ ဘာလဲ သိဖို့ လိုတယ်။ ဓားဥပမာနဲ့ ပြောခဲ့သလိုပဲ ပေါ့။ သူများအပ်ထားတဲ့ ပစ္စည်းကို ပြန်ပေးသင့်လား မပေးသင့်လား ဆိုတာကို ဆုံးဖြတ်နိုင်ဖို့က ဘယ်လို လုပ်ရင် ကောင်းမယ်ဆိုတာ သိဖို့ လိုတယ်လေ။

နောက်ထပ် ဥပမာလေး တစ်ခုလောက် စဉ်းစားကြည့်ရအောင်။ ငွေ ကြေး ဆင်းရဲသူကို သူဌေးဖြစ်စေချင်ရင် ပိုက်ဆံတွေ အများကြီးပေးလိုက် လို့ ရတယ်၊ ငွေကြေး ကြွယ်ဝသူတစ်ယောက် သူ ချက်ချင်း ဖြစ်သွားမယ်။ လူတစ်ယောက်ကို လူကောင်းတစ်ယောက် ဖြစ်စေချင်ရင် ဘာပေးမလဲ။ သူ့ကိုယ်စား ကိုယ်က ကောင်းတာတွေ လုပ်ပေးလို့ မရနိုင်၊ သူကိုယ်တိုင် ကသာ ကောင်းတာလုပ်ရမယ်။ ဘယ်လိုအရာက ကောင်းတယ်ဆို

တာကို သူက ခိုင်ခိုင်မာမာ သိဖို့လိုတယ်။ ဒီအတွက် သူ့ကို ဘာပေးမလဲ။ နည်းလမ်းပြပေးလို့ရတယ်၊ အကြံဉာဏ်ကောင်း ပေးလို့ရတယ်၊ ဆုံးမစကား ပြောလို့ရတယ်။ ဒါက သူ့ကို အသိပညာတစ်မျိုး ပေးတာပေါ့။ ချမ်းသာလိုသူကို ပိုက်ဆံပေးဖို့ လိုသလို လူကောင်းဖြစ်ချင်သူကို လည်း ဆီလျော်တဲ့ အသိပညာပေးဖို့ လိုတယ်။

ဒါကြောင့် 'ကောင်းခြင်း ဆိုတာက အသိပညာ' လို့ ဆော့ခရေ့တီး(စ်)က ဆိုတယ်။ ဒီလိုအသိမျိုး မရှိရင် ကိုယ့်ရဲ့လုပ်ရပ်က ကောင်းတယ် မကောင်းဘူး ဆုံးဖြတ်ရ ခက်မယ်။ 'ကျုပ်က ကောင်းတာ မှန်တာကိုပဲ လုပ်သူပါ' လို့ တတွတ်တွတ်ပြောနေတိုင်း လူဟာ လူကောင်း ဖြစ်မလာဘူး။ ဘယ်လိုအရာကသာ ကောင်းတယ် ဆိုတာကို သိရမယ်၊ ဒါက ထင်သလောက် မလွယ်ဘူး။

*မေး။ မင်းပေးတဲ့ ဥပမာအရဆို သူများ ပစ္စည်းကို ပြန်မပေးရင် ကောင်းတယ် လို့ ဆိုချင်တာလား။*

ဖြေ။ မဟုတ်ဘူးခင်ဗျ။ အခု ဆွေးနွေးချက် အရ ကျွန်တော်တို့ ပြောနိုင်တာက နှစ်ချက်ရှိတယ်။ 'သူများပိုင်ပစ္စည်းကို မပေးဘဲ မယူသူဟာ လူကောင်း တစ်ယောက်' ဆိုတဲ့ အဆိုပြုချက်က မပြည့်စုံဘူး၊ ပြီးတော့ 'စိတ်မဖောက် ပြန်သူများရဲ့ ပစ္စည်းကို မပေးဘဲ မယူသူဟာ လူကောင်းတစ်ယောက်' ဆိုတဲ့ အဆိုပြုချက်ကလည်း မပြည့်စုံဘူး၊ ဒါကို ကျွန်တော်တို့ သိကြပြီ။ ဒါပေမယ့် ကျွန်တော်တို့ လက်ခံနိုင်တဲ့ အဆိုပြုချက်ကို မရသေးတဲ့ အတွက် လူကောင်း ဆိုတာကို ကျွန်တော်တို့ အဓိပ္ပာယ် မဖော်ပြတတ် သေးဘူး၊ ဒါကြောင့် အဆိုပြုချက်တွေရဲ့ ဆန့်ကျင်ဘက်ကသာ မှန် တယ်လို့ ဆိုလို့မရဘူး။ အဖြူရောင် မဟုတ်ရင် အနက်ရောင်ပဲလို့ ပြောလို့ မရဘူးလေ။ အနီ၊ အဝါ၊ အစိမ်း စသည်ဖြင့် ဆန်းစစ်ကြည့်ရဦးမယ် ခင်ဗျ။ ဆော့ခရေ့တီး(စ်)က လူ ကောင်းဖြစ်ဖို့ ဘယ်လိုနေထိုင်ရမလဲ ဆိုတဲ့ မေးခွန်းမျိုးကို တစ်သက်လုံး နီးနီး အချိန်ပြည့် လေ့လာပြီး လေး လေးနက်နက် ဆွေးနွေးသွားခဲ့တယ်။ ကျွန်တော်တို့လည်း စိတ်ရှည်ရှည်နဲ့ စဉ်းစားကြည့်သင့်တယ်။

*မေး။ သူ့အချိန်ပြည့်အလုပ်မျိုးက ပိုက်ဆံ များများရမယ် မထင်ဘူး။ ကောင်းခြင်းဆိုတာကို သိလို့ ဝင်ငွေ ဘယ်လောက်ရမှာလဲ။*

ဖြေ။ ကျွန်တော် သိသလောက်ကတော့ သူက အတွေးအခေါ် အလုပ်ကို အပျော်တမ်း သဘောနဲ့ လုပ်တာပါ။ အပျော်အပျက်သဘောနဲ့ လုပ်တာလို့ ပြောချင်တာ မဟုတ်ပါ။ ပိုက်ဆံ လိုချင်လို့ လုပ်တဲ့အလုပ်မဟုတ်ပါလို့ ပြောချင်တာပါ။ ဒါပေမယ့် သူဟာ ချမ်းသာသူတော့ မဟုတ်ပါဘူး။ သူ့ စားဝတ်နေရေးကို သူငယ်ချင်း နောက်လိုက်တွေက ဝိုင်းပြီးဖေးမကြလို့ အတော်အတန် ဖူလုံပါတယ်။ စည်းစိမ်ဥစ္စာ သိပ်မမက်မောတာလည်း ပါပါလိမ့်မယ်။

*မေး။ ဒီလို အတွေးအခေါ် အလုပ်မျိုး လုပ်တယ်ဆိုတာ စကားနိုင် လုတာမျိုး မဟုတ်လား၊ တစ်ယောက်နဲ့တစ်ယောက် ကတ်သီးကတ်သတ် ပြောကြတာမျိုးပေါ့။ ခရု ခါးထောင်းကျိုက် ဖမ်းသူကို ကယ်တင်ရှင် သူရဲကောင်းကြီး ဖြစ်အောင် ပြောတာမျိုး မဟုတ်လား၊ ဒီအလုပ်မျိုးက အကျိုးသိပ်မရှိဘူး ထင်တယ်။*

ဖြေ။ ဆော့ခရေ့တီး(စ်)အတွက်ကတော့ စကားနိုင်လုတယ်ဆိုတာ အဓိပ္ပာယ်မရှိသလို သူကိုယ်တိုင်လည်း မလုပ်ပါဘူး၊ စကားနိုင် လုတယ်ဆိုတာ လူ့အထင်ကြီး ခံချင်လို့ လုပ်တာ၊ ပြိုင်ဖက်ကို ဟုတ်တာတွေရော မဟုတ်တာတွေရော ပြောပြီး နားထောင်သူ ကိုယ့်ဘက်ပါလာအောင် ပြောတာမျိုးလေ။ ဒီမှာ ပြောတဲ့စကားတွေက မှန်တာ မမှန်တာက အဓိကမှ မဟုတ်ဘဲ။

ဆော့ခရေ့တီး(စ်)အတွက်က စကားကို အခြေအတင်ပြောဆို ဆွေးနွေးရာမှာ ဘယ်သူနိုင်တယ် ဘယ်သူရှုံးတယ်ဆိုတာ မရှိပါဘူး။ ဘယ်စကားက မှန်တယ်၊ မမှန်ဘူးဆိုတာကဘဲ အရေးကြီးပါတယ်။ ခင်ဗျားပြောတဲ့စကားကို မှားတယ်လို့ ထောက်ပြလို့ ခင်ဗျားမှာ ရှက်စရာလည်းမရှိဘူး၊ အရှုံးလည်းမရှိဘူး။ တကယ်ဆို ကိုယ့်အမှား ကိုယ်သိခွင့်ရတဲ့အတွက် ခင်ဗျားမှာ အနိုင်ပဲ ရှိတယ်။ သူက အဲသလို သဘောထားတာ။ ထင်မြင်ချက်တစ်ခုဟာ မှန်သလား မှားသလား ဆိုတာက ဘယ်သူက ဒီလို ထင်မြင်တာလဲဆိုတာထက် ပိုအရေးကြီးတယ်။ စကားနိုင်လုတယ်ဆိုတာက မီတာ ၁၀၀ တာတို အမြန်ပြေးတာမျိုးဆိုရင် ဒဿနဆွေးနွေးမှု

ဆိုတာက ၄၂၁၉၇ မီတာ ပြေးရတဲ့ မာရသွန်နဲ့ တူတယ်။ ရေတိုမှာ မြန်ဖို့ထက် ရေရှည်ကြံ့ကြံ့ခံနိုင်မှုရမှာ။ ဒါကြောင့် ဒဿနနည်းနဲ့ တွေးခေါ်တယ်ဆိုတာ 'ရှင်းရှင်းလင်းလင်း စဉ်းစားနိုင်ဖို့ အတော့်ကို ခေါင်းမာစွာနဲ့ ကြိုးစားတဲ့အလုပ်' လို့ ဆရာကြီး တစ်ယောက်က ပြောဖူးတယ်။

*မေး။ ဒဿနနည်းနဲ့ တွေးခေါ်တယ်ဆိုတာကို ဘာလို့ လုပ်ကြတာလဲ။*

ဖြေ။ ဘဝဆိုတာ မီးရထားခရီးတစ်ခုလိုပဲ တဖွတ်ဖွတ်နဲ့သွားရတယ်လို့ စာတွေကဗျာတွေ ရေးဖွဲ့ကြတာ ကြားဖူးမှာပေါ့။

*မေး။ ဘဝဆိုတာ မီးရထားခရီးတစ်ခုလိုပဲ လို့ ဆိုတာကိုတော့ ကြားဖူးပါတယ်။ တဖွတ်ဖွတ် သွားရတယ်ဆိုတော့ ဒီခေတ်ကရထားတွေ သိပ်မကောင်းလို့ ဖြစ်မယ်ထင်တယ်။*

ဖြေ။ မီးရထားစီးခရီးလိုပဲ ဘဝခရီးမှာလည်း လက်မှတ်စစ်နဲ့ ရှောင်တခင်တွေ့ရ တတ်တယ်။ အဲဒီအခါမှာ မှန်ကန်တဲ့လက်မှတ် လက်ထဲမရှိရင် လက်မှတ်စစ်က ရောက်ရာဘူတာမှာ ချထားခဲ့မှာ။ ဒါဆို လိုရာခရီးကို အဝေးကြီး လမ်းလျှောက်သွားရမှာပေါ့။ ဒါကြောင့် ဘဝမှာလည်း ရထားပေါ်မတက်ခင် ကြိုတင်ပြီး လက်မှတ်ဖြတ်ဖို့ လိုတယ်။ ဒါဆို လမ်းမှာ လက်မှတ်စစ်နဲ့တိုးလည်း စိတ်ပူစရာမလိုတော့ဘူး။ အခုလို ဆွေးနွေးနေတာက လက်မှတ်ဖြတ်ဖို့ တန်းစီနေတာလို့ မှတ်ပါ။

*မေး။ အစပိုင်းမှာ 'ကောင်းကင်ယံမှ မြေပြင်ပေါ်သို့' လို့ ဆိုခဲ့တယ်နော်၊ ဘာကို ပြောချင်တာလဲ။*

ဖြေ။ ရှေးခေတ်ဂရိတိုင်းပြည်မှာ လူတွေဟာ ကိုယ့်ရဲ့ အနာဂတ် ဘဝအကျိုးပေးကို သိဖို့ ကောင်းကင်ပေါ်က ကြယ်တွေ၊ နက္ခတ်တာရာတွေကို ကြည့်ပြီး အဓိပ္ပာယ်ဖော်ဖို့ ကြိုးစားကြတယ်။ အခုခေတ်မှာ ဗေဒင်မေးကြသလိုပေါ့။ ကြယ်တွေ၊ နက္ခတ် တာရာတွေရဲ့ အဓိပ္ပာယ်ကိုဖော်တဲ့အလုပ်ကို အဲဒီတုန်းက အတွေးအခေါ်ဆရာတွေက လုပ်လေ့ရှိပါတယ်။ ဥပမာ 'ဒီတစ်ခါ ရထား အချောင်ခိုးစီးရင် လမ်းမှာ အဖမ်းခံရနိုင်လား' သိချင်ရင် အဲဒီတုန်းက အတွေးအခေါ်ဆရာတွေကို မေးကြည့်လေ့ရှိကြတယ်။ မေးခွန်းရဲ့ အဖြေကို သူတို့ကိုယ်တိုင်လည်း မသိပါဘူး။ ဒါပေမယ့် သူတို့က သူတို့ နားလည်တဲ့ ကြယ်တွေ၊ နက္ခတ်တာရာတွေကို

အဓိပ္ပာယ် ကောက်ကြည့်ကြတာပေါ့။ နတ်ဘုရားတွေက ဒီလူ့အပေါ် ဒေါသထွက်နေလား၊ သဘောကျနေလား စသည်ဖြင့် စုံစမ်းကြည့်တာပေါ့။

လူဆိုတာ ကံကြမ္မာက ကြိုးဆွဲရာ ကရတဲ့ ရုပ်သေးလေးတွေလို့ ရှေးဂရိသားများက သဘောထားကြပါတယ်။ လူတစ်ယောက်ရဲ့ ပျော်ရွှင်မှု ဝမ်းနည်းမှု စတာတွေဟာ နတ်ဘုရားတွေရဲ့ လက်ထဲမှာပဲ ရှိတာပေါ့။ ဒါကြောင့် လူတစ်ယောက်ဟာ ပျော်ရွှင်မှုတွေ လိုချင်ရင်၊ ဝမ်းနည်းစရာတွေနဲ့ ကင်းဝေးချင်ရင် နတ်ဒေဝါတွေ မျက်နှာသာ ပေးလာအောင် ကြိုးစားကြရတာပေါ့။ နည်းမျိုးစုံနဲ့ ပူဇော်ပသရ၊ လာဘ်ပေးရတာပေါ့။ အဲသလို အယူအဆမျိုးတွေ လွှမ်းမိုးတာကို ဆော့ခရေ့တီး(စ်) အပါအဝင် ဂရိဒဿန ဆရာအချို့က ဆန့်ကျင်ကြတယ်။ ပြီးတော့ လူ့သဘာဝကို ယုံကြည်လေးစားတဲ့ အယူအဆတွေကို ရှေ့တန်းတင်ဖို့ အားထုတ်ကြတယ်။ လူကောင်းလူမွန်ဖြစ်နိုင်ဖို့က အများသဘောတို့၊ ရိုးရာအစဉ်အလာတို့ကိုသာ တစ်ဖွတ်ထိုး လိုက်နာနေလို့ မဖြစ်ဘူး၊ နက္ခတ်တာရာတွေကို နားလည်ဖို့ မလိုဘူး။ ကိုယ့်အရည်အချင်းနဲ့ကိုယ် စဉ်းစားဆင်ခြင်ပြီး၊ ဆွေးနွေးညှိနှိုင်းပြီး သင့်တော်သလို နေထိုင်တတ်ဖို့ လိုတယ်။ ဒါမှ ကိုယ့်လုပ်ရပ်ကို ကိုယ်တာဝန်ယူနိုင်မှာ။ ဒါကြောင့် ကံကြမ္မာကို နားလည်ဖို့ ကြိုးစားမယ့်အစား လူ့သဘာဝကို နားလည်ဖို့ ကြိုးစားရမယ်လို့ ဆိုကြတယ်၊ စဉ်းစားဆင်ခြင်ပြီး လူကောင်းလူမွန် ဖြစ်လာရင် ပျော်ရွှင်မှု၊ ဝမ်းနည်းမှု ဆိုတာက လူရဲ့ လက်ထဲမှာပဲ ရှိတော့မယ်၊ ကိုယ့်ကံကြမ္မာ ကိုယ်အစိုးရမယ်လို့ ယုံကြည်ကြတယ်။

ဒါကြောင့် ဆော့ခရေ့တီး(စ်)ဟာ အတွေးအခေါ် ပညာကို ကောင်းကင်ထက်ကနေ မြေပြင်ဆီသို့ ခေါ်ချလာပြီး သာမန်လူတွေအကြား၊ နေအိမ်တွေအကြားကို လွှတ်ပေးလိုက်တယ် လို့ ပညာရှင်တစ်ယောက်က ရေးဖူးတယ်။ အတွေးအခေါ်ပညာဆိုတာ ဆရာကြီးတွေ တိတ်တိတ်ပုန်း လုပ်တဲ့အလုပ်တစ်ခုကနေ သာမန်လူတွေ နေ့စဉ် နေထိုင်သွားလာ လှုပ်ရှားရင်း လုပ်နိုင်တဲ့ ကိစ္စတစ်ခုဖြစ်လာအောင် ဆော့ခရေ့တီး(စ်) အပါအဝင် အခြား ဂရိဒဿနဆရာတွေက အားထုတ်ပေးခဲ့တယ်။ အထူးသဖြင့် အနောက် တိုင်း"အတွေးခေါ် သမိုင်းမှာ ဒါက အင်မတန် အရေးကြီးတဲ့ ပြောင်းလဲမှု ဖြစ်တယ်။

မေး။ စိတ်ဝင်စားစရာပဲ။ ဒါနဲ့ ဘဝမီးရထားပေါ်က လက်မှတ်စစ်ဆိုတာက ဘာလဲ၊ ဘယ်သူလဲ။

ဖြေ။ အဲဒါကို သိချင်တယ်ဆိုရင်၊ ပြီးတော့ လက်မှတ်စစ် အဖမ်းမခံချင်ဘူး ဆိုရင်၊ အခု ဆွေးနွေးချက်တွေကို ဆုံးတဲ့အထိ လေ့လာကြည့်။

## ရှင်းလင်းချက်များ

လူအများ အပြန်အလှန် အခြေအတင် ဆွေးနွေးပြီး အဖြေရှာတဲ့ နည်း ဆိုတာကတော့ dialectic method ကို ပြောချင်တာပါ။

ကောင်းကင်ယံမှ မြေပြင်ပေါ် သို့ ဒီစကားကို ရောမ အတွေးအခေါ် ဆရာစိစဲရိုး (Cicero)က စသုံးတာပါ။ သူ့ရဲ့ Tusculanae Disputationes လို့ခေါ်တဲ့ ကျမ်းတွဲတွေထဲမှာ အခုလို ရေးခဲ့ပါတယ်။

> Socrates was the first to call phillosophy down from the heavens and to place it in cities, and ever to introduce it into homes and compel it to enquire about life and standārds and good and ill.
>
> ဆော့ခရေ့တီး(စ်)ဟာ ဒဿနပညာကို ကောင်းကင်ပေါ်က ပထမဆုံး ခေါ်ချလာသူဖြစ်တယ်၊ ဒဿနပညာကို မြို့တွေထဲမှာ ထားပေးရုံသာ မကဘဲ အိမ်သူအိမ်သားများနဲ့ မိတ်ဆက် ပေးတယ်၊ ပြီးတော့ ဘဝ အကြောင်း၊ တရားအကြောင်း၊ ကောင်းခြင်း ဆိုးခြင်း အကြောင်းတွေကိုပါ မေးမြန်းစေတယ်။

တကယ်တော့ ဒီစကားက ရက်ရောလွန်းပါတယ်။ ဆော့ခရေ့တီး(စ်) ခေတ်ကြိုနဲ့ ခေတ်ပြိုင် ဂရိ ဒဿနဆရာတွေရဲ့ အရေးပါမှုကလည်း ဒီထက်တော့ မနည်းပါဘူး။ (Tusculanae Disputationes ဆိုတာက တပ်စကူလာနေ သုံးသပ်ချက်များလို့ ဆိုနိုင်ပါတယ်။ အများဖတ်နိုင်ဖို့ ရည်ရွယ် ပြီး စိစဲရိုးက ရေးတဲ့ ဒဿနကျမ်းတွဲတွေ ဖြစ်ပါတယ်။ တပ်စကူလမ်ဒေသမှာ ရှိတဲ့ သူ့အိမ်မှာ ရေးတယ်လို့ ယူဆကြတာမို့ အဲသလို နာမည်တွင်တာပါ။ ဒီကျမ်းတွေကို Tusculanae Questionaires တပ်စကူလာနေ မေးခွန်းများလို့လည်း ခေါ်ကြပါတယ်။)

**ရွာတစ်ရွာမှာ မိတ်ဆွေ သုံး ယောက် ရှိတယ် . . .** ဒီဥပမာက ပလေးတိုးရဲ့ သမ္မတနိုင်ငံ ဆွေးနွေးခန်းပါဝင်တဲ့ ဥပမာလေး တစ်ခုကို ချဲ့ရေးထားတာပါ။ သမ္မတနိုင်ငံ ဆွေးနွေးခန်းမှာပါတဲ့ နိုင်ငံရေး အယူအဆတွေ အကြောင်းကိုတော့ ရှောင်ထားပါတယ်။

**အမေရိကန် စိတ်ပညာရှင် တစ်ယောက်က စမ်းသပ်ချက်တစ်ခု** အဲဒီ အမေရိကန် ပညာရှင်က ဒေးဗစ်(ဒ်) ရိုဆန်ဟန် (David Rosenhan) ပါ။ ဒီစမ်းသပ်ချက်ကလည်း ရိုဆန်ဟန် စမ်းသပ်ချက်လို့ နာမည်ကျော်ပါတယ်။ ဒီအကြောင်းကို အသေးစိတ် ဖော်ပြတဲ့ စာတန်းက- David Rosenhan (1973), On Being Sane in Insane Places, *Science, vol. 179, 250-258.*

ကောင်းခြင်းဆိုတာ အသိပညာ ဒါကို virtue is knowledge လို့ ခေါ်ကြ တယ်။ ဥပမာ W.K.C. Guthrie (1971) *Socrates*, Cambridge University Press ရဲ့ စာမျက်နှာ ၁၃၀ ကိုကြည့်ပါ။


**ဆော့ခရေ့တီး(စ်)နဲ့ ဆိုကရေးတီး . . .** Socrates ကို 'ဆိုကရေးတီး' လို့ မြန်မာစာရေးသူအချို့က ရေးကြတယ်။ အဲသလိုရေးတော့ သုခုမ ပညာရှင်လိုလို အဓိပ္ပာယ်ထွက်နိုင်တာပေါ့။ အမှတ် မှားနိုင်တာမို့ ရှောင်ထားပါတယ်။ ပလေးတိုးနိဒါန်း စာအုပ်မှာ ဆရာကြီးဇော်ဂျီက 'ဆော့ခရတ္တိ' လို့ ရေးပါတယ်။ သူက မြန်မာအသံနဲ့ နီးအောင် ရေးတာမို့ ဥပမာ နောက်ဆုံးက 'စ' အသံကို ဖြုတ်လိုက်တာပါ။ ဒီဆောင်းပါးတွေ မှာတော့ မူရင်းနဲ့ ပိုနီးစပ်မယ်လို့ထင်ရတဲ့ 'ဆော့ခရေ့တီး(စ်)' ကို ရွေးခဲ့ပါတယ်။ 'ဂရိ'၊ 'အေသင်'၊ 'အိုလံပစ်' စတဲ့ နာမည်တွေက မြန်မာစကားမှာ အသုံးတွင်နေပြီမို့ ပြင်မရေးတော့ပါဘူး။

**ရှင်းရှင်းလင်းလင်း စဉ်းစား နိုင်ဖို့ . . .** ဒီစကားကို အမေရိကန် လူမျိုး စိတ်ပညာနဲ့ ဒဿန ဆရာဝီလီယမ် ဂျိမ်း(စ်) (William James) က ဆိုတာပါ။ ဥပမာ Anthony Gottlieb (2000), *The Dream of Reason _ A History of Philosophy from the Greeks to the Renaissance, Penguin* စာမျက်နှာ ix ကို ကြည့်ပါ။

"နတ်ဘုရား" ရှေးဟောင်း ဂရိ အယူအဆတွေကို အင်္ဂလိပ်၊ မြန်မာ စတဲ့ ခေတ်ပေါ် ဘာသာစကားနဲ့ ပြန်ပြောရာမှာ စကားလုံးပြဿနာ ရှိပါတယ်။ အချိန်တွေ ကြာလှပြီမို့ မူရင်း ဂရိစကားကို တိတိကျကျ

နားလည်ရခက်သလို ခေတ်ပေါ်စကားနဲ့ ပြောရာမှာလည်း မထိမိတာတွေ ရှိပါတယ်။ ရှေးဂရိလူမျိုးတွေရဲ့ ကိုးကွယ် ယုံကြည်မှုအကြောင်း ပြောတဲ့အခါမှာ ပလေးတိုးက အင်္ဂလိပ်လို gods ဆိုတာမျိုးကို ရည်ညွှန်းပြီးပြောသလို God ကိုလည်း ရည်ညွှန်းတတ်ပါတယ်။ မြန်မာလို ရေးရာ မှာ god က 'နတ်ဘုရား' တို့ 'ဒေဝ' ဆိုတာ နဲ့ နီးစပ်ပါတယ်။ God ကို 'ထာဝရ ဘုရားသခင်' ဆိုတာမျိုး ရေးသင့်ပေမယ့် နားလည်မှု လွဲနိုင်တာမို့ ဘုရားသခင်လို့ သုံးထားပါတယ်။ ဆရာကြီးဇော်ဂျီရေးတဲ့ အဂ္ဂဘုံရှင် ဆိုတာမျိုးလည်း သင့်တော်မယ် ထင်ပါတယ်။ အချို့နေရာမှာတော့ စကားသွက်အောင် 'ဘုရား' လို့ပဲ သုံးလိုက်ပါတယ်။ ဂရိတွေ နားလည်တဲ့ ဘုရားအကြောင်း ပြောတယ်ဆိုတာ ထင်ရှားပါလိမ့်မယ်။

**အနောက်တိုင်း အတွေးခေါ် သမိုင်းမှာ . . .** အနောက်တိုင်း အတွေးအခေါ် သမိုင်းမှာ ဆော့ခရေ့တီး(စ်)ရဲ့ ဩဇာလွှမ်းမိုးမှုကို စိတ်ဝင်စားသူများ ရိပ်မိ ကြမယ်ထင်ပါတယ်။ ဥပမာ Gottlieb (2000) ကိုကြည့်ပါ။



ဆောင်းပါးအမှတ် (၂)

## "ဆန်းစစ်ပြီးနေထိုင်တဲ့ဘဝ"

**ဒီတစ်ခါ ဆော့ခရေ့တီး(စ်) မွေးဖွား ကြီးပြင်းပုံ၊ စိတ်နေသဘောထားနဲ့ အကျင့် စရိုက်အကြောင်းတို့ကို နည်းနည်းပြောကြည့်မယ်။ သူ့အတွေးအခေါ် ကို နားလည်ဖို့ ကြိုးစားရာမှာ အထောက်အကူဖြစ်မယ်ထင်လို့ပါ။**

*မေး။ ဆော့ခရေ့တီး(စ်)ကို ဘယ်တုန်းက မွေးတာလဲ။*

ဖြေ။ ဆော့ခရေ့တီး(စ်)ကို ရှေးခေတ်ဂရိတိုင်းပြည် အေသင်မြို့မှာမွေးပြီး ခရစ်တော် မပေါ်ခင် ၃၉၉ နှစ်မှာ သေဒဏ်ပေးခံရပြီး ကွယ်လွန်ပါတယ်။ ကွယ်လွန်ချိန်မှာ အသက် ၇၀ ခန့်ရှိတာမို့ သူ့ကို ခရစ်မပေါ်ခင် ၄၆၉ နှစ်မှာ မွေးတယ်လို့ယူဆရတယ်။ ဒါပေမယ့် သမိုင်းအထောက်အထားတွေ မခိုင်လုံ တော့ သူ့မွေးနေ့အတိအကျကိုတော့ မသိရပါဘူး။

သူ့အမေ ဖီနာရတီက ဝမ်းဆွဲသည်ပါ။ အဖေဆိုဖရွှန်နိ(စ်)ကပ်(စ်)က ကျောက်ဆစ်သမားပါ။ ကျောက်တုံးကနေ ရုပ်တု ထွင်းတဲ့အလုပ်မျိုး လုပ်ပုံရပါတယ်။ ဆော့ခရေ့တီး(စ်)ရဲ့ ငယ်စဉ် ကလေးဘဝတစ်ခုလုံး အကြောင်း သမိုင်းအထောက်အထား ခိုင်ခိုင်မာမာမရှိလို့ တိတိကျကျ ဘာမှ မသိရပါ။ သူ အရွယ်ရောက်တော့ ထင်ရှားတဲ့ ဂရိသိပ္ပံဆရာကြီးတွေဆီမှာ ပညာသင်ဖူးပုံရှိတယ်။ တာဝန်အရ စစ်တပ်ထဲဝင်ပြီးလည်း အမှုထမ်းခဲ့သေး တယ်။ သူ့ရဲ့ဘော် ရဲဘက်တွေ ပြောပုံအရဆို သူက ရဲရဲဝံ့ဝံ့ စစ်တိုက်တယ်လို့ သိရတယ်။ တာဝန်ထမ်းစဉ်ကာလအတွင်း အားလပ်ချိန်တွေမှာ စဉ်းစား

တွေးခေါ်တဲ့အလုပ် လေးလေးနက်နက်လုပ်လေ့ရှိကြောင်းကို သူ့အသိ လူငယ် တစ်ယောက်က အခုလို ပြန်ပြောပြဖူးတယ်။

"တစ်မနက် နေထွက်ချိန်လောက်မှာ ဘာပြဿနာဆိုလား တစ်ခု အကြောင်း ဆော့ခရေ့တီး(စ်)က အပြင်းအထန်စဉ်းစားနေလေရော။ တစ်နေရာမှာ ရပ်ပြီး သူက အတွေးထဲမျောနေတာ။ အဖြေမရတော့လည်း လက်မလျှော့ဘူး။ ရပ်ပြီး စဉ်းစားနေတာပဲ။ အချိန်တွေကြာလာပြီး နေ့လယ် လောက်ရောက်တော့ သူ မနက်ကတည်းက အဲဒီမှာရပ်ပြီး စဉ်းစားနေ ကြောင်းကို စစ်သည်တွေ တစ်ယောက်ကို တစ်ယောက် ပြောလာကြတယ်။ ညစာအပြီးမှာ (ဂရိ နွယ်ဖွား) အီယွန်သားအချို့က သူတို့ရဲ့ အိပ်ရာခင်းတွေကို အပြင်ထုတ်ယူလာကြတယ်။ ဆော့ခရေ့တီး(စ်)က အဲဒီမှာ တစ်ညလုံး ရပ်နေ မှာလား ဆိုတာကို သိချင်တာလည်းပါတာပေါ့။ သူက အဲဒီမှာ မနက်ထိ ရပ်နေပြီး နေထွက်ချိန်မှာ နေမင်းဆီ ဘုရားစာရွတ်ပြီး ထွက်ခွာသွားတယ်"

သူက အတွေးအခေါ်နဲ့ပတ်သက်ရင် အဲသလောက် ဇွဲကောင်းပြီး စိတ်ဓာတ်ပြင်းထန်တာ။ စစ်ပြီးလို့ အေသင်မြို့ပြန်ရောက်တော့ ဆော့ခရေ့ တီး(စ်)က အတွေးအခေါ်အလုပ်ကို ဇောက်ချပြီး အချိန်ပြည့်လုပ် တော့တာပဲ။ တွေ့တဲ့သူနဲ့ တွေ့တဲ့နေရာမှာ တစ်နေကုန်ထိုင်ပြီး ဖြစ်ဖြစ်၊ ရပ်ပြီး ဖြစ်ဖြစ်၊ လမ်းလျှောက်ပြီးဖြစ်ဖြစ် ဒဿနအကြောင်း ဆွေးနွေးတာ။ ဆော့ခရေ့တီး(စ်) သိချင်တာက တစ်နည်းအားဖြင့် ရှင်းရှင်းလေးပဲ။ ဓားကို ဖန်တီးထားတာက လှီးတဲ့ဖြတ်တဲ့ အခါမှာ အသုံးကျအောင်၊ နွားမှာ လည်တံ ရှိတာက ထမ်းပိုးကို ဆွဲနိုင်ဖို့၊ ဒါဆို "လူကို ဘယ်နေရာမှာအသုံးကျဖို့ဖန်တီးထား တာလဲ"။ နေ့စဉ် နေထိုင်စားသောက်ရုံနဲ့ ပြီးသလား၊ လူဖြစ်လာတဲ့အခါမှာ ဒါထက် ပိုပြီး အရေးကြီးတဲ့ ရည်ရွယ်ချက်တွေရှိသလား၊ ဒါတွေကို သူက သိချင်တယ်။

တစ်ခါတုန်းက လမ်းကြိုလမ်းကြားလေးတစ်ခုထဲမှာ လူစိမ်း တစ်ယောက် ကို တွေ့တော့ သွားလမ်းကို တုတ်တစ်ချောင်းနဲ့ပိတ်ပြီး ဆော့ခရေ့တီး(စ်)က မေးတယ်။ "လူသုံးကုန်ပစ္စည်းကောင်းကောင်း ဘယ်မှာရနိုင်မလဲ။ ခင်ဗျား သိလား"လို့ဆိုတော့ လူစိမ်းက ဆော့ခရေ့တီး(စ်)ကို အသေအချာပြောပြတယ်။ ဘယ်လိုပစ္စည်းကောင်းကို ဘယ်မှာ ဝယ်လို့ရနိုင်တယ်ပေါ့။ ဒါနဲ့ ဆော့ ခရေ့တီး(စ်)က သူ့ကို မေးပြန်တယ်။ "လူတွေကိုကောင်းအောင် ဘယ်မှာလုပ် ပေးလဲ ခင်ဗျားသိလား"လို့မေးတော့ ဒီလူက မဖြေနိုင်ဘူး။ "ကျုပ်နဲ့အတူ လိုက်ခဲ့။ ပြီးတော့ ပညာယူဗျာ"လို့ ဆော့ခရေ့တီး(စ်)က ပြောတယ်။



စိတ်ဆိုးနေတဲ့ ဇန်သီပေဟာ ဘုဒေါက်တွေ ပြောနေရာက ဒေါသပေါက်ကွဲပြီး မသန့်ရှင်းတဲ့ ရေတစ်ပုံးကို ဆော့ခရေ့တီး(စ်) ခေါင်းပေါ်ကနေ လောင်းချပစ်လိုက်တယ်။

ဒီလူစိမ်းဟာ ဆော့ခရေ့တီး(စ်)ရဲ့ နောက်လိုက်တစ်ယောက်ဖြစ်လာပြီး ဒဿနဆရာတွေရဲ့သမိုင်းကို ပထမဆုံးရေးသူလည်း ဖြစ်လာတယ်။

လူကောင်းဆိုတာ ဘာလဲ။ လူဆိုး ဆိုတာ ဘာလဲ။ သတ္တိရှိတာက ဘာလဲ။ သတ္တိမဲ့တာက ဘာလဲ။ တရားမျှတတယ် ဆိုတာ ဘာလဲ။ တရားမမျှတဘူး ဆိုတာ ဘာလဲ။ စသည်ဖြင့် လူမှာရှိသင့်တဲ့ ကောင်းခြင်းတွေ၊ လူ့ကျင့်ဝတ်တွေ အကြောင်းကို ဆော့ခရေ့တီး(စ်)က ဇွဲကောင်းကောင်းနဲ့ လေ့လာဆွေးနွေးတော့တာပဲ။ ဒီအလုပ်ကြောင့် လူကဲ့ရဲ့ခံရလည်း၊ အဆဲအဆိုခံရလည်း၊ သူက ခပ်အေးအေးပဲ။ မဖြုံဘူး။

ဆော့ခရေ့တီး(စ်)နဲ့ ခေတ်ပြိုင်ဖြစ်ခဲ့တဲ့ သရော်ပြဇာတ်ဆရာကြီးတစ်ယောက်က သူ့ရဲ့"တိမ်တိုက်များ"ဆိုတဲ့ ပြဇာတ်တစ်ခုမှာ ဆော့ခရေ့တီး(စ်)ကို စိတ်မနှံ့တဲ့ သိပ္ပံပညာရှင်တစ်ယောက်အဖြစ် ပုံဖော်ထားတယ်။ "ယင်ကောင်တွေလေလည်တာ ပါးစပ်ပေါက်ကလား၊ အနောက်ပေါက်ကလား"ဆိုတဲ့ မေးခွန်းမျိုးနဲ့ အလုပ်များနေသူလို့ သရုပ်ဖျက်လှောင်ပြောင်ပါတယ်။

ဆော့ခရေ့တီး(စ်)ကို ဝေဖန်သူတွေထဲမှာဆိုရင် သူ့အမျိုးသမီး ဇန်သီပေဟာ အင်မတန်လက်သံပြောင်တယ်လို့ သမိုင်းဝင်တယ်။ တစ်နေ့မှာ ဆော့ခရေ့တီး(စ်) ကို စိတ်ဆိုးနေတဲ့ဇန်သီပေဟာ ဘုဒေါက်တွေပြောနေရာက ဒေါသပေါက်ကွဲပြီး မသန့်ရှင်းတဲ့ရေတစ်ပုံးကို ဆော့ခရေ့တီး(စ်)ရဲ့ခေါင်းပေါ်ကနေ လောင်းချပစ်လိုက်တယ်။ ဒါနဲ့ ဆော့ခရေ့တီး(စ်)က ပြော တယ်။ "မိုးခြိမ်းသံတွေကြားပြီးရင် မိုး မကြာခင်ရွာလိမ့်မယ်လို့ ငါပြောသားပဲကွာ"တဲ့။

ဆော့ခရေ့တီး(စ်)က အဲဒီ့လောက် သည်းခံနိုင်ပြီး အနိုင်မယူတတ်တာ။

တစ်ဖက်မှာ အဲသလိုစိတ်ရှည်သလို တစ်ဖက်မှာလည်း သေဒဏ်ပေး ခံရပြီး နောက်ဆုံးအသက်ထွက်တဲ့အထိ ဒဿနအလုပ်ကို ခိုင်မာတဲ့စိတ်နဲ့ လုပ်ကိုင်သွားလေတယ်။ သူက ကိုယ်ပိုင်ယုံကြည်ခံယူမှုအတွက် ရဲရဲဝံ့ဝံ့ အသက်အသေခံသွားတဲ့အတွက် ဆော့ခရေ့တီး(စ်)ကို "ဒဿနဆရာများရဲ့ အာဇာနည်သူရဲကောင်းလို့" ကမ္ပည်းတင်ကြတယ်။

*မေး။ ဆော့ခရေ့တီး(စ်)က တန်ခိုးရှိတဲ့ သူတော်စင်တစ်ယောက်လား။*

ဖြေ။ ဆော့ခရေ့တီး(စ်)မှာ သူတော်စင်တွေလို အကျင့်တွေရှိပေမယ့် သူက သာမန်လူတွေလိုပဲ နေထိုင်ခဲ့တဲ့ သာမန်လူ တစ်ယောက်ပဲ။ သူ့မှာ အိမ်ထောင်ရှိတယ်။ သူဟာ တစ်ကြိမ်ထက်မက အိမ်ထောင်ကျခဲ့တာ ဖြစ်နိုင်တယ်လို့လည်း အချို့သမိုင်းဆရာတွေက ခန့်မှန်းကြတယ်။ သူ့မှာ သား သုံးယောက်ရှိခဲ့တယ်။ နောက်လိုက်သူတွေ၊ ကြည်ညိုသူတွေရှိခဲ့သလို သူ့ကို မနှစ်သက်တဲ့သူတွေလည်း အများကြီးရှိခဲ့တယ်။ ဆော့ခရေ့တီး(စ်)က သူ့ကိုယ်သူ "ဆရာကြီး"လို့ မယူဆတာလည်း သူ့ရဲ့လုပ်ပုံ ပြောဆိုပုံတွေကို ကြည့်ရင် ထင်ရှားပါတယ်။ သူက ဘယ်သူ့ကိုမှ ဘာတရားမှ ဟုတ်တိပတ်တိ မဟောခဲ့ဘူး။ သူက ဘာသာရေးသမားမဟုတ်ဘူး။ လူရဲ့တွေးတော ဆင်ခြင် နိုင်မှုကိုပဲ သူက အဓိကအားထားတယ်။ ယုံကြည်တယ်။ စုပေါင်းဆွေးနွေး ဆင်ခြင်မှုနဲ့သာ လူတွေဟာ ကိုယ့်ကိုယ်ကို ကောင်းအောင်ပြုပြင်နိုင်မယ်လို့ သူက ယုံ ကြည်တယ်။

အဲဒီတုန်းက အေသင်မှာ ဆော့ခရေ့တီး(စ်)လို ဒဿနဆရာတွေ အများကြီးရှိခဲ့တယ်။ ဆော့ခရေ့တီး(စ်)ရဲ့ ထူးခြားချက်တစ်ခုက သူနဲ့ လာပြီး ဆွေးနွေး ပညာယူသူတွေဆီက ပိုက်ဆံဘယ်တော့မှ မယူဘူး။ ပညာဆိုတာဟာ တစ်ယောက်ကပေးပြီး အခြားသူတွေက ယူရတဲ့အရာမျိုးလို့လည်း ဆော့ခရေ့ တီး(စ်)က မထင်ဘူး။ သူ့အတွက်က ပညာရှာတယ်ဆိုတာ လူအချို့စုစည်းပြီး ညီတူညီမျှဆွေးနွေးရှာဖွေတဲ့အလုပ်လို့ ယူဆတယ်။ ပိုက်ဆံမယူဘူးဆိုပေမယ့် သူက အရမ်းချမ်းသာလို့တော့ မဟုတ်ပါဘူး။ သဒ္ဓာသူက ကျွေးရာ စားပြီး အဆင်ပြေသလိုနေတာမျိုးပါ။ ဒါပေမယ့် သူ့ကို ကြည်ညိုသူတွေထဲမှာ လူ ချမ်းသာတွေလည်းပါတော့ စားရေး သောက်ရေးတော့ အလွန်ခက်ခဲပုံမရဘူး။

အတွေးအခေါ်သမားဆိုပေမယ့် ဆော့ခရေ့တီး(စ်)က သာမန်လူတွေကို

မချောင်ဘူး။ အထင်မသေးဘူး။ တကယ်ဆို သာမန်လူတွေကသာ သူ့ရဲ့ဆရာလို့ ဆိုတယ်။ တစ်နေ့မှာ အသိတစ်ယောက်က အေးအေးဆေးဆေး စကားပြောချင်လို့ စိမ်းလန်းတဲ့ မြို့ပြင်ကျေးလက်နေရာလေး တစ်ခုဆီ ဆော့ခရေ့တီး(စ်)ကို ခေါ်သွားတဲ့အခါ တောမရောက်ဖူးတဲ့ မြို့သားလို သူက ကြောင်တောင်တောင် ဖြစ်နေလေတယ်။ ဒါနဲ့ ဆော့ခရေ့တီး(စ်)က သူ့မိတ်ဆွေကိုပြောတယ်။

"သူငယ်ချင်းကောင်းကြီးရေ၊ မြို့အပြင်သိပ်မထွက်ရခြင်းရဲ့ အကြောင်းရင်းကိုရှင်းပြရင် ခင်ဗျား နားလည်နိုင်မယ်ထင်ပါတယ်။ ကျုပ်က ပညာကို မြတ်နိုးသူပါ။ သစ်ပင်တွေက ကျုပ်ဆရာ မဟုတ်ပါ။ တောရွာကလည်း ကျုပ်ဆရာ မဟုတ်ပါ။ မြို့ထဲမှာ နေထိုင်သွားလာကြသူများသာ ကျုပ်ဆရာ ဖြစ်ပါတယ်"

ဆော့ခရေ့တီး(စ်)က စာတွေကဗျာတွေရေးတဲ့ အနုပညာရှင်တွေလို ကျေးလက်အလှအပကို မသိချင်ဘူး။ ဇီဝဗေဒ သိပ္ပံပညာရှင်တွေလို အပင်တွေကို စိတ်မဝင်စားဘူး။ သူက လူ့သဘာဝကိုသာ စိတ်ဝင်စားသူဖြစ်တယ်။ သူက သခင်ပဲ ဖြစ်ဖြစ် ကျွန်ပဲဖြစ်ဖြစ် အားလုံးကို တစ်တန်းတည်း လေးလေးစားစား ဆက်ဆံတယ်။ လူတွေကို ရိုသေတယ်။ ဒါပေမယ့် သူတို့နဲ့ စကားပြောတဲ့အခါမှာတော့ သူက လေးနက်တဲ့မေးခွန်းတွေ၊ အကျပ်ရိုက်မဲ့ မေးခွန်းတွေကို လက်တုန့်နှိုက်မေးတာပေါ့။

ဩဇာကြီးတဲ့ အတွေးအခေါ်သမား ဆိုပေမယ့် ဆော့ခရေ့တီး(စ်)က စာတစ်လုံးမှမရေးခဲ့ဘူး။ သူ့နောက်လိုက်တွေ၊ အထူးသဖြင့် သူ့ဒဿနကို ဆက်ခံခဲ့တဲ့ အတွေးအခေါ်ဆရာ ပလေးတိုးက ပြန်ရေးပြလို့ သူ့အတွေးအခေါ်တွေအကြောင်း ကျွန်တော်တို့သိခွင့်ရတာ။ သူ့မှာ ချစ်ခင်သူတွေပေါတယ်။ သူကလည်း မိတ်ဆွေတွေနဲ့ သောက်လိုက်စားလိုက် ရင်းရင်းနှီးနှီး နေတယ်။ ဒါပေမယ့် အရက်မူးပြီး မဟုတ်တာ လုပ်လေ့တော့ မရှိဘူး။ သောက်ဖော် သောက်ဖက်တွေပြောပုံအရဆို သူက ရှိရှိသမျှ ပုလင်းထဲက အကုန်သောက်လည်း ပုလင်းပဲ လဲတယ်။ လူကတော့ မလဲတဲ့အပြင် ခေါင်ခေါင်ပါ မြည်တယ်လို့ ဆိုတယ်။ သူက ကိုယ်ရော စိတ်ကိုပါ ထိန်းသိမ်းပြီးနေထိုင်တယ်။ ခံနိုင်ရည် ကောင်းလွန်းတဲ့ ဆော့ခရေးတီး(စ်)ရဲ့ နေထိုင်ပုံတွေကို သူ့တပည့်အချို့က အတုယူကြတယ်။ သူ့စံချိန်မီတယ်လို့ သူဆရတဲ့ နောက်လိုက် တစ်ယောက်ဆိုရင် ဆော့ခရေးတီး(စ်)ရဲ့ ဆွေးနွေး

ချက်တွေကို နားထောင်နိုင်ဖို့ တစ်နေ့ကို ၅မိုင်လောက် လမ်းလျှောက်လာရတယ်လို့ဆိုတယ်။

ဒါကြောင့် ဆော့ခရေ့တီး(စ်)က ကျွန်တော်တို့လိုပဲ အသွေးနဲ့အသားနဲ့လူ တစ်ယောက်ပဲ။ သာမန်လူတွေနဲ့ မတူဘဲ ထူခြားတဲ့အလေ့အကျင့်တွေတော့ ဆော့ခရေ့တီး(စ်)မှာ ရှိတယ်။ အဝတ်အစားကို ဖြစ်သလိုဝတ်တယ်။ မသန့်ပြန့်ဘူး။ ဖိနပ် အမြဲမစီးဘူး။ ရေ အမြဲချိုးလေ့မရှိဘူးဆိုတာတွေကို သူ့ကိုခင်တဲ့မိတ်ဆွေတွေကတောင် ဝန်ခံရတယ်။

*မေး။ အဲဒီအချိန်တုန်းက အေသင်မှာ ရေ တို့၊ မီးတို့ ရှားလို့လား။*

ဖြေ။ လျှပ်စစ်မီးတော့ မထွင်ရသေးတော့ မရှိပါဘူး။ အားလုံးအတွက် ရေရှားရင်လည်း ကတုံးပေါ် ထိပ်ကွက်ပြီး ဆော့ခရေ့တီး(စ်)က ရေမချိုးဘူးလို့ ပြောစရာလိုမယ် မထင်ပါဘူး။ အားလုံး ကိုယ့်အနံ့လေးတွေနဲ့ကိုယ် နေကြမှာပေါ့။ သူ့ကို အမှုတစ်ခုနဲ့ ရုံးတင်တော့ ဆော့ခရေ့တီး(စ်)က အခုလို ပြောဖူးတယ်။

"ရိုးရိုးအေးအေးဘဝမျိုး ကျုပ် ဘယ်တုန်းကမှ မနေခဲ့ဘူး။ အခြားသူတွေ အလေးထားတဲ့ ငွေရှာတာတို့ သက်သောင့်သက်သာနေစရာ အိမ်တို့ စစ်ဘက်အရပ်ဘက်က ရာထူးတို့မျိုးကို ကျုပ် ဘယ်တုန်းကမှ မလိုချင်ခဲ့ဘူး။ အခု အေသင်မှာ ဖြစ်ပျက်နေတာ (လူမှုရေး၊ အုပ်ချုပ်ရေးကိစ္စ) တွေကိုလည်း ကျုပ်က ဂရုမစိုက်ခဲ့ဘူး"

ဆော့ခရေ့တီး(စ်)က သူ့အတွေးအခေါ် မေးခွန်းတွေနဲ့ပဲ အချိန်ပြည့် အလုပ် ရှုပ်နေတာ။ သူငယ်ချင်းတွေနဲ့ လမ်းသွားနေရင်းလည်း တစ်ခါခါမှာ "အတွေးထဲ နစ်မျောသွားပြီး နောက်မှာပြတ်ကျန်ခဲ့တာ။ ပြီးရင် အနီးအိမ်က ဆင်ဝင်အနား သွားပြီး ဆက်တွေးနေတာပဲ"တဲ့။ ဆင်ဝင် ဆိုတာ အိမ်ရှေ့ အဝင်ဝမှာတွေ့ရတဲ့ အမိုးကာသဘောမျိုးကို ခေါ်တာပါ။

ဒါပေမယ့် ဆော့ခရေ့တီး(စ်)က ထူးခြားတယ်။ သူက ဖြစ်သလိုနေပေမယ့် သူ့ကို အတုယူဖို့ မဟောဘူး။ သူ့လိုလိုက်နေဖို့ မတိုက်တွန်းဘူး။ ဒီလိုကိစ္စတွေကို သူက လုံးလုံးကိုဂရုမစိုက်တာ။ ပိုက်ဆံရှိတာ မရှိတာ၊ ဘွဲ့တံဆိပ်တွေရှိတာ မရှိတာကို သူက ဘယ်လိုမှကို သဘောမထားဘူး။ သူသိချင်တာက လူကောင်းဆိုတာ ဘာလဲ၊ ဘယ်လိုလဲ။ လူကောင်းဖြစ်ဖို့ ဘယ်လိုနေထိုင်ရသလဲ။ တွေ့တဲ့သူနဲ့ ဈေးမှာဖြစ်ဖြစ်၊ လမ်းမှာဖြစ်ဖြစ်၊

စားသောက်ပွဲတွေမှာ ဖြစ်ဖြစ်၊ ကြုံရာအကြောင်းပြောလည်း နောက်ဆုံး ကိုယ်ကျင့်တရားအကြောင်း ပြန်ရောက်လာတာပဲ။ သူက ဒါကိုပဲ အဓိက ထားပြီး ဆွေးနွေးတာ။ အဲဒါကိုသိရဖို့ သူက သဘောထားကြီးကြီးထားတယ်။ ဘယ်လူကတော့ အလကားပါ။ ဘာမှမသိပါဘူး။ ဘယ်သူက သိပ်မဟုတ်ပါဘူး စသည်ဖြင့် သူများကို နှိမ့်ချတဲ့ သဘောထား မရှိဘူး။ မှားတယ်လို့ ထင်ရင်တော့ သူက ထုတ်ပြောမယ်။ ဒါပေမယ့် စော်ကားချင်တဲ့သဘော ရှိပုံမရဘူး။ ဒါကြောင့် "ကြုံရသမျှလူတွေထဲမှာ ဆော့ခရေ့တီး(စ်)ဟာ အကောင်းဆုံးလူပဲ"လို့ ပေါင်းဖူးသူတွေက ပြောကြတာ။

*မေး။ အလုပ်မလုပ်ဘဲ ဖြစ်သလိုနေတော့ ဆော့ခရေ့တီး(စ်)က တစ်ရာ့ကိုး တစ်ရာ့ တစ်ဆယ်လား။ ငါတို့ရပ်ကွက်ထဲမှာ ဘာမှ ဟုတ်တိပတ်တိမလုပ်ဘဲ လမ်းသလားသူတွေ အများကြီးပဲ။*

ဖြေ။ သူက ဝင်ငွေရတဲ့အလုပ် မလုပ်ပေမယ့် တစ်နေကုန်လျှောက်ပြီး "လေ" နေတဲ့ သူတော့ မဟုတ်ဘူး။ လမ်းမှာအခမဲ့ပညာသင်ပေးတဲ့ ကျောင်းဆရာလို့ သူ့ကို တစ်နည်းအားဖြင့်ခေါ် ရမယ်။ သူ့အနေအထိုင် သဘာဝက နည်းနည်း ဆန်းတယ်။ သူအလေးထားတဲ့ပညာမျိုးကို ကျောင်းတိုင်းမှာ မသင်ပေး ဘူးဆိုပေမယ့် သူလုပ်တဲ့အလုပ်က အကျိုးမဲ့တဲ့အလုပ်မျိုး မဟုတ်ဘူး။ လူတွေ လူကောင်းဖြစ်စေဖို့ သင်ကြားပေးတဲ့အလုပ်ဟာ "အလုပ်တကာ့ထဲမှာ အမြတ်ဆုံးပဲ"လို့ စကားရှိတယ်။

*မေး။ မင်းတို့ကကွာ။ ပညာကြီးတဲ့ပုဂ္ဂိုလ်အကြောင်း ပြောတဲ့အခါမှာ မရှိမသေနဲ့ မပြောကြနဲ့လေ။ ဘယ့်နှယ့် ဆော့ခရေ့တီး(စ်)ကို တစ်ရာ့ကိုး တစ်ရာ့တစ်ဆယ်လို့ ခေါ် ရတာတုန်း။*

ဖြေ။ အခုလို ဒဿနအကြောင်းဆွေးနွေးတဲ့အခါမှာ တစ်ယောက်ကို တစ်ယောက် စကားနဲ့ မထိတထိပြောတာလေးတွေကို ဆော့ခရေ့တီး(စ်)က စိတ်မဆိုးပါဘူး။ သူ့ သူငယ်ချင်းတွေကလည်း သူ့ကို မကြာမကြာ လှောင် ပြောင်ပြီး ပြောတတ်တယ်။ သူကိုယ်တိုင်လည်း သူများကို စ,တတ်သလို တစ်ခါခါမှာ သူ့ကိုယ်သူတောင် ပြန်ပြီးသရော်တတ်သေးတယ်။ ဆော့ခရေ့ တီး(စ်)က ဒဿနပညာကို ကောင်းကင်ပေါ်ကနေ မြေပြင်ပေါ်သို့ ခေါ်လာ တယ် လို့ ဆိုခဲ့တယ်နော်။ ဆော့ခရေ့တီး(စ်)ကို လေထဲမှာ ပင့်ထားမဲ့အစား

မြေပြင်ပေါ် သို့ ပြန်ခေါ် လာပြီး စကားပြောကြည့်ဖို့ ကျွန်တော်တို့က တတ်နိုင်သလောက် ကြိုးစားရမယ်။

*မေး။ ဆော့ခရေ့တီး(စ်)က တီဗွီမှာတွေ့ရတဲ့ ကိုရီးယားမင်းသားတွေလို ရုပ်ဖြောင့်လား။*

ဖြေ။ တစ်ခါမှာ ခရိတိုဘုလပ်(စ်)ဆိုတဲ့ သူငယ်ချင်းတစ်ယောက်က ဆော့ခရေ့တီး(စ်)ကို "အလှပြိုင်ပွဲ"တစ်ခု သူနဲ့ဝင်ပြိုင်ဖို့ စိန်ခေါ်တယ်။ မော်ဒယ်တွေလို စင်မြင့်ပေါ်မှာ ဟန်အပြည့်နဲ့ လမ်းလျှောက်ပြရမှာမျိုးတော့ မဟုတ်ပါဘူး။ အနိုင်အရှုံးကို မဲနဲ့ဆုံးဖြတ်မယ့် အသိတွေရဲ့ရှေ့မှာ သူတို့နှစ်ယောက် စကားပြိုင်ရမှာပါ။ စကား အနိုင်ရသူက "ပိုလှ"သူလို့ ဆိုကြမှာပေါ့။ ဆော့ခရေ့တီး(စ်)နဲ့ ခရိတိုဘုလပ်(စ်)တို့ စကားဖလှယ်ကြရာမှာ ဆော့ခရေ့တီး(စ်)က အခုလိုမေးပါတယ်။

ဆော့။ ။ အလှဆိုတာ လူတွေမှာသာ ရှိသလား။ အခြားအရာတွေမှာလည်း ရှိတာမျိုးလား။ ခင်ဗျား ဘယ်လိုယူဆသလဲ။

ခရိ။ ။ ထင်တဲ့အတိုင်းပြောရရင် မြင်းတို့ နွားသိုးတို့အပြင် သက်မဲ့အရာတွေမှာလည်း အလှဆိုတာရှိကြတယ်။ ငါ့ဒိုင်းက ခန့်တယ်။ ငါ့ဓားက ကောင်းတယ်။ ငါ့လှံက လှတယ် စသည်ဖြင့် လူတွေပြောကြတာပဲ။

ဆော့။ ။ ဒီအရာတွေအားလုံးက တစ်ခုနဲ့ တစ်ခု လုံးလုံးမတူကြပေမယ့် ဘယ်နှယ့်လုပ်ပြီး အားလုံးကလှကြတာလဲ။

ခရိ။ ။ ဘာလို့လဲဆိုတော့ လိုအပ်တဲ့နေရာမှာ အသုံးချလို့ကောင်းအောင် သေသေချာချာလုပ်ထားရင်ပဲ ဖြစ်စေ၊ သဘာဝအတိုင်းကိုက အသုံးချလို့ အဆင်ပြေနေရင် ဖြစ်စေ၊ အရာတစ်ခုဟာ လှတယ်။ ကောင်းတယ်။

ဆော့။ ။ ကျုပ်တို့ မျက်စိ ဘာအတွက်လိုသလဲ သိလား။

ခရိ။ ။ ကြည့်လို့ရအောင်ပေါ့။

ဆော့။ ။ ဒါဆို ကျုပ်မျက်လုံးတွေက ခင်ဗျားမျက်လုံးတွေထက် ပိုလှတယ်ဆိုတာ ပြောစရာမလိုတော့ဘူးထင်တယ်။

ခရိ။ ။ ဘာကြောင့်လဲ။

ဆော့။ ။ ဘာလို့လဲဆိုတော့ ခင်ဗျားရဲ့မျက်လုံးတွေက အရှေ့တည့်တည့်ကိုပဲမြင်တာ။ ကျုပ်မျက်လုံးတွေက အပြင်ကိုပြူးထွက်နေတာမို့ ဘေးဘက်တွေကိုပါ မြင်နိုင်တယ်လေ။

ခရိ။ ။ ဂဏန်းတွေက အခြားသတ္တဝါတွေထက် အမြင်ကိရိယာ ပိုပြည့်စုံတယ်လို့ ဆိုလိုချင်တာလား။

ဆော့။ ။ သိပ်မှန်တာပေ့ါ။

ခရိ။ ။ ထားပါတော့။ ဒါနဲ့ ဘယ်သူ့နှာခေါင်းက ပိုလှလဲ။ ခင်ဗျားလား။ ကျုပ်လား။

ဆော့။ ။ ကျုပ်ပေ့ါဗျ။ တန်ခိုးရှင်က ကျုပ်တို့အနံ့ခံနိုင်ဖို့အတွက် နှာခေါင်းတွေပေးထားတယ်ဆိုရင်ပေ့ါလေ။ ခင်ဗျားနှာခေါင်းပေါက်က အောက်ကို တည့်တည့်စိုက်နေတာဗျ။ ကျုပ်နှာခေါင်းက အကျယ်ကြီးပွင့်နေပြီး အပြင်ကို လန်ထွက်နေတော့ အဖက်ဖက်က အနံ့တွေခံနိုင်တာပေ့ါဗျာ။

ခရိ။ ။ ခပ်ပြားပြားနှာခေါင်းကလည်း ခပ်သွယ်သွယ်နှာခေါင်းထက် ပိုခန့်တယ်လို့ ခင်ဗျားက ဘယ်လိုဆိုမှာတုန်း။

ဆော့။ ။ မျက်လုံးနှစ်ခုအကြားမှာ ကန့်လန့် ကားလား မလုပ်တဲ့အတွက်ကြောင့် ကြည့်လိုရာကြည့်နိုင်တာမို့ပေ့ါဗျ။ နှာခေါင်းက မြင့်နေရင် ဟိုဘက်ဒီဘက် မမြင်အောင် မျက်စိကို ကာထားမှာမို့ပေ့ါ။

ခရိ။ ။ ပါးစပ်အတွက်တော့ ကျုပ် အရှုံးပေးပါတယ်။ ပါးစပ်က အစာကိုက်ဖို့ အတွက်ဆိုတော့ ခင်ဗျားပါးစပ်က ကျုပ် ပါးစပ်ထက်ပိုပြီး ခပ်ကြီးကြီး ကိုက်နိုင်တယ်။

ဆော့။ ။ ပြီးတော့ ကျုပ်ရဲ့နှုတ်ခမ်းက ထူတာကြောင့် ခင်ဗျားထက် ပိုပြီး နူးညံ့တဲ့အနမ်း ပေးနိုင်တယ်လို့ရော မထင်ဘူးလား။

ခရိ။ ။ ခင်ဗျားပြောပုံအရဆို ကျုပ်ပါးစပ်က မြည်းပါးစပ်ထက် အရုပ်ပိုဆိုးမယ့်ပုံပဲ။ ကျုပ် ခင်ဗျားနဲ့ ထပ်မပြိုင်နိုင်တော့ဘူး။ ဒါကြောင့် မဲပေးပြီး ဆုံးဖြတ်နိုင်းကြစို့။

*ခမေး။ ဆော့ခရေ့တီး(စ်)က မဲနိုင်သလား။*

ဖြေ။ ဘယ်နိုင်မလဲ။ ရှုံးတာပေ့ါ။ ဆော့ ခရေ့တီး(စ်)က သူ ရုပ်မလှတာကို သိတယ်။ အဲဒီအတွက်လည်း ဝမ်းမနည်းပါဘူး။ ပကာသနတွေ မလုပ်ပြပါဘူး။ သူ့ကိုယ်သူလည်း ခပ်နာနာပြောတာပဲ။ ဒဿနသမားဆိုပေမယ့် ဆော့ခရေ့တီး(စ်)က ပျော်ပျော်ပါးပါးလည်း နေတတ်သေးတယ်။

*မေး။ ဆော့ခရေ့တီး(စ်)က စကားနိုင်လုတာမျိုးမလုပ်ဘူးလို့ ခင်ဗျားက ပြောခဲ့ တယ်။ အခု သူတို့ပြောပုံအရဆို ဆော့ခရေ့တီး(စ်)က စကားနိုင်လုတာလည်း ပါသနောပါပုံရရဲ့။*

ဖြေ။ ခင်ဗျားက အတော်နပ်တဲ့လူပဲ။ ဒီလိုလေဗျာ။ ဆော့ခရေ့တီး(စ်)က ဒီမှာ သူ့ကိုယ်သူ လှပါတယ်လို့ပြောတဲ့အခါမှာ စကားနိုင်ချင်လို့ မဟုတ်ဘူး။ ဆော့ခရေ့တီး(စ်)က မေးတော့ အလှဆိုတာဟာ "လိုအပ်တဲ့နေရာမှာ အသုံးချလို့ကောင်းခြင်း" လို့ ခရိတိုဘုလပ်(စ်)က ပြန်ဖြေတယ် မဟုတ်လား။ ဒီလိုဖြေတာဟာ သိပ်မဟုတ်ဘူးဆိုတာကို ဆော့ခရေ့တီး(စ်)က သိတယ်။ အဲဒါကိုနှထောက်ပြဖို့ သူ့မှာ အင်မတန်အမြင်ကောင်းတဲ့ ပြူးနေတဲ့မျက်လုံးတွေ ရှိတယ်။ အနံ့ခံကောင်းတဲ့ ခပ်ပွပွ ခပ်လန်လန် နှာခေါင်းရှိတယ်။ အကိုက်ကောင်းတဲ့ ပါးစပ်ကျယ်ကြီးရှိတယ်။ အနမ်းကောင်းတဲ့ ခပ်ထူထူ နှုတ်ခမ်းရှိတယ်လို့ သူကဆိုတယ်။ ခရိတိုဘုလပ်(စ်)ပြောတဲ့ "အလှဆိုတာဟာ လိုအပ်တဲ့နေရာမှာ အသုံးချလို့ ကောင်းခြင်း"ဆိုတဲ့ စကားအရဆို ဆော့ခရေ့တီး(စ်)ဟာ ရုပ်လှသူလို့ အဓိပ္ပာယ် ထွက်တာပေါ့။ ဒါပေမယ့် သူရုပ်မလှတာကို ဆော့ခရေ့တီး(စ်)က သိတယ်။ သူများတွေလည်း သိတယ်။ ဒါဆို ဒီမှာ တစ်ခုခု လွဲနေပြီ။ ဆော့ခရေ့တီး(စ်)က ဒါကိုပြောချင်တာ။ တစ်ဖက်က ခပ်ပြောင်ပြောင်နဲ့ စကားနိုင်လုနေသလို တစ်ဖက်မှာလည်း ခရိတို ဘုလပ်(စ်) ပြောတဲ့ အလှသဘာဝက မဟုတ်မှန်ကြောင်းကို သူက အလေးနက် ထောက်ပြနေတာ။

ဆော့ခရေ့တီး(စ်)အတွက်က ဒဿနအလုပ်လုပ်တယ်ဆိုတာ ဒါမျိုးပဲ။ လူမှာ ရှိသင့်တယ်လို့ယူဆရတဲ့ အရည်အသွေး တစ်ခုအကြောင်း ဆွေးနွေးတဲ့အခါမှာ တစ်ယောက်ယောက်က အရည်အသွေးကို အဓိပ္ပာယ်ဖွင့်တဲ့ အဆိုပြုချက်တစ်ခုပေးမယ်။ ပြီးရင် အားလုံးက ဒီအဲဆိုပြုချက်ကို ဆွေးနွေးမယ်။ အားနည်းချက်တွေ ထောက်ပြမယ်။ ပြီးရင် လိုသလိုအဓိပ္ပာယ် ဖွင့်ဆိုချက်ကို ပြင်မယ်။ ထပ်ဆွေးနွေးမယ်။ နောက်ဆုံး အားလုံးလက်ခံနိုင်တဲ့ အဓိပ္ပာယ် ဖွင့်ဆိုချက်ရတဲ့အထိပေါ့။

အများအားဖြင့်တော့ သူကျေနပ်တဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်မျိုးကို ဆော့ခရေ့တီး(စ်)က ရလေ့မရှိဘူး။ သူမေးတာခံရသူမှာ လက်ပန်းကျပြီး လစ်ကြတာများတယ်။ နောက်ဆုံးမှာ ကျေနပ်စရာ အဖြေမထွက်ပေမယ့် ဆွေးနွေးတဲ့လမ်းတစ်လျှောက်မှာ မှတ်သားစရာတွေကို တွေ့လေ့ရှိတယ်။ အခုပြောခဲ့တဲ့ "အလှပြိုင်ပွဲ"စကားဖလှယ်မှုက ဆော့ခရေ့တီး(စ်) "အချိုပေါ့"ပဲ ရှိသေးတယ်။ ဆော့ခရေ့တီး(စ်) "ကော်ဖီခါးခါး" မဟုတ်သေးဘူး။ လေးနက်တဲ့ စကားဖလှယ်မှုတွေကို နောက်ပိုင်းမှာ ထပ်ဆွေးနွေးမယ်။

*မေး။ ဒါဆို သူက အတော့်ကိုပဲ ရုပ်ဆိုးလား။*
ဖြေ။ သိချင်ရင် ဒီမှာ ပုံဆွဲထားတာကို ကြည့်။ ဒါက မြည်းမျက်နှာ။ ဆော့ခရေ့တီး(စ်)ရဲ့မျက်နှာမဟုတ်ဘူး။



*မေး။ သိပ်မဆိုးပါဘူး။ အတော်လေး "ဖြောင့်"တယ်လို့ ပြောရမယ်။ ဆော့ခရေ့ တီး(စ်) "ကော်ဖီခါးခါး"က ဘယ်လိုနေလဲ။ အတော်ပြင်းလား။*
ဖြေ။ ဖြည်းဖြည်းပေါ့။ မကြာခင် ဆွေးနွေးပါ့မယ်။ သူ့ရဲ့ မိတ်ဆွေတစ်ယောက်က ဆော့ ခရေ့တီး(စ်)နဲ့ စကားပြောမိရင် ဘယ်လို နေမယ်ဆိုတာကို အခုလို ပြန်ပြောပြဖူးတယ်။

"ရင်းနှီးသူတစ်ယောက်က ဆော့ ခရေ့တီး(စ်)နဲ့ စကားစပြောမိရင် မကြာခင် တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန် ဆွေးနွေးဖြစ်မှာသေချာတယ်။ ဒီလူက ဘာ အကြောင်းနဲ့ပဲစစ ဒီလူ့ကို (ဆော့ခရေ့တီး(စ်)က) တစ်ပတ်ပြီး တစ်ပတ် လှည့်လှည့်ပြီး မညှာမတာ (မေးမယ်)။ နောက် ဆုံးကျတော့ ဒီလူက သူ့ရဲ့အတိတ်ဘဝရော၊ လက်ရှိဘဝအကြောင်းကိုပါ ပြောမိလျက်သား ဖြစ်သွားလိမ့်မယ်။ စကားတွေညှိသွားရင် ဒီလူ့ကို ဆန်ကာနဲ့ညက်နေအောင် စစ်လို့ မပြီးမချင်း ပြန်လွှတ်မှာမဟုတ်ဘူး"

*မေး။ ဆော့ခရေ့တီး(စ်)က ဘာ ဘာသာကို ကိုးကွယ်သလဲ။*
ဖြေ။ အဲဒီအချိန်တုန်းက အခု ကျွန်တော်တို့သိထားတဲ့ ဘာသာကြီးတွေ မပေါ်သေးဘူး။ ဂရိပြည်မှာတော့ ကိုးကွယ်တဲ့နတ်ဘုရားတွေ အစုံအလင် ရှိတယ်။ နတ်ဘုရားအချို့ရဲ့နာမည်ကို လူအများ ကြားဖူးသိဖူးမှာပါ။ "သူရိယဒေဝနတ်"လို့ခေါ် ရမယ့် အပိုလို၊ "မေတ္တာနတ်သမီး"အာဖရို ဒိုက်တီး၊ နောက်ပိုင်းမှာ ဗီးနပ်(စ်)နတ်သမီးလို့ခေါ်ခံရတဲ့သူပေါ့။ ပြီးတော့ ဗရုတ်သုတ်ခ လုပ်လေ့ရှိတဲ့ ဟားမဲ့(စ) အခြားနတ်တွေရဲ့ အဓိပတိဇုနတ်မင်း၊ စတဲ့နတ်ဘုရား အမျိုးစုံကို ဂရိတွေ ကိုးကွယ်ကြတယ်။


ဆော့ခရေ့တီး(စ်) ကိုယ်တိုင်ကတော့ ဘာသာရေးကို သိပ်ပြီးစိတ်မဝင်စားဘူး။ အထူးသဖြင့် အေသင်သားတွေ ကိုးကွယ်တဲ့နတ်ဘုရားတွေကို သူက

သိပ်ပြီး လေးစား ကြည်ညိုပုံ မပေါ်ဘူး။ ပြဿနာကြုံတဲ့အခါမှာ သူ့ကို အမှားအမှန်လမ်းပြပေးဖို့ ခေါင်းထဲမှာ "အသံ"တစ်ခုပေါ်လာလေ့ရှိတယ်လို့ ဆော့ခရေ့တီး(စ်)ကဆိုတယ်။ အဲသလို ခပ်ဆန်းဆန်းအသံကို သူ့ရဲ့ "ကိုယ်စောင့်ဝိညာဉ်"လို့လည်း ခေါ်သေးတယ်။ အဲဒီ "ကိုယ်စောင့်ဝိညာဉ်"ဆိုတာက ဂရိ တိုင်းပြည်မှာ အသိအမှတ်ပြုထားတဲ့ နတ်ဘုရားတစ်ပါး မဟုတ်ဘူး။ တကယ်ဆို့အဲဒါက ဘာနတ်ဘုရားမှမဟုတ်ဘဲ သူ့ရဲ့ လိပ်ပြာကို ရည်ညွှန်းပြီး ပြောနေပုံရတယ်။ ဥပမာ လူတစ်ယောက်ဟာ တစ်ခုခုမဟုတ်တာလုပ်မိရင် "လိပ်ပြာမသန့်"ဖြစ်တတ်တယ်လေ။ အခက်အခဲတစ်ခုခုကြုံရင် ဘယ်လို လုပ်ရင် လိပ်ပြာမသန့်ဖြစ်နိုင်မလဲ ဆိုတာမျိုး ဆန်းစစ်ပုံရတယ်။ ဆော့ခရေ့တီး(စ်)ရဲ့ ခပ်ဆန်းဆန်းယုံကြည်ချက်တွေကို အေသင်သား အုပ်ချုပ်သူ တချို့က သံသယရှိလာပြီး နောက်ဆုံးမှာ "ရိုးရာ ဂရိ နတ်ဘုရားများကို မကိုးကွယ်ခြင်း၊ တိုင်းတစ်ပါးမှ နတ်ဘုရားများကိုကိုးကွယ်ခြင်းနဲ့ လူငယ်တွေရဲ့စိတ်ဓာတ်ကို ဖျက်ပြားစေခြင်း"ဆိုတဲ့ အမှုတွေနဲ့ ဆော့ခရေ့တီး(စ်)ကို ရုံးတင်တရားစွဲလေတယ်။

*မေး။ "လူငယ်တွေရဲ့စိတ်ဓာတ်ကို ဖျက်ပြားစေ"တယ်ဆိုတော့ ဆော့ခရေ့တီး(စ်)က လူငယ်တွေကို မူးယစ်ဆေးတွေဘာတွေ သွားရောင်းလို့လား။*

ဖြေ။ ဒီလိုဗျာ။ အဲဒီအချိန်တုန်းက အေသင်က လွတ်လပ်ရေးပြန်ရခါစမို့ အုပ်ချုပ်ရေးအရ သိပ်မတည်ငြိမ်သေးဘူး။ ဆော့ခရေ့တီး(စ်)က လမ်းတကာ လျှောက်သွားပြီး လူငယ်တွေနဲ့ စကားပြောတယ်။ ဓလေ့ထုံးတမ်းတွေကို ဟုတ်ရဲ့လား၊ ကောင်းရဲ့လားဆိုတဲ့ မေးခွန်းတွေထုတ်တယ်။ အာဏာပိုင်တွေကို အလေးမထားဘူး။ ဒါကြောင့် အုပ်ချုပ်သူအချို့က သူ့ကို သိပ်မကြည့်မရဘူး။ ပိုဆိုးတာက ဆော့ခရေ့တီး(စ်)ရဲ့ နောက်လိုက်အချို့က လက်ရှိ အာဏာပိုင်တွေနဲ့ အုပ်ချုပ်ရေးကိစ္စတွေမှာ ပြဿနာတက်ထားတာတွေ ရှိတယ်။ ဒါကြောင့် အာဏာပိုင်အချို့က ဆော့ခရေ့တီး(စ်)ကို အနည်းဆုံး အေသင်ကနေ မောင်းထုတ်ချင်တယ်။ ဆော့ခရေ့တီး(စ်) က ဒါကို လုံးလုံး လက်မခံဘူး။ ဂရုမစိုက်ဘူး။ မကြောက်ဘူး။ ဒီလိုနဲ့ သေဒဏ်ပေးခံရတာ။ ဆော့ခရေ့တီး(စ်) အမှုရင်ဆိုင်ပုံနဲ့ မသေခင် နောက်ဆုံးနေ့တွေအကြောင်း နောက်မှထပ်ဆွေးနွေးမယ်လေ။ အခုတော့ အကြမ်းသဘောနဲ့ ဒီလောက်ပဲ ဆွေးနွေးထားမယ်။

*မေး။ ဒါဆို လူပုဂ္ဂိုလ်တစ်ယောက်အနေနဲ့ ဆော့ခရေ့တီး(စ်)ဟာ အားရ*



စရာပေါ့။ အသိပညာရှာဖွေဖြန့်ဝေသူတစ်ယောက် အနေနဲ့ဆိုရင် အတုယူစရာပဲ။ လူ့ဘဝကို ဘယ်လိုနေထိုင်မယ်ဆိုတဲ့ သူသိချင်တဲ့ မေးခွန်းက လူတည်ရှိသမျှတော့ အမြဲရှိနေမှာပဲ။ ဒီမေးခွန်းရဲ့အဖြေကို လူတိုင်း ကိုယ့်နည်းကိုယ့်ဟန်နဲ့ ရှာကြရမှာပေါ့။ ဒီနေရာမှာ ဆော့ခရေ့တီး(စ်)က စံပြ နမူနာကောင်း တစ်ယောက်ပဲနော်။

ဖြေ။ အတုယူချင်ရင် ယူပါ။ ဒါပေမယ့် မိုးခြိမ်းသံတွေကြားရပြီးနောက်ပိုင်း မိုးရွာခံရမယ်ဆိုတာကိုတော့ မမေ့နဲ့။

## ရှင်းလင်းချက်များ

ဖီနာရတီ-Phaenarate

ဆိုဖရွန်နိ(စ်)ကပ်(စ်)-Sophroniscus

တစ်မနက် နေထွက်ချိန်လောက်မှာ . . . Gottlieb (2000) စာမျက်နှာ ၁၃၁။ ဒီစာပိုဒ်ကို ကျွန်တော် ဘာသာပြန်တာဖြစ်တယ်။

ခါးကိုဖန်တီးထားတာက . . . John Ferguson (1970), Socrates: A source book compiled by John Ferguson, Macmillan & The Open University Prress. စာမျက်နှာ ၁၆။

တစ်ခါတုန်းက လမ်းကြိုလမ်းကြားလေး တစ်ခုထဲမှာ Ferguson (1970) စာမျက်နှာ ၂၉။ အဲဒီဒဿနဆရာများရဲ့သမိုင်းကို ရေးတဲ့ပုဂ္ဂိုလ်နာမည်က ဇီနိုဖွန် (Xenophon) ဖြစ်တယ်။

သရော်ပြဇာတ်ဆရာကြီးတစ်ယောက် . . . အရစ်စတိုဖန်းနီး(စ်) Aristophanes ရဲ့ "တိမ်တိုက်များ" The Clouds ကိုကြည့်ပါ။ ဒီပြဇာတ်ကို မြန်မာလို သေသေချာချာပြန်ထားတာ ရှိသလားမသိပါ။ မရှိဘူးဆိုရင် ပြန်သင့်ပါတယ်။ ဂရိကနေ အင်္ဂလိပ်လို ပြန်ထားတာတွေ အမျိုးမျိုးရှိပါတယ်။

ဥပမာ ဝီလီယမ်ဟစ်ကီ (William Hickie) ရဲ့ ဘာသာပြန်ချက်ကိုကြည့်ပါ။ အင်တာနက်မှာ အခမဲ့ယူချင်ရင်တော့ လိပ်စာ www.gutenberg.org/dirs/exext01/cloud10.tex မှာ ကြည့်ပါ။

ဇန်သိပေ-Xanthippe

သူငယ်ချင်းကောင်းကြီးရေ။ ကျုပ် မြို့အပြင် . . ပလေးတိုးရေးတဲ့ Phaedrus ဆွေးနွေးခန်း ကြည့်။ ဇော်ဂျီ (၁၉၆၇)၊ ပလေးတိုးနိဒါန်း (စတုတ္ထအကြိမ်)၊ စာပေလောကစာအုပ်တိုက်၊ ရန်ကုန်၊ စာမျက်နှာ ၃၃ နဲ့ ညှိထားပါတယ်။

သူ့စံချိန်မီတယ်လို့ ယူဆရတဲ့ . . . Ferguson (1970) စာမျက်နှာ ၃၁။

တစ်နေ့ကို ၅-မိုင်လောက်လမ်းလျှောက်တယ် ဆိုတဲ့ ပုဂ္ဂိုလ်ရဲ့နာမည်က အန်တစ်သီးနပ်(စ်) (Antisthenes) ဖြစ်တယ်။ နိုးနိုးအေးအေး . . . Gottlieb (2000) စာမျက်နှာ ၁၃၂။ ဒီစာပိုဒ်ကို ကျွန်တော် ဘာသာပြန်တာဖြစ်တယ်။

အတွေးထဲနစ်မျောသွားပြီး . . . Gottlieb (2000) စာမျက်နှာ ၁၃၂။

ကြံ့ရသမျှလူတွေထဲမှာ . . . Ferguson (1970) စာမျက်နှာ ၁၇။

အလုပ်တကာထဲမှာ အမြတ်ဆုံးပဲ . . . ဇော်ဂျီ (၁၉၆၇) စာမျက်နှာ ၂၆။


ဆော့ခရေ့တီး(စ်)နဲ့ ခရိတိုဘုလပ်(စ်)တို့ စကားဖလှယ် . . . Ferguson (1970) စာမျက်နှာ ၁၅၈-၁၅၉။ Gottlieb (2000) စာမျက်နှာ ၁၃၄-၂၃၅။ ဒီဆွေးနွေးချက်ကို ကျွန်တော် ဘာသာပြန်တာဖြစ်တယ်။

ရင်းနှီးသူတစ်ယောက်က ဆော့ခရေ့တီး(စ်) နဲ့ စကားစပြောမိရင် . . . Gottlieb (2000) စာမျက်နှာ ၁၃၂။ ဒီစာပိုဒ်ကို ကျွန်တော် ဘာသာပြန်တာဖြစ်တယ်။

အဲဒီအချိန်တုန်းက အခု ကျွန်တော်တို့သိတဲ့ ဘာသာကြီးတွေ . . . ဥပမာ ဇော်ဂျီ (၁၉၆၇) စာမျက်နှာ ၁၁-ကိုကြည့်ပါ။ Apollo Aphrodite Hermes Zeus/

ဆော့ခရေ့တီး(စ်)ကိုယ်တိုင်ကတော့ ဘာသာရေးကို . . . Gottlieb (2000) စာမျက်နှာ ၁၄၀-၁၄၁။ ဇော်ဂျီ (၁၉၆၇) စာမျက်နှာ ၂၁-က ဆော့ခရေ့တီး(စ်)ရဲ့ "daimonion" ကို "အသံတော်နတ်နိမိတ်" လို့ ဘာသာပြန်ပါတယ်။

ဆော့ခရေ့တီး(စ်)ကို အနည်းဆုံး အေသင်ကနေ မောင်းထုတ်ချင်တယ်။ Ferguson (1970) စာမျက်နှာ ၁၂။



ဆောင်းပါး အမှတ် (၃)


# "အမှန်တရားဆိုတာ မရှိဘူးလို့ ဆိုရင် ဒီစကားကရော မှန်သလား"

အခုဆော့ခရေ့တီး(စ်)ရဲ့ ပုဂ္ဂိုလ်ရေးအကြောင်း ဆွေးနွေးပြီးနောက် ဒဿန ပညာရဲ့ အောက်ခြေသိမ်း အယူအဆတွေကို ပထမဆုံး ဆွေးနွေးကြမယ်။ ပြီးတော့မှ လက်တွေ့ပိုကျတဲ့ ကိစ္စတွေအကြောင်း ပြောကြရအောင်။ ဒဿန ပညာတွေရဲ့ အခြေခံ မေးခွန်းတွေထဲမှာ အခုလို မေးခွန်းတွေပါတယ်။ အမှန် တရားဆိုတာ ဘာလဲ။ အမှန်တရားဆိုတာ တကယ်ရှိသလား။ သူ့သဘာဝက ဘယ်လိုလဲ။ အမှန်တရားဆိုတာ တစ်ခုတည်းရှိသလား။ အများကြီးရှိသလား။ အမှန်တရားကို ရှာတွေ့နိုင်သလား။ တွေ့ပြီလို့ပြောသူတွေကရော "အင်" ဖြစ်နိုင်သလား။ ဒီအကြောင်းတွေနဲ့ ပတ်သက်ပြီး စိတ်ဝင်စားစရာတွေကို ဆော့ ခရေ့တီး(စ်)က ဆွေးနွေးခဲ့တယ်။

*မေး။ ခင်ဗျားပြောတဲ့ စကားလုံးတွေက ကြောက်စရာတွေပဲ။ "အမှန်တရား"တဲ့။ "အခြေခံကျ" တယ်တဲ့။ ကြည့်လဲလုပ်ဦး ကိုယ့်လူရေ၊ ကျုပ်တော့ ဒူးတွေ နည်းနည်း တုန်စ ပြုနေပြီ။*

ဖြေ။ မတုန်ပါနဲ့ဦး။ သိပ်ကြောက်နေရင်တော့ ခေါင်းမြီးခြုံထားပေါ့။ အခုပြော တဲ့ စကားတွေထဲက စကားလုံးကြီးတွေကို ဖယ်ပြီး ပြောကြမယ်။ ပြီးမှ စကား လုံးကြီးတွေကို ပြန်တပ်ကြည့်မယ်လေ။ တစ်ဆင့်ပြီး တစ်ဆင့်ပေါ့။ ပထမဆုံး

အမှန်၊ အမှားဆိုတာ ဘာလဲ ဆိုတဲ့မေးခွန်းနဲ့ စမယ်။ ဟော့ဒီမှာ ဆွဲထားတဲ့ ပုံကိုကြည့်။



ဒီပုံဟာ ပန်းသီးပုံပါလို့ ပြောရင် မှန်သလား၊ မှားသလား။

မေး။ မှန်တယ်။

ဖြေ။ ဒီပုံဟာ ပန်းသီးပုံမဟုတ်ပါ။ ကြောင်လျှာသီးပုံလို့ ပြောရင်ကော။

မေး။ *ဒါဆိုရင် မင်းပုံဆွဲညံ့တာပေါ့။*

ဖြေ။ မမှန်ဘူးပေါ့နော်။ အဆိုပြုစကားတစ်ခု မှန်တယ် မှားတယ်ဆိုတာ ဒီစကားဟာ ကိုယ့်အတွေ့အကြုံနဲ့ ကိုက်ညီမှုရှိတာ မရှိတာနဲ့ သက်ဆိုင်တယ်။ ကျွန်တော်တို့ တွေ့ဖူးတဲ့ ပန်းသီးတွေက အဲဒီပုံစံရှိတော့ ဒါကိုပန်းသီးပုံပါလို့ ပြောတဲ့အခါမှာ မှန်တယ်လို့ လက်ခံတာပေါ့။ ကျွန်တော်တို့သိတဲ့ ကြောင်လျှာသီးတွေက ခပ်ရှည်ရှည်မို့ ဒီပုံဟာကြောင့်လျှာသီးပုံပါလို့ ဆိုတဲ့အခါမှာ မှားတယ်လို့ ထင်ရတာပေါ့။ ဆိုတော့ စကားတစ်ခုဟာ မှန်တယ် မှားတယ် ဆိုတာက ကိုယ့်အတွေ့အကြုံနဲ့ ကိုက်ညီမှုရှိတာ မရှိတာနဲ့ ဆိုင်တယ်လို့ ဆိုနိုင်တယ်။

မေး။ *တကယ်ဆိုအမှန်အမှားက ကိုယ်ပိုင်အသိနဲ့တင် မပြီးသေးဘူးထင်တယ်။ အချို့ အမှန်အမှား ဆိုတာကို ကိုယ်ပိုင်အတွေ့အကြုံ မရှိပေမယ့် အများက ထောက်ခံလို့ ကိုယ်ကလိုက်ပြီး လက်ခံတာတွေလည်း ရှိတယ်။ ဒါကကိုယ့် ကိုယ်ပိုင်အတွေ့အကြုံနဲ့ သိလို့မဟုတ်ဘူး။ သူများပြောတာကို အလွယ်ယုံပြီး မှန်တယ်လို့ အမှတ်ယူထားတာ။ ဥပမာ သရဲရှိကြောင်း ဘယ်သူမှ အထောက်အထားမပြနိုင်ဘူး။ ဒါပေမယ့် ကိုယ့် ပတ်ဝန်းကျင်က လူအများက သရဲရှိပါတယ်လို့ ယုံကြရင် ကိုယ်ကလဲ လိုက်ယုံကြတာ များတယ်နော်။*

ဒါမျိုးပေါက်တောက်ကရ အယူအဆတွေ ယုံသူတွေ အများကြီးရှိတယ်၊ လူနဲ့ တိရစ္ဆာန်တွေ အညမညသဘောနဲ့ အတူနေနိုင်မယ်လို့တောင် အချို့က ယုံကြည်ကြတာ။

ဖြေ။ ခင်ဗျားပြောတာ ဟုတ်ပါတယ်။ ဒီ့အပြင်ကို ပညာရှင်တွေက ပြောလို့ လက်ခံကြတဲ့ အမှန်အမှား ဆိုတာလဲ ရှိသေးပါတယ်။ ဥပမာ ခင်ဗျားက နာစေးလို့ ဆရာဝန် သွားပြတဲ့အခါ ဆရာဝန်က အဝါရောင် ဆေးလုံးတွေ ပေးရင် ခင်ဗျားက "ပန်းရောင် ဆေးလုံးတွေ ပေးပါဆရာ" လို့ သွားပြောလို့ မဖြစ်ဘူး။ ပန်းရောင်ဆေးလုံးတွေက ဝမ်းနှုတ်ဆေးဖြစ်နေရင် ခင်ဗျား ဒုက္ခပိုများသွားမှာပေါ့။ အဝါရောင် ဆေးသောက်ရင် ခင်ဗျားရဲ့ဝေဒနာတွေ ပျောက်မယ်လို့ ဆရာဝန်က ပြောရင် သူပြောတာကို ခင်ဗျားက ငြင်းနိုင်မှာ မဟုတ်ဘူး။ သူပြောတာသာ အမှန်ပါပဲလို့ လက်ခံဖို့ပဲရှိတယ်။ စိတ်တိုင်း မကျရင် အခြားဆရာဝန်ဆီက အကြံထပ်တောင်းပေါ့။ ခင်ဗျားကိုယ်တိုင်တော့ ဟုတ်တိပတ်တိ ဘာမှပြောနိုင်မှာ မဟုတ်ဘူး။

*မေး။ အခုပြောတဲ့အထဲမှာ အမှန်အမှား သုံးမျိုးကို ပြောခဲ့တယ်။ ကိုယ့် အတွေ့အကြုံနဲ့ သိတဲ့ အမှန်အမှား၊ အများထင်ရာ ဟုတ်မှာပဲလို့ ယူဆတဲ့ အမှန်အမှား၊ နောက်ပညာရှင်တွေဆီက ရတဲ့ အမှန် အမှား၊ သုံးမျိုးပေါ့။ အခြားအမျိုးအစားတွေကော ရှိသေးလား။*

ဖြေ။ခင်ဗျားပြောတာ ဟုတ်တော့ ဟုတ်ပါတယ်။ ဒါပေမယ့် အမှန်အမှား အမျိုးအစား ခွဲခြားရာမှာ ဆီနဲ့ရေ ခွဲသလို ပြတ်ပြတ်သားသား ခွဲလို့တော့ မရဘူး။ ဒါကိုတော့ သတိထားပါနော်။ အခုလို ခွဲခြားပြီး ပြောတာက ယေဘုယျသဘောကို သိအောင် ပြောတာပါ။ ပုံသေမယူပါနဲ့။ ခင်ဗျား မေးတာ ကို ဖြေရရင် အခုကျွန်တော်တို့ ပြောခဲ့တဲ့ အမှန်အမှားက အတွေ့အကြုံကို အခြေခံပြီးသိတဲ့ အသိမို့ "ပြေးကြည့်လို့ သိတဲ့အသိ" လို့ခေါ်ရမယ်။ ဒီအပြင် "တွေးကြည့်ပြီး သိနိုင်တဲ့အသိ" ဆိုတာမျိုးလဲ ရှိသေးတယ်။

*မေး။ ဘယ်လိုမျိုးဟာလဲ။*

ဖြေ။ "ပါရီမြို့ဟာ ပြင်သစ်နိုင်ငံရဲ့ မြို့တော် ဖြစ်တယ်။ ပြင်သစ်နိုင်ငံဟာ ဥရောပတိုက်မှာ ရှိတယ်" လို့ နိုင်ငံတကာ ခရီးသွားတစ်ယောက်က ပြော ဘယ်ဆိုပါစို့၊ "ဒါဆို ပါရီမြို့ဟာ ဥရောပတိုက်မှာ ရှိတာပေါ့" လို့ ဆိုရင် မှားသလား။

မေး။ *မမှားပါဘူး။*

ဖြေ။ ဒါပေမယ့် ကျုပ်တို့က ပါရီမြို့ကို ရောက်ဖူးတာ မဟုတ်ဘူးနော်။

မေး။ *မရောက်ဖူးပါဘူး။*

ဖြေ။ ဒါပေမယ့်“ပါရီမြို့ဟာ ပြင်သစ်နိုင်ငံရဲ့မြို့တော်ဖြစ်တယ်။ ပြင်သစ်နိုင်ငံဟာ ဥရောပတိုက်မှာ ရှိတယ်” ဆိုတဲ့စကားကို ဆန်းစစ်ကြည့်ရုံနဲ့ ပါရီမြို့ဟာ ဥရောပတိုက်မှာ ရှိတယ်ဆိုတာကို သိဖို့ ကိုယ်တိုင် သွားကြည့်စရာ မလိုဘူး။ ဒီနည်းနဲ့ ရနိုင်တဲ့ အသိမျိုးကို တွေးကြည့်ပြီး သိနိုင်တဲ့ အသိ လို့ ခေါ်တာပါ။

မေး။ကျောင်းမှာ တြိဂံတွေအကြောင်း သင်ရတုန်းက စိတ်ဝင်စားစရာတစ်ခု မမျှော်လင့်ဘဲ ပါလာတာမို့ ရုတ်တရက် လန့်နိုး သွားဖူးတယ်။ တြိဂံတစ်ခုမှာ ထောင့်ချိုး သုံးခုရှိတယ်။ ဒီထောင့်သုံးခုကိုပေါင်းရင် ၁၈၀ ဒီဂရီ ရတယ်တဲ့။ ဘယ်တြိဂံမှာပဲ ဖြစ်ဖြစ်၊ ထောင့်နှစ်ခုရဲ့ ဒီဂရီတွေကိုသိရင် တတိယထောင့်ကို တိုင်းကြည့်စရာမလိုတော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ သိပြီးသား ထောင့်နှစ်ခုကိုပေါင်းပြီး ၁၈၀ ထဲက နှုတ်လိုက်ရင် အဖြေ အတိအကျ ရတာပေါ့။ ဒီနည်းနဲ့ ဒီတတိယထောင့်ရဲ့ ဒီဂရီတွက်ယူတဲ့ အသိကို တွေးကြည့်ပြီး သိတဲ့ အသိလို့ ခေါ်နိုင်မလား။

ဖြေ။ သိပ်ခေါ်နိုင်တာပေါ့။ ဒီလိုပဲ ၂၄ ပြည်ရှိတဲ့ ဆန်အိတ်ထဲက ၆ ပြည်ထုတ်ရောင်းလိုက်ရင် အိတ်ထဲမှာ ဘယ်လောက် ကျန်မယ်ဆိုတာကို ချင်ကြည့်ဖို့ မလိုဘူး။ ဒါမှမဟုတ်ရင် ဈေးရောင်းရာမှာ အတော်ပဲ အလုပ်ရှုပ်ရမယ်။

မေး။ *မင်းပြောသလို “ပြေးကြည့်လို့ သိတဲ့ အသိ”နဲ့ “တွေးကြည့်ပြီး သိနိုင်တဲ့အသိ” မှာ ဘာက ပိုပြီး အရေးပါလဲ။ ပိုပြီး တန်ဖိုးရှိလဲ။*

ဖြေ။ ပထမဆုံးအနေနဲ့ ဒီအသိနှစ်မျိုးကို ဘယ်လိုခွဲခြားမလဲလို့ မေးရမယ်။ ဥပမာ “ပြေးကြည့်လို့ သိတဲ့အသိ”မရှိဘဲ “တွေးကြည့်ပြီး သိနိုင်တဲ့ အသိ” ရနိုင်မလား ဆိုတဲ့ မေးခွန်းမျိုးတွေရှိတယ်။ နောက်ပြီး ခင်ဗျားပြောသလို ဘယ်ဟာကိုပိုပြီး အလေးထားမလဲ ဆိုတာကလည်း သိချင်စရာပဲ။ ဒါတွေက လေးနက်တဲ့ မေးခွန်းတွေ ဖြစ်တယ်။ အမှန်ပြောရရင် ဆော့ခရေ့တီး(စ်) ကိုယ်တိုင်က ဒီမေးခွန်းကို ဘယ်လိုသဘောထားတယ် ဆိုတာကို ကျွန်တော် သေသေချာချာ မပြောနိုင်ဘူး။ ဆော့ခရေ့တီး(စ်)အကြောင်း ရေးပြတဲ့

သူ့နောက်လိုက် ပလေတိုးက ဘယ်လို သဘောထားတယ် ဆိုတာကိုတော့ ကျွန်တော်သိတယ်။ ပလေတိုးက တွေးကြည့်ပြီး သိနိုင်တဲ့ အသိကသာ တန်ဖိုး ရှိတယ်လို့ ခိုင်ခိုင်မာမာ ယုံကြည်သူပါ။ ဒါကြောင့် ၁၅၀၀ လို မေတ္တာမျိုးထက် ၅၂၈လို မေတ္တာမျိုးကသာ အချစ်စစ်ဖြစ်ကြောင်း ဘာဘာညာညာ ပလေတိုး က ပြောခဲ့တာ။

မေး။ *ပလေတိုးက လူပျိုကြီးလား။*

ဖြေ။ မဟုတ်နိုင်ပါဘူး။ ဗြိဂ်လို အရာမျိုးကို စိတ်ဝင်စားတဲ့ သင်္ချာသမားတွေနဲ့ ပလေတိုးက ရင်းနှီးဖူးတယ်။ သူတို့ဆီက ပညာယူဖူးတယ်။ ဒါကြောင့် စိတ်ကူး ထဲမှာတင် ပြီးပြည့်စုံတဲ့အယူအဆမျိုးကို တန်ဖိုးထားတတ်တဲ့အကျင့် သူ့မှာ ရှိလာတာ ဖြစ်နိုင်တယ်။ ထားပါလေ။ ဆော့ခရေ့တီး(စ်) အကြောင်းပဲ ပြောရ အောင်။

မေး။ *အမှန်ဆိုတာဘာလဲ။ အမှားဆိုတာ ဘာလဲ ဆိုတာကို အကြမ်းအားဖြင့် တော့ သိပါပြီ။ အမှန်တရား ဆိုတာကရော ဘာလဲ။ အမှားတရား ဆိုတာရော ရှိသလား။*

ဖြေ။ ဆော့ခရေ့တီး(စ်)က သူ့မိတ်ဆွေကို ပေးတဲ့ ဥပမာမှာလိုပဲပေါ့။ လူမှာ အလှရှိသလို နွားတို့ ဒိုင်းတို့မှာလည်း အလှဆိုတာ ရှိတယ်။ ဒီအရာတွေဟာ တစ်ခုနဲ့တစ်ခု သဘာဝချင်း မတူကြပေမယ့် သူတို့မှာ "လှခြင်း"ဆိုတဲ့ အရည် အသွေးက တူနေကြ ပြန်တယ်။ဒီလိုတူတဲ့ အရည်အသွေးကို "အလှတရား" လို့ခေါ်ရမယ်။ ကျွန်တော့်အတွက်လည်း မှန်တယ်။ ခင်ဗျားအတွက်လည်း မှန်တယ်။ မတစ်ထောင်သားတိုင်းအတွက်လည်း မှန်တယ်။ ဘယ်သူ့အတွက်ပဲ ဖြစ်ဖြစ် ဘယ်အခြေအနေမျိုးမှာပဲ ဖြစ်ဖြစ် အမြဲအမှန်ကို အမှန်တရားလို့ ခေါ်ကြတာ။

မေး။ *ဒါပေမယ့် လူတို့ နွားတို့ ဆိုတာက တကယ်ရှိတယ်။ ဥပမာ လက်နဲ့ ကိုင်ကြည့်လို့ ရတယ်။ အလှတရား အမှန်တရားဆိုတာတွေကို လက်နဲ့ ကိုင် ကြည့်လို့ မရနိုင်ဘူးလေ။ ဒါဆိုရင် ဒီအရာတွေက တကယ်ရော ရှိလို့လား။*

ဖြေ။ ၁နဲ့၂ ပေါင်းရင် ၃ရတာကိုသိသလား။

မေး။ *သိပါတယ်။*

ဖြေ။ ဘယ်လိုသိတာလဲ။

မေး။ *ငယ်ငယ်တုန်းက ကျောင်းမှာသင်ပေးလို့။*

ဖြေ။ ဆရာမက ၁ နဲ့ ၂ ပေါင်းရင် ၃ရတယ်လို့ ဆိုတော့ အဲဒီကိန်းဂဏန်းတွေကို ဘယ်မှာ တွေ့နိုင်သလဲလို့ ဆရာမကို မမေးကြည့်ဘူးလား။

မေး။ *အဲသလိုမေးရကောင်းမှန်းတောင်မသိခဲ့ပါဘူး။*

ဖြေ။ ဒါခင်ဗျားရဲ့ အပြစ်မဟုတ်ပါဘူး။ မမေးကြည့်တာက ကိုယ့်ကိုယ်ကိုယ် သိတယ်လို့ထင်နေမိလို့ပေါ့။ ၁ က ပန်းသီး တစ်လုံး ဖြစ်နိုင်တယ်။ လိမ္မော်သီး တစ်လုံးလည်း ဖြစ်နိုင်တယ်။ နံပါတ် ၁ က သူ့ ဘာသာသူ မရပ်တည်ဘူး။ ဒါပေမယ့် ၁ ဆိုတာ အရာတစ်ခုရဲ့ အရည်အသွေးတစ်ခု ဖြစ်တယ်။ ဒီအရည်အသွေးတွေမှာလည်း စိတ်ဝင်စားစရာ သဘောတွေ ရှိတယ်။ ခုနကပြောသလို ပန်းသီးတစ်လုံးနဲ့ နောက်ထပ်ပန်းသီးနှစ်လုံးကို တောင်းတစ်ခုထဲ စုထည့်လိုက်ရင် တောင်းထဲမှာ ပန်းသီးသုံးလုံး ဖြစ်သွားမှာပေါ့။

မေး။ *အဲဒီတောင်းက အပေါက်မပါတဲ့ တောင်းအလွတ်ဆိုရင်ပေါ့လေ။*

ဖြေ။ ဟုတ်ပါတယ်။ ၁+၂ က ၃ ရသလိုပဲ၊ ၂+၁ ကလည်း ၃ ပဲရတာ။ ထိုနည်းတူစွာပဲ ၁၂၈+၃၆၅ က ၄၉၃ ရသလို ၃၆၅+၁၂၈ ကလည်း ၄၉၃ ပဲ။ ဆိုလိုတာက ကိန်း နှစ်ခုကိုပေါင်းရင် ဘယ်အစဉ်နဲ့ပေါင်းပေါင်း ရလဒ်က အမြဲအတူတူပဲ။ ၁တို့ ၂တို့ ရေးမယ့်အစား $x$ နဲ့ $y$ ဆိုတဲ့ကိန်းရှင်နှစ်ခုကို အစားထိုးကြည့်ပေါ့။ ဒါဆို $x+y$ ကလည်း $y+x$ တန်ဖိုး အမြဲတူတူပဲလို့ ဆိုနိုင်တယ်။ ဒီအယူအဆကို သင်္ချာမှာ


$$x+y=y+x$$

လို့ရေးကြတာပေါ့။ ဒီနေရာမှာ $x+y$ ကို ဘယ်ဂဏန်းနဲ့ပဲ အစားထိုးထိုး ဒီညီမျှခြင်းက မှန်တယ်။ ခင်ဗျားအတွက်လည်း မှန်တယ်။ ကျွန်တော့်အတွက်လည်း မှန်တယ်။ မနေ့ကလည်း မှန်တယ်။ ဒီနေ့လည်း မှန်တယ်။ မနက်ဖြန်လည်း မှန်နေဦးမှာပဲ။ ဒါက အခြေခံကျတဲ့ သင်္ချာ အမှန်တရားတစ်ခုပဲ။

မေး။ *$x+y$ နဲ့ $y+x$ က တန်ဖိုးအမြဲတူတယ်ဆိုတာ ဘာထူးဆန်းလို့လဲ။*

ဖြေ။ သိပ်ထူးဆန်းတာပေါ့။ ဒီနှစ်ခုကိုပေါင်းလို့သာ ဘယ်အစဉ်နဲ့ပေါင်းပေါင်း အဖြေတူတာ။ နံပါတ်တစ်ခုထဲက နောက် တစ်ခုကို နှုတ်မယ်ဆိုရင် အစဉ် မတူရင် အဖြေက အမြဲမတူဘူး။ ဥပမာ-၁၀ ထဲက ၃ နှုတ်တာနဲ့ ၃ထဲက

ဒဝန္တတ်တာ အဖြေမတူဘူး။ ဒါတွေက သံထက်ခိုင်မာတဲ့ အမှန်တရားတွေပဲ။ ကျမ်းဂဏန်းတွေမှာ ရှိတဲ့အမှန်တရားလိုပဲ လူတွေမှာရော အမြဲ တည်ရှိတဲ့ အမှန်တရားဆိုတာရှိသလား။ ရှိရင် ဆော့ခရေ့တီး(စ်)က ကြိုးစားပြီး ဖော်ထုတ်ချင်တာပါ။




**မေး။** *၁၂၈ + ၃၆၅ က ၄၈၃လို့ ခင်ဗျား ပြောတာက မှားနေတယ်။ ကျုပ် ပြန်တွက်ကြည့်တော့ ၄၉၃ ရတယ်။*

**ဖြေ။** ခင်ဗျားက မငိုက်သေးဘူး ဆိုတော့ ကျုပ်ပြောရတာ အားရှိတာပေါ့။

**မေး။** *နဂိုစကား ပြန်ဆက်ရအောင်၊ အမှန်တရားဆိုတာက ယေဘုယျ သဘောကို ဆိုလိုတာပေါ့။ ဥပမာ 'လူဆိုတာ သေမျိုး' ဆိုတဲ့ စကားဟာ ခင်းပြောတဲ့ လူနဲ့ပတ်သက်တဲ့ အမှန်တရားဆိုတာမျိုးပေါ့။*

**ဖြေ။** ဟုတ်ပါတယ်။ ဒါပေမယ့် ကိစ္စက အဲဒီလောက်နဲ့ မပြီးဘူး။

**မေး။** *ဘာဖြစ်လို့လဲ။*

**ဖြေ။** လူတိုင်းတစ်ချိန်မှာ သေကြမြဲဆိုတာတော့ ဟုတ်ပါပြီ။ 'မသေခင် ဘယ်လိုနေသင့်သလဲ' ဆိုတဲ့မေးခွန်းကိုရော ဘယ်လို ဖြေမှာလဲ။ လူကောင်း တစ်ယောက် အဖြစ်နဲ့နေမယ်ဆိုရင် 'လူကောင်းဆိုတာ ဘာလဲ' ဆိုတဲ့ မေးခွန်းလဲ ရှိသေးတယ်။ ဒီမေးခွန်းရဲ့အဖြေကို ရှာဖွေတဲ့အခါမှာ 'လူတိုင်း အခြေအနေတိုင်းမှာ လိုက်နာသင့်တဲ့ ခိုင်မာတဲ့ အမှန်တရား တစ်ခုကို

တွေ့နိုင်ပါ့မလား' ဆိုတာက အရေးကြီးတဲ့ကိစ္စတစ်ခုဖြစ်တယ်။ ဒါကိုသိရရင် လူကောင်းဖြစ်နိုင်ဖို့ တစ်ဆင့်ပိုနီးစပ်လာတာပေါ့။

ဆော့ခရေ့တီး(စ်)တို့ ခေတ်တုန်းက အေသင်မြို့မှာ ရေပန်းစားတဲ့ အယူအဆ တစ်ခုရှိတယ်။ ဒဿနဆရာအချို့က 'လောကမှာ ရာသက်ပန် တည်မြဲတဲ့ အမှန်တရားဆိုတာမရှိ' လို့ပြောကြတယ်။ ဆိုလိုတာက အမှန် တရားဆိုတာ လူ၊ အခြေ အနေ၊ အချိန်အခါကိုလိုက်ပြီး ပြောင်းတယ်။ အမြဲ ပုံသေမရှိပါလို့ သူတို့က ယူဆကြတယ်။ ခင်ဗျားလည်း ခင်ဗျားနည်းနဲ့ ခင်ဗျား လူကောင်းဖြစ်အောင် နေ။ ကျုပ်လည်း ကျုပ်နည်းနဲ့ကျုပ် လူကောင်း ဖြစ်အောင်နေမှာပေါ့။ ခင်ဗျားနည်းအရ ခင်ဗျားမှန်မှာပဲ။ ကျုပ်နည်းအရ ကျုပ်မှန်တာပေါ့။ အားလုံးအတွက် အကြွင်းမဲ့ မှန်တဲ့အမှန်တရားဆိုတာ လိုက်ရှာစရာ အကြောင်းမရှိပါလို့ ဒဿနဆရာအချို့က ဆိုကြတယ်။

မေး။ *ဘာလို့အဲဒီလို ယူဆကြတာလဲ။*

ဖြေ။ ဥပမာ-ဒီဇင်ဘာမနက်ခင်း တစ်ခုမှာ လူနှစ်ယောက် လမ်းမှာ တွေ့ကြ တယ် ဆိုပါစို့။ 'လေကအေးတယ်' လို့ အအေးမိတဲ့လူက ဆိုမယ်။ နောက် တစ်ယောက်က မြို့ကို သုံးပတ်ပတ်ပြီး ပြန်လာသူမို့ လေက သိပ်မအေးပါလို့ ဆိုရင် တစ်ယောက်နဲ့ တစ်ယောက် အမြင်ချင်း မတူပေမယ့် နှစ်ယောက်စလုံး ကိုယ့်နည်းကိုယ့်ဟန်နဲ့ မှန်ကြတယ်လို့ ဆိုရမယ်ပေါ့။

မေး။ *ဟုတ်သလိုလိုပဲ။ လေကအေးတယ်လို့ ခံစားရသူကို လေက မအေး ပါဘူးလို့ ပြောရခက်မယ်။*

ဖြေ။ ဒဿနဆရာကြီးတစ်ယောက်က ဒီအယူအဆကို မိမိရရဖော်ပြခဲ့တယ်။ သူ့ အဆိုက 'လူဟာအရာရာရဲ့ စံပါပဲ' တဲ့။

မေး။ *ဘာကိုပြောချင်တာလဲ။ ဒီစကားကို ဘယ်လို နားလည်နိုင်မလဲ။*

ဖြေ။ မှန်တယ် မှားတယ် ဆိုတာက လူနဲ့ပဲ ဆိုင်တယ်။ အခြားဘာနဲ့မှ မဆိုင် ဘူး။ နတ်ဘုရားတွေနဲ့ မဆိုင်ဘူး။ ကြယ်တာရာတွေနဲ့လည်း မဆိုင်ဘူး။ လူကမှန်တယ်လို့ ယူဆတဲ့အရာကမှန်ပြီး မှားတယ်လို့ ယူဆတာက မှားတယ်။ အမှန်၊ အမှားဆိုတာက လူနဲ့ လူ့အခြေအနေတွေနဲ့ ပတ်သက်ပြီး ရှိလာတာ၊ သူ့ဘာသာသူ မရှိနိုင်ဘူး။လူတွေလိုပဲ အမှန်အမှားဟာ အခြေအနေ၊ အချိန်အခါကို လိုက်ပြီးပြောင်းလဲနေတာ၊ ခင်ဗျားအတွက် မှန်တဲ့အရာက

အခြားသူ တွေအတွက် မှန်ချင်မှမှန်မယ်။ အခြားသူတွေအတွက် မှန်နေတဲ့ အရာကလည်း ခင်ဗျားအတွက် မှန်ချင်မှမှန်မယ်။ ဒီနေ့မှန်တဲ့ အရာက မနက်ဖြန် မှန်ချင်မှ မှန်မယ်။ အမှန်အမှားမှာ ရာသက်ပန်တည်မြဲတဲ့ သဘောမရှိဘူး။ လူတိုင်းဟာ ကိုယ့်နည်း ကိုယ့်ဟန်နဲ့ မှန်တယ်လို့ ဆိုလိုတာ ဖြစ်တယ်။

မေး။ *ဟုတ်တဲ့သလိုလိုပဲ။ ဆော့ခရေ့တီး(စ်)ကရော ဘယ်လိုမြင်သလဲ။*

ဖြေ။'လောကမှာ ရာသက်ပန်တည်မြဲတဲ့ အမှန်တရားဆိုတာ မရှိဘူး' လို့ ဟောတဲ့ ဒဿနဆရာတွေကို ဆော့ခရေ့တီး(စ်)က နှစ်မျိုးဝေဖန်တယ်။ ဝေဖန်ချက်တစ်ခုက ဒီလိုပါ။

လောကမှာ ရာသက်ပန်တည်မြဲတဲ့ အမှန်တရားဆိုတာ မရှိဘူးလို့ ယုံကြည်တဲ့ ဒဿနဆရာအချို့က ချမ်းသာတဲ့လူငယ်တွေကို အခကြေးနဲ့ စာသင်ပေးတဲ့အလုပ် လုပ်လေ့ရှိတယ်။ အခုခေတ် ကျူရှင်ဆရာတွေလိုပေါ့ဗျာ။ အဲဒီဒဿနဆရာတွေက ခေတ်မီတဲ့ ဘာသာရပ်မျိုးစုံကို သင်ပေးတာပါ။ ပြီးတော့ သူတို့က'လူတိုင်းဟာ ကိုယ့်နည်းကိုယ့်ဟန်နဲ့ မှန်တယ်' လို့ဆိုတော့ ဆော့ခရေ့တီး(စ်)က သူတို့ကို ပြန်မေးတယ်။ 'လူတိုင်းဟာ ကိုယ့်နည်း ကိုယ့်ဟန်နဲ့ မှန်တယ်ဆိုရင် ခင်ဗျားတို့ စာသင်ဆရာတွေက ဘာကိုသင်ပေးဖို့ လိုသေးလို့လဲ'တဲ့။


ဟုတ်တယ်လေ။ ၁+၂ က ၆ ရတယ်လို့ ကျောင်းသားက ထင်ရင် သူတို့ကို မှန်ခွင့်ပေးရမှာပေါ့။ ဒါဆိုရင် ဒီဆရာတွေက ကျောင်းသားတွေကို သင်ပေးစရာ ဘာမှမရှိဘူး။ ဆိုတော့ ဒီဒဿနဆရာတွေက အပြောနဲ့အလုပ် မတူညီဘူးလို့ အဓိပ္ပာယ် ပေါ်တာပေါ့။

မေး။ *ကျူရှင်ဆရာလုပ်ပြီး ပညာဆိုတာ အလကားပဲလို့ သဘောထားလို့ သင့်မယ် မထင်ဘူး။*

ဖြေ။ ဟုတ်ပါတယ်။ ဆော့ခရေ့တီး(စ်) ရဲ့ ဒုတိယဝေဖန်ချက်ကို ရှင်းပြဖို့ ပုံပြင်တစ်ခုနဲ့ ပထမစ ရအောင်။ တစ်ခါမှာ ဒဿနဆရာတစ်ယောက် အသက်ကုန်လွန်ပြီး ကောင်းကင်ပေါ်အတက် . .

မေး။ *ခဏလေးနော်။ သေသူက ကောင်းကင်ပေါ် ဘယ်လိုလုပ်ပြီး တက်လာတာတုန်း။*

ဖြေ။ လှေကားနဲ့ တက်တာဗျာ။ ဘာဖြစ်လဲ။ ကဲပါ။ အပြောင်အပျက်တွေ ဘေးထားပြီး ဂရုစိုက်နားထောင်ပါ။ အစကနေ ပြန်စမယ်။ တစ်ခါမှာ ဒဿန ဆရာ တစ်ယောက် အသက်ကုန်ပြီး ကောင်းကင်ပေါ်အတက် လမ်းမှာ နတ်ဘုရားတစ်ပါးနဲ့ တွေ့တယ်။ ဒါနဲ့ အဲဒီနတ်ဘုရားက 'ဟေ့လူသား၊ ဒီကိုလာ့ပါဦး၊ ငါက မင်းရဲ့ကံကြမ္မာကို အဆုံးအဖြတ်ပေးမယ့် နတ်ကွ၊ နတ်ဘုရားတွေထဲမှာ ငါကသြဇာအကြီးဆုံးပဲ။ စကြဝဠာထဲက အရာရာတိုင်းကို ငါက ဖန်တီးတာမို့ ငါ့ကို အားလုံးက စူပါနတ်ဘုရားလို့ ခေါ်ကြတယ်။ မင်း ကြားဖူးတယ်.မဟုတ်လား' လို့မေးတယ်။



ဒဿနဆရာက 'ကြားဖူးပါတယ်။ ဒါပေမယ့် ဘယ်အရာမဆို လုပ်နိုင်တယ် ဆိုတာကိုတော့ မယုံနိုင်ဘူး' လို့ပြန်ဖြေတော့ စူပါနတ်ဘုရားက ဘာလုပ်ပြရင်ယုံမလဲမေးတယ်။ ဒဿနဆရာက 'ကျောက်တုံး အကြီးကြီး တစ်ခု လုပ်ပြပါလား' လို့ ပြောတော့ စူပါနတ်ဘုရားက 'ရပါတယ်။ ဘယ်လောက်ကြီးကြီး လုပ်ပြရမလဲ' လို့ မေးတော့ သူက 'ခင်ဗျားတောင် မပင့်နိုင်အောင်ကြီးတဲ့ ကျောက်တုံးကို ဖန်တီးပြပါ' လို့ဆိုတယ်။ ဒါနဲ့ စူပါနတ်ဘုရားက စကြဝဠာတစ်ခုလုံးထဲမှာ အကြီးမားဆုံး ကျောက်တုံးတစ်ခုကို ဖန်တီးလိုက်တယ်။ ပြီးတော့ စူပါနတ်ဘုရားက ဒဿနဆရာကို မေးတယ်။ 'ကဲ ဘယ်အရာကိုမဆို ငါ လုပ်နိုင်တယ်ဆိုတာကို ယုံပြီလားကွ'။ ဒဿနဆရာက 'မယုံနိုင်သေးပါ။ ယုံစေချင်ရင် အဲဒီကျောက်တုံးကို ပင့်ပြပါလား' လို့ပြောတော့ စူပါနတ်ဘုရားက သူတောင် မပင့်နိုင်အောင်ကြီးတဲ့ ကျောက်တုံးကို ဖန်တီးထားတာမို့ မပင့်နိုင်ဘူး ဖြစ်နေလေရော။ ဒဿနဆရာက ပြောတယ်။ 'ကဲ

တွေ့ပြီလား၊ စူပါနတ်ဘုရားတောင် မလုပ်နိုင်တာတွေ ရှိတယ်၊ ဒါကြောင့် စူပါနတ်ဘုရားက အရာရာကို လုပ်နိုင်တယ်ဆိုတာ မမှန်ဘူး'။

စူပါနတ်ဘုရားက 'ဒါ မင်း သက်သက် လူလည်လုပ်တာပဲ။ ငါ့ကို ပြန်မေးကွာ'လို့ ပြန်ပြောတော့ ဒဿနဆရာက ကျောက်တုံးအကြီးကြီး တစ်ခုကို လုပ်ပြဖို့ ပြန်ပြောတယ်။ စူပါနတ်ဘုရားက သူ့ကိုပင့်ခိုင်းမှာ သိတော့ သူပင့်နိုင်တဲ့အရွယ် ကျောက်တုံးတစ်ခုကို ဖန်တီးပြတယ်။ ပြီးတော့ စူပါနတ်ဘုရားက မေးပြန်တယ်။ 'ကဲ - ငါအခု ဒီကျောက်တုံးကို ပင့်ပြရမလား' ဒဿနဆရာက မပင့်ပြပါနဲ့ ဒီထက်ကြီးတဲ့ ကျောက်တုံးတစ်ခုကို ဖန်တီးပြပါလို့ တောင်းဆိုတယ်။ ဒီထက်ကြီးတဲ့ ကျောက်တုံးကို စူပါနတ်ဘုရားက မပင့်နိုင်မှာမို့ 'မလုပ်နိုင်ဘူး' လို့ဆိုတယ်။ ဒဿနဆရာက ပြောတယ်။ 'ကဲ - တွေ့ပြီလား၊ ဒါဆိုလည်း စူပါနတ်ဘုရားတောင် မလုပ်နိုင်တာတွေ ရှိတယ်။ ဒါကြောင့် စူပါနတ်ဘုရားက အရာရာကို လုပ်နိုင်တယ်ဆိုတာ မမှန်ဘူး'။

ပြောချင်တာက စူပါနတ်ဘုရားက အရာရာကိုလုပ်နိုင်တယ်လို့ ပြောရင် 'သူတောင် ပြန်မပင့်နိုင်တဲ့ ကျောက်တုံးတစ်ခုကို သူဖန်တီးနိုင်မလား'လို့ မေးရတယ်။ သူက ကျောက်တုံးကို ဖန်တီးနိုင်ရင် အဲဒီ ကျောက်တုံးကို သူမပင့်နိုင်ဘူး။ သူက ပင့်နိုင်ရင် ဒီထက်ကြီးတဲ့ ကျောက်တုံးကို သူမဖန်တီးနိုင်ဘူး။ ဘယ်နည်းနဲ့ကြည့်ကြည့် စူပါနတ်ဘုရားက အရာရာကို လုပ်နိုင်တယ်ဆိုတာ ဖြစ်နိုင်ဘူး။

မေး။ *ဒါက စူပါနတ်ဘုရားကို သူ့စကားနဲ့ သူ့ကို ပြန်ချည်တာပေါ့။*

ဖြေ။ ဟုတ်ပါတယ်။ စကားပြောတဲ့အခါ သေသေချာချာ စဉ်းစားပြီးမပြောရင် အဲလို ရှေ့နောက်မညီတာတွေ ဖြစ်ပြီး ကိုယ့်ကိုယ်ကိုယ် ပြန်ဆော်မိတတ်တယ်။ ဒါကို သာမန်လူတွေရော၊ ဆရာလုပ်ချင်သူတွေပါ သတိထားရမယ်။

မေး။ *ဒါက 'လောကမှာ ရာသက်ပန်တည်မြဲတဲ့ အမှန်တရား' ရှိ မရှိနဲ့ ဘယ်လို ဆက်သက်လဲ။*

ဖြေ။ ဒဿနဆရာအချို့က 'လောကမှာ ရာသက်ပန် တည်မြဲတဲ့ အမှန်တရား ဆိုတာ မရှိ' လို့ဆိုတော့ ဆော့ခရေ့တီး(စ်) က ပြန်မေးတယ်။ 'လောကမှာ ရာသက်ပန် တည်မြဲတဲ့ အမှန်တရားဆိုတာ မရှိ' လို့ ဆိုရင် ဒီစကားကရော ရာသက်ပန် တည်မြဲတဲ့ အမှန်တရား ဟုတ်မဟုတ် သူက သိချင်တယ်။

ဟုတ်တယ်လို့ ဖြေရင် 'လောကမှာ ရာသက်ပန်တည်မြဲတဲ့ အမှန်တရား ဆိုတာ ရှိတယ်' လို့ အဖြေထွက်တယ်။ ဒါကြောင့် 'လောကမှာ ရာသက်ပန် တည်မြဲတဲ့ အမှန်တရားဆိုတာ မရှိ'လို့ အဆိုပြုတာက မှားတယ်။

မဟုတ်ဘူးလို့ဖြေရင် 'လောကမှာ ရာသက်ပန်တည်မြဲတဲ့ အမှန်တရား ဆိုတာ" မရှိ' လို့ဆိုတာက မှားတယ်။ ဒါကြောင့် 'လောကမှာ ရာသက်ပန် တည်မြဲတဲ့အမှန်တရားဆိုတာ ရှိတယ်' လို့ပဲ အဖြေထွက်ပြန်တယ်။

ဒါကြောင့် 'လောကမှာ ရာသက်ပန် တည်မြဲတဲ့ အမှန်တရားဆိုတာ မရှိ' လို့ ပြောတာဟာ စူပါနတ်ဘုရားက 'အရာရာကို လုပ်နိုင်တယ်' လို့ပြောတာနဲ့ သဘောချင်း အတူတူပဲ။ ပြောတာရဲ့ ဆန့်ကျင်ဘက် အဓိပ္ပာယ်ထွက်နေပုံ ပေါ်တယ်။ ဆော့ခရေ့တီး(စ်) က ဒီအချက်ကို ထောက်ပြတယ်။

*မေး။ ဆောရီး၊ ဆောရီး။ ကျွန်တော်ညက ကောင်းကောင်း မအိပ်ထားဘူး။ ဒီနားမှာ ခေါင်းနည်းနည်း လည်သွားတယ်။ ပြန်ရှင်းပြပေးပါဦး။*

ဖြေ။ ဆိုပါစို့ဗျာ။ သဘောထားချင်း မတိုက်ဆိုင်မှု အမြဲလိုလို ဖြစ်နေတဲ့ လင်မယား တစ်စုံဟာ စကားများရန်ဖြစ်ကြလို့ တရားရုံးမှာ ကွာဖို့ သွားပြော တယ်ဆိုပါစို့။ တရားသူကြီးက 'ကဲ မင်းတို့နှစ်ယောက်က တစ်ယောက်နဲ့ တစ်ယောက်သဘောတူညီမှု တစ်ခုမှမရှိဘူးဆိုရင် ဥပဒေအရ ကွာပေးမယ်။ မင်းတို့ နှစ်ယောက်လုံးက ကွာဖို့ သဘောတူသလား' လို့ဆိုရင် သူတို့ ဒုက္ခ တိုးပြီ။

ကွဲဖို့ သူတို့နှစ်ယောက်က သဘောတူရင် သူတို့မှာ သဘောတူညီမှု တစ်ခု ရှိတာမို့ တရားသူကြီးက ကွာပေးမှာ မဟုတ်ဘူး။ ကွဲဖို့သဘောမတူရင်လည်း တရားသူကြီးက ကွာပေးမှာ မဟုတ်ဘူး။ တရားသူကြီးရဲ့ မေးခွန်းကို ကိုယ် လိုချင်သလို ပြန်ဖြေနိုင်မှာ မဟုတ်ဘူး။ ဒါကြောင့် သူ့ဆီမှာ လင်မယားကွာဖို့ သွားပြောရင် ဘာမှ အဖတ်တင်မှာ မဟုတ်ဘူး။

*မေး။ ပြောသူရဲ့ စကားနဲ့ ပြောသူကိုပြန်ချည်တဲ့ နည်းကို ဆော့ခရေ့တီး(စ်) ထွင်တာ မဟုတ်ဘူး ထင်တယ်။*

ဖြေ။ ဒီနည်းကို ဆော့ခရေ့တီး(စ်) ထွင်တာ မဟုတ်နိုင်ပါဘူး။ဒါပေမယ့် ဒီနည်းကို ဆော့ခရေ့တီး(စ်) ပိုင်ပိုင်နိုင်နိုင် အသုံးချတယ်။ သုံးတတ်ရင် ဒီနည်းက အင်မတန် ထိရောက်တာကိုး။ ကိုယ်က ဘာမှထပ်ပြီး ပြောစရာ

မလိုဘူး။ ပြောသူက သူ့စကားနဲ့ သူ ပြန်ပတ်သွားတာ။ ဒါကိုမြင်တတ်ဖို့တော့ လိုပါတယ်။ အခုခေတ် သင်္ချာသမားတွေ၊ ကွန်ပျူတာသိပ္ပံသမားတွေက ဒီလိုပြဿနာကို ကောင်းကောင်း နားလည်ကြတယ်။

မေး။ *အမှန်တရားဆိုတာ ရှိရှိ၊ မရှိရှိ၊ ဘာဖြစ်လဲ။ ကျုပ်တို့ကတော့ အနေသာကြီးပါ။ ခင်ဗျားတို့ ဒဿနအကြောင်းပြောသူတွေက လူ နားမလည်အောင် အပိုတွေ တကယ်ပြောတတ်ကြတယ်။*

ဖြေ။ အတော်ပဲ။ ခင်ဗျားလို လူတွေနဲ့ တွေ့ချင်နေတာ။ ခင်ဗျားက ဘယ်မှာ နေတာလဲ ပြောစမ်းပါဦး။

မေး။ *ကျုပ်ဘယ်မှာနေသလဲဆိုတာကို ဘာကြောင့် သိချင်ရတာလဲ။*

ဖြေ။ ဒီလိုဗျာ။ ခင်ဗျားက အမှန်တရားဆိုတာ ရှိရှိ မရှိရှိ ဘာဖြစ်လဲလို့ ဆိုတယ် မဟုတ်လား။ မနက်ဖြန်ကျရင် ကျွန်တော့်ဘော်ဒါတွေကို ခေါ်ပြီး ခင်ဗျားနေတဲ့ ရပ်ကွက်ထဲလာမလို့။ ပြီးရင် ခင်ဗျားဟာ လူဆိုးသူခိုးဖြစ်ကြောင်း၊ လူကွယ်ရာမှာ မဟုတ်တာတွေ လုပ်ကြောင်း စတဲ့ စကားမျိုးကို ပြောပြမယ်။ နောက်ဆုံး ခင်ဗျားအိမ်က ပစ္စည်းဥစ္စာတွေဟာ ခိုးရာပါ ပစ္စည်းတွေပါလို့ စွပ်စွဲပြီး အိမ်ပေါ် တက် အကုန်လာယူမလို့။

မေး။ *ဟာ ဒီလိုလုပ်လို့တော့ ဘယ်ရမလဲ။ ကျုပ်က ခင်ဗျားပြောသလို မဟုတ်တာ လုပ်သူမှ မဟုတ်တာဗျ။*

ဖြေ။ ဒါကခင်ဗျားရဲ့ အထင်လေဗျာ။ ကျုပ်တို့မှာလဲ ကျုပ်တို့ အထင်ရှိတယ်ဗျ။

မေး။ *ခင်ဗျားထင်တာတွေက အမှန်မှ မဟုတ်တာ။ သက်သေ အထောက် အထားမှ မရှိတာ။*

ဖြေ။ အခု ခင်ဗျားပစ္စည်းတွေ ပါမယ့်အခါကျတော့ အမှန်တွေ၊ အထောက် အထားတွေကို သိချင်တယ်ပေါ့လေ။

မေး။ *ဘာကိုပြောချင်တာလဲ။*

ဖြေ။ ခင်ဗျားပြောသလို အမှန်တရားဆိုတာ မရှိလည်း ဖြစ်တယ်ဆိုရင် အားလုံး ခေတ်ပျက်မယ့် ကိန်းပဲ။ မတရားမှုတွေကို ဖြေရှင်းနိုင်ဖို့က အမှန်ကို သိဖို့ လိုတယ်လေ။ လူတိုင်းက ပြောချင်ရာပြော လုပ်ချင်ရာ လုပ်ကြရင် သဘော ထား ကွဲလွဲတာတွေ၊ မတရားမှုတွေ၊ ရန်တွေဖြစ်လာမယ်။ ဒီလိုအခါမှာ

ပြဿနာတွေကို ဖြေရှင်းဖို့က ဘာက မှန်တယ်။ ဘာက မှားတယ် သိဖို့ လိုတယ်။ အမှန်တရားဆိုတာ တရားမျှတမှုရဲ့ အခြေခံပဲ။ အမှန်တရား ဆိုတာ မရှိရင်၊ မသိနိုင်ရင်၊ တရားမျှတမှု ရှိဖို့ မလွယ်ဘူး။ ကျွန်တော်က ခင်ဗျားဆီက ပစ္စည်းဥစ္စာတွေလာယူမယ်ဆိုရင် အဲဒီ ပစ္စည်းဥစ္စာတွေရဲ့ ပိုင်ရှင်အစစ်ဟာ ဘယ်သူဆိုတာကို တိတိကျကျ သိနိုင်ဖို့ လိုတယ်။ ဒါကို လက်မခံနိုင်ရင် တရားမျှတမှု ဆိုတာက အံစာတုံးပစ်သလို ဖြစ်ချင်ရာ ဖြစ်နေမှာ။

မေး။ *ဒါဆိုရင် ဆော့ခရေ့တီး(စ်)ပြောချင်တာက အမှန်ဆိုတာ ရှိတယ်။ အမှန်တရား ဆိုတာ ရှိတယ်။ အမှားတရားဆိုတာလည်း ရှိတယ်။ တိုက်ရိုက်သွားကြည့်လို့ မရဘူး။ ဒါပေမယ့် ကိန်းဂဏန်းတွေလိုပဲ ရှိတယ်လို့ ဆိုရမယ်။ ပြီးတော့ အမှန်တရားဆိုတာလဲ တစ်ခုတည်းပဲ ရှိတယ်ပေ့ါ။ ဒါက ဆော့ခရေ့တီး(စ်) ပြောချင်တာရဲ့ အကျဉ်းချုပ်ပဲ မဟုတ်လား။*

ဖြေ။ ခင်ဗျားက အတော်နားထောင်ကောင်းသူပဲ။ ဒါကပြဿနာရဲ့ နယ်နိမိတ်ကိုပဲ သတ်မှတ်သေးတာ။ အဖြေမထွက်သေးဘူး။ အမှန်တရားက တစ်ခုတည်းရှိရင် ဘယ်ဟာလဲဆိုတာ သိဖို့ လိုတယ်။ ဒီမေးခွန်းကို ဆော့ခရေ့တီး(စ်) မှာ ဖြေမသွားဘူး။ အမှန်တရားကို သိဖို့က ဘယ်သူ့ကို မေးကြည့်ရမှာလဲ။ ကိုယ်ထင်တဲ့ အမှန်တရားနဲ့ အခြားသူတွေရဲ့ အမှန်တရားက မတူရင်ဘယ်လိုလုပ်မလဲ။ လူအများက မဲပေးပြီး ဆုံးဖြတ်ကြေးဆိုရင် အများသဘောသိဖို့ လူဘယ်နှစ်ယောက်ကို မေးရမှာလဲ။ လူ ၁၀၀ ထဲက ၅၁ ယောက် သဘောတူရင် ရပြီလား။ ၅၁ ယောက်က မှားပြီး ၄၉ ယောက်က မှန်နိုင်သလား။ တစ်ခါခါမှာ ၉၉ ယောက်က မှားပြီး ၁ ယောက်က မှန်နိုင်သလား။ ဘယ်ထောင့်ကကြည့်ကြည့် ဒီပြဿနာက လွယ်လွယ်နဲ့ မပြေလည်ဘူး။

မေး။ *ဟုတ်တော့ဟုတ်ပါပြီ။ ဒါဆိုရင် အခု ခေတ် သိပ္ပံပညာရှင်တွေကရော အမှန်တရားရဲ့ သဘာဝကို ဘယ်လို သဘောထားကြသလဲ။*

ဖြေ။ အထူးသဖြင့် သင်္ချာ၊ ရူပဗေဒ စတဲ့ 'အမာသိပ္ပံ' နယ်ပယ်တွေမှာ ဆိုရင်တော့ ရာသက်ပန်တည်မြဲတဲ့ အမှန်တရားဆိုတာ ရှိတယ်လို့ ယေဘုယျအားဖြင့် ယူဆကြပါသေးတယ်။ ဒါပေမယ့် လူ့ယဉ်ကျေးမှုနဲ့ ပတ်သက်တဲ့ စာပေ၊ အုပ်ချုပ်ရေး၊ စိတ်ပညာ၊ စီးပွားရေး စတဲ့ 'အနုသိပ္ပံ' နယ်ပယ်တွေမှာ ဆိုရင်တော့ အမှန်တရားဟာ ခိုင်မြဲတယ်လို့ သိပ်မယူဆကြဘူး။

ဒါပေမယ့် ကျွန်တော်အခုပေးတဲ့ အဖြေက ပြည့်စုံတဲ့ အဖြေမဟုတ်ပါဘူး။ ကျွန်တော်သိသလောက် ဆိုရရင် ဒီမေးခွန်းကို အခုထိဘယ်သူမှ တိတိကျကျ မဖြေနိုင်သေးပါဘူး။ ဒီမေးခွန်းနဲ့ ပတ်သက်ပြီး အခုခေတ်သိပ္ပံ ပညာရှင်တွေရဲ့ သဘောထားက ရေဝင်နေတဲ့ သမ္ဗန်အပေါ် လှေသမားတွေ ထားတဲ့ သဘောနဲ့ ခပ်ဆင်ဆင်ပါဘဲ။

မေး။ *ဘာကိုဆိုလိုချင်တာလဲ။*

ဖြေ။ သမ္ဗန်တိုင်းမှာ ရေဝင်ပေါက် အနည်းနဲ့ အများ၊ အကြီးနဲ့အသေး၊ ရှိကြစမြဲဆို တာကို လှေသမားတိုင်း သိတယ်။ ဒါပေမယ့် နည်းနည်းပေါက်နေလို့ သမ္ဗန်ကို လုံးလုံးရပ်ပြီး အပေါက်ဖာလေ့တော့ မရှိကြပါဘူး။ ဒီဖက်က အပေါက်ကိုဖာရင် ဟိုဖက်မှာ အပေါက်တွေထပ်ပေါ် လာစမြဲကိုး။ ဒါကြောင့် ရေဝင်ပေါက်မကြီးရင် သွားရင်းလာရင်း ဝင်လာသမျှရေကို ခပ်ထုတ်ပြီး ခရီးဆက်ကြတာပဲ။ ရေအဝင်များပြီး လမ်းမှာ သမ္ဗန်မနစ်ရင် ပြီးတာပဲ မဟုတ်လား။ အခုခေတ်သိပ္ပံ ပညာရှင်တွေကလည်း အမှန်တရားရဲ့ သဘာဝကို ဒီလိုပဲ သဘောထားကြတယ်။

မေး။ *ခင်ဗျားရဲ့ အဖြေကို သိပ်မကျေနပ်သေးဘူး။*

ဖြေ။ မကျေနပ်သေးရင် လှေဆရာတွေကို ထပ်သွားမေးကြည့်ပေါ့။

## ရှင်းလင်းချက်များ

ဖြေ။ကြည့်လို့သိတဲ့ အသိနဲ့တွေးကြည့်ပြီး သိနိုင်တဲ့ အသိဆိုတာကို အနောက်တိုင်း ဒဿနပညာမှာ a priori knowledge နဲ့ a posteriori knowledge လို့ ခေါ်ကြပါတယ်။


ကိန်းနှစ်ခုကို ပေါင်းရင် ဘယ်အစဉ်နဲ့ပေါင်းပေါင်း ရလဒ်က အမြဲအတူတူပဲ ဒါက commutative property of addition ပါ။

လူဟာအရာရာရဲ့ စံပါပဲ ဒီစကားကို ပရိုတာဂိုးရပ် Protagoras လို့ခေါ်တဲ့ ဂရိဒဿန ဆရာကြီးက ပြောတာပါ။

ဘယ်အရာကိုမဆို လုပ်နိုင်တယ်ဆိုတာကိုတော့ မယုံနိုင်ဘူး . . . ဒီပြဿနာကို ဒဿနဆရာတွေက Omnipotence Paradox လို့ခေါ်ကြတယ်။

ခေတ်အဆက် ဆက်တိုင်းမှာ ဆွေးနွေးကြတာတွေလည်း ရှိတယ်။ ဥပမာ- Joshua Hoffman and Gary Rosenkrantz (2006) Ominipotence, Stanford Encyclopedia of Philosophy ကို ကြည့်ပါ။ အင်တာနက် လိပ်စာမှာ http://plato.stanford.edu/entries/ominipotence/ မှာ ရှာတွေ့နိုင်ပါတယ်။

အမာသိပ္ပံ၊ အနုသိပ္ပံ- hard science နဲ့ soft science ကို ပြောတာပါ။



## ဆောင်းပါး အမှတ် (၄)

# ကျုပ်ဘာမှမသိပါ

**သူသိတာ တစ်ခုပဲရှိတယ်၊ အဲဒါက 'သူဘာမှမသိဘူး' ဆိုတာပဲလို့ ဆော့ခရေ့တီး(စ်)ကဆိုတယ်။ ဒီစကားရဲ့အဓိပ္ပာယ်ကဘာလဲ၊ ဘာလို့ ဒီစကားပြောလေ့ရှိတာလဲ၊ ဒီစကားကိုရော သူ တကယ် ယုံသလား၊ ဘာတွေကို သူယုံကြည်သလဲ၊ စတာတွေရဲ့အကြောင်း ပြောကြည့်ရအောင်။**

*မေး။ ဆော့ခရေ့တီး(စ်)က ဘာမှမသိပါ ဘူးလို့ သူကိုယ်တိုင်ပြောနေမှတော့ သူ့အကြောင်း ဘာများထပ်ပြောစရာ ရှိသေးဦးမှာလဲ။*

ဖြေ။ စိတ်မစောပါနဲ့ဦး၊ ဖြည်းဖြည်းပေါ့။ သူက ဘာကို ဆိုလိုချင်တာလဲ ဆိုတာကို အရင်နားလည်အောင် ကြိုးစားပြီးမှ သူ့မှာပြောစရာရှိ မရှိ ဆန်းစစ်ကြည့်မယ်လေ။ အခုနကပြောခဲ့သလိုပဲ တစ်ဆင့်ပြီး တစ်ဆင့်ပေါ့။

*မေး။ ကောင်းပြီလေ။ ဒါဆို သူက ဘာမှ မသိပါဘူးလို့ ဘာကြောင့်ဆိုရတာလဲ။*

ဖြေ။ နောက်ခံအခြေအနေက ဒီလိုခင်ဗျ။ အခြားလူတွေနဲ့ သတ္တိအကြောင်း၊ အလှအကြောင်း၊ လူ့ကျင့်ဝတ် အကြောင်း စသည်ဖြင့် ဆွေးနွေးတဲ့ အခါမှာ ဆော့ခရေ့တီး(စ်)က သူသာ ဒိုင်ခံပြီး မေးခွန်းတွေ မေးလေ့ရှိတာ၊ သူများက သူ့ကိုပြန်မေးရင် သူက ဖြေလေ့မရှိဘူး။ သူက ဘာကိုမှ မသိသူ ဖြစ်တဲ့အတွက် မဖြေနိုင်ပါလို့ အမြဲပဲ ဘူးခံလေ့ရှိတယ်။ လူကောင်းလူမွန်ဆိုတာဘာလဲလို့ သိတဲ့သူတွေကိုသာ သူက မေးမြန်း

ကြည့်တာပါလို့ ပြောလေ့ရှိတယ်။ သူကိုယ်တိုင်ကလည်း ဘာတရားကိုမှ မဟောတဲ့ အတွက် ဒါမျိုး ပြန်ဖြေနိုင်တာပေါ့။ မေးခွန်းကောင်းတွေကို မေးနိုင်တဲ့သူမို့ သူ့ကို ပြန်မေးတဲ့မေးခွန်းတွေကို ရှောင်နိုင်တာပေါ့လေ။ တကယ်လို့ သူကသာ ဘာသာရေးတရား ဟောသူဆိုရင် ဒီလိုပြောလို့ ဘယ်ဖြစ်မလဲ။ အကြည်အညိုပျက်ခံရမှာပေါ့။

*မေး။ ဒါပေမဲ့ သူက အထင်ကရ ဒဿနဆရာပဲ ကျင့်ဝတ်အကြောင်း နည်းနည်းတော့ သိရမှာပေါ့။ လမ်းညွှန်သဘောအနေနဲ့ နည်းနည်းတော့ ဆုံးမစကားလေး ဘာလေးတော့ ပြောသင့်တာပေါ့ မဟုတ်လား။*

ဖြေ။ ဆော့ခရေ့တီး(စ်)ရဲ့ မိတ်ဆွေတစ် ယောက်ကလည်း ဒီလိုပဲ မကျေမနပ် ပြောဖူးတယ်။ ပြီးတော့ အဲဒီမိတ်ဆွေက ဂရိမှာနာမည်ကြီးတဲ့ နတ်ဘုရားတစ်ပါးနဲ့ အကြားအမြင် အဆက်အသွယ်ရထားတဲ့ နတ်ဝင်သည်တစ်ယောက်ဆီသွားပြီး 'ဆော့ခရေ့တီး(စ်)ထက် ပိုပြီး အမြော်အမြင်ကြီးသူ ရှိပါသလားခင်ဗျား'လို့ မေးလေတယ်။ ဒါနဲ့ နတ်ဝင်သည်က အကြားအမြင်ယူပြီး 'ဆော့ခရေ့တီး(စ်)ထက် ပိုပြီး အမြော်အမြင်ကြီးသူ မရှိဘူး'လို့ မိန့်လေတယ်။ ဒီအကြောင်းကိုလည်း ကြားမိရော ဆော့ခရေ့တီး(စ်)က 'အတော်လေး နားမလည်နိုင်ဘူး ဖြစ်နေမိတယ်'လို့ ဆိုတယ်။

ဘာမှ ဟုတ်တိပတ်တိ သိသူမဟုတ်လို့ သူ့ကိုယ်သူ ယူဆထားရာက သူသာလျှင် ဉာဏ်ပညာအပြည့်စုံဆုံးလို့ ဘုရားသခင်ကိုယ်တိုင်က ဆိုလေတော့ သူလည်း ဝေခွဲမရဖြစ်နေရှာလေရဲ့။ ဘုရားသခင်ကလည်း 'မမှန်တာကို ပြောတဲ့အကျင့် မရှိတာကြောင့်' ဆော့ခရေ့တီး(စ်)က ဒီကိစ္စကို ရှင်းဖို့ ဆုံးဖြတ်လိုက်တယ်။

သူစဉ်းစားတာက တကယ်လို့သာ သူ့ထက်ပိုပြီး ပညာကြွယ်ဝသူတစ်ယောက်ကို ရှာနိုင်မယ်ဆိုရင် ဒီ နတ်ဝင်သည် ပြောတာဟာ မမှန်ကြောင်း သူသက်သေပြနိုင်မယ်။ ဒါနဲ့ ဆော့ ခရေ့တီး(စ်)က အေသင်မှာရှိတဲ့ နာမည်ကျော်ပညာရှင်ကြီးတွေနဲ့ စကားသွားပြောကြည့်တယ်။ ဒါပေမဲ့ သူများတွေထင်သလောက်၊ အထူးသဖြင့် သူတို့ကိုယ်သူတို့ ထင်သလောက် ဒီလူကြီးတွေဟာ လက်တွေ့မှာ အမြော်အမြင်မရှိဘူး ဆိုတာကို ဆော့ခရေ့တီး(စ်) တွေ့ရတယ်။

ဒါနဲ့ ဆော့ခရေ့တီး(စ်)က အခုလို စဉ်းစားမိပြန်တယ် . . . 'ငါ မသိတာ

တို ငါက သိတယ်လို့မထင်ဘူး။ ဒီ လူတွေက သူတို့မသိတာကို သိတယ်လို့ ထင်နေကြတယ်။ ဒီရှုထောင့်က ပြောရင် ငါက သူများတွေထက်ပိုပြီး အမြော်အမြင်ရှိတာ ဖြစ်နိုင်တယ်'။ ဒါကြောင့် ငါဘာမှမသိဘူးလို့ တကယ်သိသူသာလျှင် အမြော်အမြင်ရှိသူ ဖြစ်တယ်လို့ ဆော့ခရေ့တီး(စ်)က ဆိုပါတယ်။

မေး။ *သူများတွေက သူတို့ဘာမှမသိဘူး ဆိုတာကို မသိကြဘူး။ ဆော့ခရေ့တီး(စ်)က သူဘာမှ မသိတာကို သိတယ်။ သူက ဒီလောက်ပဲ လက်ခံတာလား။ ဒါဆိုလည်း မဟုတ်သေးဘူး။ သူက ဘာမှမသိရင် ဘယ်လိုလုပ် အဓိပ္ပာယ်ရှိတဲ့မေးခွန်းတွေ မေးနိုင်မလဲ။*

ဖြေ။ ဟုတ်ပါတယ်။ ဒါကိုသိနိုင်ဖို့က ကျွန်တော်တို့က နည်းနည်း နပ်ဖို့ လိုတယ်။ ဆော့ခရေ့တီး(စ်)က သူ့မေးခွန်းတွေကို ဘယ်လိုရှုထောင့်က မေးတယ် ဆိုတာကို သေသေချာချာ လိုက်နားထောင်ခြင်းအားဖြင့် သူဘာကို ယုံကြည်တယ်ဆိုတာကို ကျွန်တော်တို့ ပြောနိုင်မယ်။

မေး။ *အခုနက 'ကောင်းခြင်းဟာ အသိပညာ' လို့ ဆော့ခရေ့တီး(စ်)က ယုံကြည်တယ်ဆိုတာကို ပြောခဲ့သေးတယ်နော်။*

ဖြေ။ ဟုတ်ပါတယ်၊ မမေ့သေးပါဘူး။ လူကောင်းဖြစ်ဖို့က ကောင်းခြင်းဟာ ဘာလဲဆိုတာပဲ သိဖို့လိုတယ်။ ဒီလို သိတဲ့လူဟာ လူကောင်းပဲ။ ဘာလို့လဲဆိုတော့ 'လူတစ်ယောက်ဟာ မကောင်းမှုကို သိလျက်နဲ့မလုပ်ဘူး' လို့ ဆော့ခရေ့တီး(စ်)က ယုံကြည်လို့ပါ။

မေး။ *ဘာလို့မလုပ်တာလဲ။*

ဖြေ။ ဘာဖြစ်လို့လဲဆိုတော့ မကောင်းတာလုပ်သူဟာ ပျော်ရွှင်မှုကို မရနိုင်ဘူး၊ ကောင်းတာ လုပ်သူသာလျှင် ပျော်ရွှင်မှုကို ရနိုင်တယ်၊ လူတိုင်းက ပျော်ရွှင်မှုကို လိုချင်တယ် ဆိုတော့ လူတိုင်းက ကောင်းတယ်လို့ထင်တာကိုပဲ လုပ်တယ် ဆိုတာမျိုး ဆော့ခရေ့တီး(စ်) က ဆိုခဲ့တာ။

မေး။ *ဘာလို့မရနိုင်တာလဲ။*

ဖြေ။ မကောင်းတာလုပ်ခြင်းအားဖြင့် လူဟာ 'ကိုယ့် စိတ်ဝိညာဉ်ကို ဖျက်ဆီးရာရောက်တယ်'၊ ကောင်းတာလုပ်ခြင်းအားဖြင့် စိတ်ဝိညာဉ်ကို ပျိုးထောင်ပေးရာရောက်တယ်။ ခင်ဗျား ကို ဓားပြတိုက်သွားတဲ့လူတွေရယ်

ရယ်မောမောနဲ့ ထွက်ပြေးသွားတာ မြင်လို့ သူတို့စိတ်က ပျော်နိုင်မယ် မထင်တဲ့၊ သူများကို မတရားလုပ်သူတွေ၊ ဒုက္ခပေးသူတွေဟာ အခြေခံ အားဖြင့် မပျော်နိုင်ဘူးလို့ သူက ယုံကြည်ပါတယ်။

မေး။ *နေပါဦး၊ နေပါဦး။ ဟုတ်မလားလို့ နားထောင်နေတာ ခင်ဗျားပြောတာ တွေက နည်းနည်းလွန်လာပြီ။ နည်းနည်း နောက်ပြန်ဆုတ်ရအောင်။ ပြောပါဦး၊ လူကောင်းဖြစ်ဖို့ ကောင်းခြင်းကိုဘာလို့ သိဖို့လိုတာလဲ။*

ဖြေ။ ဒါတွေကို ကျွန်တော်ကပြောတာ မဟုတ်ပါ။ ဆော့ခရေ့တီး(စ်)က ပြောခဲ့တာ ဆိုတာကို သတိထားပါနော်။ ခင်ဗျားမေးတာကို ဖြေရရင်၊ ဘယ်အရာကို ကောင်းမှန်း ဆိုးမှန်း မသိဘဲ လုပ်ချင်ရာလုပ်ရင် ခင်ဗျား လူဆိုး ဖြစ်မှန်းမသိ ဖြစ်သွားနိုင်တယ် ဗျာ။ ဒါကြောင့်မို့ ကောင်းခြင်းကို သိမှဖြစ်မှာ။

မေး။ *ဒါနဲ့ 'လူတစ်ယောက်ဟာ မကောင်း မှုကို သိလျက်နဲ့မလုပ်ဘူး'လို့ ဘာလို့ ပြောတာလဲ။ ဒါက မမှန်ဘူး၊ ရှင်းပြဖို့ ဥပမာတွေ အများကြီးရှိတယ်။*

ဖြေ။ ဟုတ်ပါသလား၊ ဒါဆိုရင် တစ်ချက်လောက် ရှင်းပြပါဦး။

မေး။ *ဆိုပါစို့ ဆေးလိပ်သောက်တဲ့ အကျင့် ကျုပ်မှာ ရှိတယ်။ ဆေးလိပ် သောက်တာ မကောင်းမှန်းကို လူတိုင်းသိသလို ကျုပ်လည်းသိပါတယ်။ ဒါပေမဲ့ ကျုပ်က ဆေးလိပ်သောက်တုန်းပဲ။ လူတိုင်းမှာ ဒါမျိုး အကျင့်လေးတွေ ရှိတတ်တာပဲ။ အချို့ကျ ဆေးလိပ်စွဲတယ်၊ အချို့ကျ ကွမ်းစွဲတယ်၊ အချို့ကျ ဇိမ်ကုလားထိုင်စွဲတယ်၊ အချို့ကျ ဘောလုံးပွဲစွဲတယ် စသည်ဖြင့် အမျိုးမျိုး ရှိကြတာပေါ့လေ။ ပြောချင်တာက ကျွန်တော်အပါ အဝင် လူအတော်များများဟာ အချို့သောအရာတွေကို မကောင်းမှန်း သိရက်နဲ့ လုပ်တတ်ကြတယ်။ ဒါကို လက်ခံလား။*

ဖြေ။ မကောင်းမှန်းသိရက်နဲ့ ဘာလို့ လုပ်တာလဲလို့ ပြန်မေးရင်ကော။

မေး။ *အကြောင်းအမျိုးမျိုး ရှိတာပေါ့ဗျာ။ ဥပမာ ဆေးလိပ်သောက်ရာမှာ အရသာကြိုက်လို့ သောက်တာ ရှိမယ်၊ အပျော်သဘောနဲ့ သောက်တာ လည်း ရှိမယ်၊ အခြေအနေအရ လိုအပ်လို့ သောက်တာမျိုးလည်းရှိမယ် အမျိုးမျိုးပေါ့ဗျာ။*

ဖြေ။ ခင်ဗျားက ဆေးလိပ်အရသာကို ခုံမင်လို့ သောက်တယ်ဆိုပါစို့။ ဆေးလိပ်

သောက်တာ ပိုက်ဆံကုန်တယ်၊ ကျန်းမာရေးထိခိုက်တယ်၊ ခင်ဗျားပြော သလိုဆို ဒါတွေကိုလည်း ခင်ဗျားကသိတယ်။ သို့ပေမယ့်လည်း ဆေးလိပ်ကို ဆက်သောက်မြဲပဲ။ ဘာကြောင့်လဲဆိုတော့ ဒီအရသာကို ခင်ဗျားက ခုံမင်လို့ပေါ့လေ။ ဒါဆိုရင် အဖြေက ရှင်းနေပြီ။

ခင်ဗျားအတွက်က ဆေးလိပ်ကပေးတဲ့ အရသာဟာ ကောင်းတဲ့အရာ ဖြစ်တယ်။ ဘယ်လောက်တောင် ကောင်းသလဲဆိုတော့ ခင်ဗျားက ငွေရော ကျန်းမာရေးပါ အဆုံးခံရဲလောက်အောင်ကို ကောင်းတဲ့အရာ ဖြစ်တယ်။

တကယ်လို့သာ ခင်ဗျားလိုချင်တဲ့ အရသာ၊ ခင်ဗျားက ကောင်းတယ် လို့ ထင်တဲ့အရသာကို ဆေးလိပ်က မပေးရင် အလကားသောက်ပါလို့ လာထိုးပေးလည်း ခင်ဗျားက သောက်မှာ မဟုတ်ဘူး။ ဒါကြောင့် လူတချို့က ဆေးလိပ်မသောက်တာ။ သူတို့က အရသာကို မကြိုက်ဘူး။ ဒီအရသာကို ကောင်းတယ်လို့ မထင်ဘူး။

**မေး။** ဘာကိုပြောချင်တာလဲ။

**ဖြေ။** ခင်ဗျားဟာ ဆေးလိပ်ကပေးတဲ့ အရသာဟာ ကောင်းတယ်လို့ လက်ခံတဲ့ အတွက် ဆေးလိပ်သောက်ခြင်းဟာ ကောင်းတဲ့အရာလို့ လက်ခံသူဖြစ် တယ်။ 'ဆေးလိပ်သောက်တာဟာ မကောင်းမှန်း ကျုပ်သိပါတယ်'လို့ ဆိုတာက ရှင်းရှင်းပြောရရင် ဆင်သေကို ဆိတ်သားရေနဲ့ အုပ်ဖို့ကြိုး စားတာ တစ်မျိုးပဲ။ ပြောရတာတော့ အားနာတယ်။ ဒီစကားက သိပ် အလုပ်မဖြစ်ဘူး။

ဒါက ဥပမာလေး တစ်ခုပေါ့လေ။ ကြီးမားတဲ့ ကိစ္စတွေမှာလည်း ဆော့ ခရေ့တီး(စ်)ပြောချင်တဲ့ သဘောက အတူတူပဲ။ သမိုင်းဝင် လူသတ် သမားကြီးတွေအကြောင်း လေ့လာကြည့်ပေါ့။ ဒီလူတွေရဲ့လုပ်ရပ်ကြောင့် လူတွေ ထောင်နဲ့ သောင်းနဲ့ချီပြီး သေလည်း သူတို့က မဟုတ်တာ လုပ်မိ တယ်လို့ ဘယ်တော့မှ ဝန်မခံဘူး။ ကြောက်လို့ ဝန်မခံတာ မဟုတ်ဘူး။ အမှားလုပ်မိတယ်လို့ကို သူတို့ကိုယ်သူတို့ မယုံကြည်ကြတာ။ အခြားလူ တွေကသာ သူတို့လုပ်ရပ်ရဲ့ လူမဆန်မှုကိုသိတာ။ သူတို့က ဒါကိုမသိဘူး၊ မမြင်ဘူး၊ လက်မခံဘူး။ အခုက ခင်ဗျားပြောတဲ့ ဆင်ခြေမျိုးတော့ သူတို့မှာ အပြည့်ပဲ။ 'လူအချို့' သေကြေလို့ တိုင်းပြည်ကြီးက

အင်မတန်တိုးတက်သွားတာ။ ဒါက ‘အခြေအနေအရ မလွှဲသာလို့ လုပ်ရတာ’စသည်ဖြင့် အမျိုးမျိုး အကြောင်းပြကြတာပဲ။

ဆေးလိပ်ကပေးတဲ့ အရသာအတွက် ခင်ဗျားက စတေးလိုက်ရတဲ့ ငွေနဲ့ ကျန်းမာရေးလိုပဲ၊ သူတို့ကလည်း သူ များ ဖိုးအိမ်အသက် ဆုံးရှုံးမှုတွေက ‘တန်တယ်’လို့ ထင်ကြတာ။ ခင်ဗျားကို လူသတ်သမားလို့ စွပ်စွဲတာ မဟုတ်ဘူး။ ဆော့ခရေ့တီး(စ်) ပြောတဲ့ အယူအဆကို ကျယ်ကျယ်ပြန့် ပြန့် အသုံးချလို့ ရနိုင်တယ်လို့ ပြောချင်တာပါ။

မေး။ *ဒါဆို ဆော့ခရေ့တီး(စ်) ပြောချင်တာက လူဟာ အလုပ်တစ်ခုလုပ်ရင် ဒီအလုပ်ကို ကောင်းတယ်လို့ယူဆ လို့ လုပ်တာပဲဖြစ်ရမယ်။ ဒီအလုပ်ရဲ့ အကျိုးဆက်အချို့က မကောင်းဘူး ဆိုတာကို ဒီလူကလက်ခံနိုင်တယ်။ ဒါပေမဲ့ နောက်ဆုံး ချိန်ခွင်လျှာညှိတဲ့အခါကြရင် ကောင်းတဲ့ဘက်က ပိုတယ်လို့ ဒီလူက လက်ခံတယ်။ ဆော့ခရေ့တီး(စ်)က ဒီလိုပြောချင် တာလား။*


ဖြေ။ ဟုတ်ပါလိမ့်မယ်။ ဒါကြောင့် ‘ဆေးလိပ်သောက်ခြင်းသည် ကျန်းမာရေး ကို ထိခိုက်စေနိုင်ပါသည်’လို့ ဆိုမယ့်အစား ‘ဆေးလိပ်သောက်ခြင်းသည် လူကောင်းလူမွန်ဖြစ်ရေးကို ထိခိုက်စေနိုင်ပါသည်’လို့ ဆော့ခရေ့တီး(စ်) က ဆိုချင်မလား စဉ်းစားစရာပဲ။

မေး။ *ကျွန်တော်က သိပ်တော့ ဘဝင်မကျ သေးဘူး။ ဒါပေမဲ့ ဆော့ခရေ့တီး(စ်) ရဲ့ အခြားခံယူချက်တွေကိုလည်း ပြောပါဦး။*

ဖြေ။ ဆေးလိပ်သောက်ခြင်းနဲ့ပတ်သက် ပြီး ကောင်းတာကိုပဲ လုပ်မယ်ဆိုရင် ဆေးလိပ်သောက်ခြင်းဟာ တကယ်ကို ဆိုးတယ်ဆိုတာကို ခင်ဗျားက ခိုင်ခိုင်မာမာ သိရမယ်၊ လက်ခံရမယ်။ ဒီ့အတွက် သတ္တိရှိရမယ်၊ အမြော် အမြင်ရှိရမယ်၊ တရားမျှတမှုရှိရမယ်၊ အလှတရားကို နားလည်ရမယ်၊ ရှင်းရှင်းပြောရရင် ခင်ဗျားက အဘက်ဘက်က ပြည့်စုံတဲ့လူကောင်း တစ်ယောက် ဖြစ်ဖို့လိုမယ်။

မေး။ *လုပ်လိုက်လေ ကိုဆော့ခရေ့တီး(စ်) ကြီးရဲ့၊ သူ့အဆိုအရဆို ဆေးလိပ် ဖြတ်ဖို့က ကျုပ်က ဒဿနဆရာပါ ဖြစ်ရတော့မယ်ထင်တယ်။*

ဖြေ။ ဒဿနဆရာဖြစ်လို့တော့ အကျိုး မယုတ်နိုင်ဘူး။ ဟုတ်ပါတယ်၊ ဆော့ ခရေ့တီး(စ်) ‘ကောင်းမှုများ ညီညွတ်ခြင်း’ဆိုတဲ့ မူကို လက်ခံတယ်။



*မေး။ အဲဒါကို မြန်မာစကားနဲ့ ရှင်းပြလို့ ရမလား။*

ဖြေ။ ဒါကို ဖဲစကားနဲ့ပြောရင် ပိုလွယ်မယ် ထင်တယ်။ အထက်ကပုံမှာ ဖဲချပ်တွေကို ပိရမစ်ဖြစ်အောင် ထောင်ထားကို ကြည့်ပါ။ ဒီပိရမစ်ထဲက ဖဲချပ်တစ်ချပ်ကို ထုတ်လိုက်ရင် ကျန် တာတွေပါအကုန် ပြိုကျကုန်မှာကို စိတ်ကူးကြည့်နိုင်တယ်နော်။ ဆော့ ခရေ့တီး(စ်)အတွက်က လူတစ်ယောက်ရဲ့ အရည်အသွေးကောင်း တွေဟာ အဲဒီဖဲချပ်တွေလိုပဲ၊ အားလုံးကို တစ်ပြိုင်တည်းစုထားမှ ရပ်နိုင်တာ၊ တစ်ခုချင်းစီထောင်ကြည့်ရင် ရပ်နိုင် မှာ မဟုတ်ဘူး။ ဒီသဘောပဲ လူတစ်ယောက်ဟာ မဟုတ်တာ တစ်ခုခုလုပ်ရင် ပိရမစ်ထဲက ဖဲချပ် တစ်ချပ်ကို ဆွဲထုတ်သလိုပဲ။ ကျန်တဲ့ ဖဲချပ်တွေပါ အကုန်ပြိုလဲတော့တာ ပဲ။ အဲသလိုလူကို လူကောင်းလို့ ခေါ်လို့ ရတော့မှာမဟုတ်ဘူး။

ဒါကြောင့် တရားမျှတမှုမရှိတဲ့ လူကောင်းဆိုတာ မရှိသလို၊ သတ္တိမရှိတဲ့ အမြော်အမြင်ကြီးသူဆိုတာလည်း မရှိနိုင်ဘူး။ လူကောင်းဖြစ်ဖို့ လူဟာ အဘက်ဘက်က ပြည့်စုံမှဖြစ်မှာ။ သတ္တိရှိရမယ်၊ တရားမျှတမှု ရှိရမယ်၊ စောင့်စည်းမှုရှိရမယ်၊ အလှတရားကို နားလည်ရမယ် စသည် ဖြင့် ကောင်းမှုတွေ အကုန်ပြည့်စုံဖို့ လိုတယ်။ ဒါကို 'ကောင်းမှုများ ညီညွတ်ခြင်း' လို့ ခေါ်တာပါ။ ဒါကြောင့်ထင်တယ် မဟုတ်တာတစ်ခုခု လုပ်မိသူမှာ နောက်ထပ် အမှားတစ်ခုထပ်လုပ်လို့ ဝန်မလေးတတ်ဘူးလို့ ရှေးစကားတွေ ရှိတယ် မဟုတ်လား။ အဲဒီသဘောပါပဲ။

မေး။ ကောင်းမှုများ မညီညွတ်ရင် လူကောင်းအစစ် ဆိုတာရှိနိုင်မှာ မဟုတ်ဘူး ထင်တယ်။ ဘာလို့လဲ ဆိုတော့ တစ်ဖက်မှာကောင်းတယ်လို့ ထင်တဲ့အရာဟာ နောက်တစ်ဖက်ကကြည့်ရင် ဆိုးနေမယ်။ ခင်ဗျားပြောသလို 'သူ့ရဲဘောကြောင်တဲ့ ပညာရှိ' ဆိုတာမျိုးတွေ ဖြစ်လာကုန်မှာပေ့ါ။ ဒါဆို လူကောင်းဖြစ်လာဖို့ ကြိုးစားလည်း အပိုပဲလို့ အဓိပ္ပာယ်ထွက်တာပေ့ါ။ သူ့အယူအဆက မှန်သလား မှားသလားတော့ ကျွန်မမသိပါဘူး။ ဒါပေမဲ့ ဆော့ခရေ့တီး(စ်) ယုံကြည်ချက်တွေက အတော့်ကိုပဲ ရှေ့နောက်ညီပုံရတယ်။

ဖြေ။ စဉ်းစားဆင်ခြင်မှုကို လက်ကိုင်ထားချင်ရင် ရှေ့နောက်ညီဖို့က အရေးကြီးပါတယ်။ နို့မဟုတ်ရင် . . .

မေး။ စူပါနတ်ဘုရားရဲ့စကားလို အဓိပ္ပာယ်မရှိတာတွေ ဖြစ်ကုန်မှာပေ့ါ။


ဖြေ။ ဟုတ်ပါတယ်။

မေး။ မင်းပြောတဲ့ ဖဲစကားအရဆိုရင် လူဟာ အပြည့်အဝ ကောင်းရင်ကောင်း၊ မကောင်းရင် လုံးလုံးဆိုးတယ်၊ အပြည့်အဝမဆိုးရင်လည်း လုံးလုံးကောင်းတယ်လို့ အဖြေထွက်နေပုံပဲ။ ဒါကို ငါတော့ လက်မခံနိုင်ဘူး။ ဘာလို့လဲဆိုတော့ ငါ့အတွေ့အကြုံအရ ပြောရရင် အပြည့်အစုံမကောင်းပေမယ့် နည်းနည်းကောင်းတဲ့၊ အရမ်းမဆိုးတဲ့ လူတွေလည်း ရှိကြတယ်။ ပုထုဇဉ်လူသားမှာ တစ်ခါခါတော့ အနည်းနဲ့အများ အမှားကျူးလွန်ကြမြဲ မဟုတ်လား။ အဖြူနဲ့အမည်း ခွဲသလို လူကိုလည်း ကောင်းသူ ဆိုးသူ ပြတ်ပြတ်သားသားခွဲလို့ မရကောင်းဘူးလို့ ထင်တယ်။ အဖြူနဲ့ အမည်း ကြားမှာ ဖြစ်နိုင်ချေတွေ အများကြီး ရှိသေးတယ်လေ။ ပုံလေးနဲ့ ပြောရရင် . . .

လူကောင်းနဲ့ လူဆိုးဆိုတာမျိုးကို သူပြောသလို ခွဲခြားကြည့်တာထက် အဖြူနဲ့အမည်းကြားက အခြားဖြစ်နိုင်ချေတွေကိုပါ ထည့်စဉ်းစားတာက ပိုပြီးသဘာဝကျသလိုပဲ။

ဖြေ။ ဒီဥပမာက ဆော့ခရေ့တီး(စ်)ပြောတာနဲ့ ဆန့်ကျင်ဘက်တော့ မဟုတ်ဘူးထင်တယ်။ အဓိက ခြားနားချက်က မကောင်းမှုကို နည်းနည်းပဲလုပ်သူကို လူကောင်းလို့ခေါ်မလား မခေါ်ဘူးလား ဆိုတာမျိုးပဲမဟုတ်လား။ ဒီဥပမာအရ လူကောင်းလူဆိုး သတ်မှတ်တဲ့အခါမှာ စံကို နည်းနည်း

လျှော့ဖို့လိုတယ်။ ဆော့ခရေ့တီး(စ်) က စံကို နည်းနည်းမြှင့်ပေးချင်တာ။ ဆော့ခရေ့တီး(စ်)အတွက်က စံကို လျှော့ပေးရင် ဘယ်လောက်အထိ လိုက်လျှော့ပေးရမယ်ဆိုတာ မရေရာဘူး။ လိုက်လျှော့ရင်းလည်း အဖြူက မကြာခင် အမည်းဖြစ်နိုင်သလို အမည်းက မကြာခင်အဖြူဖြစ်သွားနိုင်တယ်။ အခုလို အဖြူနဲ့အမည်း သဲသဲကွဲကွဲခွဲတာက ပိုလွယ်တယ်လေ။







မေး။ *ပိုလွယ်တာတော့ ဟုတ်ပါလိမ့်မယ်။ ဒါပေမဲ့ ဒီနည်းနဲ့ ခွဲခြားလို့ သဘာဝကျတယ်။ မှန်တယ်လို့တော့ ပြောလို့ မရနိုင်ဘူး။*

ဖြေ။ ဟုတ်ပါတယ်။ မရနိုင်ပါဘူး။

မေး။ *ခင်ဗျားပြောပုံအရဆို 'ကောင်းခြင်းဟာ အသိပညာ' ဆိုတဲ့ မူရယ်၊ 'ကောင်းမှုများ ညီညွတ်ခြင်း'ဆိုတဲ့ မူကိုပါ ဒီလူကြီးက ယုံကြည်တယ်ပေါ့လေ။ သူက အခြားဘာတွေများ ယုံကြည်သေးသလဲ။*

ဖြေ။ ဘယ်လူကြီးကို ပြောတာလဲ။

မေး။ *ဆော့ခရေ့တီး(စ်)ကိုပြောတာပါ။*

ဖြေ။ သူမှာ အခြားယုံကြည်တာတွေလည်း ရှိပါသေးတယ်။ ကျွန်တော်က အခုလို တစ်ခုစီပြောပြလို့ သူက ဒါတွေကိုသာ ယုံကြည်တယ်လို့ မထင်ပါနဲ့။ ဥပမာ လူဟာ ကိုယ်ပိုင်စဉ်းစား ဆင်ခြင်နိုင်စွမ်းနဲ့ သူ့ကိုယ်သူ လူ

ကောင်းဖြစ်အောင် ကြိုးစားနိုင်တယ် ဆိုတာကိုလည်း ခင်ဗျားပြောတဲ့ ဟိုလူကြီးက ယုံကြည်ပါတယ်။ ယုံကြည်ချက်တွေ အများကြီးထဲက အချို့ကို ကောက်နုတ်ပြီး ဆွေးနွေးနေတာကိုတော့ သတိပြုပါနော်။

*မေး။ မင်းတို့က လုပ်လိုက်ပြန်ပြီ။ ဘယ့် နှယ့် အထင်ကရ ဒဿနဆရာကြီးကို 'ဟိုလူကြီး'လို့ မလေးမခန့်နဲ့ ခေါ်ရတာတုံး။*

ဖြေ။ ကျွန်တော်တို့ကသာ ဟိုလူကြီးလို့ခေါ်တာ။ ဆော့ခရေ့တီး(စ်)ကတော့ သူ့ ကိုယ်သူ 'ဟိုလူကြီး'လို့မခေါ်ဘဲ 'ဖြုတ်ကောင်ကြီး'လို့ ခေါ်တယ်ခင်ဗျ။

*မေး။ ဟုတ်ကောဟုတ်ရဲ့လားကွာ။ မဟုတ်တာတွေ မပြောစမ်းပါနဲ့။*

ဖြေ။ အဟုတ်ပါပဲ။ အေသင်သားတွေရဲ့ တစ်ချိန်က မြင့်မားခဲ့တဲ့ အကျင့်စာရိတ္တဟာ သူ့ခေတ်အခါမှာတော့ နိမ့်ကျပျက်စီးနေပြီလို့ ဆော့ခရေ့တီး(စ်) က ထင်မြင်ပါတယ်။ သူချစ်တဲ့ အေသင်မြို့ကြီးကို အပျင်းထူနေတဲ့ မြင်းကောင်းတစ်ကောင်အဖြစ် တင်စားပြီး ဆော့ခရေ့တီး(စ်)က ပြောဖူးတယ်။ နုံထိုင်းထိုင်းဖြစ်နေတဲ့ မြင်းကောင်း တစ်ကောင်ကို တက်တက်ကြွကြွ ဖြစ်လာအောင် 'မှတ်ရဲကောင်' တွေက တုတ်ကြတာပေါ့။ မှတ်ရဲကောင် ဆိုတာက တိရစ္ဆာန်တွေကို ကိုက်တဲ့ ဖြုတ်ကောင် တစ်မျိုးလို့ ခေါ်နိုင်မယ် ထင်ပါတယ်။ တစ်နေကုန် တစ်နေခန်း လမ်းတကာလှည့်လည်ပြီး အေသင်သားတွေ လူကောင်းလူမွန် ဖြစ်လာရေးအကြောင်း ဆွေးနွေးထဲ့ ဆော့ခရေ့တီး(စ်)ဟာ အဲသလိုမျိုး ဖြုတ်ကောင် တစ်မျိုးပါလို့ သူ့ကိုယ်သူ ဖော်ပြပါတယ်။ မြင်းပျင်းကို တုတ်တဲ့ ဖြုတ်ကောင်ကြီးမဟုတ်ဘဲ ရေကန်ထဲက အမှိုက်တွေကို ရှင်းပေးတဲ့ 'ဘဲကြီး' ပါလို့ ခေါ်ရင်လည်းဆော့ခရေ့တီး(စ်)က သဘောကျမယ် ထင်ပါတယ်။

*မေး။ အေးလေ၊ မင်းတို့နဲ့ စကားနိုင် မလုတော့ဘူးကွာ။ အခုနကမေးတဲ့ ဆော့ခရေ့တီး(စ်)ရဲ့ အခြားယုံကြည်ချက်တွေကိုသာ ပြောပြစမ်းပါ။*

ဖြေ။ အသိပညာလို့ခေါ်ရမယ့် ပညာရဲ့ သဘာဝကို ဆော့ခရေ့တီး(စ်) နားလည်ပုံက နည်းနည်း ထူးဆန်းပါတယ်။

*မေး။ နေပါဦး၊ အသိပညာဆိုတာ ဘာပါလဲ။*

ဖြေ။ ပညာကို အသိပညာနဲ့ အတတ်ပညာလို့ အကြမ်းအားဖြင့် ခွဲခြားကြ

ပါတယ်။ အလုပ်သဘာဝအရ သိလာတဲ့ အသိကို အတတ်ပညာလို့ ခေါ်ကြပါတယ်။ ဥပမာ လက်သမား ပညာ၊ ကားပညာ၊ ဘောလုံးပညာ စသည်ဖြင့်ပေါ့လေ။ ဒီလို ပညာတွေကို အလုပ်ကသင်ပေးတဲ့ သဘောရှိပါတယ်။

*မေး။ အခုကပြောတဲ့ ပြေးကြည့်လို့ သိတဲ့ အသိမျိုးလား။*

ဖြေ။ ဟုတ်ပါတယ်။ နောက်တစ်မျိုးကတော့ စဉ်းစားတွေးခေါ်လို့ ရတဲ့ အသိပါ။ ဥပမာ လူကောင်းဖြစ်ဖို့ ဘာလုပ်ရမယ်၊ ဘာမလုပ်ရဘူး ဆိုတာမျိုးက တွေးကြည့်မှသိမယ့် အသိမဟုတ်လား။ မဟုတ်တာတွေ အခါတစ်ရာ လုပ်မိလို့လည်း ပြန် လည်တွေးတော သုံးသပ်မှု မရှိရင် ကိုယ့်လုပ်ရပ်တွေ မှားနေမှန်း မသိနိုင်ဘူး။ လူကောင်း မဖြစ်လာနိုင်ဘူး။ အဲသလို အသိမျိုးကို ရဖို့က ကိုယ့်ဘာသာကိုယ် စဉ်းစား အားထုတ်ရတဲ့ သဘောရှိပါတယ်။ ပထမပိုင်းမှာ ပြောခဲ့တဲ့ ကောင်းခြင်းအကြောင်း မစဉ်းစားလို့ မဖြစ်ဘူး ဆိုတာမျိုးပေါ့။

*မေး။ မှတ်မိပါပြီ။ ဒီအသိပညာအကြောင်း ဆော့ခရေ့တီး(စ်)က ဘာပြောသေးတုန်း။*

ဖြေ။ လူတွေ သူ့ဆီမှာ ပညာယူဖို့သွားရင် ပေးစရာပညာ သူ့မှာလုံးလုံးမရှိပါလို့ ဆော့ခရေ့တီး(စ်)က ဆိုလေ့ရှိပါတယ်။ ဒါပေမဲ့ ပညာဆိုတာ မရှိဘူး လို့တော့ သူက မယုံကြည်ဘူး။ ပညာဆိုတာရှိပါတယ်။ ဒါပေမဲ့ တစ်ယောက်က ပေးပြီး အခြားတစ်ယောက်က ယူရတဲ့ အရာမျိုးမဟုတ် လို့ သူက ခိုင်ခိုင်မာမာ ယုံကြည်ပါတယ်။ ဒဿနသမားတစ်ယောက် အနေနဲ့၊ ဆရာတစ်ယောက်အနေနဲ့ သူ့တာဝန်က အသိပညာကို ခေါင်းထဲ သွတ်သွင်းပေးဖို့ မဟုတ်ပါ။ သူ့ မေးခွန်းတွေနဲ့ လူတွေမှာရှိပြီးသား အသိတွေကို ရှင်သန်လာအောင် ပျိုးထောင်ပေးဖို့ ဖြစ်တယ်လို့ သူက ဆိုပါတယ်။ သူ့အသိတစ်ယောက်က ဆော့ခရေ့တီး(စ်)ရဲ့ နည်းကို အခုလို ဖော်ပြဖူးတယ်။

> "မေးခွန်း ဆိုတာ ပညာသင်ပေးခြင်း တစ်မျိုးပဲ မဟုတ်လား။ ခင်ဗျားမေးတဲ့ မေးခွန်းတွေရဲ့ ဆိုလိုချက်ကို ကျုပ်အခုပဲ သဘောပေါက်မိတယ်။ ခင်ဗျားကိ ကျုပ်ရင်းနှီးပြီးသား အသိပညာ လမ်းသွယ်တွေတစ်လျှောက် ခေါ်သွားပြီး ကျုပ်သိပြီးသား

အရာတွေနဲ့ ဆင်တူတာတွေကို ညွှန်ပြပေးတယ်။ ပြီးတော့ ကျုပ်က သိမှန်းမသိ သိနေတဲ့ အရာတွေကို တကယ်ပဲ သိကြောင်း နားချပေးတယ်။"

ဆော့ခရေ့တီး(စ်)ရဲ့အမေက ဝမ်းဆွဲသည်ပါ။ သားမွေးပေးတဲ့ဝမ်းဆွဲရဲ့ အလုပ်ဟာ ဝမ်းထဲမှာရှိတဲ့ သားငယ်ကို လူ့လောကထဲ ချောချောမွေ့မွေ့နဲ့ ရောက်လာဖို့ ကြိုးစားကူညီပေးရမယ့် တာဝန်ပါ။ ပညာသင်ပေးတဲ့ ဆရာဆိုတာကလည်း သားမွေးပေးတဲ့ ဝမ်းဆွဲသည်လိုပါပဲလို့ သူကဆိုပါတယ်။ ဆရာရဲ့အလုပ်က ပညာကလေးကို ကူညီမွေးထုတ်ပေးဖို့ပါပဲ။ ဝမ်းဆွဲသည်ဟာ ကလေးကို မပိုင်သလိုဘဲ ပညာသင်တဲ့ဆရာဟာ ပညာကို ပိုင်ဆိုင်သူမဟုတ်ပါ။ ပြီးတော့ ဝမ်းဆွဲသည်ဆိုတာကလည်း အများအားဖြင့် မီးလွန်ပြီဖြစ်တဲ့ မိန်းမကြီးတွေမို့ သူတို့က ကလေး မရနိုင်တော့ပါဘူး။ သူလည်းပဲ ပညာ သန္ဓေမရနိုင်တော့တဲ့ ပညာဝမ်းဆွဲသည်ပါလို့ ဆော့ခရေ့တီး(စ်)က ဆိုပါသေးတယ်။

*မေး။ သူက ပညာဝမ်းဆွဲပေးမယ် ဆိုတာ တော့ ကောင်းပါပြီ။ ကျုပ်က 'ပညာကိုယ်ဝန်'ရအောင် ဘယ်လိုလုပ်ရမှာတုန်း။*

ဖြေ။ ခင်ဗျားကလည်း ပညာသားသမီးတွေ လိုချင်တယ်ဆိုရင် ဒဿနဆရာကောင်းတွေနဲ့တွေ့ပြီး အဆင်သင့် မွေးထုတ်ရုံပါပဲ။ ဘာလို့လဲဆိုတော့ ခင်ဗျားမှာလည်း လူတိုင်းလိုပဲ အလိုလို ပညာကိုယ်ဝန် ရှိပြီးသားမို့ပါ။

*မေး။ ကျုပ်က ဘာမှမလုပ်ရသေးဘဲ ဘယ်လိုလုပ် ကိုယ်ဝန်က ရနေရတာတုံး။ လွယ်လှချည်လား။ ကျုရှင်တွေ ဘာတွေတောင် တက်ဖို့မလိုဘူး လား။*

ဖြေ။ မလိုပါဘူး။ ပညာသန္ဓေဆိုတာက သဘာဝက လူတိုင်းကိုပေးတဲ့ လက်ဆောင်မွန်တစ်ခုပါပဲလို့ ဆော့ခရေ့တီး(စ်)က ယုံကြည်ပါတယ်။

*မေး။ ခင်ဗျားတို့ကသာ ပညာကိုယ်ဝန်ရဖို့ အရေး မေးမြန်းနေလိုက်ရတာ၊ ကျုပ်တော့ ပညာကိုယ်ဝန်တွေ ရလွန်းလို့ အခုဆို ကလေးသုံးယောက်အဖေ ဖြစ်နေပြီ။*

ဖြေ။ ပညာရှိတွေနဲ့ စကားပြောရတာ မင်္ဂလာ ရှိတာပေါ့။

*မေး။ မင်းတို့ရဲ့ ကိုယ်ဝန်စကားကို ဝင် နှောင့်ယှက်တာတော့ မဟုတ်ပါဘူး။ ငါမရှင်းတာက လူမှာ အသိဉာဏ်တွေ အပြည့်ပါပြီးသားဆိုရင် လူတွေက ဘာလို့ မဟုတ်တာ မကောင်းတာ တွေလုပ်ကြတာလဲ။*

ဖြေ။ သူတို့ရဲ့ ပညာသန္ဓေတွေက လူလား မမြောက်ကြသေးလို့ပါ။ လူလားမြောက်အောင် သူတို့ကမကြိုးစား သေးလို့ပါ။

*မေး။ ဒါဆို လူအများကို ရက်ရက်စက်စက် သတ်ဖြတ်သူဟာ သနားစရာ အသိပညာမဲ့သူပေါ့လေ။*

ဖြေ။ သူများကို ရက်ရက်စက်စက် သတ်ဖြတ်သူဟာ ကောင်းခြင်းဆိုတာ ဘာမှန်းမသိသူတစ်ယောက် ဖြစ်တယ်။ သူ့ကို သနားတာ မသနားတာက အခြားတစ်ပိုင်းပါ။

*မေး။ မင်းပြောချင်တာက လူသတ်သမား ဟာ သူ့ရဲ့လုပ်ရပ်ဟာ ကောင်းတယ်လို့ ယူဆတာပေါ့။*

ဖြေ။ အဲသလိုမယူဆရင် သူများအသက် ဘာလို့ သတ်ရမှာလဲ။ ဒါကြောင့် လူတွေကို မကောင်းတာ မလုပ်စေချင်ရင် ဘယ်လိုအရာတွေဟာ မကောင်းဘူး ဆိုတာကို သူတို့တွေ လက်ခံ ယုံကြည်လာအောင် လမ်းပြပေးရမယ်လေ။ ဒါက ဒဿနပညာရဲ့ အလုပ်တစ်ခုပဲ။

*မေး။ ငါမေးတာ နည်းနည်းရှုပ်သွားတယ်။ ပြန်မေးမယ်နော်။ စိတ်ရှည်ရှည်နဲ့ ဖြေကြည့်ပါ။ လူတိုင်းမှာ အသိပညာ အခြေခံတွေရှိတယ်။ ဒါပေမဲ့ အချို့လူတွေမှာသာ ဒီအခြေခံတွေဟာ ဖွံ့ဖြိုးတိုးတက်ပြီး လူကောင်းလူမွန်တွေ၊ ပညာရှိတွေ ဖြစ်လာကြတယ်။ အချို့ကျတော့လည်း ဒါမျိုးဖြစ်မလာဘဲ လူဆိုးလူသွမ်းတွေ ဖြစ်ကုန်ကြတယ်။ လူဆိုးလူသွမ်းတွေရဲ့ အသိပညာအခြေခံတွေ ဘယ်ရောက်ကုန်လဲ။ မရှိတော့ဘူးဆိုရင် မွေးကတည်းက မပါလာတာလား။ အသက်ကြီးမှ ပတ်ဝန်းကျင် လွှမ်းမိုးမှုကြောင့် ပျောက်ကုန်တာလား။*

ဖြေ။ ဒီမေးခွန်းက အရေးကြီးပါတယ်။ အသိပညာအခြေခံတွေ လူတိုင်းမှာရှိတယ်ဆိုတာကို ဆော့ခရေ့တီး(စ်) က ယုံကြည်ပါတယ်။ မကောင်းတာလုပ်သူတွေက ကောင်းခြင်း သဘာဝ အကြောင်းပတ်သက်လို့ အသိဉာဏ်ကင်းနေသူတွေလို့လည်း သူက ထင်ပါတယ်။ ဒီနေရာမှာ ပတ်ဝန်းကျင်ရဲ့ လွှမ်းမိုးမှုကို သူက အရေးပါတယ်လို့ မထင်ပါဘူး။ လူတိုင်းလူတိုင်းဟာ စဉ်းစားဆင်ခြင်မှုကို အားကိုးရင် အဘက်ဘက်က အားနည်းချက်တွေကို ကျော်လွှားနိုင်မယ်လို့ သူထင်ပါတယ်။ လူတစ်ယောက်ဟာ 'ဆင်းရဲလို့ ပညာမဲ့သူပါ'လို့ စိတ်အားငယ်နေမယ့်အစား 'ပိုက်ဆံနောက်လိုက်ဖို့

အချိန်ပေးစရာ မလိုတာမို့ အသိပညာ ပိုရှာနိုင်သူ' တစ်ယောက် ဖြစ်လာစေချင်ပါတယ်။ လူတွေနဲ့ပတ်သက်လာရင် သူက မျှော်လင့်ချက်အတော်ပဲ ကြီးသူပါ။

**မေး။** *ဒါဆို ဆော့ခရေ့တီး(စ်)က လူလိမ်ပဲဗျ။*

**ဖြေ။** ဘာဖြစ်လို့ စွပ်စွဲတာတုံး၊ ရှင်းပြပေးပါဦး။

**မေး။** *အစုခင်ဗျားပြောပုံအရဆို ဆော့ခရေ့တီး(စ်)မှာ သေသေချာချာ တွေးဆထားတဲ့ ယုံကြည်ချက်တွေ ရှိတယ်ပေါ့။ တစ်ဖက်မှာလည်း သူက သူဘာမှမသိပါဘူးလို့ လုပ်နေတော့ ဒါဟာ မုသားစကား ပြောနေသလိုပဲ။*

**ဖြေ။** ပိုက်ဆံမရှိတဲ့ ခင်ဗျားရဲ့ အိတ်ကပ်ထဲကနေ ဆယ်တန် ပိုက်ဆံတစ်ရွက်ကို မျက်လှည့်ဆရာက ထုတ်ပြရင် သူ့ကို လူလိမ်လို့ ခင်ဗျားက စွပ်စွဲမှာပဲလား။

**မေး။** *ဒါကတော့ အလုပ်သဘောအရ လုပ်ပြရတာပဲလေ။ ဆော့ခရေ့တီး(စ်)ရော မျက်လှည့်ဆရာပဲလား။*


**ဖြေ။** သူက အိတ်ထဲက ပိုက်ဆံတော့ မထုတ်ပြနိုင်ဘူး။ ခေါင်းထဲကနေ အခံတွေးအမျိုးမျိုးကိုတော့ ထုတ်ပြနိုင်တယ်။ ဒါကို ခင်ဗျားက သတိမထားမိရင် နောက်ဆို သေသေချာချာ လိုက်နားထောင်ကြည့်ပေါ့။

### ရှင်းလင်းချက်များ

မိတ်ဆွေတစ်ယောက်ကလည်း ဒီလိုပဲ မကျေမနပ်ပြောဖူးတယ်။ Ferguson (1970) စာမျက်နှာ ၅၃။

ကောင်းမှုများ ညီညွတ်ခြင်းကို unity of virtues လို့ ခေါ်ကြတယ်။ ဥပမာ Gregory Vlastos, "The Unity of Virtues", *Platonic Studies* Vlastos,.ed, 243-246 ကိုကြည့်ပါ။

မေးခွန်းဆိုတာ ပညာသင်ပေးခြင်း တစ်မျိုးပဲ . . . Ferguson (1970) စာမျက်နှာ ၁၅၆။



ဆောင်းပါး အမှတ် (၇)

## 'သတ္တိရှိသူက နောက်မဆုတ်ဘူး၊ ဟုတ်လား'

ယောက်ျားမှန်ရင် အားကစားထူးချွန်ရမယ်။ လက်ရုံးရည် ပြည့်ရမယ်။ တိုက်ဖို့ခိုက်ဖို့ သတ္တိရှိရမယ်လို့ ရှေးတုန်းက အေသင်သားတွေ ယူဆကြတယ်။ ဒါကြောင့် လူငယ်တွေကိုလည်း ငယ်စဉ်တည်းက ကာယသင်တန်းတွေ ဘာတွေတက်စေတာပေါ့။

ဖိုက်တင်ရုပ်ရှင်မင်းသားလို ထင်ပေါ်ကျော်ကြားတဲ့ သူရဲကောင်းတွေကို အေသင်သားတွေက သိပ်ပြီးအားကျကြတာပေါ့။ ဒါကြောင့် သတ္တိဆိုတာဘာလဲ ဆိုတာကို ဆော့ခရေ့တီး(စ်)က အေသင်သားအချို့နဲ့ ဆွေးနွေးကြည့်တယ်။ သူတို့ရဲ့ စကားပြောခန်းကို လေ့လာရင်း ဆော့ခရေ့တီး(စ်)ရဲ့ နည်းကိုလည်း ခရီးသွားဟန်လွှဲအနေနဲ့ ပြောကြည့်မယ်။

မေး။ *ယောက်ျားမှန်တာတော့ဟုတ်ပါပြီ။ ကျွန်မတို့လို မိန်းမတွေကရော မိန်းမကောင်း မှန်အောင် ဘာလုပ်ရမှာတုံး။*

ဖြေ။ ဆော့ခရေ့တီး(စ်)တို့ခေတ်က ယောက်ျားတွေ ကြီးစိုးတဲ့ခေတ်ပေါ့။ ဒါကြောင့် သူတို့ရဲ့ ဆွေးနွေးချက်တွေမှာ မိန်းမတွေထက်စာရင် ယောက်ျားတွေအကြောင်း ပြောတာ ပိုများလေ့ရှိပါတယ်။ ဥပမာ ရုပ်ရည်အလှအပနဲ့ ပတ်သက်လာရင်တောင် သူတို့က ယောက်ျားတွေရဲ့ ကာယအလှအပအကြောင်းကိုသာ ပိုအလေးထားပြောလေ့ ရှိပါတယ်။

*မေး။ ဆော့ခရေ့တီး(စ်)ရဲ့ ဘော်ဒါတွေက မိန်းမလျာတွေလား။*

ဖြေ။ သူ့အသိအချို့က မိန်းမလျာတွေပါ။ ဟုတ်ပါတယ်။ ဒီလိုဆိုပေမယ့် မိန်းမသားအလှကို စိတ်မဝင်စားကြတာတော့ မဟုတ်ပါဘူး။ စိတ်ဝင်စားကြပါတယ်။ ဒီအတွက်တော့ မစိုးရိမ်ပါနဲ့။ ဘာပဲဖြစ်ဖြစ်ပါ လူကောင်းလူဆွန်ကိစ္စ စဉ်းစားဆွေးနွေးရာမှာ အများသုံးအိမ်သာ ခွဲသလို မိန်းမတွေအတွက်ကတစ်မျိုး၊ ယောကျ်ားတွေကတစ်မျိုးဆိုပြီး ခွဲခြားစရာတော့ လိုမယ်မထင်ပါဘူး။ သတ္တိတို့၊ မွန်မြတ်တဲ့စိတ်တို့၊ အသိပညာတို့ဆိုတာ ထီးထီး မမ ရှိကြတာပဲလေ။

*မေး။ ထစ်ခနဲဆိုတာနဲ့ ထိုးဖို့ကြိတ်ဖို့ပဲ အားသန်နေတဲ့ ဗိုက်တင်မင်းသားလို လူတွေကို အေသင်သားတွေကလည်း အားကျကြတယ်ဆိုတော့ လူ့သမိုင်း နှစ်ပေါင်း ၂၅၀၀ အတောအတွင်းမှာ ပြောင်းလဲမှုတွေ သိပ်မများဘူး ထင်တယ်နော်။*



ဖြေ။ ဟုတ်မှာပါ။ တစ်ခါမှာ အေသင်မြို့က စစ်အရာရှိ နှစ်ယောက်ဟာ သူတို့ သားနှစ်ယောက်ရဲ့ စစ်ပညာရေး လေ့ကျင့်မှုအကြောင်း ဆွေးနွေးကြလေတယ်။ စစ်သင်တန်းမှာ တိုက်ခိုက်နည်းအသစ်တွေကို သင်ပေးဖို့ သင့်၊ မသင့် အကြောင်းကို ပြောဆိုကြရင်း အကြံဉာဏ်လိုချင်တာနဲ့ ဆော့ခရေ့တီး(စ်)ဆီ ရောက်လာကြတယ်။ တစ်ယောက်နဲ့တစ်ယောက် နှုတ်ဆက်စကားတွေဆိုကြပြီးမကြာခင်ပဲ သတ္တိအကြောင်း စကားဆက်လာ တယ်။

*မေး။ "သတ္တိ" ဆိုတဲ့စကားလုံးက ပါဠိဘာသာစကားကနေ မွေးစားထားတာလို့ထင်တယ်။ ငါထင်သလောက်ပြောရရင် "သတ္တိ"ဆိုတာ*

*အဓိပ္ပာယ်အမျိုးမျိုးရှိတယ်။ အရပ်သုံး စကားမှာတော့ သတ္တိလို့ဆိုရင် အများအားဖြင့် "သူရသတ္တိ"ကို ဆိုလိုတာပေါ့။*

ဖြေ။ ဟုတ်ပါတယ်။ အခုဆွေးနွေးရာမှာလည်း အဲဒီသဘောနဲ့ပဲ သုံးတာပါ။ ဒါကြောင့် သတ္တိလို့ဆိုရင် သူရသတ္တိကိုပြောတယ်လို့ မှတ်ပါ။

သတ္တိဆိုတာဘာလဲလို့ ဆော့ခရေ့တီး(စ်)ကမေးတော့ လက်ခ်ီး(စ်)ဆိုတဲ့ အရာရှိကြီးက အခုလို ဆိုလေတယ်။

လက်။ ။ ဒါလေးများ ရှင်းပြဖို့မခက်ပါဘူး ဆော့ခရေ့တီး(စ်)ရေ။ တာဝန်ကျရာ စစ်မြေပြင်မှာ ကြံ့ကြံ့ခံပြီး ရန်သူကိုတွန်းလှန်သူကို သတ္တိရှိသူလို့ ခေါ်ရမယ်ဗျ။

ဆော့။ ။ ခင်ဗျားရှင်းပြပုံ သိပ်ကောင်းပါတယ်ဗျာ။ ဒါပေမဲ့ ကျုပ်က ပြောချင်ရာကို ရှင်းရှင်းလင်းလင်း မပြောမိဘူး။ ဒါကြောင့် ခင်ဗျားက ကျုပ်မေးချင်ရာကို မဖြေဘဲ အခြားမေးခွန်းတစ်ခုကို ဖြေမိတာပါ။ ဒါက ကျုပ်အပြစ်ပါလေ။

လက်။ ။ ဘာကြောင့် ဒီလို ဆိုရတာတုံး ဆော့ခရေ့တီး(စ်)။

ဆော့။ ။ သတ္တိရှိသူဆိုတာ တာဝန်ကျရာစစ်မြေပြင်မှာ ကြံ့ကြံ့ခံပြီး ရန်သူကို တွန်းလှန်သူလို့ ခင်ဗျားကဆိုတယ်နော်။

လက်။ ။ ဟုတ်ပါတယ်။

ဆော့။ ။ အဲသလိုပြောတယ်လို့ ကျုပ်ထင်တာပါပဲ။ ဒါပေမဲ့ တစ်နေရာမှာတင် မနေဘဲ ပြေးရင်းလွှားရင်းနဲ့ ရန်သူကို တိုက်ခိုက်သူကို ကျတော့ ဘယ်လို ခေါ်မှာတုံး။

ဆော့ခရေ့တီး(စ်)က အဲသလိုပြောတော့ 'ပြေးရင်းလွှားရင်း' တိုက်တယ် ဆိုတာကို အရာရှိကြီးက ချက်ချင်းသဘောမပေါက်ဘူး။ ဒါနဲ့ ဆော့ခရေ့တီး(စ်)က ထပ်ရှင်းပြတယ်။

ဥပမာ မြင်းတပ်တွေဘာတွေနဲ့ စစ်တိုက်တဲ့အခါမှာ စစ်ဗျူဟာတို့ နည်းပရိယာယ်တို့ သုံးပြီး တိုက်လေ့ရှိတတ်ကြတယ်။ စစ်ပွဲတွေမှာ ကိုယ်က အားနည်းဟန်ဆောင်ပြီး နည်းနည်း နောက်ဆုတ်မယ်၊ ဒါနဲ့ ကိုယ့်ရန်သူက ကြောက်လို့ပြေးတယ်ထင်ပြီး စည်းမဲ့ကမ်းမဲ့ ကိုယ့်နောက်

လိုက်တဲ့အခါကျမှ တစ်ဖန်ပြန်ပြီး တိုက်ခိုက်လို့ စစ်နိုင်သူတွေ သမိုင်းမှာရှိကြောင်းကို ဆော့ခရေ့တီး(စ်) ရှင်းပြတယ်။ ဒီလိုနည်းနဲ့ စစ်တိုက်သူတွေကလည်း သတ္တိရှိနိုင်တာကြောင့် "သတ္တိရှိသူဆိုတာ တာဝန်ကျရာ စစ်မြေပြင်မှာ ကြံ့ကြံ့ခံပြီး ရန်သူကိုတွန်းလှန်သူ"လို့ အဓိပ္ပာယ်ဖွင့်တာ မပြည့်စုံကြောင်း ထင်ရှားစေတာပေါ့။

သတ္တိနဲ့ပတ်သက်ပြီး ဒီလောက်ပဲ ပြောချင်တာဆိုရင် ဆော့ခရေ့တီး(စ်) ကို သာမန် ဒဿနဆရာလို့ပဲ ခေါ်ရမယ်။ ဒါပေမဲ့ သတ္တိအကြောင်းကို ဆော့ခရေ့တီး(စ်)က ဒါထက်ပိုပြီး ကျယ်ကျယ်ပြန့်ပြန့် နားလည် ချင်တာ။ ဒါကြောင့် စစ်အရာရှိကပြောတဲ့ စစ်မြေပြင်က သတ္တိရဲ့အဓိပ္ပာယ် ဖွင့်ဆိုချက်ကို ထပ်ပြီးတိုးချဲ့ခိုင်းတယ်။ သူ့မိတ်ဆွေနားလည် အောင် လည်း စာတွေ စာကဗျာတွေနဲ့ ဆော့ခရေ့တီး(စ်)က ရှင်းပြတယ်။ ဥပမာ တွေနဲ့ ရှည်ရှည်ဝေးဝေး ရှင်းပြနေပေမယ်လို့ သူသိချင်တဲ့အရာကိုတော့ ဆော့ခရေ့တီး(စ်)က မျက်ခြည်လုံးလုံးမပြတ်ဘူး။ သူဘာကို သိချင် တာပါလို့ ရှင်းပြပုံက ကောင်းလွန်းတော့ သူ့စကားကိုပဲ ဖတ်ကြည့်ပါဦး။

ဆော့။ ။ ကျုပ်မေးတာက မမှန်ကန်လို့ မှန်ကန်တဲ့ အဖြေမရတာ။ ဒါကလည်း ကျုပ်အပြစ်ပါလို့ ဆိုခဲ့တယ်နော်။ တကယ်တော့ ကျုပ်က လက်နက်အပြည့် အစုံနဲ့ တိုက်သူတွေရဲ့သတ္တိကိုသာ သိချင်တာမဟုတ်ပါ။ မြင်းစီးပြီး တိုက်သူတွေ၊ အခြား စစ် နည်းအမျိုးမျိုးနဲ့ တိုက်သူတွေရဲ့ သတ္တိကိုလည်း သိချင်တာပါ။ စစ်တိုက်ရာမှာ ရဲရင့်သူတွေသာ မဟုတ်ပါ။ ပင်လယ် သမုဒ္ဒရာရဲ့ အန္တရာယ်တွေကြားမှာ ရဲရင့်သူတွေရဲ့ သတ္တိကို လည်း သိချင်တာပါ။ အနာရောဂါခံစားရတဲ့အခါမှာ ဆင်းရဲတဲ့ အခါမှာ နိုင်ငံရေးရာကို စီမံတဲ့အခါမှာ ရဲဝင့်စွာ ရင်ဆိုင်သူ တွေရဲ့ သတ္တိကိုလည်း သိချင်တာပါ။ နာကျင်မှု၊ ကြောက်ရွံ့မှု တို့ကို တုံ့ပြန်တဲ့ သတ္တိကိုသာ သိချင်တာ မဟုတ်ပါ။ လောဘ စိတ်ကို၊ မွေ့ပျော်လိုတဲ့စိတ်ကိုလည်း နောက်မဆုတ်ဘဲ ဖြစ်ဖြစ် နောက်ဆုတ်ပြီးဖြစ်ဖြစ် ကြံ့ကြံ့ခံသူတွေရဲ့ သတ္တိ ကိုလည်း သိချင်တာပါ။ အချို့လူတွေမှာ ဒါမျိုးသတ္တိတွေ ရှိတယ် လက်ခ်ီး(စ်)။

ဆော့ခရေတီး(စ်)က ပြောသေးတယ်။ "အချို့လူတွေမှာ ဒါမျိုးသတ္တိတွေ ရှိတယ်"တဲ့။ ဒီစကားကနေပြီး မှတ်သားသင့်တဲ့ အချက်နှစ်ခု ရှိတယ်။ တစ်ခုက သူ့မှာ ဒါမျိုးသတ္တိ ရှိတယ်လို့ ဆော့ခရေ့တီး(စ်)က မကြွေးကြော်ဘူး။ ဒီသတ္တိက ဘာပါလို့လဲမဟောဘူး။ သူကိုယ်တိုင်စစ်ပွဲတွေမှာ ရဲရဲဝင့်ဝင့် တိုက်ခဲ့သူပါ။ သတ္တိအကြောင်း ဆော့ခရေ့တီး(စ်)က ကောင်းကောင်းကြီး ပြောနိုင်ပါလိမ့်မယ်။ ဒါပေမဲ့ သူက မပြောပါဘူး၊ သူများကိုသာ ပြောခိုင်းတာ။ နောက်တစ်ချက်က ဆော့ခရေ့တီး(စ်)ဟာ အခြားလူတွေကို လေးလေးစားစားလည်း ဆက်ဆံတယ်။ သူများဆီက ပညာယူဖို့ ဝန်မလေးဘူး။ အမြဲ အဆင်သင့်ပဲ။

မေး။ *ကောင်းပါပြီ။ ဆော့ခရေ့တီး(စ်)က အခြေအနေတစ်ခုခုမှာ ထားတဲ့ သတ္တိမျိုးထက် သတ္တိရဲ့ယေဘုယျသဘာဝကို သိချင်တာပေါ့။ ဆောင်းပါး ၃ မှာဆွေးနွေးခဲ့သလို ပြောရရင် "သတ္တိတရား"ကို သူကသိချင်တာပေါ့။*

ဖြေ။ ဟုတ်ပါတယ်။ သတ္တိတရားဆိုတာကိုသိရင် လူတစ်ယောက်ရဲ့လုပ်ရပ်ဟာ သတ္တိရှိမရှိ ဆိုတာကို မှန်မှန်ကန်ကန် တိုင်းထွာကြည့်လို့ ရနိုင်တာပေါ့။ ပထမအဆိုပြုချက်လည်း ဖျက်ရော လက်ခ်ီး(စ်)က နောက်တစ်မျိုးရှင်းပြဖို့ ကြိုးစားတယ်။

လက်။ ။ အမြဲတမ်းအကျုံးဝင်မယ့် ယေဘုယျသဘာဝကို ပြောရမယ်ဆိုရင် (သတ္တိ) ဆိုတာက ခံနိုင်ရည်ရှိတဲ့ ဇွဲစိတ်ဓာတ်တစ်မျိုး ပဲဗျ။

ဆော့။ ။ ဒါဆိုရင် ခင်ဗျားက ခံနိုင်ရည်ရှိတဲ့ ဇွဲစိတ်ဓာတ်တိုင်းကို သတ္တိလို့ မယူဆဘူးထင်တယ်။ ပြီးတော့ သတ္တိဆိုတာကလည်း မွန်မြတ်တဲ့သဘောရှိတယ် မဟုတ်လား။

လက်။ ။ ဟုတ်ပါတယ် ဆော့ခရေ့တီး(စ်)။ အမွန်မြတ်ဆုံးအရာတွေမှာ သတ္တိတရား ရှိကြပါတယ်။

ဆော့။ ။ မိုက်ကန်းတဲ့ လုပ်ရပ်မှာထားတဲ့ ဇွဲကိုရော ဘယ်လိုလုပ်မှာလဲ။ ဒါက ဆန့်ကျင်ဘက်ပဲလေ။ သူ့မှာပျက်စီးမယ့်၊ ဆုတ်ယုတ်မယ့် သဘောရှိတယ် မဟုတ်လား။

ဆိုလိုတာက သတ္တိဆိုတာ ဇွဲတစ်မျိုး ဖြစ်တယ်။ သတ္တိရဲ့ ရလဒ်ကလည်း

ကောင်းတဲ့ အရာဖြစ်တယ်ဆိုရင် မိုက်ကန်းတဲ့လုပ်ရပ်ပေါ်မှာ ထားတဲ့ ဇွဲကို ဘယ်လို သဘောထားမလဲ။ ဒီလိုဇွဲမျိုးကိုဆို သတ္တိလို့မခေါ်နိုင်ဘူး။ ဒါမျိုးသတ္တိက မကောင်းတဲ့ရလဒ်တွေ ပေးတာကိုး။ 'ခံနိုင်ရည်ရှိတဲ့ ဇွဲစိတ်ဓာတ်'ကို ခြုံငုံပြီး သတ္တိလို့ခေါ်လို့မရနိုင်တာကို အရာရှိကြီးက သဘောလည်းပေါက်ရော ဆော့ခရေ့တီး(စ်)က သူ့ကို ဝိုင်းကူပေးတယ်။

ဆော့။ ။ ခင်ဗျားပြောချင်ပုံအရဆိုရင် အသိတရားရှိတဲ့ ဇွဲစိတ်ဓာတ်ကို သာလျှင် သတ္တိလို့ခေါ်ရမယ်။

လက်။ ။ အဲသလိုဖြစ်နေပြီ။

ဆော့။ ။ အသိတရားရှိဖို့ လိုတယ်ဆိုရင် ဘယ်လိုအသိတရားမျိုး လိုတာလဲ။ အသေးအဖွဲကိစ္စတွေကို သိရမှာလား၊ ကြီးကြီး မားမားကိစ္စတွေကို သိရမှာလား။ ဥပမာ ပိုက်ဆံသုံးတဲ့ နေရာမှာ (ချွေတာခြင်း) အသိတရားကို ဇွဲနဲ့ အသုံးချမယ်။ အဲသလို သုံးတဲ့အတွက် နောက်ထပ် သုံးစရာ ပိုက်ဆံတွေ ပိုရမယ်။ ဒါတွေကို သိတယ်ဆိုရင် အဲဒီလူကို သတ္တိရှိတယ် လို့ခေါ်မလား။

လက်။ ။ ကျုပ်ဆိုရင်တော့ မခေါ်ပါဘူး။

ဆော့။ ။ စစ်ပွဲတစ်ပွဲဆိုပါစို့။ တစ်ယောက်က သတ္တိရှိတယ်။ တိုက်ဖို့ အသင့်ပဲ။ သူ့အသိတရားနဲ့ သူက အခုလို တွက်ဆကြည့် တယ်။ သူ့ကို အခြားလူတွေက စစ်ကူပေးလိမ့်မယ်။ ရန်သူ တွေက သူ့ထက် လူအင်အား ပိုနည်းတယ်။ သူ့ဘက်သားတွေ လောက်လည်း စစ်တိုက်မကောင်းကြဘူး။ ပြီးတော့ သူက နေရာချက်ကောင်းရထားပြီးသားဖြစ်တယ်။ ဒါမျိုးအသိနဲ့ ပြင်ဆင်မှု ရှိသူဟာ အခြားဘက်က ဇွဲနဲ့ ခံချမယ်ဆိုတဲ့သူထက် ပိုပြီး သတ္တိရှိတယ်လို့ ခေါ်မလား။

လက်။ ။ အခြားဘက်ကလူက ပိုပြီးသတ္တိရှိပုံရတယ် ဆော့ခရေ့တီး(စ်)။

ဆော့။ ။ ဒါပေမဲ့ အခြားဘက်ကလူက အသိတရား ပိုနည်းတယ်နော်။

လက်။ ။ ခင်ဗျားပြောတာအမှန်ပဲ။

ဆော့။ ။ ဒါဆိုရင် ကျုပ်တို့ အရှေ့အနောက်ညီရဲ့လား။

လက်။ ။ ဘယ်နှယ့်လုပ် ညီမှာတုန်း ဆော့ခရေ့တီး(စ်)။

မေး။ ဆော့ခရေ့တီး(စ်)ရဲ့ စဉ်းစားပုံက ကောင်းလှချည်လား။ ပထမဆုံး သတ္တိဆိုတာ ဘာလဲလို့မေးတော့ ဇွဲတစ်မျိုးလို့ သူ့သူငယ်ချင်းကပြောတယ်။ ဒါဆိုရင် မိုက်ကန်းတဲ့ နေရာမှာ ဇွဲကောင်းရင် သတ္တိရှိတယ်လို့ ဆိုလို့မရဘူးလို့ ဆော့ခရေ့တီး(စ်)က ထောက်ပြတယ်။ ဒါဆိုရင် အသိတရားနဲ့ယှဉ်တဲ့ ဇွဲကောင်းရင်တော့ သတ္တိရှိတယ်လို့ ခေါ်နိုင်မလား။

ဒီမှာ “အသိတရား”၊ “ဇွဲ” စတဲ့ စကားလုံးအမှန်တွေ ပါလာတော့ ကြားလို့ကောင်းပြီး ဟုတ်သလိုလို ထင်ရတယ်။ ကျွန်တော်သာဆို ဒီလောက်နဲ့တော်ပြီလို့ထင်ပြီး တော်ရိလျော်ရိနေလိုက်မှာ။ ဆော့ခရေ့တီး(စ်)က မနေဘူး။ ထပ်မေးတယ်။ အသိတရားပြည့်စုံတယ်ဆိုသူတစ်ယောက်ဟာ အန္တရာယ်နဲ့ရင်ဆိုင်ရာမှာ ကိုယ်မနာမှာ သေချာမှ ရင်ဆိုင်တတ်ပုံနှင့် အသိတရား နည်းပါးတယ် ဆိုသူကတော့ ကိုယ်ရှုံးနိုင်မှန်း သိလျက်နဲ့ နောက်မဆုတ်ရင်ဆိုင်တတ်ပုံကို ယှဉ်ပြတယ်။ ဒီမှာကျတော့ အသိတရား ပြည့်စုံသူက သတ္တိသိပ်မရှိဘဲ အသိတရားနည်းသူကသာ သတ္တိပိုရှိပုံပေါ်တယ်။ ဆိုလိုတာက သတ္တိရှိဖို့ဟာ တစ်ခါခါမှာ အသိတရားနည်းဖို့လိုတယ်လို့ အဖြေထွက်နေတယ်။

ဖြေ။ ဟုတ်ပါတယ်။ အင်အားနည်းသူတစ်ယောက်က အင်အားများသူတစ်ယောက်ကို စိန်ခေါ်ပြီး ယှဉ်ပြိုင်တဲ့အခါမှာ အင်အားနည်းသူက ရှုံးရင် လူတွေအပြစ်တင်တာကိုပဲ ခံရမှာပေါ့။ “ဘာအဖြစ်မှမရှိဘဲ ပဲကြီးလှော်စားတာများပြီး လေလုံးထွားနေတဲ့ငတိ” ဆိုတာမျိုး ငေါ်ကြမှာပေါ့။

ဒါမှမဟုတ်ပဲ အင်အားနည်းသူက နိုင်ရင် “ဟာ . . . တော်လိုက်တဲ့ကောင်။ ငါ့လောက်နီးနီး သတ္တိရှိတယ်ကွ” ဆိုတာမျိုး ဂုဏ်ပြုခံရမှာပေါ့။ ဒါဆိုရင်သတ္တိရှိဖို့က အသိတရားရှိဖို့ထက် အနိုင်ရဖို့သာ အရေးကြီးတယ်လို့ ဆိုရမှာလား။ အထူးသဖြင့် မနိုင့်နိုင်ဘူးလို့ထင်ရတဲ့ အခြေအနေမျိုးမှာ မျက်ကန်းတစ္ဆေမကြောက်တဲ့ အသိမျိုးနဲ့ အနိုင်ရသူကိုသာ

သတ္တိရှိတယ်လို့ ဆိုရမယ့်ပုံပေါက်တယ်။ ဒါလည်းသိပ်တော့ မဟုတ်သေးဘူး။

ဆော့ခရေ့တီး(စ်)က လှည့်ပတ်ပြီးမေးတော့ လက်ခ်ီး(စ်)က အတော်လေး စကား လက်ပန်းကျသွားပြီး-

လခ်။ ။ ကျုပ်စိတ်ထဲရှိတာကို မပြောပြနိုင်တာကြောင့် တကယ်ပဲ မခံရပ်နိုင်အောင် ဖြစ်ရတယ်ဗျာ။ သတ္တိဆိုတာ ဘာလဲ ဆိုတာကို ကျုပ်ကိုယ်ကျုပ်သိတယ်လို့ ထင်တာပဲ။ ဒါပေမဲ့ ကျုပ်စိတ်ထဲရှိတာကို စကားနဲ့ဖမ်းဆုပ်ပြီး ထုတ်ပြောပြလို့မရအောင် ဘယ်လိုလုပ် လွတ်ထွက်သွားမှန်း မသိဘူးဗျာ။

လက်ခ်ီး(စ်)က သတ္တိအကြောင်းသိသလိုလိုတော့ရှိတယ်။ ဒါပေမဲ့ ဆော့ခရေ့တီး(စ်)က မေးတဲ့အခါကျတော့ ပြောချင်တာတွေက ဘယ်ဆီကို ထွက်ပြေးကုန်မှန်း မသိတာမို့ သူက စကားလက်လျှော့လိုက်တယ်။ နောက်တစ်ခါ နီစီးယပ်(စ်)ဆိုတဲ့ အပေါင်းပါ တစ်ယောက်ကို ဝင်ကူပြောပေးဖို့ ဆော့ခရေ့တီး(စ်)က ဖိတ်ခေါ်ပြန်တယ်။ နီစီးယပ်(စ်)ကလည်း ထင်ရာဝင်ပြောတော့ သူနဲ့လက်ခ်ီး(စ်)တို့ အပြန်အလှန် သဘောထားကွဲကြတာမို့ နောက်ဆုံးမှာ ဆော့ခရေ့တီး(စ်)က ဝင်ရှင်းပေးတယ်။ သတ္တိရှိသူဟာ ကြောက်သင့်တဲ့ နေရာမှာ ကြောက်ရမယ်။ ရဲသင့်တဲ့နေရာမှာရဲရမယ်ဆိုတဲ့ နီစီးယပ်(စ်)ရဲ့ အဆိုပြုချက်ကို ဆော့ခရေ့တီး(စ်)က အခုလို ဆန်းစစ်ကြည့်တယ် . . .

ဆော့။ ။ ဆိုပါဦး နီစီးယပ်(စ်)။ ကြောက်သင့်တဲ့အရာ၊ ရဲသင့်တဲ့အရာတို့နဲ့ သက်ဆိုင်တဲ့ အသိတရားကို သတ္တိလို့ ခင်ဗျားက ခေါ်တယ်နော်။

နီစီး။ ။ ဟုတ်ပါတယ်။

ဆော့။ ။ ပြီးတော့ လူတိုင်းမှာ ဒီအသိတရားမရှိဘူး၊ ဆေးဆရာတွေ၊ အတိတ် နိမိတ်ဖတ်သူတွေမှာ ဒီအသိတရား မရှိဘူး။ ပြီးတော့ သူတို့က ဒီအသိတရားကို မရမချင်းလည်း သတ္တိရှိကြမှာ မဟုတ်ဘူး။ ခင်ဗျားက အဲသလို ပြောတာလား။

နီစီး။ ။ ဟုတ်ပါတယ်။

ဆော့။ ။ ကျုပ်က နောက်ပြောင်တဲ့ သဘောနဲ့ ပြောမှာ မဟုတ်ဘူး။ ခင်ဗျားပြောသလိုပဲ ကြောက်သင့်တဲ့ အရာ၊ ရဲသင့်တဲ့အရာတို့နဲ့ဆိုင်တဲ့ အသိတရားကို သတ္တိလို့ ခေါ်တာကို လက်ခံမယ်ဆိုပါစို့။ ပြီးတော့ ဒီအသိတရားကို လူအချို့တသာ ခက်ခက်ခဲခဲ စဉ်းစားဆင်ခြင်ပြီး ရနိုင်တာနော်။ ဒါဆိုရင် တောရိုင်းတိရစ္ဆာန် တစ်ကောင် သတ္တိရှိတယ်လို့ ဆိုဖို့ရာက ခြင်္သေ့၊ ကျားသစ်၊ တောဝက်တို့လို တိရစ္ဆာန်တွေမှာ လူတွေထက်ကို ပိုပြီး အသိတရားတွေ ရှိနေပြီ လို့ ဝန်ခံရာရောက်တယ်။ *[ဒါနဲ့ ပထမ စပြောခဲ့တဲ့ လက်ခီး(စ်)က ဝင်ပြောတယ်]*

လက်။ ။ ကောင်းလေစွ . . . ဆော့ခရေ့တီး(စ်)။ သိပ်ကောင်းတယ်။ တိရစ္ဆာန်တွေက လူတွေထက်ပိုပြီး သတ္တိရှိတယ်၊ မရှိဘူးဆိုတာကိုဖြေပါ နီစီး ယပ်(စ်)။ ဒါမှမဟုတ် လူအားလုံးရဲ့ ထင်မြင်ချက်နဲ့ ဆန့်ကျင်ပြီး တိရစ္ဆာန်တွေဟာ သတ္တိမရှိဘူးလို့ ခင်ဗျားက ဆိုရဲသလား။

*[နီစီးယပ်(စ်)က စကားပြန်တယ်]*

နီစီး။ ။ အသိဉာဏ် မရှိလို့ ကြောက်စိတ်မရှိဘူးဆိုရင် တောရိုင်းတိရစ္ဆာန်ပဲဖြစ်ဖြစ်၊ အခြားဘာကိုပဲဖြစ်ဖြစ် သတ္တိရှိတယ်လို့ ကျုပ် မခေါ်ပါဘူး လက်ခီး(စ်)။ သူတို့ကို မိုက်ရူးရဲတယ်လို့ ခေါ်ပါတယ်။ ဘေးအန္တရာယ်တွေကို မသိ နားမလည်သေးလို့ ဘာကိုမှမကြောက်တဲ့ ကလေးငယ်ကို သတ္တိရှိတယ်လို့ ကျုပ်က ခေါ်မယ်လို့ကော ထင်သလား။ ကြောက်စိတ် မရှိတာနဲ့ သတ္တိ မရှိတာက မတူဘူးဗျ။

*မေး။ကြောက်စိတ် ဖြစ်ပေါ်စေတဲ့အရာ၊ ရဲစိတ် ဖြစ်ပေါ်စေတဲ့အရာတို့ကို နားလည်တဲ့အသိကို သတ္တိလို့ခေါ်တယ်လို့ တစ်ယောက်က အဆိုပြုတယ်နော်။ တောရိုင်းတိရစ္ဆာန်တွေက သူတို့ထက်အင်အားကြီးတဲ့ ကြောက်စရာတွေ့ရင် ထွက်ပြေးတယ်။ သူတို့ထက် အင်အားငယ်တဲ့ နိုင်စရာတွေ့ရင် ရဲပြီးတိုက်တယ်။ ဒါဆိုရင် ဒီလူပေးတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်အရဆို တောရိုင်းတိရစ္ဆာန်တွေတိုင်းက သတ္တိရှိကြတာပေါ့။*

ဒါပေမဲ့ စဉ်းစားတွေးခေါ်နိုင်တဲ့လူတွေတောင် သတ္တိဆိုတာ ဘာမှန်းသိပ်ပြီးမသိတဲ့ အချိန်မှာ တိရစ္ဆာန်တွေက သတ္တိအပြည့်ရှိနေပြီလို့ဆိုရင် လူတွေကတိရစ္ဆာန်တွေလောက် အမြော်အမြင်မရှိရာ ရောက်တယ်ပေါ့။ ဆော့ခရေ့တီး(စ်)က ဒါကို ဆိုလိုချင်တာ မဟုတ်လား။ အဲသလိုဆိုလည်း ဘာဖြစ်သလဲ။ တိရစ္ဆာန်တွေက လူတွေထက် ပိုပြီး သတ္တိရှိတယ်ဆိုလည်း ငါကတော့လက်ခံမှာပဲ။

ဖြေ။ လူသာလျှင် အမွန်မြတ်ဆုံးနဲ့ အမြော်အမြင်အရှိဆုံးဆိုတဲ့အစွဲတွေ ဆော့ခရေ့တီး(စ်) တို့မှာ ရှိကြတယ်။ သိပ်တော့ အခြေခံကျတဲ့ အယူအဆတွေတော့ မဟုတ်ဘူး။ ဥပမာ တိရစ္ဆာန်လောကမှာ "ကမ္ဘာစစ်" ဆိုပြီး တစ်ကောင်နဲ့တစ်ကောင် အဓိပ္ပာယ်မဲ့ အစုလိုက်အပြုံလိုက် သတ်ဖြတ်တာတွေတော့ မရှိသေးဘူးလေ။ သိပ်ပြီး "မတိုးတက်ကြသေးလို့" လည်း ဖြစ်မှာပေါ့။ ထားပါလေ။သူတို့ ဘာတွေထပ်ဆွေးနွေးသလဲ ဆိုတာကိုပဲ ဆက်ကြည့်ရအောင်။

ဆော့ခရေ့တီး(စ်)က တစ်ခါ သတ္တိ ဆိုတာ ကောင်းခြင်းရဲ့ အစိတ်အပိုင်း တစ်ခုလား၊ ဒါမှမဟုတ် ကောင်းခြင်း အလုံးစုံကို သတ္တိလို့ ခေါ်မလားလို့ ဆွေးနွေးကြတယ်။ လူကောင်းတစ်ယောက်ဟာ သတ္တိရှိဖို့လိုမယ်၊ တရားမျှတဖို့လိုမယ်၊ အမြော်အမြင်ရှိဖို့ လိုမယ်၊ ဒါဆိုရင် သတ္တိဟာ ကောင်းခြင်းရဲ့ အစိတ်အပိုင်းတစ်ခုသာဖြစ်တယ်၊ ဒါနဲ့ ကောင်းခြင်းရဲ့ အခြားအစိတ်အပိုင်းတွေ မရှိဘဲနဲ့ သတ္တိရှိနိုင်မလားလို့ ဆော့ခရေ့တီး(စ်)က မေးစမ်းကြည့်တယ်။

ဆော့။ ။ ကြောက်စိတ်နဲ့ ရဲစိတ်ဆိုတာက အနာဂတ်မှာဖြစ်မယ့် ဆိုးခြင်းကောင်းခြင်းတို့ အသီးသီးနဲ့ သက်ဆိုင်တယ်နော်။

နိစီး။ ။ အပြည့်အစုံမှန်ပါတယ်။

ဆော့။ ။ ဒါဆိုရင် သတ္တိဆိုတာက ကြောက်စိတ်နဲ့ ရဲစိတ်တို့ ဖြစ်ပေါ်စေတဲ့ အရာနဲ့သာ ဆိုင်တာမဟုတ်ဘူး။ ဘာကြောင့်လဲဆိုတော့ သတ္တိမှာ အတိတ်နဲ့ လက်ရှိအရာတွေနဲ့ပတ်သက်တဲ့ အသိလည်းရှိတယ်။

နိစီး။ ။ ခင်ဗျားပြောတာ မှန်တယ်ထင်တယ်။

ဆော့။ ။ ဒါဆိုရင် ခင်ဗျားပေးတဲ့အဖြေက သတ္တိရဲ့ သုံးပုံတစ်ပုံနဲ့သာ သက်ဆိုင်တယ်။ ဒါပေမဲ့ မေးခွန်းက သတ္တိတစ်ခုလုံးရဲ့ သဘာဝအကြောင်းကို မေးတာ ဖြစ်တယ်။ အခုခင်ဗျားပြောပုံအရဆိုရင် သတ္တိဆိုတာ ကြောက်စိတ်၊ ရဲစိတ်နဲ့သာဆိုင်တဲ့ အသိတရားမဟုတ်ဘူး။ အချိန်ကာလပေါ် မမှီခိုတဲ့ ကောင်းခြင်း၊ ဆိုးခြင်းနဲ့သက်ဆိုင်တဲ့ အသိတရားသာ ဖြစ်တယ်။ ခင်ဗျားရဲ့ အဆိုပြုချက်အရ အဲသလိုပြင်မယ်ဆိုရင် ဘယ်လိုသဘောရသလဲ။

နီစီး။ ။ သဘောတူပါတယ်။

ဆော့။ ။ အရင်ဖြစ်ခဲ့သမျှအရာတွေ၊ အခုဖြစ်နေတဲ့အရာတွေ၊ နောင်ဖြစ်တော့မယ့် အရာတွေအားလုံးကိုသိမယ်ဆိုရင်၊ ကောင်းခြင်း၊ ဆိုးခြင်းအလုံးစုံကိုသိမယ် ဆိုရင်၊ အဲဒီသူဟာ လိုအပ်ချက်မရှိဘဲ အဘက်ဘက်က ပြည့်စုံမယ်၊ တရားမျှတမှုရှိမယ်၊ ထိန်းသိမ်းမှုရှိမယ်၊ မြင့်မြတ်မှုရှိမယ် မဟုတ်လား။

နီစီး။ ။ ခင်ဗျားရဲ့စကားမှာ မှန်တာတွေ အတော်ပါ ပါတယ်။

ဆော့။ ။ ဒါပေမဲ့ နီစီး(စ်)ယပ်စ်၊ ခင်ဗျားရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်အသစ်အရဆိုရင် သတ္တိဆိုတာ ကောင်းခြင်းရဲ့ အစိတ်အပိုင်းတစ်ခုသာ မဟုတ်တော့ဘဲ ကောင်းခြင်း တစ်ခုလုံးကို ဆိုလိုရာရောက်တယ်။

နီစီး။ ။ အဲသလိုဖြစ်နေပြီ ဆော့ခရေ့တီး(စ်)။

ဆော့။ ။ ဒါပေမဲ့ သတ္တိဆိုတာ ကောင်းခြင်းရဲ့ အစိတ်အပိုင်း အများကြီးထဲက တစ်ပိုင်းတစ်စသာဖြစ်တယ်လို့ ဆိုခဲ့တယ်နော်။

နီစီး။ ။ ဟုတ်ပါတယ်။ အဲသလိုဆိုခဲ့ပါတယ်။

ဆော့။ ။ အဲဒီစကားက ကျုပ်တို့ရဲ့ လက်ရှိအမြင်ကို ဆန့်ကျင်တယ်နော်။

နီစီး။ ။ အဲသလိုဖြစ်နေပြီ ထင်တယ်။

ဆော့။ ။ ဒါဆိုရင် သတ္တိဆိုတာ ဘာမှန်းကို ကျုပ်တို့ မတွေ့ရှိသေးဘူး နီစီးယပ်(စ်)။

နိစိး။ ။ ဟုတ်တယ်၊ မတွေ့ရှိသေးပါဘူး။

*မေး။ သတ္တိရှိဖို့က အချိန်တိုင်းမှာ အရာတိုင်းရဲ့ အကောင်းအဆိုး ခွဲခြားနိုင်ဖို့လိုမယ်။ ဒါဆိုရင် သတ္တိရှိရုံတင်မကဘူး၊ အဘက်ဘက်ကပြည့်စုံတဲ့ ပညာရှိတစ်ယောက်ပါ ဖြစ်လာလိမ့်မယ်။ ဒါက ခင်ဗျားပြောသလို ဆေးလိပ်ဖြတ်ဖို့ ပညာရှိပါဖြစ်ဖို့လိုနိုင်တယ်ဆိုတာမျိုး မဟုတ်လား။ ဆော့ခရေ့တီး(စ်) လက်ခံတဲ့ ကောင်းခြင်းများရဲ့ ညီညွတ်ခြင်းမှုနဲ့ သက်ဆိုင်တာပေါ့။*

ဖြေ။ ဟုတ်ပါတယ်။ ပညာမရှိဘဲ သတ္တိမရှိနိုင်ဘူး။ သတ္တိရှိရင်လည်း ပညာရှိဖို့ လိုတယ်။ ဒီနှစ်ခုကို ခွဲပြောလို့မရဘူး။ တစ်ခုထဲကိုပဲ လိုချင်လို့မရနိုင်ဘူး။

*မေး။ ဒါပေမဲ့ ဆော့ခရေ့တီး(စ်)မေးပုံကြောင့် သတ္တိဆိုတာဘာလဲလို့ အဖြေမထွက်ဘဲ မေးခွန်းတွေသာ ပိုထွက်နေသလိုပဲ။*

ဖြေ။ ခင်ဗျားပြောတာ တစ်နည်းအားဖြင့်တော့ မှန်တယ်။ ဒါပေမဲ့ သတ္တိရဲ့ ယေဘုယျ သဘာဝအကြောင်းကို ဆော့ခရေ့တီး(စ်)က မေးတာကြောင့် လည်း အရေးကြီးတဲ့ အယူအဆတွေ ပေါ်လာတယ်။ သတ္တိဆိုတာ ဘာတော့မဟုတ်ဘူးဆိုတာကို ရှင်းရှင်းလင်းလင်း သိရတယ်။ ဥပမာ စစ်ဖြစ်ရာမှာဆို နောက်ဆုတ်တာမဆုတ်တာနဲ့ မဆိုင်ဘူး။ သတ္တိရှိဖို့က သူရဲကောင်းလုပ်ပြစရာ မလိုဘူး။ သာမန်နေထိုင်သူတွေမှာလည်း သတ္တိတွေရှိနိုင်တယ်။ အသိပညာအရ ဒါဟာတိုးတက်မှုတစ်ခုပဲ မဟုတ်လား။

*မေး။ ကောင်းပြီလေ၊ ဆော့ခရေ့တီး(စ်)ရဲ့ မေးမြန်းတဲ့နည်းအကြောင်းလည်း နည်းနည်းပါးပါး ဆွေးနွေးပါဦး။*

ဖြေ။ အဆိုပြုချက်တစ်ခုကို မှန်မမှန် ဆန်းစစ်ရာမှာ ပုံစံအမျိုးမျိုးနဲ့ ပိုင်းခြားလို့ရတယ်။ ဒီနည်းတွေကို လော့ဂျစ်လို့ခေါ်တဲ့ သင်္ချာယုတ္တိဗေဒမှာ အကျယ်တဝင့် လေ့လာကြပါတယ်။ အခုတော့ ဒီအကြောင်း အကြမ်းအားဖြင့်ပဲ ပြောရအောင်။


ပထမဆုံးအနေနဲ့ဆိုရရင် အစိပ္ပာယ်ဖွင့်ဆိုချက်တစ်ခုဟာ ရှေ့နဲ့ နောက် မညီတာ ဖြစ်နိုင်တယ်။ ဥပမာ စကားတစ်ခုဟာ မှန်လည်း မှန်တယ်၊ မှားလည်း မှားတယ်ဆိုရင် ရှေ့ နောက် မညီဘူးလို့ ခေါ်တယ်။ ရှေ့

နောက် မညီတဲ့ စကားဆိုတာ အဓိပ္ပာယ်မရှိဘူးပေါ့။ ဥပမာ လူတစ်ယောက်ကို ရဲက သံသယရှိလို့ စစ်ဆေးတဲ့အခါမှာ သူက "ကျွန်တော် လူလိမ်ပါ"လို့ဆိုရင် ဒုက္ခရောက်ပြီ။ ဘာကြောင့်လဲဆိုတော့ ဒီစကားကနေ ရှေ့ နောက်မညီတဲ့ ကောက်ချက်တွေ ဆွဲလို့ ရတယ်။

(၁) လူလိမ်ဟာ မှန်တာကိုမပြောဘူး။ "ကျွန်တော် လူလိမ်ပါ" လို့ဆိုတာက မမှန်တဲ့စကားမို့ ဒီလူဟာ မလိမ်သူ ဖြစ်တယ်လို့ ဆိုရမယ်။

(၂) ဒါပေမဲ့ သူက မလိမ်သူဆိုရင် သူပြောတဲ့စကားက မှန်ရမယ်။ ဒါဆိုရင် သူဟာ သူပြောသလိုပဲ လူလိမ်ဖြစ်ရမယ်။

ကဲ . . . ဒီမှာ (၁)နဲ့ (၂)က ဆန့်ကျင်ဘက် အဓိပ္ပာယ်ထွက်တယ်။ ဒါကြောင့် "ကျွန်တော် လူလိမ်ပါ" ဆိုတဲ့စကားက အရှေ့အနောက် မညီတဲ့စကားဖြစ်တယ်။ အမှန်တရားရဲ့သဘောကို ဆွေးနွေးတဲ့အခါမှာ ဒီနည်းကို ဆော့ခရေ့တီး(စ်)က ပုံစံ အမျိုးမျိုးနဲ့သုံးတယ်။



ဒီစကားကိုဖြေရတာက အပေါ်မှာဆွဲထားတဲ့ခက်ရင်းမှာ လက်တံ ဘယ်နှစ်ချောင်း ပါသလဲ တွက်ကြည့်ရသလိုပဲ။ တစ်ဖက်ကိုကြည့်ရင် နှစ်ခုရှိသလို၊ နောက်တစ်ဖက်ကို ကြည့်ရင် သုံးခုရှိသလိုထင်ရတယ်။ ဒါကိုဖြေရှင်းနိုင်ဖို့က ခေါင်းကို ကြည်ကြည်လင်လင် ထားနိုင်မှရမယ်။

ရှေ့နောက် မညီသလိုဘဲ အဓိပ္ပာယ်ဖွင့်ဆိုချက်တစ်ခုဟာ မပြည့်စုံတာ လည်း ဖြစ်နိုင်တယ်။ ဥပမာ "ငါး ဆိုတာ ရေထဲမှာနေတဲ့သတ္တဝါ တစ်မျိုး"လို့ဆိုရင် ခင်ဗျားက ရေထဲမှာသာ မနေတဲ့ ငါးတစ်မျိုးရှိကြောင်း အထောက်အထားပြနိုင်ရင် ဒီအဓိပ္ပာယ် ဖွင့်ဆိုချက်ဟာ မပြည့်စုံဘူးလို့

ထောက်ပြရာရောက်တယ်။ ကုန်းပေါ်မှာ ရက်ပေါင်းများစွာနေနိုင်တဲ့ ငါးတစ်မျိုးကို သိပ္ပံပညာရှင်တွေ မကြာခင်ကပဲ တွေ့ရှိထားတယ်။ ရပ်ကွက်ဈေးထဲက ငါးစိမ်းသည်တွေကို သွားမေးကြည့်ရင်လည်း ငါးခူတွေဟာ ကုန်းပေါ်မှာ နာရီပေါင်းများစွာ အသက်ရှင်နေနိုင်ကြောင်း ပြောပြပါလိမ့်မယ်။ ဒါဆို ငါးတိုင်းဟာ ရေထဲမှာအမြဲနေစရာမလိုဘူး။ အချို့ငါးတွေက ရေထဲရော ကုန်းပေါ်မှာပါ နေနိုင်ကြောင်းက ထင်ရှားတာကိုး။ ဒါဆို "ငါးဆိုတာ ရေထဲမှာ နေတဲ့သတ္တဝါ တစ်မျိုး" ဆိုတာက မပြည့်စုံတဲ့စကားဖြစ်တယ်။

အဓိပ္ပာယ်ဖွင့်ဆိုချက်ဟာ မပြည့်စုံနိုင်သလို လိုတာထက် အပိုတွေပါတာ ဖြစ်နိုင်တယ်။ "ငါးဆိုတာ ရေထဲမှာနေတဲ့သတ္တဝါတစ်မျိုး" လို့ဆိုတဲ့ ဥပမာမှာဆိုရင် ရေထဲမှာ နေပေမယ့် ငါးမဟုတ်တဲ့ သတ္တဝါတွေ အများ ရှိကြောင်း လွယ်လွယ်လေးထောက်ပြနိုင်တယ်။ ဥပမာ လင်းပိုင်ဟာ ရေနေသတ္တဝါဆိုပေမယ့် နို့တိုက်သတ္တဝါမို့ ငါးလို့ မခေါ်ကြဘူး။ ဝေလငါးလည်း အဲသလိုပဲ။ "ငါး"လို့ ခေါ်ပေမယ့် နို့တိုက်သတ္တဝါပဲမို့ ငါးအမျိုးထဲ မပါပြန်ဘူး။ ဂဏန်းတို့၊ ကျောက်ပုစွန်တို့ကလည်း ရေထဲနေပေမယ့် ငါးမဟုတ်ပြန်ဘူး။ ဒီအဓိပ္ပာယ်ဖွင့်ဆိုချက်မှာ အပိုတွေပါနေတာကိုး။

မေး။ *ရေသူမလည်း ရေထဲမှာနေပေမယ့် ငါးမဟုတ်ဘူးနော်။ သူကလူတစ်ပိုင်း ငါးတစ်ပိုင်း လေ။*

ဖြေ။ ကျွန်တော်တို့က တကယ်ရှိတဲ့သတ္တဝါတွေအကြောင်း ပြောနေတာဗျ။

မေး။ *ဟုတ်ပါတယ်၊ ကျွန်တော်လည်း တကယ်ရှိတဲ့ သတ္တဝါတွေအကြောင်း ပြောနေတာ။ ရေသူမလည်း တကယ်ရှိတာ ခင်ဗျားတို့ မသိဘူးလား။ မကြာခင်ကပဲ သတင်းစာထဲမှာ ရေသူမအကြောင်း ပါလာတာ မဖတ်မိဘူးထင်တယ်။*

ဖြေ။ သတင်းစာတော့ မဖြစ်နိုင်ဘူး။ စိတ်ကူးယဉ် လန်ကြုတ်စာပေတွေထဲမှာ ဖတ်မိတာပဲ ဖြစ်ရမယ်။ ထားပါလေ။ အဆိုပြုချက်တစ်ခုဟာ သိပြီးသား တွေကိုပဲ ပြန်ပြောနေရင် အံရေးမပါတာမျိုးလည်း ဖြစ်တတ်သေးတယ်။ ဥပမာ "လူပျိုဆိုတာ ကလေးအဖေ မဟုတ်ဘူး" ဆိုတာမျိုးက

ပြောစရာမလိုဘူးလေ။ မိန်းမ မယူဖူးသူကို လူပျိုလို့ခေါ်တာမို့ လူပျိုမှာ ကလေးမရှိကြောင်း ထပ်ပြောစရာမလိုတော့ဘူး။

*မေး။ ဒါဆိုရင် ဆော့ခရေ့တီး(စ်)ရဲ့ နည်းကို ဘယ်လိုနေရာတွေမှာ အသုံးချလို့ ရသလဲ။*

ဖြေ။ လူကြီးသူမတွေက လူငယ်တွေကို ဆုံးမစကားဆိုတယ် ဆိုပါစို့။ သူတို့ကပြောမယ် . . . "ကဲ . . . သားတို့သမီးတို့ လိမ်လိမ်မာမာ နေ့ကြကွယ်" လို့ဆိုရင် လူငယ်တွေက ဘာပြောမလဲ။ "ဟုတ်ကဲ့ ကောင်းပါပြီ" လို့ ရိုရိုသေသေပဲ ပြန်ပြောပြီး နောက်ကွယ်ကျရင် လုပ်နေကျကိစ္စတွေကိုပဲ လုပ်နေလို့ရတာပေါ့။ ဒါဆိုရင် ဆုံးမစကားဟာ သဲထဲရေသွန်သလို ဖြစ်ကုန်မယ်။ ဘာကြောင့်ဒီလိုဖြစ်ရသလဲ။

ပထမဆုံးစဉ်းစားစရာက "သားတို့သမီးတို့ ဆိုးဆိုးသွမ်းသွမ်း နေကြကွယ်"လို့ လူငယ်တွေကို လူကြီးတွေက ဘာကြောင့်မဆုံးမကြတာလဲ။ သူတို့က ဆုံးမစကား ပြောတဲ့အခါမှာ "အင်း . . . ဒီကောင်တွေကို လိမ်လိမ်မာမာနေဖို့ ဆုံးမရင်ကောင်းမလား၊ ဆိုးဆိုးသွမ်းသွမ်းနေဖို့ ဆုံးမရင် ကောင်းမလား" ဆိုတာမျိုး ခေါင်းအစားခံပြီး စဉ်းစားနေဖို့ လိုမယ်မထင်ဘူး။ ဖာလူဒါနဲ့ ရေခဲရေ ဘယ်ဟာပိုစိမ့်သလဲလို့ ရွေးချယ်ရသလိုမျိုး ဖြစ်နေမှာပေါ့။

ဒါကို နားထောင်တဲ့ လူငယ်တွေကရော ဘာလုပ်သင့်သလဲ။ သူတို့က စေတနာ အမှန်နဲ့ ဆုံးမတာကို တကယ်သိရင်၊ သူတို့ရဲ့စကားကို တကယ်ပဲ နားထောင်ချင်ရင်၊ "လိမ်လိမ်မာမာ နေပါ"လို့ပြောတာက ဘာကိုဆိုလိုတာလဲလို့ မေးစမ်းကြည့်ရမယ်။

*မေး။ ဒါကရှင်းပါတယ်။ ကြိုးလို "လိမ်"ပြီး သံလို ခပ်"မာမာ" နေဖို့ ပြောတာပဲ ဖြစ်မှာပေါ့။ ဒါကြောင့် သံကြိုးလိုနေဖို့ပြောတာ ဖြစ်မယ်။*

ဖြေ။ ဟုတ်တယ်။ စကားက အဲသလိုမျိုး အထင်လွဲစရာတွေလည်း ရှိနိုင်သေးတယ်။ ဒါကြောင့် သူတို့က ဘယ်လိုပုံစံနဲ့ "လိမ်လိမ်မာမာ"နေစေချင်တာလဲဆိုတာကို လူငယ်တွေက သိဖို့ ကြိုးစားရမယ်။ အပြန်အလှန် ဆွေးနွေးနိုင်ဖို့ အားထုတ်ရမယ်။ "လိမ်လိမ်မာမာ"ဆိုတာက ကျောင်း မှန်မှန်တက်ဖို့ ပြောတာလား၊ ဘောလုံးပွဲမှန်မှန်ကြည့်ဖို့ ပြောတာလား၊

ငွေရှာတဲ့အလုပ် လုပ်ဖို့ ပြောတာလား စသည်ဖြင့်မေးကြည့်ရမယ်။ ကျောင်းမှန်မှန်တက်ဖို့ဆိုရင် ဘာကိုဆိုလိုတာလဲ။ အားအားယားယားနဲ့ အိမ်မှာ မနေစေချင်တာလား၊ စာမှန်မှန်ဖတ်စေချင်တာလား၊ ဘယ်လို စာမျိုးကို ဖတ်စေချင်တာလဲ။ ဒါမှမဟုတ် ပညာတတ်စေချင်တာလား၊ ပညာတတ်ဖို့ဆိုရင် ပညာဆိုတာ ဘာလဲ။ ဘယ်လိုလူတွေမှာ ပညာရှိသလဲ။ ဘယ်လိုသင်ယူလို့ရနိုင်သလဲ။ ပညာ တတ်ပြီးတော့ ဘာဖြစ်စေချင်တာလဲ။ အိမ်မှာနေရင်ရှုပ်လို့ မောင်းထုတ်ချင်နေတာလား၊ ဒါဆိုရင် လူကြီးတွေ မျက်စိမနောက်အောင် ဘယ်လိုနေစေချင်သလဲ စသည်ဖြင့် မေးစရာတွေတစ်ပုံကြီး ပေါ်လာမယ်။ ဒီလိုမေးစမ်းတော့မှ သူတို့က ဘာကို ဖြစ်စေချင်တယ်ဆိုတာကို ပိုပြီးတိတိကျကျသိနိုင်မယ်။ ဆုံးမသလိုလည်း နေနိုင်ဖို့ ပိုနီးစပ်လာမယ်။

လူကြီးတွေက ဆုံးမစကားပြောရင် ကောင်းတာတွေ လုပ်ကြပါလို့ အခြေခံအားဖြင့် ပြောကြတာပဲ။ အဲသလိုပြောဖို့ သိပ်ပြီးစဉ်းစားဖို့တောင် မလိုပါဘူး။ ဒါပေမဲ့ ဘယ်လို အရာတွေက ကောင်းတယ်ဆိုတာကို နည်းပြပေးဖို့က သိပ်တော့မလွယ်ဘူး။ ဆုံးမတယ်ဆိုတာ မှန်မြတ်ပေမယ့် ထိထိရောက်ရောက် ဖြစ်စေချင်ရင် ပြောသူရော နားထောင်သူပါ တကယ်အားထုတ်ဖို့လိုတယ်။ စေတနာကောင်းရုံနဲ့ မပြည့်စုံသေးဘူး၊ တာဝန်မကျေသေးဘူး။ "ငရဲရောက်မယ့်လမ်းကို စိတ်စေတနာကောင်းနဲ့ ခင်းထားတာ" လို့ စကားရှိတယ်။

## ရှင်းလင်းချက်များ

ဒီဆောင်းပါးမှာ ကောက်နုတ်ဖော်ပြခဲ့တဲ့ ဆွေးနွေးခန်းက ပလေးတိုးရေးတဲ့ လက်ခ်ိဳး(စ်) Laches ကထာကို အခြေခံ ထားပါတယ်။ Ferguson (1970) ဖော်ပြတဲ့ ဒီဆွေးနွေးခန်းကို ဘာသာပြန်ရာမှာ ဇော်ဂျီ (၁၉၆၇)နဲ့ ညှိထားပါတယ်။ စာမျက်နှာ ၆၅-၆၆ ပါ ကောက်နုတ်ချက်ကို ကျွန်တော် ဘာသာပြန်တာဖြစ်တယ်။


လက်ခ်ိဳး(စ်)- Laches

နိစီးယပ်(စ်)- Nicias

ကျွန်တော် လူလိမ်ပါဆိုတာကို liar paradox လို့ ခေါ်တယ်။

ကုန်းပေါ်မှာရက်ပေါင်းများစွာနေနိုင်တဲ့ငါးတစ်မျိုး . . . ဒီအကြောင်းဖော်ပြတဲ့ ဂျာနယ်သတင်းက- Elie Dolgin (2007), The swamp fish that loves to live in trees. *New Scientist*, (19 October 2007). ဒီငါးတို့ 'mangrove killifish (Kryptolebias marmoratus)' လို့ခေါ်ပါတယ်။

ငရဲရောက်မယ့်လမ်းကို . . . The road to hell is paved with good intentions.



ဆောင်းပါး အမှတ် (၆)

## ကောင်းလို့ နတ်ဘုရားကြိုက်တာလား၊ နတ်ဘုရားကြိုက်လို့ ကောင်းတာလား။

ဘာသာရေးယုံကြည်မှုနဲ့ပတ်သက်ပြီး ဆော့ခရေ့တီး(စ်)ရဲ့ ဆွေးနွေးချက်တွေကို အခုလေ့လာကြမယ်။ သူက ဘာသာရေး ယုံကြည်မှုကို လုံးလုံးမငြင်းပယ်ပေမယ့် ယုံကြည်ချက်ကြောင့် အမှောင်ထဲ မျက်စိမှိတ်လမ်းလျှောက်မယ့်လူလည်း မဟုတ်ဘူး ဆိုတာကို တွေ့နိုင်တယ်။ "ဘုရားကြိုက်တာပဲ လုပ်ပါတယ်။ အမှန် တရားကိုသာ လက်ကိုင်ထားပါတယ်" ဆိုတဲ့သူတွေ သူတို့ပြောတဲ့ စကားကို သူတို့ကိုယ်တိုင်ကော နားလည်ရဲ့လားလို့ ဆော့ခရေ့တီး(စ်)က အသေအချာ ဆန်းစစ်ကြည့်မှာပါ။ ယုံကြည်မှုနဲ့ပတ်သက်ရင် လေထဲမှာအိမ်ဆောက်ဖို့မပြောနဲ့ ဖျာခင်းပြီး အပျင်းပြေထိုင်သူတွေကိုပါ ခိုင်မာတဲ့အခြေခံကိုရှာဖို့ ဆော့ခရေ့တီး(စ်)က လှုံ့ဆော်တယ်။

မေး။ *အပြင်လောကမှာက တိုက်ဆောက်ဖို့အတွက် ပါမစ်ရဖို့တို့၊ ကန်ထရိုက် တာကောင်း ရဖို့တို့က ခက်ခဲလို့ စိတ်ကူးထဲမှာ အိမ်ဆောက်ကြည့်တာ ဖြစ်မှာပေါ့။ ကိုယ်ချင်းစာပြီး ဆောက်ခွင့်တော့ ပေးသင့်တယ်ထင်တယ်။*

ဖြေ။ စိတ်ကူးထဲကအိမ်က ဆောက်လို့လွယ်သလို ပြိုဖို့လည်းလွယ်တယ်ဗျ။ ခိုင် မခိုင် စစ်ပေးတဲ့ အင်ဂျင်နီယာတွေမှမရှိဘဲ။ ဒါကြောင့် လူတွေရဲ့

စိတ်ကူးတွေ ခိုင် မခိုင် စစ်ပေးဖို့ ဒဿနဆရာတွေလိုတာပေါ့။ တစ်နေ့မှာ ယူသိုင်ဖရိုဆိုတဲ့ အသိတစ်ယောက်ကို တရားရုံးတစ်ခုအနားမှာ တွေ့တော့ ဆော့ခရေ့တီး(စ်) က အခုလို မေးကြည့်တယ် . . .

ဆော့။ ။ခင်ဗျားရဲ့အမှုက ဘာပါတုံး ယူသိုင်ဖရို။ ခင်ဗျားက တရားစွဲသူလား၊ တရားစွဲ ခံရသူလား။

ယူသီ။ ။ကျုပ်က တရားစွဲသူပါ။

ဆော့။ ။ဘယ်သူ့ကို တရားစွဲတာပါတုန်း။

ယူသီ။ ။ကျုပ်ပြောရင် ခင်ဗျား ကျွန် တော့်ကို ရူးနေပြီလို့ ထင်လိမ့်မယ်။

ဆော့။ ။ဘာလို့တုန်း။ ဝရမ်းပြေးမှာ အတောင်ပံတွေပါလို့ လား။

ယူသီ။ ။မဟုတ်ပါဘူး။ သူက အသက်ကြီးပြီး မသန်စွမ်းတော့ပါဘူး။

ဆော့။ ။ဘယ်သူပါတုန်း။

ယူသီ။ ။ကျုပ်အဖေပါ။

ဆော့။ ။မင့်အဖေ . . . ဟုတ်လား ကိုယ့်လူ။

ယူသီ။ ။ဟုတ်ပါတယ်။

ဆော့။ ။သူ့ကို ဘာအမှုနဲ့ တရားစွဲ တာတုန်း။

ယူသီ။ ။လူသတ်မှုနဲ့ပါ။

ဆော့။ ။လုပ်လိုက်လေ ယူသိုင်ဖရိုရေ။ သာမန်လူတွေများ ကောင်းခြင်း မှန်ခြင်းရဲ့ သဘာဝအကြောင်း အသိ နည်းလိုက်လေခြင်း။ အခုလို တရားမျိုးစွဲမယ့်သူက အင်မတန် ထူးခြားဆန်းကြယ်တဲ့သူ ဖြစ်ရမယ်၊ ပြီးတော့ အမြော်အမြင်ရှိဖို့အတွက်ကို အတော်ကြီး အားထုတ်ခဲ့သူဖြစ်ရမယ်နော်။

ယူသီ။ ။ဟုတ်ပါတယ် ဆော့ခရေ့တီး(စ်)။ အတော်ကြီးကို အားထုတ်ရမှာပါ။

ဆော့။ ။ခင်ဗျားအဖေ သတ်တာကိုခံရတဲ့သူက ခင်ဗျားနဲ့ ဆွေမျိုးတော်စပ်သူပဲ ဖြစ်ရမယ်။ ဟုတ်မှာပါလေ။ တကယ်လို့ အဲဒီလူက သူစိမ်းသာဆိုရင် ခင်ဗျားက အခုလို တရားစွဲမယ်မထင်ဘူး။

ယူသီ။ ။ဆော့ခရေ့တီး(စ်) ကိုယ်နဲ့ဆွေမျိုးတော်စပ်သူရယ်၊ ဆွေမျိုး
မတော်စပ်သူရယ်လို့ ခင်ဗျားက ခွဲခြားပြီးပြောတာကြောင့် ကျုပ်
ပြုံးမိတယ်။ လူတစ်ယောက်ဟာ လူသတ်သမားတစ်ယောက်နဲ့
သိလျက်ကြီး အပေါင်းအသင်းလုပ်မယ်၊ သူ့ကို တရားအမှုစွဲသင့်
လျက်နဲ့ မစွဲဘဲနေမယ်ဆိုရင် ဒီလူဟာ လူသတ်သမားနဲ့ ဆွေမျိုး
တော်သည်ဖြစ်စေ၊ မတော်သည်ဖြစ်စေ သူ့ရဲ့ပျက်စီးမှုက
အတူတူပဲ။ သေသူဟာ တရားမျှတစွာ အသတ်ခံရတာ ဟုတ်
မဟုတ်ဆိုတာကသာ တကယ်အရေးကြီးတာ။ တရားမျှတတယ်
ဆိုရင် ခင်ဗျား ဘာမှထပ်လုပ်ဖို့ တာဝန် မရှိဘူး။ တရားမမျှတ
ဘူးဆိုရင် လူသတ်သမားဟာ ခင်ဗျားနဲ့ အိမ်မိုးတစ်ခုထဲ
အောက်မှာ နေသူဖြစ်ဖြစ်၊ ထမင်းစားပွဲခုံတစ်ခုမှာ အတူစားသူ
ဖြစ်ဖြစ် သူ့ကိုတရားစွဲရမှာပဲ။

ဒီလိုနဲ့ ယူသိုင်ဖရိုက ဒီအမှု ဘယ်လိုဖြစ်ရကြောင်း အဖြစ်အပျက်တွေကို ထပ်ပြီး ရှင်းပြလေတယ်။ ယူသိုင်ဖရိုပိုင်တဲ့ ခြံတစ်ခုမှာ အလုပ်သမားတွေရှိတယ်။ တစ်နေ့မှာ အလုပ်သမားတစ်ယောက်က အရက်မူးပြီး အိမ်ဖော်တစ်ယောက်နဲ့ ရန်ဖြစ်ရာကနေ အိမ်ဖော်ကို သတ်မိတယ်။ ဒါနဲ့ ယူသိုင်ဖရိုရဲ့အဖေက ဒီအလုပ်သမားကို ကြိုးနဲ့ချည်ပြီး ကျင်းတစ်ခုထဲပစ်ထားလိုက်တယ်။ နောက်ပြီးတော့ ဒီလူ့ကို ဘယ်လိုဆုံးမသင့်ကြောင်းကို အေသင်မြို့က အာဏာပိုင်တွေကို လူလွှတ်မေးစေတယ်။ ဒါပေမဲ့ ဒီလူ့ကို လူသတ်သမားမို့ ဘာမှမကျွေးဘဲပစ်ထားရာက မကြာခင်ပဲ အလုပ်သမားဟာ သေဆုံးသွားလေတယ်။ ဒါကြောင့် ယူသိုင်ဖရိုက သူ့အဖေကို လူသတ်မှုနဲ့ တရားစွဲတာဖြစ်ကြောင်း ပြောပြတယ်။ ဖခင်ကို ပြန်တရားစွဲတာ ထူးဆန်းလွန်းလို့ ဘာလို့ ဒီလိုလုပ်ရကြောင်း ဆော့ခရေ့တီး(စ်)က စိတ်ဝင်တစား မေးတော့ ယူသိုင်ဖရိုက သူဟာ ဘာသာတရား အလွန်ကိုင်းရှိုင်းသူမို့လို့ ဖြေတယ်။

သူကိုယ်တိုင်က ဘာသာတရား မကိုင်းရှိုင်းသူလို့ စွပ်စွဲခံထားရတဲ့ ဆော့ခရေ့တီး(စ်) ဟာ ဘာသာတရား ကိုင်းရှိုင်းခြင်းဆိုတာ ဘာပါလိမ့်လို့ ယူသိုင်ဖရိုကို မေးကြည့်ပါတယ်။ ဘာသာတရားကိုင်းရှိုင်းတယ်လို့ဆိုတဲ့ ယူသိုင်ဖရိုတော့ဖြင့် သူစီးတဲ့မြင်း အထီးလား အမလား သိပါလိမ့်မယ်ဆိုတဲ့ ထင်မြင်ချက်နဲ့ပေါ့။

ဆော့။ ။[ဘာသာတရား ကိုင်းရှိုင်းခြင်းဆိုတဲ့] အယူအဆရဲ့ ယေဘုယျ သဘာဝဟာ ဘာလဲ၊ ပြောပြပေးပါ။ ဒါဆိုရင် ကိုယ်ပိုင်လုပ်ရပ် တစ်ခုဖြစ်ဖြစ် အခြားသူရဲ့ လုပ်ရပ်တစ်ခုဖြစ်ဖြစ်၊ ဒီလုပ်ရပ် တွေကို တိုင်းထွာပြီး ဟောဒီလုပ်ရပ်တွေကတော့ ဘာသာတရား ကိုင်းရှိုင်းမှုရှိတယ်၊ ဟောဒီလုပ်ရပ်တွေကတော့ ဘာသာတရား ကိုင်းရှိုင်းမှုမရှိဘူးဆိုတာကို သိနိုင်မယ်။ ဒါအတွက် ကျုပ်မှာ စံတစ်ခုရလာမယ်။

ယူသီ။ ။နတ်ဘုရားတွေ နှစ်သက်တဲ့အရာတွေကိုလုပ်ခြင်းဟာ ဘာသာ တရား ကိုင်းရှိုင်းခြင်းပဲ။ နတ်ဘုရားတွေ မနှစ်သက်တဲ့အရာ တွေကို လုပ်ခြင်းဟာ ဘာသာတရား မကိုင်းရှိုင်းခြင်းဘဲ။

ဆော့။ ။ကောင်းလိုက်လေ ယူသိုင်ဖရို။ ကျုပ်လိုချင်တဲ့အဖြေမျိုးကို ခင်ဗျားက ပေးလိုက်ပါပြီ။ ခင်ဗျားပြောတာ မှန် မမှန်ကိုတော့ ကျုပ်မသိသေးဘူး။ ဒါပေမဲ့ ခင်ဗျားပြောတာမှန်ကန်ကြောင်းကို ခင်ဗျားက အထောက်အထားနဲ့ ရှင်းပြမယ်လို့ ကျုပ် ယုံကြည်ပါတယ်။

ယူသီ။ ။ရှင်းပြမှာပါ။

ဆော့။ ။နတ်ဘုရားတွေ နှစ်သက်တဲ့အရာတွေကိုလုပ်ခြင်းဟာ ဘာသာ တရား ကိုင်းရှိုင်းခြင်း၊ နတ်ဘုရားတွေ မနှစ်သက်တဲ့အရာတွေကို လုပ်ခြင်းဟာ ဘာသာတရား မကိုင်းရှိုင်းခြင်း၊ နောက် ဒီအရာနှစ်ခုဟာ ဆန့်ကျင်ဘက်ဖြစ်တယ်လို့ ဆိုခဲ့တယ်နော်။

ယူသီ။ ။ ဟုတ်ပါတယ်။

ဆော့။ ။ပြီးတော့ နတ်ဘုရားတွေက တစ်ပါးနဲ့ တစ်ပါး သဘောထား ကွဲလွဲတာတို့၊ မုန်းတီးကြတာတို့ ရှိတယ် ဆိုတာကို ခင်ဗျား လက်ခံတယ်နော် ယူသိုင်ဖရို။

ယူသီ။ ။ဒါလည်း လက်ခံပါတယ်။

ဆော့။ ။ဒါဆိုရင် ခင်ဗျားအဖေကို ပြစ်ဒဏ်ခတ်ခြင်းအားဖြင့် ခင်ဗျားဟာ ဇုနတ်ဘုရား အကြိုက်လုပ်မိတာ ဖြစ်နိုင်သလို၊ ခရိုနော့စ် သို့မဟုတ် ယူရေးနတ်စ် နတ်ဘုရား မကြိုက်တာလည်း လုပ်မိ

တာ ဖြစ်နိုင်သေးတယ် ယူသိုင်ဖရို။

ယူသီ။ ။ဒါပေမဲ့ ဆော့ခရေ့တီး(စ်)။ လူသတ်သမားကို ဆုံးမတယ်ဆိုတာဟာ သင့်လျော်တယ်လို့ နတ်ဘုရားတွေ သဘောတူကြမယ်လို့ ကျုပ်ယုံကြည်ပါတယ်။ သူတို့ သဘောထား ကွဲလွဲကြမှာ မဟုတ်ပါဘူး။

ဆော့။ ။လူတွေအကြောင်းပဲ ပြောရအောင်။ လူသတ်သမားတွေ ဒါမျိုး မကောင်းမှု လုပ်သူတွေကို ပြစ်ဒဏ်မပေးသင့်ဘူးလို့ ဘယ်သူက ပြောတာကြားဖူးလဲ ယူသိုင်ဖရို။

ယူသီ။ ။ဒီလိုမေးခွန်းမျိုးကို တရားရုံးတွေမှာ အမြဲအခြေအတင် ပြောဆိုနေကြတာပဲ။ လူတွေက ရာဇဝတ်မှုအမျိုးမျိုး ကျူးလွန်ကြပြီး အမှုကလွတ်ဖို့အတွက် ဘာ ကိုမဆို ပြောကြ၊ လုပ်ကြတာပါပဲ။

ဆော့။ ။ဒါပေမဲ့ သူတို့က မဟုတ်တာလုပ်မိကြောင်း ဝန်ခံပြီးမှ သူတို့ကို ပြစ်ဒဏ် မပေးသင့်ဘူးလို့ ဆိုကြသလား။

ယူသီ။ ။မဆိုကြပါဘူး။

ဆော့။ ။ဒါဆိုရင် သူတို့က မကောင်းမှုလုပ်သူတွေကို ပြစ်ဒဏ်မပေးသင့်ဘူးလို့ အခြေအတင်ပြောဆိုကြတာ မဟုတ်ဘူး။ ဘယ်သူက မဟုတ်တာကိုလုပ်တယ်၊ ဘယ်လိုမဟုတ်တာကို လုပ်တယ်၊ ဘယ်တုန်းက မဟုတ်တာကို လုပ်တယ် စတာတွေကို ငြင်းခုံကြတာ။

ယူသီ။ ။မှန်ပါတယ်။

*မေး။ သူတို့စကားတွေက နည်းနည်းရှုပ်နေပြီ။ ပြောခဲ့သမျှကို အကျဉ်းချုပ်လေး ပြန်ပြောပြနိုင်မလား။*

ဖြေ။ ဘာသာတရားကိုင်းရှိုင်းတယ်ဆိုတာဘာပါလဲလို့ ဆော့ခရေ့တီး(စ်)က မေးတော့ သူ့မိတ်ဆွေ ယူသိုင်ဖရိုက "နတ်ဘုရားတွေ နှစ်သက်တဲ့အရာတွေကို လုပ်ခြင်း"လို့ ဆိုတယ်။ ဒါနဲ့ ဆော့ခရေ့တီး(စ်)က တစ်ဖန် ပြန်ထောက်ပြတယ်။ ဂရိမှာ နတ်ဘုရားတွေအများကြီးရှိတယ်။ နောက် နတ်ဘုရားတွေက တစ်ပါးနဲ့တစ်ပါး သဘောထားမတညီကြတာရှိတယ်။

ဒါကြောင့်မို့ နတ်ဘုရားတစ်ပါး ကြိုက်တာက နောက်နတ်ဘုရားတစ်ပါး မကြိုက်တာဖြစ်နိုင်တယ်။ ဒါဆို လုပ်ရပ်တစ်ခုကို နတ်ဘုရားတွေက ကြိုက်လည်းကြိုက်တယ် မုန်းလည်း မုန်းတယ်ဆိုရင် သူပြောတဲ့ ဘာသာတရားကိုင်းရှိုင်းခြင်းဆိုတာက ဘာမှရေရာမှုမရှိဘူး။ ဒါပေမဲ့ လူသတ်မှုလို ရာဇဝတ်မှုမျိုး ကျူးလွန်သူတွေကို ပြစ်ဒဏ်ခတ်တာကိုတော့ နတ်ဘုရားတွေ အားလုံးက သဘောတူကြပါလိမ့်မယ်လို့ ယူသိုင်ဖရိုက ဆိုတော့ ဆော့ခရေ့တီး(စ်)က "ရာဇဝတ်မှု ကျူးလွန်သူတွေကို ပြစ်ဒဏ်မခတ်ရဘူးလို့ ဘယ်လူ၊ ဘယ်နတ်ဘုရားကမှ မပြောကြောင်း" ပြန်ခုခံပြောတယ်။ လုပ်ရပ်တစ်ခုကို ပြစ်ဒဏ်ခတ်သင့်သလား၊ ပြစ်ဒဏ်မခတ်သင့်ဘူးလားဆိုတာကသာ တကယ့် ပြဿနာဖြစ်တယ်လို့ ရှင်းပြတယ်။

*မေး။ ဒီအချက်က အရေးကြီးပုံပဲ။ "ကောင်းတာကို လုပ်ပါ"လို့ သူများကို အကြံပေးလို့အပိုပဲ။ "ဘယ်လိုအရာမျိုးက ကောင်းတယ်လို့"ပြောပြနိုင်မှ ပြောတဲ့စကား အရာထင်မှာပေါ့။*

ဖြေ။ သိပ်မှန်တယ်။ ဒါကြောင့် "ကျုပ်က အမှန်တရားကိုသာ လက်ကိုင်ထားပါတယ်လို့" ပြောရင် ဒီစကားက ဘာမှအဓိပ္ပာယ်မရှိဘူး။ ဘာကြောင့်လဲဆိုတော့ လူပျိုပါလို့ဆိုရင် ကလေးအဖေမဟုတ်ကြောင်း ကြေညာနေစရာမလိုသလိုဘဲ။ လူဆိုတာက ကိုယ်က မှန်တယ်လို့ ထင်တာကိုပဲ လုပ်ကြတာ။ ဒါကြောင့် "ကျုပ်က အမှားတရားကိုသာ လက်ကိုင်ထားပါတယ်လို့" ဘယ်သူကမှ မပြောဘူး။ .

*မေး။ ဆိုတော့ ယူသိုင်ဖရိုခမျာမှာ ဖြေစရာလမ်း မရှိတော့ဘူးပေါ့။ ဘယ်လိုစကားဆက်ကြသလဲ။*

ဖြေ။ ဒီလိုဖြစ်နေချိန်မှာ ဆော့ခရေ့တီး(စ်) ယူသိုင်ဖရိုကို ဝင်ကူပေးပါတယ်။

ဆော့။ ။ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ကျုပ် အခုလို ပြင်ကြည့်မယ် . . . နတ်ဘုရားတွေ အားလုံးမုန်းတီးတဲ့ အလုပ်ကိုလုပ်ခြင်းဟာ ဘာသာတရား မကိုင်းရှိုင်းခြင်း ဖြစ်တယ်။ နတ်ဘုရားတွေ အားလုံး မြတ်နိုးတဲ့အလုပ်ကို လုပ်ခြင်းဟာ ဘာသာတရား ကိုင်းရှိုင်းခြင်းဖြစ်တယ်။ အချို့ နတ်ဘုရားတွေ မြတ်နိုးပြီး အခြားနတ်ဘုရားတွေ မုန်းတဲ့အလုပ်ကို လုပ်ခြင်းဟာ ဘာသာတရား ကိုင်းရှိုင်းတာလည်း ဖြစ်ချင်ဖြစ်မယ်၊ မကိုင်းရှိုင်း

တာလည်းဖြစ်ချင်ဖြစ်မယ်၊ ဘာမှမဟုတ်တာလည်း ဖြစ်ချင် ဖြစ်မယ်။ ဒါကို ကျုပ်တို့ရဲ့ အဓိပ္ပာယ် ဖွင့်ဆိုချက်လို့ ဆိုရ အောင်၊ ရမလား။

ယူသီ။ ။ဘာလို့မရရမှာလဲ။

ဆော့။ ။သိပ်ရတာပေါ့။ ကျုပ်အတွက်က အကုန်ရတယ်၊ မရစရာ အကြောင်းမရှိပါဘူး ယူသိုင်ဖရို။ ဒါပေမဲ့ ဒီအဆိုပြုချက်က ခင်ဗျား ကျုပ်ကို ကတိပေးထားတဲ့အတိုင်း [ဘာသာတရား ကိုင်းရှိုင်းခြင်းအကြောင်းကို] ရှင်းပြတဲ့ နေရာမှာ အသုံးဝင်မဝင်ကိုတော့ ခင်ဗျားသာ စဉ်းစားကြည့်ပါ။

ဒီလိုနဲ့ "နတ်ဘုရားတွေအားလုံး ကြိုက်တာကိုလုပ်ခြင်းဟာ ဘာသာ တရား ကိုင်းရှိုင်းခြင်း"လို့ ယူသိုင်ဖရိုက လက်ခံပြီး နောက်ထပ် အတူ စုံစမ်းဖို့ သဘောတူကြတယ်။

*မေး။ ဟာ . . . ဒီအဓိပ္ပာယ်ဖွင့်ဆိုချက်က မဆိုးဘူး။ နတ်ဘုရားတွေ အားလုံး ကြိုက်တဲ့ အရာဆိုတော့ ဒီမှာ မှားစရာ မရှိတော့ပါဘူး။ ဒါနဲ့ ဆော့ခရေ့ တီး(စ်) မေးခွန်းတွေ ရပ်သွားလား။*

ဖြေ။ သူ တကယ်မေးချင်တာက အခုမှစတာ။

*မေး။ တကယ် အမေးအမြန်းထူသူပဲ။ လုပ်စမ်းပါဦး ဘာတွေ ထပ်မေးသလဲ။*

ဖြေ။ ဆော့ခရေ့တီး(စ်)က အခုလို ထပ်မေးပြန်တယ် . . . "အရာတစ်ခုဟာ နတ်ဘုရားတွေကြိုက်လို့ ကောင်းတာလား၊ ဒါမှမဟုတ် ကောင်းတဲ့အရာမို့ နတ်ဘုရားတွေက ကြိုက်တာလား"တဲ့။ ဒီမေးခွန်းက အနောက်တိုင်း အတွေးအခေါ် သမိုင်းမှာ အရသာ အရှိဆုံးနဲ့ အရေးအကြီးဆုံး အတွေး တစ်ခုဖြစ်တယ်။ ဒါကို နောက်ပိုင်း ဒဿနပညာရှင်တွေက "ယူသိုင်ဖရို ဒွိဟပြဿနာ" လို့ ခေါ်ကြပြီး အလေးအနက် ဆွေးနွေးကြတယ်။ ဒီမေးခွန်းက ကောင်းလွန်းလို့ ယူသိုင်ဖရိုခမျာမှာ ချက်ချင်း နားမလည် ဘူး။ ပလေးတိုးက ဒီအကြောင်းရေးရာမှာ စကားလုံးတွေနဲ့ရှုပ်သွားပြီး လိုရင်းကို မရောက်တော့ဘူး။

*မေး။ ပလေးတိုးက အဖြေကို ရေးမပေးခဲ့လို့ ပြဿနာမရှိပါဘူး ထင်တယ်ရှင့်၊ မေးခွန်းထဲမှာ အဖြေအတော်လေး ပါနေပြီ၊ ကောင်းတဲ့အရာတွေကို*

ကောင်းလို့ နတ်ဘုရားတွေက ကြိုက်တယ်ဆိုရင် လူကောင်းဖြစ်ဖို့ ဘာသာတရား ကိုင်းရှိုင်းစရာမလိုဘူး။ ရှင်းတယ်။ တကယ်ဆို ကောင်းတဲ့အရာဟာ ဘာသာတရားနဲ့မကိုက်ညီဘဲ ဆန့်ကျင်နေတယ် ဆိုရင်တောင်မှ လူကောင်းဟာ ကောင်းတာကိုပဲ ရွေးရမယ်လို့ အဖြေထွက်တယ်။

ဖြေ။ ပြီးတော့ နတ်ဘုရားတွေကြိုက်လို့ အရာတွေဟာ ကောင်းတယ်လို့ဆိုရင် လူကောင်း ဖြစ်ဖို့က နတ်ဘုရားတွေအကြိုက်ကို လိုက်လုပ်ရမှာပေါ့။ ဒါဆို ကောင်းခြင်း၊ ဆိုခြင်းဆိုတာ နတ်ဘုရားတွေရဲ့ ပါးစပ်ထဲမှာပဲ ရှိတယ်။ လူတစ်ယောက်ကို အကြောင်းမဲ့ သတ်ဖြတ်ခြင်းကို နတ်ဘုရားတွေက ဒီနေ့မကြိုက်ရင်တောင် မနက်ဖြန်ဆိုရင် ကြိုက်လာနိုင်ကောင်းတယ်။ လူသတ်သမားကလည်း နတ်ဘုရား ကြိုက်တာလုပ်သူ ဖြစ်နိုင်မယ်။ ဒါဆိုရင် ကောင်းခြင်း၊ ဆိုးခြင်းဟာ အကြွေစေ့ခေါင်းပန်းလှန်သလို ဖြစ်ချင်ရာဖြစ်နေမှာပေါ့။ ပြီးတော့ လူနဲ့ နတ်ဘုရားတွေရဲ့ ဆက်ဆံမှုကလည်း ကြေးစား ဆက်ဆံမှုတစ်ခု ဖြစ်သွားမယ်။ ဒါကို ဆော့ခရေ့တီး(စ်)က လွယ်လွယ်လေးနဲ့ ထောက်ပြနိုင်တယ်။

ဆော့။ ။ ပူဇော်ပသတယ် ဆိုတာက နတ်ဘုရားတွေကို ပေးခြင်း၊ ဆုတောင်းတယ်ဆိုတာက သူတို့ဆီက တောင်းခြင်းပေါ့ ဟုတ်လား။

ယူသီ။ ။ ဟုတ်ပါတယ်။

ဆော့။ ။ ဒီအမြင်အရဆိုရင် ဘာသာတရားကိုင်းရှိုင်းတယ်ဆိုတာက အပေးအယူ လုပ်တဲ့ အနုပညာတစ်မျိုးပေါ့။

ယူသီ။ ။ ခင်ဗျား နားလည်ပုံက ကောင်းလေစွ။

ဆော့။ ။ ကောင်းပါပြီ မိတ်ဆွေ။ နတ်ဘုရားတွေကို အလုပ်အကျွေးပြုတဲ့ အလုပ် သဘာဝကို ကျေးဇူးပြုပြီး ပြောပြပါဦး။ သူတို့ဆီမှာ ကျုပ်တို့က လိုတာတွေကို တောင်းပြီး သူတို့ကို လက်ဆောင် လက်ဖွဲ့တွေပေးတာပေါ့ ဟုတ်လား။

ယူသီ။ ။ ဟုတ်ပါတယ်။

ဆော့။ ။ မှန်ကန်တဲ့ တောင်းနည်းဆိုတာက ကျုပ်တို့လိုချင်တာကို သူတို့ဆီမှာ တောင်းခြင်းပဲ မဟုတ်လား။

ယူသီ။ ။ ဟုတ်တာပေါ့။

ဆော့။ ။ မှန်ကန်စွာ ပေးနည်း ဆိုတာကလည်း [တောင်းသူတွေ] လိုချင်ရာကို ပြန်ပေးတာမျိုးပေါ့။ မလိုချင်တာတွေကို ပေးလို့ ပေးကောင်းတယ်လို့ ဘယ်မည်မှာလဲ။

ယူသီ။ ။ သိပ်မှန်ပါတယ်။

ဆော့။ ။ ဒါဆိုရင် ဘာသာတရားကိုင်းရှိုင်းတယ်ဆိုတာက လူနဲ့ နတ်ဘုရားတွေ အကြား အပြန်အလှန် အရောင်းအဝယ်လုပ်ခြင်း အနုပညာတစ်မျိုးပေါ့။

ယူသီ။ ။ ခင်ဗျားက အဲသလို ခေါ်ချင်တယ်ဆိုရင် ခေါ်နိုင်ပါတယ်။

*မေး။ ဒါပေမဲ့ နတ်ဘုရားတွေက အရာရာကို ဖန်တီးနိုင်ရင် လူတွေဆီက ဘာလိုချင်ရဦးမှာလဲ။ ဆော့ခရေ့တီး(စ်) စကားနဲ့ပြောရရင် နတ်ဘုရားတွေဟာ လူတွေဆီကနေ ဘာမှ "ဝယ်စရာ" မရှိနိုင်ဘူးလေ။ ဝယ်စရာမလိုသူကို ဘာမှ သွားရောင်းစရာလည်း အကြောင်းရှိမယ် မထင်ဘူး။*

ဖြေ။ ဟုတ်ပါတယ်။ ဆော့ခရေ့တီး(စ်)ကလည်း ဒါကို ထောက်ပြတယ်။ ဒါနဲ့ ယူသိုင်ဖရိုက နတ်ဘုရားတွေက လူတွေဆီက ဘာမှမလိုပါဘူး။ ဒါပေမဲ့ သူတို့ကို ဂုဏ်ပြုတာ၊ ချီးမွမ်းတာကို မြတ်နိုးကြောင်း ပြောပြန်တယ်။

*မေး။ ဒါဆို နတ်ဘုရားတွေက သူတို့ကို ချီးမွမ်းတာကို လိုချင်တယ်။ ဒါပေမဲ့ သူတို့အတွက်က ရဖို့ မလိုအပ်ဘူးပေါ့။ ဒါဆို မလိုအပ်တာကို ဘယ်လိုအကြောင်းကြောင့် လိုချင်ရ တာလဲလို့ မေးရမှာပေါ့။*

ဖြေ။ ဟုတ်တယ် . . . ယူသိုင်ဖရိုက ဟိုလိုလို ဒီလိုလိုပြောနေရင်း မကြာခင် မှာပဲ ဒီကိစ္စ တစ်ခုကြောင့် သွားစရာရှိတယ်ဆိုပြီး ထွက်သွားလေတယ်။

*မေး။ ရှုပ်ရှင်ကောင်းခန်းရောက်မှ မီးပျက်သွားသလိုပေါ့။*

ဖြေ။ မီးပျက်ရုံဆို တော်သေးတယ်။ အခုက ဇာတ်လမ်းပါ ပြီးသွားတာ။ ဆော့ခရေ့တီး(စ်) က မကြာခင်မှာပဲ သူ့ရဲ့ဘာသာရေးယုံကြည်ချက်နဲ့ ပတ်သက်ပြီး အမှုရင်ဆိုင်ရတယ်။ အမှုက ဆော့ခရေ့တီး(စ်)ရဲ့ ဘဝ နောက်ဆုံးခန်းပဲ။

*မေး။ ယုံကြည်မှုနဲ့ပတ်သက်ပြီး ပြင်းထန်တဲ့ မေးခွန်းတွေမေးတော့ ဆော့ခရေ့တီး(စ်)က ကွန်မြူနစ်လား။*

ဖြေ။ ဘာသာမဲ့သူလို့ ပြောချင်တာလား။

*မေး။ ဟုတ်ပါတယ်။*

ဖြေ။ ဆော့ခရေ့တီး(စ်)လောက် အမှန်တရားနောက်ကို ခေါင်းမာမာနဲ့ လိုက်တဲ့သူကို ဘာမှ မယုံကြည်သူလို့ ပြောဖို့က လွယ်ပါတယ်။ အေသင်သားတွေ နားလည်လက်ခံတဲ့ ဘာသာရေးယုံကြည်မှုတွေကို သူက လက်မခံတာ၊ အထင်မကြီးတာကတော့ ထင်ရှားပါတယ်။ ဒါပေမဲ့ ဆော့ခရေ့တီး(စ်)ရဲ့ အတွေးအခေါ်က အချို့နေရာတွေမှာ ပြတ်သားမှုတော့မရှိဘူး။ တစ်ခါခါမှာ အဆုံးသတ် ကောက်ချက်ချနိုင်ဖို့ လမ်းက ရှင်းပေမယ့် သူက အဲဒီလမ်းကိုမလိုက်ဘဲ အခြားလမ်းတွေ လိုက်ရှာတာမျိုး လုပ်တတ်တယ်။ ဒါကြောင့် လူရဲ့ တွေးတောဆင်ခြင်မှုကိုသာ အလေးထားတယ်ဆိုပေမယ့် ယုံကြည်မှုကိုတော့ ပြတ်ပြတ်သားသား သူက ပယ်လိုက်ပုံ မရဘူး။ သူပြောတဲ့အတိုင်း ဘာကိုမှ မသိပါဘူးလို့ တကယ်ပဲယုံကြည်သူလို့ထင်ရတယ်။

ပြီးတော့ သူ့နားထဲမှာ မကြာမကြာ ကြားရတဲ့ "အသံ" ကိုလည်း သူက အတော်ပဲ အားကိုးတယ်။ ဒါကို ဘာသာရေးယုံကြည်ချက်လို့ ဆိုလို့ မရပေမယ့် လုံးဝခိုင်လုံတဲ့ တွေးတောဆင်ခြင်မှုလို့လည်း ဆိုရခက်တယ်။

*မေး။ နားထဲမှာ အသံတွေကြားရတယ်ဆိုတော့ ဆော့ခရေ့တီး(စ်)က စိတ်မနှံ့တာ ဖြစ်နိုင်လား၊ စိတ်ကျန်းမာရေး မကောင်းသူတွေမှာ ဒီလိုဝေဒနာမျိုး ခံစားရတတ်တယ်။*

ဖြေ။ ဆောင်းပါးအမှတ် ၁ မှာ ဆွေးနွေးခဲ့သလို ဘယ်သူက စိတ်မှန်တယ်၊ ဘယ်သူက စိတ်မမှန်ဘူးဆိုတာ ပြောရခက်တာမို့ တစ်ချက်ခုတ် နှစ်ချက်ပြတ် ထင်မြင်ချက်တွေတော့ မပေးတော့ပါဘူး။ စိတ်ရောဂါကု ဆရာဝန်တွေ ပြောဖို့ပဲ ချန်ထားတာ ကောင်းမယ်။ ကျွန်တော်တို့က ဒဿနအကြောင်းပဲ ဆက်ပြောရအောင်။

*မေး။ ကောင်းပြီလေ။ ဒါဆိုရင် "ကောင်းလို့ ဘုရားကြိုက်တာလား၊ ဘုရားကြိုက်လို့ ကောင်းတာလား" ဆိုတဲ့ မေးခွန်းရဲ့အဖြေက ဘာလဲ။*

ဖြေ။ ဂျဲ(ဇ်)တေးဂီတဆိုတာ ဘယ်လိုမျိုးလဲလို့ အနုပညာရှင်ကြီးတစ်ယောက်ကို တစ်ခါက မေးတော့ "ဂျဲ(ဇ်)ဆိုတာ ဘာလဲလို့ မေးဖို့လိုတယ်ဆိုရင် ဒါကို ခင်ဗျား ဘယ်တော့မှ သိမှာ မဟုတ်ဘူး"လို့ သူက ပြန်ဖြေဖူးတယ်။ ကိုယ့်ဘာသာကိုယ် နားလည်နိုင်အောင်လည်း ကြိုးစားကြည့်ပေါ့ လို့ ပြောချင်တာပါ။

## ရှင်းလင်းချက်များ

- ဒီဆောင်းပါးမှာ ကောက်နုတ်ချက် ဖော်ပြခဲ့တဲ့ ဆွေးနွေးချက်တွေက ပလေးတိုးရေးတဲ့ ယူသိုင်ဖရို Euthyphro ကို အခြေခံပါတယ်။ ဒီဆောင်းပါးထဲက ကောက်နုတ်ချက် အားလုံးကို ကျွန်တော် ဘာသာပြန်တာဖြစ်တယ်။ အင်တာနက် လိပ်စာ http://classics.mit.edu/Plato/euthyfro.html မှာ အင်္ဂလိပ်လို ယူဖတ်နိုင်ပါတယ်။
- ယူသိုင်ဖရို ဒွိဟပြဿနာကို Euthyphor dilemma လို့ ခေါ်ကြတယ်။ ဒီအကြောင်း အကျယ်တဝင့် ဆွေးနွေးတဲ့ စာပေတွေအများကြီးရှိပါတယ်။ ဥပမာ တစ်ခုအနေနဲ့ ဆိုရရင် . . . Derrick Famell (2005) God and Morality, *Think,* Issue 10, Royal Institute of Philosophy ကို ကြည့်ပါ။
- အနုပညာရှင်ကြီး . . . Louis Armstrong က "If you have to ask what jazz is, you'll never know" လို့ ပြောတာကို ကြားဖူးကြပါလိမ့်မယ်။ သူက ဘယ်တုန်းက ဘယ်မှာပြောခဲ့တယ်ဆိုတာကိုတော့ ပြန်မရှာဖြစ်တော့ပါဘူး။



ဆောင်းပါး အမှတ် (၇)

## တရားတဲ့သေဒဏ်နဲ့ သေစေချင်တာလား

**ဒီတစ်ခါ ဆော့ခရေ့တီး(စ်)ရဲ့ တရားရုံးအမှု၊ အမှုရဲ့ နောက်ခံအခြေအနေ၊ တရားရုံးက အဖြစ်အပျက် စတာတွေအကြောင်း တစေ့တစောင်း ပြောကြည့်ရအောင်။**

*မေး။ ဆော့ခရေ့တီး(စ်) တရားစွဲခံရတဲ့အချိန်မှာ ဘယ်အရွယ်ရှိနေပြီလဲ။*

ဖြေ။ အသက် ၇၀ ဝန်းကျင်ရှိနေပါပြီ။ သိပ်မငယ်တော့ပါဘူး။

*မေး။ ဒီအရွယ်ကြီးရောက်မှဘယ်လိုလုပ်ပြီး ရုံးရောက်ဂတ်ရောက်ဖြစ်ရတာတုံး။*

ဖြေ။ တတ်နိုင်သလောက် ကြိုးစားပြီးပြောပြကြည့်ပါမယ်။ ဆော့ခရေ့တီး(စ်)ရဲ့ နှောင်းပိုင်း ဘဝနဲ့ ပတ်သက်တဲ့ ဆွေးနွေးခန်းနှစ်ခန်း ရှိပါတယ်။ သူ တရားရုံးမှာ အမှုရင်ဆိုင်ပုံကို ဖော်ပြတဲ့ ဆွေးနွေးခန်းရယ်၊ သူမသေခင် ထောင်မှာ သူငယ်ချင်းတွေနဲ့ ပြောခဲ့တဲ့ ဆွေးနွေးခန်းရယ်ပါ။

*မေး။ ကောင်းပြီလေ။ တရားရုံးမှာ အမှုရင်ဆိုင်ပုံကိုအရင်ပြောပြပါ။ ပြီးမှထောင်ထဲက အဖြစ်အပျက်တွေကို ကြားချင်ပါတယ်။*

ဖြေ။ အမှုရဲ့စွဲချက်ကို မပြောခင် အဲဒီကာလအတွင်းက အေသင်မြို့ရဲ့ နိုင်ငံရေး အခြေအနေကို အရင်လေ့လာကြည့်ရအောင်။ နောက်ခံ သမိုင်းကို သိနိုင်အောင်ပါ။ သူ့ကို ရုံးတင်တဲ့နှစ်က ခရစ်တော်မပေါ်ခင် သက္ကရာဇ် ၃၉၉ ခုနှစ်ပါ။ အမှုမတိုင်ခင် ၅ နှစ်အရင်မှာ အေသင်သား တွေနဲ့ စပါတန်တို့ကြားမှာဖြစ်ခဲ့တဲ့ စစ်ပြီးလို့ အေသင်သား တွေဘက်က

စစ်ရှုံးလေတယ်။ ဒါနဲ့ စပါတန်သားတွေက သူတို့အကြိုက် လူ ၃၀ကို ရွေးပြီး အေသင်ကို အုပ်ချုပ်ခိုင်းပါတယ်။ သူတို့ရဲ့ အာဏာပေး သခင်တွေကို မျက်နှာချိုသွေးချင်လွန်းတဲ့ ဒီအုပ်ချုပ်သူ ခေါင်းဆောင် ၃၀ ဟာ အေသင်သားတွေကို တစ်နှစ်ကာလလောက်အတွင်းမှာ မတရား သတ်ဖြတ်နှိပ်ကွပ်ခြင်းကို အပြင်းအထန် လုပ်ခဲ့ကြတယ်။ အေသင်မှာ နာမည်ပျက်လွန်းတဲ့ ဒီလူတွေဟာ "အာဏာရှင် ၃၀"လို့ နောက်ပိုင်းမှာ နာမည်တွင်တယ်။ အမှုမတင်ခင် ၃ နှစ် အရင်မှာ "အာဏာရှင် ၃၀"အဖွဲ့ ပြိုကွဲတယ်။ ပြီးတော့ အများအုပ်ချုပ်ရေး စနစ်ကိုလည်း ပြန်လည်ထူထောင်ခဲ့ကြပါတယ်။ ဒါပေမဲ့ ဒီမိုကရေစီ ခေါင်းဆောင်တွေဟာ ဒီကာလအတွင်းမှာ စိတ်လုံခြုံမှု အပြည့်မရကြသေးဘူး။ တရားမဲ့အုပ်ချုပ်သူတွေ ပြန်လည်နာလန်ထူလာမှာကို စိုးရိမ်နေကြတာပေါ့။

ပြဿနာတစ်ခုက ဆော့ခရေ့တီး(စ်) ရဲ့ မိတ်ဆွေ လူငယ်အချို့ဟာ "အာဏာရှင် ၃၀"ရဲ့ ဦးစီးပိုင်းမှာ ပါဝင်ပတ်သက်ထားဖူးသူတွေ ဖြစ်နေလေတယ်။ စစ်ထွက်နေစဉ် ကာလအတွင်း အေသင်မှာ အမှုဖြစ်ခဲ့တဲ့ အသိလူငယ်တစ်ယောက်ဆိုရင် အေသင်ကို ပြန်ပြီး အမှုပြန်မရင်ဆိုင်ဘဲ ရန်သူတွေဘက်ကို ခိုလှုံသွားရုံသာမက အေသင်ကိုပါ ပြန်လည်တိုက်ခိုက်လိုက်ပါသေးတယ်။ ဒါကြောင့် နိုင်ငံရေးသစ္စာဖောက် အေသင်နိုင်ငံသားတွေရဲ့ မြင်ဆရာ ကြားဆရာဖြစ်တဲ့ ဆော့ခရေ့တီး(စ်)ကို အုပ်ချုပ်သူတွေက သံသယရှိကြမှာပဲ။ သူ့ဩဇာကြောင့် လူငယ်တွေ ပျက်စီးရတယ်လို့ ထင်ကြမှာပဲ။ အများအုပ်ချုပ်ရေးစနစ် ပြန်လည်ထူထောင်ပြီး နောက်ပိုင်းမှာ အေသင်သား အားလုံးကို နိုင်ငံရေးပြစ်မှုတွေကနေ လွတ်ငြိမ်းချမ်းသာခွင့်ပေးထားပေမယ့် ဆော့ခရေ့တီး(စ်)ကို အခဲမကျေတဲ့သူတွေ ရှိနေသေးတာတော့ သေချာသလောက် ရှိတယ်။

နောက်ပြဿနာတစ်ခုကတော့ နာမည်ကြီး သရော်ပြဇာတ်ရေးဆရာ အချို့က "ဆော့ခရေ့တီး(စ်)" ကို ဇာတ်ကောင်အဖြစ် သုံးပြီး အေသင်က ဒဿနဆရာတွေကို နာမည်ပျက်အောင် အမျိုးမျိုး သရော်ထားခဲ့ကြဖူးတယ်။ ရိုးရာယဉ်ကျေးမှုကို ဖီဆန်သူ၊ ဘုရားမဲ့တရားများကို ယုံကြည်သူ၊ ဂျိုးကို လိပ်ဖြစ်အောင် ပြောတတ်တဲ့ မုသားဝါဒကို လက်ကိုင်ထားသူ

စသည်ဖြင့် အမျိုးမျိုး နောက်ပြောင်ဝေဖန်ထားတာတွေကိုလည်း အေသင်သားတွေ မှတ်မိကြဦးမှာပဲ။ အများက ဘုရားလို့ ကိုးကွယ်တဲ့ နေမင်းကြီးကို "မီးလိုပူတဲ့ ကျောက်တုံးကြီးပါ" လို့ပြောတဲ့ သိပ္ပံဆရာတွေ၊ "ခွန်အားသာသူက မှန်တယ်" လို့ယုံတဲ့ ဒဿနဆရာတွေရဲ့ အကြားမှာ "ဆင်းရဲနာကျတဲ့ လေအိုးကြီး" ဆောခရေ့တီး(စ်)ကလည်း နာမည်ပျက်ဖို့ မခက်နိုင်ဘူး။ ပြဇာတ်တွေက ပုံကြီးချဲ့တယ် ဆိုတာ သိကြပေမယ့် "ပုပ်လို့ပေါ်တာ၊ ဟုတ်လို့ကျော်တာ" လို့ အချို့က ထင်ကောင်း ထင်ကြမှာပဲလေ။

ဆောခရေ့တီး(စ်)ကိုယ်တိုင်ရဲ့ ဘာသာရေး အယူအဆတွေကလည်း အများနဲ့ မတူဘူးဆိုတာကို လူတိုင်းသိကြပါတယ်။ ကိစ္စတစ်ခုရဲ့ အမှားအမှန်ကို ဆုံးဖြတ်ရမယ့်အခါ မျိုးတိုင်း သူ့ရဲ့နားထဲမှာ အသံတစ်ခု ပေါ်လာကြောင်း၊ အဲဒီအသံဟာ သူ့ကိုအကြံပြုလမ်းပြပေးကြောင်းကို ဆောခရေ့တီး(စ်)က လူသိရှင်ကြား မကြာမကြာ ပြောဖူးတယ်။ အဲဒီအသံကို သူ့ရဲ့ "ကိုယ်စောင့်ဝိညာဉ်"လို့လည်း သူက ခေါ်ပါတယ်။ ဒီမှာ သူ့ရဲ့ နားထဲကအသံဆိုတာက သူ့ရဲ့ လိပ်ပြာကို ညွှန်းပုံရပါတယ်။ ဥပမာ မတရားမှုတစ်ခုကို သိလျက်နဲ့လုပ်ရမယ့်အခါမျိုးမှာ လူဟာ "လိပ်ပြာမလုံ" ဖြစ်တတ်ပါတယ်။ လိပ်ပြာမလုံဖြစ်ရမယ့် အလုပ်မျိုးကို မလုပ်မိဖို့ ဆောခရေ့တီး(စ်)က အတော်လေး စဉ်းစား သတိထားပုံ ရှိတယ်။ သူ့လိပ်ပြာခေါ်ရာ လိုက်ရလို့ အသက်အန္တရာယ်နဲ့ကြုံရလည်း သူကမဖြုံဘူး။ တစ်ခါမှာ "အာဏာရှင် ၃၀"က ဆောခရေ့တီး(စ်) အပါအဝင် လူ ၅ ယောက်ကိုလွှတ်ပြီး နိုင်ငံရေးသမား တစ်ယောက် ကို သေဒဏ်ပေးဖို့ သွားဖမ်းခိုင်းစေတယ်။ သတ်ရင်လည်း သေပါစေ၊ ဒီလိုမတရားမှုကို မလုပ်နိုင်ဘူးဆိုတဲ့သဘောနဲ့ ဆောခရေ့တီး(စ်)က သူတို့ခိုင်းသလိုမလုပ်ဘဲ အိမ်ပြန်သွားလေတယ်။ အခြားလူ ၄ ယောက် ဖမ်းလို့ အဲဒီနိုင်ငံရေးသမားက သေသွားပါတယ်။ ဒါပေမဲ့ မကြာခင်ပဲ "အာဏာရှင် ၃၀" ကို အေသင်သားတွေက ဖြုတ်ချလိုက်တာမို့ ဆော ခရေ့တီး(စ်)ဟာ အသက်ဘေးကနေ ကံကောင်းထောက်မစွာ လွတ်သွား တာပေါ့။ သူက ဘယ်လောက်ပဲ လေးစားတယ်ပဲဆိုပါစေ ဆောခရေ့ တီး(စ်)ရဲ့ လိပ်ပြာဆိုတာ အေသင်အစိုးရက အသိအမှတ်ပြုထားတဲ့

နတ်ဘုရားတစ်ပါး မဟုတ်ဘူး။ ဒါကြောင့် သူ့ကို ဘာသာရေး မယုံကြည်သူလို့ အချို့က သံသယရှိကြမှာပဲ။

နိုင်ငံရေးအခြေအနေတွေ မတည်ငြိမ်တဲ့အချိန်မှာလည်း ဆော့ခရေ့တီး(စ်)က လမ်းတကာသွားပြီး လူကောင်း ဖြစ်ဖို့ကလွဲပြီး ဘာကိုမှ ဂရုမစိုက်ဖို့ စကာတွေကိုသာ လှုံ့ဆော်နေလေတော့ ခေါင်းဆောင်တွေက သူတို့ရဲ့ အာဏာထိပါးလာတာကို သိကြမှာ အမှန်ပဲ။

*မေး။ ခင်ဗျားပြောသလိုဆိုရင် ဘယ်လို ရှုထောင့်ကပဲ ကြည့်ကြည့် ဆော့ခရေ့တီး(စ်)ဟာ သေသူအနားမှာ သွေးစိုးအေးနဲ့ ဖမ်းမိတဲ့တရားခံလို ဖြစ်နေပြီပေါ့။ သေသူကို သူက မသတ်ပါဘူးလို့ ရှင်းပြဖို့ သိပ်လွယ်မှာတော့မဟုတ်ဘူး။ သူ့ကို ဘာအမှုနဲ့ တရားစွဲတာပါလဲ။*

ဖြေ။ စွဲချက်တွေက နည်းနည်းများတယ်။ သူ့ရဲ့ အဓိကကျူးလွန်ချက်တွေက "ရိုးရာ ဂရိနတ်ဘုရားများကို မကိုးကွယ်ခြင်း၊ တိုင်းတစ်ပါးမှ ဘုရားများကိုကိုးကွယ်ခြင်းနဲ့၊ လူငယ်တွေရဲ့ စိတ်ဓာတ်ကိုပျက်ပြားစေခြင်း" ဆိုတာမျိုးဖြစ်တယ်။

*မေး။ တရားရုံးကို ဘယ်လို ဖွဲ့စည်းထားသလဲ။ အမှုနဲ့ဆိုင်တဲ့ လုပ်ထုံးလုပ်နည်းကိုလည်း ပြောပါဦး။*

ဖြေ။ သူ့အမှုကိုဆုံးဖြတ်ပေးမှာက အေသင်မြို့သား လူအယောက် ၅၀၀ ပါဝင်တဲ့ တရားသူကြီးအဖွဲ့ ဖြစ်တယ်။ အမှုစွဲသူကို တရားလိုလို့ ခေါ်ကြတယ်။ အမှုစွဲခံရသူကို တရားခံလို့ ခေါ်ကြတယ်။ အမှုဖြစ်ရင် တရားခွင်က တရားသူကြီးအဖွဲ့ထံကို အမှုအကြောင်းနဲ့ပတ်သက်ပြီး တရားလိုဘက်က အရင်တင်ပြမယ်၊ အထောက်အထားတွေ ထုတ်ပြမယ်။ ပြီးရင် တရားခံက တစ်ခါ ဒီစွဲချက်ဟာ မမှန်ကန်ကြောင်းကို တစ်ဖန်လျှောက်လဲချက်တင်မယ်၊ စွဲချက်ကိုချေပမယ်၊ ထုချေမယ်၊ တရားလိုကို အပြန်အလှန် စစ်ဆေးမေးမြန်းမယ်။ နှစ်ဖက်စလုံးက အမှုအကြောင်း ကိုယ်စီ လျှောက်ပြီးရင် တရားသူကြီးအဖွဲ့က မဲပေးပြီး မဲများတဲ့ဘက်ကို အမှုနိုင်စေတယ်။ တရားခံဘက်က မဲများရင် သူက အမှုက လွတ်တာပေါ့။ တရားလိုဘက်က မဲများရင် တရားခံကို ပြစ်ဒဏ်ချမှတ် ပေးရမယ်။ ပြစ်ဒဏ်မသတ်မှတ်ခင်မှာ တရားလိုဘက်က

ဘယ်လို ဒဏ်ခတ်သင့်ကြောင်း တင်ပြမယ်၊ ပြီးရင် ဘယ်လို ဒဏ်ခတ်သင့်ကြောင်းကို တရားခံဘက်က တစ်ဖန် ပြန်လည် အဆိုပြုမယ်။ တရားသူကြီးအဖွဲ့က နောက်တစ်ခါ မဲပေးပြီး ပြစ်ဒဏ်ကို ဆုံးဖြတ်ပေးမှာ။ အကြမ်းအားဖြင့် အဆင့် ၂ ဆင့် ရှိတယ်။

*မေး။ ဒီအမှုမှာ တရားလိုဘက်က အမှု ဘယ်လိုလျှောက်လဲ။*

ဖြေ။ ဒါက အလွန်ပဲ သိချင်စရာကောင်းလှပါတယ်။ သို့ပေမယ့် တရားလိုရဲ့ စွဲချက်နဲ့ ပတ်သက်တဲ့ တိုက်ရိုက်သမိုင်း အထောက်အထား မရှိဘူး။ ဆော့ခရေ့တီး(စ်)ရဲ့ ချေပချက်တွေနဲ့ပတ်သက်တဲ့ အထောက်အထားတွေသာ ရှိတယ်။ ဒါကြောင့် သူ့ ချေပချက်ကိုလေ့လာရင်း စွဲချက်အကြောင်း သွယ်ဝိုက်ပြီး နားလည်ကြည့်ရမယ်။

*မေး။ ဆော့ခရေ့တီး(စ်)က တရားရုံးမှာ သူ့အမှုကို ဘယ်လိုလျှောက်လဲ။*

ဖြေ။ အမှုလည်းစရော ဆော့ခရေ့တီး(စ်)က သူဟာ "ရိုးရိုးရှင်းရှင်းစကားမျိုးပဲ ပြောတတ်သူဖြစ်တယ်။ တရားရုံးမှာ အမှုရင်ဆိုင်ဖူးတဲ့ အတွေ့အကြုံမျိုး မရှိသူမို့ အပြောမှားပြီး ရိုင်းရင်ခွင့်လွှတ်ပါ" ဆိုတာမျိုးနဲ့ စပါတယ်။ ပြီးတော့ အရပ်စကားတွေထဲမှာ သူ့ကို နာမည်ပျက်အောင် ပြောနေကြတာ ကြာပြီမို့ ဒါတွေအကုန်ကို ရှင်းပြဖို့သူ့မှာ အချိန်အများကြီး မရှိနိုင်ပါလို့လည်း ပြောပါသေးတယ်။ ဒီလိုနဲ့ပဲ စိတ်သိပ်မရှည်ချင်တဲ့ တရားသူကြီးအဖွဲ့ရှေ့မှာ သူ့ရဲ့ ရှည်လျားတဲ့ လျှောက်လဲချက်ကို ဆော့ခရေ့တီး(စ်)ဟာ ဆူလိုက်၊ ငေါက်လိုက်နဲ့ ဖော်ပြလေတယ်။

"ဆော့ခရေ့တီး(စ်)ဟာ သူနဲ့မဆိုင်တဲ့ မိုးပေါ်ကအရာ၊ မြေအောက်က အရာ စတာတွေအကြောင်း စပ်စုတဲ့အလုပ်လုပ်တယ်။ မခိုင်လုံတဲ့ အကျိုးအကြောင်းကို ခိုင်လုံပုံပေါ်အောင်လုပ်တယ်။ ဒီလိုလုပ်ဖို့လည်း လူငယ်တွေကို သင်ပေးတယ်" လို့ ဆိုတဲ့ စွဲချက်ကို ချေပရာမှာ ဆော့ခရေ့တီး(စ်)က အချက် နှစ်ချက်ကို ထောက်ပြပါတယ်။ တစ်ချက်က သူဟာ ပြဇာတ်ဆရာတွေရေးတဲ့ ပြဇာတ်ထဲမှာလို "ကျုပ်က လေပေါ်မှာ လမ်းလျှောက်နိုင်တယ်" ဆိုတဲ့ ပေါက်ကရစကားမျိုးကို လမ်းတကာ သွားပြီး ပြောသူမဟုတ်ပါ။ ပြဇာတ်ထဲက "ဆော့ခရေ့တီး(စ်)" ဆိုတဲ့ ဇာတ်ကောင်က ပြောတဲ့ ပညာမျိုးကိုလည်း သူမသိပါလို့

ဆိုပါတယ်။ နောက်တစ်ချက်က စွပ်စွဲသူက ထင်သလို သူဟာ ပိုက်ဆံယူပြီး လူငယ်တွေကို ပညာသင်ပေးသူမဟုတ်ပါ။ ပညာသင်ပေးတယ်ဆိုတာ မြင့်မြတ်တဲ့အရာလို့ သူကယုံကြည်ပေမယ့် သူများကို သင်ပေးဖို့ ပညာမျိုးတော့ သူ့မှာ မရှိပါလို့ ဆိုပါသေးတယ်။

"ပညာမသင်ပေးဘူးဆိုရင် ကျုပ်က ဘာလုပ်သလဲလို့ မေးစရာရှိပါတယ်။ ဒါဟာ၊ မေးသင့်မေးထိုက်တဲ့ မေးခွန်းဖြစ်လို့ ကျုပ်ဖြေပါမယ်" လို့ ဆော့ခရေ့တီး(စ်)က ဆက်ပြောပါတယ်။ တစ်ခါက သူ့မိတ်ဆွေ တစ်ယောက်က အကြားအမြင်ရ နတ်ဝင်သည် တစ်ယောက်ဆီ သွားပြီး "ဆော့ခရေ့တီး(စ်)ထက် ပိုပြီး အမြော်အမြင်ကြီးသူ ရှိပါသလားခင်ဗျား" လို့မေးလေတော့ နတ်ဝင်သည်က "ဆော့ခရေ့တီး(စ်)ထက် ပိုပြီး အမြော်အမြင်ကြီးသူ မရှိဘူး" လို့ မိန့်ဖူးတယ်။ ဘာမှ မည်မည်ရရ သိသူမဟုတ်လို့ သူ့ကိုယ်သူ ယူဆထားရာက အခု နတ်ဝင်သည် ကိုယ်တိုင်က သူသာလျှင် ဉာဏ်ပညာ အပြည့်စုံဆုံးလို့ ဆိုလေတယ်။ သူက ဒီကိစ္စကိုရှင်းဖို့ ဆုံးဖြတ်လိုက်တယ်။ တကယ်လို့သာ သူ့ထက်ပိုပြီး ပညာရှိသူ အေသင်သားတစ်ယောက်ကို ရှာနိုင်မယ်ဆိုရင် ဒီ အကြားအမြင် နတ်ဝင်သည် ပြောတာဟာ မမှန်ကြောင်း သူ သက်သေပြနိုင်မှာပေါ့။ ဒါနဲ့ ဆော့ခရေ့တီး(စ်) က အေသင်မှာရှိတဲ့ နာမည်ကျော် ပညာရှင်ကြီးတွေနဲ့ စကားသွားပြောကြည့်လေတယ်။

ပထမဦးဆုံး ဆော့ခရေ့တီး(စ်)က နိုင်ငံ့ခေါင်းဆောင်ကြီးတစ်ယောက်နဲ့တွေ့ပြီး စကား အပြန်အလှန် ပြောကြည့်ပါတယ်။ အများအမြင်မှာတော့ ဒီလူဟာ ပညာရှိကြီးတစ်ယောက်ပေါ့။ အထူးသဖြင့် နိုင်ငံ့ခေါင်းဆောင်ကြီးရဲ့ အမြင်မှာ သူဟာ ပညာရှိကြီးတစ်ယောက်ပေါ့။ ဒါပေမယ့် စကားပြောကြည့်တဲ့အခါမှာ ဒီလူဟာ ထင်သလောက်တော့ အမြော်အမြင် မရှိဘူးဆိုတာကို ဆော့ခရေ့တီး(စ်)က တွေ့ရှိတယ်။ ဒါနဲ့ "ခင်ဗျားက ပညာရှိတစ်ယောက်ပါလို့ ကိုယ့်ကိုယ်ကိုယ် ထင်ပေမယ့် တကယ်တော့ ပညာရှိ မဟုတ်ပါဘူး" လို့ ဆော့ခရေ့တီး(စ်) က ထောက်ပြတော့ ဒီလူရဲ့ မုန်းတီးခြင်းကို ခံရတာပေါ့။

*မေး။စိတ်ထဲတင် အမုန်းခံရတယ်ဆိုရင်တော့ တော်သေးတာပေါ့။ ရိုက်မလွှတ်လိုက်တာ ကံကောင်းလို့ ပြောရမယ်ထင်တယ်။*

ဖြေ။ ဟုတ်ပါတယ်။ နိုင်ငံ့ခေါင်းဆောင်တစ်ယောက်နဲ့ စကားပြောကြည့်ပြီးတော့ တစ်ခါ စာပေပညာကျွမ်းကျင်သူတွေနဲ့ စကားသွားပြောပြန်တယ်။ ဒီလူတွေက စာပေ အရေးအသားကောင်းသူတွေဖြစ်ပေမယ့် စကားပြောကြည့်တဲ့အခါမှာတော့ ထင်သလောက် အမြော်အမြင်ရှိသူတွေ မဟုတ်ဘူးဆိုတာကို ဆော့ခရေ့တီး(စ်)က တွေ့ရပြန်တယ်။ နောက်ဆုံး လက်မှုပညာရှင်တွေနဲ့ စကားပြောကြည့်တဲ့အခါမှာလည်း သူတို့ဟာ ထင်သလောက်အမြော်အမြင်ရှိသူတွေ မဟုတ်ဘူးဆိုတာကိုပဲ တွေ့ရလေတယ်။

*မေး။ လူတိုင်းကို "ခင်ဗျားတို့က ထင်သလောက် အမြော်အမြင်မရှိပါဘူးလို့" ဆိုပြီး ပြည်သူ့ မေတ္တာခံယူနေတဲ့ ဆော့ခရေ့တီး(စ်)ကို အေသင်သား အချို့က အမြင်ကတ်နေမှာကိုတော့ မှန်းကြည့်နိုင်တယ်ဗျာ။*

ဖြေ။ ဒီအတွက် သူက နောင်တတော့ မရဘူး။ ဒါဟာ ဘုရားရှင်က ခိုင်းတဲ့ အလုပ်လို့ ဆော့ခရေ့တီး(စ်)က ယူဆတယ်။ တရားရုံးမှာ သူက အခုလို ပြောတယ် . . .

"ဒါကြောင့် ဘုရားရှင်ရဲ့ အလိုတော်အတိုင်း ကျုပ်ဟာ အရပ်တကာ လှည့်လည်တယ်။ အမြော်အမြင်ရှိမယ်လို့ ထင်ရသူကိုတွေ့ရင် သူဟာ နိုင်ငံသားပဲဖြစ်ဖြစ်၊ သူစိမ်းပဲ ဖြစ်ဖြစ်၊ သူ့ကို မေးမြန်းမယ်၊ ဆန်းစစ်ကြည့်မယ်။ တကယ်လို့ သူက အမြော်အမြင် မရှိဘူးဆိုတာ ထင်ရှားရင် ကျုပ်က ထုတ်ပြောမယ်။ ဒါကြောင့် နတ်ဝင်သည်ပြောတာ မမှားကြောင်း ထင်ရှားတာပေါ့။ အဲဒီအလုပ်ကြောင့် ကျုပ်မှာ နိုင်ငံတော်ကိစ္စရော အိမ်ကိစ္စတွေအတွက်ပါ ပြောပလောက်အောင်လုပ်ပေးဖို့ အချိန်အခါမျိုး မရတော့ဘူး။ ဘုရားရှင်ကို အလုပ်ကျွေးပြုနေတာကြောင့် ကျုပ်က အခုလို ဆင်းရဲမွဲတေနေရတာ"

*မေး။ ဒီလူက တယ်လည်းအလာကြီးပါလား။ သူ့ဘုရားရှင်ရဲ့စကားကလွဲရင် အခြားလူစကား သူ နားမထောင်ဘူးပေါ့လေ။*

ဖြေ။ ဟုတ်တယ်။ လူရှေ့သူရှေ့မှာ ပုဂ္ဂိုလ်ကြီးတွေကို အပြန်အလှန် မေးမြန်းဆန်းစစ်ပြီး ခင်ဗျားတို့ဟာ ထင်သလောက် အမြော်အမြင်ရှိသူတွေ မဟုတ်ပါဘူးလို့ ဆိုတဲ့အခါမှာ ငွေရှိပြီး အလုပ်အကိုင်သိပ်မရှိတဲ့

လူငယ်အချို့က ဆော့ခရေ့တီး(စ်)ကို အားကျကြတယ်။ သူ့နည်းကို လိုက်ပြီး အတုယူကြတယ်။ ပြီးတော့ ဒီလူငယ်တွေကလည်း လူကြီးတွေကို အပြန်အလှန် မေးမြန်းဆန်းစစ်ကြလေတယ်။ ဒါကြောင့် "ဆော့ခရေ့တီး(စ်) ဟာ လူငယ်တွေကို ဖျက်ဆီးသူ၊ တကယ့်လူမသမာကြီးပဲ" လို့ လူတွေက ပြောကြတာပေ့ါ။

ဒါကြောင့် ပိုလေးနက်တဲ့ စွဲချက်တစ်ခုက . . . "ဆော့ခရေ့တီး(စ်) ဟာ လူငယ်တွေ ဖျက်ဆီးတယ်။ ပြီးတော့ ရိုးရာ ဂရိနတ်ဘုရားများကို မကိုးကွယ်ဘဲ တိုင်းတစ်ပါးမှ တန်ခိုးရှင်များကို ကိုးကွယ်တယ်" ဆိုတာပါပဲ။ ဒီစွဲချက်ကို ချေပရာမှာ ဆော့ခရေ့တီး(စ်)က မလီတပ်(စ်)ဆိုတဲ့ တရားလိုကို အခုလို အပြန်အလှန် မေးမြန်းလေတယ်။

ဆော့။ ။ လူငယ်တွေ ကောင်းနိုင်သလောက် ကောင်းမွန်ရမယ်ဆိုတာ ကသာ ခင်ဗျားရဲ့ စိတ်ထဲ တကယ်ရှိတာမဟုတ်လား။

မလီ။ ။ ဟုတ်ပါတယ်။ တကယ်ရှိပါတယ်။

ဆော့။ ။ ကောင်းပြီလေ။ ဒါဆိုရင် လူငယ်တွေကောင်းမွန်ရေးကို ဘယ်သူက လုပ်တယ်ဆိုတာကို တရားရုံးကို ပြောပြလေ။

မလီ။ ။ ဥပဒေက လုပ်တာပါ။

ဆော့။ ။ ကျုပ်က ဒါကိုမေးတာ မဟုတ်ပါဘူး ကိုယ့်ဆရာရဲ့။ ဘယ်သူက လုပ်တာလဲလို့ မေးတာပါဗျ။

မလီ။ ။ ဟောဒီက တရားသူကြီး အဖွဲ့ဝင်တွေက လုပ်တာပါ ဆော့ခရေ့တီး(စ်)။

ဆော့။ ။ သူတို့ဟာ လူငယ်တွေကို လေ့ကျင့်သင်ကြားပေးနိုင်တယ်၊ ပြုပြင်ပေးတယ်ပေ့ါလေ ဟုတ်လား။

မလီ။ ။ ဟုတ်ပါတယ်။

ဆော့။ ။ သူတို့ထဲက အချို့ကလုပ်တာလား၊ အားလုံးက လုပ်တာလား။

မလီ။ ။ အားလုံးက လုပ်တာပါ။

ဆော့။ ။ ဟာ . . . ကျုပ်တို့အတွက် သတင်းကောင်းတွေ ခင်ဗျားက ယူလာတာကိုး။ [လူငယ်တွေကို ပြုပြင်ပေးတဲ့] ကျေးဇူးရှင်

တွေကလည်း မနည်းဘူးနော်။ အခြားကော ဘယ်သူတွေ ရှိပါသေးလဲ။ ဒီနားမှာ ပွဲကြည့်သူတွေကရော လူငယ်တွေကို ပြုပြင်ပေးတာပဲလား။

မလိ။ ။ ဟုတ်ပါတယ်။ သူတို့လည်း လုပ်ပေးပါတယ်။

ဆော့။ ။ ဥပဒေပြုလူကြီးတွေကရော။

မလိ။ ။ သူတို့လည်း အတူပါပဲ။

ဆော့။ ။ အများပြည်သူခန်းမမှာ ထိုင်နေကြတဲ့ လူတွေကရော၊ သူတို့လည်းပဲ လူငယ်တွေကို ဖျက်ဆီးတာဖြစ်နိုင်သလား၊ ဒါမှမဟုတ် သူတို့က လူငယ်တွေကို ပြုပြင်ပေးသလား မလိတပ်(စ်)။

မလိ။ ။ သူတို့လည်းပဲ ပြုပြင်ပေးပါတယ်။

ဆော့။ ။ ဒါဆိုရင် ကျုပ်ကလွဲပြီး အေသင်သားအားလုံးက လူငယ်တွေကို ကောင်းအောင်၊ လူကောင်းလူမွန်ဖြစ်အောင် လုပ်ပေးကြတယ်။ ကျုပ်တစ်ယောက်တည်းကသာ လူငယ်တွေကို ပျက်စီးအောင် လုပ်တယ်ပေါ့။ ခင်ဗျားက အဲသလို စွပ်စွဲတာလား။

မလိ။ ။ ဒါကို အလေးအနက် စွပ်စွဲတာပါ။

ဆော့။ ။ နိုင်ငံသားကောင်းတွေနဲ့အတူ နေထိုင်ရတာကောင်းသလား၊ နိုင်ငံသားဆိုးတွေနဲ့အတူ နေထိုင်ရတာ ပိုကောင်းသလား။ ဖြေပါ ကိုယ့်မိတ်ဆွေ။ ကျုပ်မေးခွန်းက မခက်ပါဘူး။ လူဆိုးတွေက သူတို့ရဲ့ အိမ်နီးချင်းတွေကို အန္တရာယ်ပေးတယ်၊ လူကောင်းတွေက ကောင်းမှုပြုပေးတယ် မဟုတ်လား။

မလိ။ ။ ဟုတ်ပါတယ်။

ဆော့။ ။ အတူတူနေထိုင်သူတွေရဲ့ ကောင်းမှုပြုခြင်းကို မလိုချင်ဘဲ ရိုက်နှက်မှုကိုသာ ပိုပြီးလိုချင်တဲ့ လူရော ရှိသလား။ ဖြေပါ ကိုယ့်ဆရာရေ့။ ဥပဒေအရ ခင်ဗျားမှာ ဖြေဖို့ တာဝန် ရှိပါတယ်။ ရိုက်နှက်မှုကိုသာ ပိုပြီးလိုချင်တဲ့လူ ရှိသလား။

မလိ။ ။ မရှိပါဘူး။

ဆော့။ ။ဒါဆို ခင်ဗျားအခုစွဲတဲ့စွဲချက်အရ ကျုပ်က လူငယ်တွေကို သိလျက်နဲ့ ဖျက်ဆီးခဲ့တာလား၊ မသိဘဲနဲ့ ဖျက်ဆီးတာလား ပြောပါ။

မလိ။ ။ သိလျက်နဲ့ ဖျက်ဆီးတာလို့စွဲတာပါ။

ဆော့။ ။ဘယ်လိုလုပ် ဒီလိုဖြစ်ရတာတုံး။ ကျုပ်က လူငယ်တွေကို လုံးလုံးမဖျက်ဆီးတာ ဖြစ်ရင်ဖြစ်မယ်။ ဒါမှမဟုတ်ရင် လူငယ်တွေကို မသိဘဲနဲ့ ဖျက်ဆီးတာဖြစ်ရင် ဖြစ်မယ်။ ဘယ်လိုပဲ ဖြစ်စေ ခင်ဗျားက လိမ်ပြောနေတာပဲ။

မေး။ဆော့ခရေ့တီး(စ်)ရဲ့ လျှောက်လွဲချက်ကလည်း လေကြောရှည်လွန်းတယ်။ ဘာလို့ တိုတိုရှင်းရှင်း မပြောရတာလဲ။

ဖြေ။ ဘာကိုပြောချင်တာလဲ။

မေး။ သူပြောတာရဲ့ ဆိုလိုရင်းက ဒီလိုလေ။ သူက လူငယ်တွေကို သိလျက်နဲ့ ပျက်စီးအောင် လုပ်တာ ဖြစ်နိုင်တယ်၊ ဒါမှမဟုတ် မသိဘဲနဲ့ ပျက်စီးအောင်လုပ်မိတာ ဖြစ်နိုင်တယ်။ ဒါပေမဲ့ သူက သိလျက်နဲ့တော့ လူငယ်တွေကို ပျက်စီးအောင်မလုပ်နိုင်ဘူး။ ဘာကြောင့်လဲဆိုတော့ လူငယ်တွေက ပျက်စီးပြီးဆိုးသွမ်းကြရင် သူ့ကို အန္တရာယ်ပြုကြမှာပေါ့။ ဘယ်သူကမှ ကိုယ့်ကို အန္တရာယ်ပြုမှာကို မလိုလားဘူး။ ဒါကြောင့် သူဟာ လူငယ်တွေကို သိလျက်နဲ့ ပျက်စီးအောင်လုပ်တာ မဖြစ်နိုင်ဘူး။ မသိဘဲနဲ့ ပျက်စီးအောင်လုပ်မိတာ ဆိုရင်လည်း ဒီအမှုနဲ့ သူ့ကို စွဲချက်တင်လို့ မရနိုင်ဘူး။ ဒီလျှောက်လဲချက်က ယုတ္တိဗေဒအရ ခိုင်လုံပေမယ့် သာမန်စကားအရ ပြောရရင်တော့ လေကြော ရှည်လွန်းတယ်။ ဥပမာဗျာ သူက လူငယ်တွေကို ပျက်စီးအောင် လုပ်ရင် လူငယ်တွေရဲ့ မိဘဆွေမျိုး အသိုင်းအဝိုင်းက သူ့ကို အပြစ်တင် ကြမှာပေါ့။ ဒါပေမဲ့ အဲသလို အပြစ်တင်တာမျိုး မရှိဘူးလို့ ဆော့ခရေ့တီး(စ်)က သက်သေပြလိုက်ရင် ပြီးတာပဲ မဟုတ်လား။

ဖြေ။ ဟုတ်ပါတယ်။ ဒါပေမဲ့ လူငယ်တွေရဲ့ မိဘဆွေမျိုးအသိုင်းအဝိုင်းကရော ဆော့ခရေ့တီး(စ်)ကို ထောက်ခံပေးပါ့မလားတော့ မသိရပါဘူး။ တရားရုံးကလည်း မျက်မြင်သက်သေတွေကို ခေါ်ခွင့် ပေးမပေး မသိရပါဘူး။

မေး။ ကောင်းပြီလေ။ သူ့ဘာသာရေး ယုံကြည်ချက်နဲ့ ပတ်သက်တဲ့ စွဲချက်ကိုရော သူက ဘယ်လိုတုံ့ပြန်သလဲ ပြောပြပါဦး။

ဖြေ။ ဒီတစ်ခါတော့ ဆော့ခရေ့တီး(စ်)က သူဟာ နတ်ဘုရားအချို့ကိုပဲ မယုံကြည်တာလား၊ အားလုံးကို မယုံကြည်တာလားလို့ မလီတပ်(စ်)ကို မေးတော့ သူက အားလုံးကို မယုံကြည်တာပါလို့ ပြန်ဖြေတယ်။ ဒါဆို မလီတပ်(စ်)ဟာ တစ်ဖက်မှာ သူ့ကို နတ်ဘုရားအားလုံးကို မယုံကြည်ဘူးလို့ ပြောသလို၊ နောက်တစ်ဖက်မှာ တိုင်းတစ်ပါးက နတ်ဘုရားတွေကိုလည်း ကိုးကွယ်သူလို့ ပြောတဲ့အတွက် သူ့စွဲချက်တွေဟာ ရှေ့နောက်မညီဘူးလို့ ဆော့ခရေ့တီး(စ်)က ပြောပြန်တယ်။

ဒီလို ရှည်လျားပြီး နားလည်ဖို့ခက်တဲ့စကားတွေ လျှောက်ပြောနေတော့ တရားရုံးက လူတွေ စိတ်ကုန်ပြီး တစ်ယောက်တစ်ပေါက် စကားတွေ ပြောကြလို့ ဆော့ခရေ့တီး(စ်) က သူတို့ကို ကြိမ်းမောင်းပြီး နားထောင်ခိုင်းတယ်။ မလီတပ်(စ်)ကလည်း မဆီမဆိုင် မေးခွန်းတွေ ဖြေနေရတော့ အတော်လေးလည်း စိတ်တိုလာပုံပေါ်တယ်။

မေး။ မလွယ်တဲ့လူပါလား။

ဖြေ။ စိတ်မဝင်စားတဲ့ တရားသူကြီးအဖွဲ့ ရှေ့မှာလည်း သူက ရဲရဲတောက် မိန့်ခွန်း ထပ်ပြီး ခြွေလိုက်ပါသေးတယ်။

"မိတ်ဆွေ . . . တစ်စုံတစ်ရာ အသုံးကျသူတစ်ယောက်ဟာ သေဖို့ ရှင်ဖို့ အခွင့်အလမ်း ဘယ်လောက်ရှိသလဲ ဆိုတာကို ထည့်စဉ်းစား သင့်တယ် ဆိုရင် အပြောမှားလိမ့်မယ်။ တစ်စုံတစ်ရာပြုလုပ်ရင် ဒီလုပ်ရပ်ဟာ မှန်သလား၊ မှား သလား၊ လူကောင်းတစ်ယောက်ရဲ့ လုပ်ရပ်လား၊ လူညံ့တစ်ယောက်ရဲ့ လုပ်ရပ်လားဆိုတာကိုပဲ စဉ်းစားဖို့လိုတယ်။ သေဖို့ ကြောက်တယ်ဆိုတာကလည်း အခြားတော့ မဟုတ်ဘူး။ ပညာမရှိပေမယ့် ပညာရှိတယ်လို့ ထင်တာမျိုးပဲ။ ကိုယ် မသိတာကို သိတယ်လို့ ထင်တာမျိုးပဲ"

ဆော့ခရေ့တီး(စ်)ကသာ ပညာရှာတဲ့အလုပ်၊ ပညာနောက်လိုက်တဲ့ အလုပ်ကို ရပ်တန့်ကရပ်မယ်လို့ကတိပေးရင် သူ့ကို အမှုကနေ လွှတ် ပေးမယ်။ ဒါပေမဲ့ အဲသလို အလုပ်တွေ ပြန်လုပ်နေတာမျိုး တွေ့ရင်တော့

သေစေရမယ်လို့ အနိတပ်(စ်) ဆိုတဲ့ တရားလိုတစ်ယောက်က အဆိုပြုတော့ ဆော့ခရေ့တီး(စ်)က တရားလိုကို အခုလိုပြောတယ် . . .

"အေသင်သားတို့ . . . ခင်ဗျားတို့က အနိတပ်(စ်)ရဲ့ စကားကို နားထောင်လိုသည်ဖြစ်စေ၊ နားမထောင်လိုသည်ဖြစ်စေ၊ ကျုပ်ကို အမှုကလွှတ်ပေးသည် ဖြစ်စေ၊ မလွှတ်ပေးသည်ဖြစ်စေ၊ ကျုပ်ရဲ့ နေပုံထိုင်ပုံကိုတော့ ကျုပ်က ဘယ်တော့မှပြောင်းလဲမှာမဟုတ်ဘူး။ ဒီအတွက် အကြိမ်ပေါင်းများစွာ ပြန်သေရမယ်ဆိုလည်း ဖြစ်တယ်။ ဒါကိုတော့သိပါ"

သူက အဲသလိုလည်းဆိုရော တရားရုံးတစ်ခုလုံး အုန်းအုန်းကျွက်ကျွက် ဖြစ်သွားလေရော။

*မေး။ လုပ်လိုက်လေ။ သူ့အမှုကို ဆုံးဖြတ်ချက်တောင် မချရသေးဘူး။ သူက ဘာလို့ လောနေရတာတုန်း။*

ဖြေ။ မပြောတတ်ဘူးဗျ။ ဘာပဲဖြစ်ဖြစ် သူမိန့်ခွန်းထပ်ခြွေပြီးနောက်မှာ တရားသူကြီးအဖွဲ့က ဆုံးဖြတ်ချက်ချလိုက်တယ်။ မဲအရေအတွက်ပေါင်း ၅၀၀ လောက်ရှိရာမှာ ဆော့ခရေ့တီး(စ်) ကို ကန့်ကွက်တဲ့မဲက ၆၀ လောက် ပိုများတယ်။ တကယ်လို့သာ ကန့်ကွက်မဲပေးသူ ၃၀ လောက်က သူ့ကို ထောက်ခံခဲ့ရင် သူ့အမှုက လွတ်လိမ့်မယ်လို့ ဆော့ခရေ့တီး(စ်)က ဆိုတယ်။ ဒါနဲ့ တရားလိုတစ်ယောက်က ဆော့ခရေ့တီး(စ်)ကို သေဒဏ်ပေးဖို့ အဆိုပြုတဲ့အတွက် သူ့ဘက်ကလည်း တန်ပြန်အဆိုပြုချက် တင်သွင်းပြန်တယ်။

သူ့ဘက်က မဲနည်းမယ်လို့ သူက ခန့်မှန်းထားပြီးသားပါ။ ဒါပေမဲ့ ထောက်ခံမဲက သူထင်တာထက်တောင် များနေသေးတယ်လို့ ဆော့ခရေ့တီး(စ်)က ဆိုပါတယ်။ ပြီးတော့ သေဒဏ်ပေးဖို့ အဆိုပြုထားတဲ့အတွက် သူ့ဘက်ကလည်း ဘယ်လိုတန်ပြန် အဆိုပြုသင့်ကြောင်းကို သူက ဆွေးနွေးပါတယ်။ သူ့ရဲ့ ပထမဆုံး အဆိုပြုချက်က မယုံနိုင်စရာ တမင်အရွဲ့တိုက်စကားပါ။

*မေး။ ဘာပြောတာတုန်း။*

ဖြေ။ အိုလံပစ်ပွဲတို့၊ မြင်းရထားစီးပြိုင်ပွဲတွေမှာ အနိုင်ရတဲ့ လူစွမ်းကောင်း

တွေကို အေသင်သားတွေက နိုင်ငံတော် ကုန်ကျစရိတ်နဲ့ မြို့တော်ခန်းမ တွေမှာ နေဖို့စားဖို့ ထောက်ပံ့ပေးတာမျိုးရှိတယ်။ သူဟာ အေသင်သား တွေ လူကောင်းလူမွန်ဖြစ်ဖို့ ဆင်းရဲဒုက္ခခံသူမို့ သူ့ကိုလည်း ဒီလို စည်းစိမ်မျိုးသာ ပေးသင့်တယ်လို့ ဆော့ခရေ့တီး(စ်) က ဆိုတယ်။ ဒါက သေမိန့်ပေးခံရမယ့် လူတစ်ယောက် ပြောသင့်တဲ့စကားမျိုးလား စဉ်းစား ကြည့်ပေါ့။ ပြီးတော့ သူက ဆက်ပြောသေးတယ် . . . "ဆုရ အားကစား သမားတွေဟာ ခဏတာစိတ်ပျော်ရွှင်မှုပေးနိုင်ပေမယ့်သူသာလျှင် တကယ့် စိတ်ချမ်းသာမှုကို ပေးနိုင်သူဖြစ်တယ်။ ဒါကြောင့် သူ့ပြစ်မှုနဲ့ ထိုက်တန်တဲ့ ပြစ်ဒဏ်က မြို့တော်ခန်းမမှာ သူ့ကို စောင့်ရှောက်ထား ဖို့ပဲ"လို့ ဆော့ခရေ့တီး(စ်)က အရွဲ့တိုက်ပြီး ပြောလေတယ်။

မေး။ *ပြဿနာပဲ။ ဘယ်နှယ့်ဗျာ . . . ပြစ်မှုထင်ရှားပြီဆိုရင် ပြစ်ဒဏ်နည်း အောင် လုပ်ရမှာပေါ့။ အခုက မီးလောင်ရာလေပင့်သလို ဖြစ်နေပြီ။*

ဖြေ။ ပြီးတော့ တစ်ခါ ဆော့ခရေ့တီး(စ်)က အခြားဖြစ်နိုင်တဲ့ ပြစ်ဒဏ်တွေကို ထပ်ပြီး စဉ်းစားပြတယ်။ ထောင်ထဲသွားနေဖို့ကလည်း သူက ထောင်ထဲ မှာ ကျွန်တစ်ယောက်လို မနေချင်ဘူး။ ဒဏ်ငွေပေးရမယ်ဆိုရင်လည်း သူ့မှာ ပေးစရာပိုက်ဆံက မရှိ။ ဒါဆိုရင် ပြည်နှင်ဒဏ်ခံရင်ကော။ ဒါဆိုလည်း အသက် ၇၀ လောက်ရောက်မှ ဟိုမြို့ ဒီမြို့ ပြောင်းနေဖို့ ကလည်း အဆင်မပြေ။ ပြီးတော့ သူသွားရာအရပ်ကို လူငယ်တွေ ကလည်း လိုက်ကြမှာမို့ အခြားမြို့တွေမှာလည်း ဒီလိုအမှုမျိုးတွေ ထပ်ဖြစ်မှာ သေချာတယ်။ ဒါဆို ပါးစပ်ပိတ်ပြီး ငြိမ်ငြိမ်နေရင်ကော။ အဲသလို နေရင်လည်း ဘုရားရှင်ကို မထီမဲ့မြင်ပြုရာရောက်မယ်။ ပြီးတော့ လူမှာရှိသင့်တဲ့ သိက္ခာအကြောင်း ဆန်းစစ်မှုမရှိဘဲ နေထိုင်ရတဲ့ဘဝဟာ နေဖို့မတန်ဘူးလို့ ဆော့ခရေ့တီး(စ်)က ဆိုပြန်တယ်။ နောက်ဆုံး အမှုပြီးခါနီး သူ့သူငယ်ချင်း ၄ ယောက်က အာမခံ ပိုက်ဆံ ၃၀ ပေးမယ် လို့ အဆိုပြုခိုင်းတယ်။

ဒါပေမဲ့ အချိန်က နောက်ကျသွားပြီ။ တရားသူကြီးအဖွဲ့က ဒါတွေကို မကြားချင်တော့ဘူး။ မဲပေးပြီး သူတို့က ဆော့ခရေ့တီး(စ်)ကို သေဒဏ် ခတ်လိုက်တယ်။ ဒီတစ်ခါ ဆော့ခရေ့တီး(စ်)ဘက်က မဲပေးသူ အရေအတွက်က အရင်တစ်ခါ ထောက်ခံမဲ ပေးသူထက် ပိုနည်းသွား

တယ်။ အဓိပ္ပာယ်ကတော့ သူ့အရွဲ့တိုက်ပြီး ပြောတာကို ကြည့်မရလို့ဘဲ ဖြစ်ချင်ရင်ဖြစ်မယ်၊ ဖြစ်မှုထင်ရှားပြီးတော့မှ သေဒဏ်ဆိုလည်း မထူးတော့ပါဘူး။ သူ့ကို အမြန်ရှင်းလိုက်တာပဲ နားအေးပါတယ်လို့ ထင်ကြတာလည်း ဖြစ်နိုင်တယ်။

နောက်ဆုံးပိတ်အနေနဲ့ ဆော့ခရေ့တီး(စ်)က သူဟာ ဘယ်သူ့ကိုမှ အပြစ်မတင်ပါဘူး။ သူသေရမယ် ဆိုရင်လည်း သေပါမယ်။ သေဖို့ သူက မကြောက်ပါဘူး။ သူလုပ်ခဲ့တဲ့ လူကောင်းလူမွန်ဖြစ်ရေး လမ်းကြောင်း အတိုင်းသာ ဖြေသင်သားတွေ ဆက်လုပ်ကြဖို့ မှာတယ်။ ပြီးတော့ ဆော့ခရေ့တီး(စ်)က . . .

> "ကျုပ်တို့ခွဲရဖို့ အချိန်တန်ပြီ။ ကိုယ့်လမ်းကိုယ်သွားကြစို့။ ခင်ဗျားတို့က ရှင်လမ်းသွားကြ၊ ကျုပ်က သေလမ်းသွားမယ်။ ဘယ်လမ်းက ပိုကောင်းလဲဆိုတာ ဘယ်သူသိနိုင်မှာလဲ"

*မေး။ သူ့ကလေးတွေနဲ့ မိန်းမကရော ဘယ်မှာတုန်း။*

ဖြေ။ တရားရုံးမှာ အသနားမခံချင်တဲ့အတွက် သူ့ကလေးတွေနဲ့မိန်းမကို တရားရုံး မခေါ်လာတာပါလို့ ဆော့ခရေ့တီး(စ်)က ပြောပါတယ်။ တကယ်ဆို သူ့ကလေး နှစ်ယောက်က ငယ်ငယ်လေးရှိသေးတယ်လို့ သူကဆိုပါတယ်။ ဒါပေမဲ့ တရားရုံး က ဒီအချက်တွေကို ထည့်စဉ်းစား တာမျိုးကို သူက မလိုချင်ပါဘူးလို့ ပြောပါတယ်။

*မေး။ အဓိကကျတဲ့ မေးခွန်းတစ်ခုက ဆော့ခရေ့တီး(စ်)ဟာ ဘာကြောင့် ဒီစွဲချက်တွေကို တလေးတစားနဲ့ ပြန်လည်ချေပပြီး အမှုကလွတ်အောင်၊ ပြစ်ဒဏ်လျော့အောင် မကြိုးစားတာလဲ။ တရားရုံးမှာ ဆူပူပြီး မိန့်ခွန်းရှည်တွေသွားပေးလို့ သူ့ကို ဘယ်သူက ထောက်ခံချင်မှာလဲ။ ဒါကိုလည်း သူက သိမှာပဲလေ။ သူက ပြဿနာကို မီးမွှေးရှာ နေသလိုပဲ။ ဘာကြောင့် အဲသလိုလုပ်ရတာလဲ။*

ဖြေ။ ဒါကိုပြောရတာခက်တယ်ဗျ။ သူ့ကို လူကိုယ်တိုင်မေးမှ သိရမယ့် ကိစ္စမျိုးထင်တယ်။ စိတ်ကူးကြည့်နိုင်တာတွေတော့ရှိတာပေါ့။ ဆော့ခရေ့တီး(စ်) ကိုယ်တိုင်က အသက်ဘေးနဲ့ မကြာ မကြာ ရင်ဆိုင်ဖူးသူဆိုတော့ ဒီတစ်ခါတော့ သူ့ကံကုန်သွားပြီလို့ ထင်တာလည်း ဖြစ်နိုင်တယ်။

အသက်အရွယ်ကြီးနေပြီမို့ အသက်ရှင် နေထိုင်လိုစိတ် နည်းနေတာလည်း ပါနိုင်တယ်။ အေသင်သားတွေရဲ့ စာရိတ္တရေး မြို့ရပ်တည်မှုပါ မကြာခင် ပျက်စီးရတော့မယ်လို့ထင်ပြီး စိတ်ကုန်နေတာလည်း ပါနိုင်တယ်။ နောက်ပြီးတော့ သူပြောသလိုပဲ အသက်နဲ့ဒဿနက နှစ်ခုကနေ တစ်ခုကိုပဲ ရွေးရမယ် ဆိုရင် သူက ဒဿနကိုပဲ ရွေးမယ်လို့ ဆိုတာကိုလည်း တကယ် ယုံကြည်သူမို့လည်း ဖြစ်နိုင်ပါတယ်။ ဘာပဲဖြစ်ဖြစ် ဒီအမှုက လွတ်အောင်ကြံချင်ရင်တော့ သူ့မှာ လုပ်စရာနည်းတွေ အများကြီး ရှိပါတယ်။ သူကသာ မလုပ်ချင်တာ၊ မလုပ်တာ။

ဥပမာ သူ့ခေတ်ပြိုင် လူတစ်ယောက်လည်းပဲ ခပ်ဆင်ဆင်အမှုမျိုးနဲ့ တရားစွဲခံရဖူးတယ်။ ဒီလူက ဆော့ခရေ့တီး(စ်)လို ရှည်ရှည်ဝေးဝေးတွေ ပြောပုံမရဘူး။ အတိတ်က နိုင်ငံရေးပြစ်မှုတွေမှ လွတ်ငြိမ်းချမ်းသာခွင့် ပေးတဲ့ဥပဒေကို အေသင်မှာ မကြာခင်က ကြေညာခဲ့တယ်။ ဒီလူက အဲဒီ ဥပဒေကို အမိကကိုင်ပြီး တရားရုံးမှာလျှောက်တယ်။ အေသင်သားတွေက အတိတ်နိုင်ငံရေး ကျူးလွန်ချက်တွေကို ပြီးတာတွေ ပြီးပါစေတော့ ဆိုတဲ့သဘောနဲ့ ကျေအေးစေရမယ်ဆိုရင် ဘာလို့ သူက ဒီအမှုကို ရင်ဆိုင်နေရမှာလဲ၊ ပြစ်မှုတွေက ဟိုးအရင်က ဖြစ်ခဲ့တာတွေဖြစ်တယ်၊ သူ့ကိုလည်း ဥပဒေအရ လွတ်ငြိမ်းချမ်းသာခွင့်ပေးသင့်တယ် စသည် ဖြင့်ပြောတော့ အဲဒီလူက အမှုကနေ လွတ်သွားတယ်။ ဒီအမှုမျိုးကို ဆော့ခရေ့တီး(စ်)လည်း ကြားဖူးမှာပဲ။ ဒါပေမဲ့ သူက အဲဒီဥပဒေကို အသုံးချပြီး ထိရောက်အောင်မပြောဘူး။ ဥပဒေရှုထောင့်ကပြောရင် ဒါက အမှားကြီး မှားတာပဲ။ ဘာပဲဖြစ်ဖြစ် တရားလိုတွေကရော တရားသူကြီးအဖွဲ့ကပါ ဆော့ခရေ့တီး(စ်)ကို ညာညာတာတာ ကိုင်တွယ်ချင်ပုံရတယ်။ စာနာနိုင်ဖို့ အခွင့်အရေးတွေ ဆော့ခရေ့တီး(စ်)က မပေးဘူး။

*မေး။ မလွယ်ရေးချ မလွယ်တဲ့လူပဲ။ သူ့မိသားစုနဲ့ မိတ်ဆွေတွေခမျာ သနားစရာပဲ။ ဒီမှာ ဆော့ခရေ့တီး(စ်)က တာဝန်မဲ့တယ်လို့ဆိုနိုင်မလား။*

ဖြေ။ ဟုတ်ပါတယ်။ အထူးသဖြင့် လင်တစ်ယောက်အနေနဲ့ အဖေတစ်ယောက် အနေနဲ့ ဆော့ခရေ့တီး(စ်)က တာဝန်ကျေသလားဆိုတာ စဉ်းစားကြည့်သင့်ပါတယ်။ ရုံးကိစ္စပြီးလို့ ဆော့ခရေ့တီး(စ်)ကို ထောင်ထဲခေါ်သွားဖို့ ပြင်ဆင်နေချိန်မှာ သူ့အသိ တစ်ယောက်က

သူ့အနားသွားပြီး "ခင်ဗျားက မတရားတဲ့သေဒဏ်နဲ့ သေရမယ် ဆိုတာ ခံရအခက်ဆုံးပဲဗျာ"လို့ ကြေကွဲစွာဆိုတော့ ဆော့ခရေ့တီး(စ်)က "ဘာပြောတယ်။ ခင်ဗျားက ကျုပ်ကို တရားတဲ့သေဒဏ်နဲ့ သေစေချင်တယ်ပေါ့ ဟုတ်လား" လို့ ရွှဲ့သလိုလို ဖြေသိမ့်သလိုလို ပြန်ပြောခဲ့တယ်။

## ရှင်းလင်းချက်များ


**ဘုရားရှင်ရဲ့ အလိုတော်အတိုင်း** Ferguson (1970) စာမျက်နှာ ၅၅။ ဇော်ဂျီ (၁၉၆၇) စာမျက်နှာ ၂၉၂ နဲ့ ညှိပါတယ်။

**လူငယ်တွေ ကောင်းနိုင်သလောက်** Ferguson (1970) စာမျက်နှာ ၅၆-၅၇။ ဒီဆွေးနွေးချက်ကို ကျွန်တော် ဘာသာပြန်တာဖြစ်တယ်။

**တစ်စုံတစ်ရာ အသုံးကျသူတစ်ယောက်ဟာ . . .** Ferguson (1970), စာမျက်နှာ ၅၉-၆၀။

**ဥပမာ သူ့ခေတ်ပြိုင် လူတစ်ယောက်လည်းပဲ . . .** Ferguson (1970), စာမျက်နှာ .၁၇၇။ အဲဒီပုဂ္ဂိုလ်က အန်ဒိုဆီးဒတ်(စ်) Amdocides ဖြစ်တယ်။ သူ့အမှုကလည်း နတ်ဘုရားများကို စော်ကားခြင်း ဆိုတာမျိုးပါ။ ခရစ်တော်မပေါ်ခင် ၃၉၉ နှစ်မှာ ဒီအမှုဖြစ်ပြီး ဆော့ခရေ့ တီး(စ်) အမှုမှာလိုပဲ တရားလိုက မလီတပ်(စ်)ပါ။ ဒါပေမဲ့ အနီတပ်(စ်)က ဒီတစ်ခါမှာ တရားခံဘက်က ပါဝင်ပါတယ်။

**ခင်ဗျားက ကျုပ်ကို တရားတဲ့ သေဒဏ်နဲ့ . . .** Gottlieb (2000), စာမျက်နှာ ၁၄၂။



ဆောင်းပါး အမှတ် (၈)

# ကြက်ဖတစ်ကောင်ဆက်သလိုက်ပါ

ဆော့ခရေ့တီး(စ်) ထောင်ထဲမှာ အဆိပ်မသောက်ခင် ဖြစ်ခဲ့တဲ့ အဖြစ်အပျက်တွေအကြောင်း နည်းနည်းပြောကြည့်ရအောင်။ ဒီကစ်ခါတော့ ဒဿနကိစ္စတွေထက် စာရင် သူ့ရဲ့ နေပုံထိုင်ပုံနဲ့ အဖြစ်အပျက်တွေကိုသာ ပိုပြီး စောင်းပေးပြောပြပါ့မယ်။

*မေး။ သေဒဏ်ပေးခံရပြီး သူ့ကိုချက်ချင်း မသတ်ပစ်လိုက်ကြဘူးပေါ့။*

ဖြေ။ ဟုတ်ပါတယ်။ အေသင်မြို့က နတ်ဘုရားပွဲတစ်ခုနဲ့ အချိန် တိုက်ဆိုင်နေတာမို့ သေဒဏ်ကျခံပြီး ရာဇဝတ်ကောင်တွေကို မသတ်ဖြတ်ဘဲ နတ်ဘုရားပွဲပြီးတဲ့အထိ စောင့်ရပါတယ်။ သေဖို့စောင့်နေချိန်မှာလည်း သူ့သူငယ်ချင်းတွေက ဆော့ခရေ့တီး(စ်)ကို ထောင်မှာ မကြာမကြာ သွားတွေ့ပြီး ဒဿနကိစ္စတွေ ဆွေးနွေးကြတယ်။ ထောင်ထဲက ထွက်ပြေးဖို့လည်း ဆွဲဆောင်ကြတယ်။ တစ်နေ့မှာ သူနဲ့ အင်မတန်ခင်တဲ့ ခရိတို ဆိုတဲ့လူက ဆော့ခရေ့တီး(စ်)ကို ထောင်ထဲမှာသွားတွေ့ပုံကို အခုလို ဖော်ပြထားတယ်။

ဆော့။ ။ ဘာကြောင့် အခုချိန်ကြီး ဒီရောက်နေရတာတုန်း ခရိတို။ အစောကြီးရှိသေးမယ် ထင်တယ်။

ခရိ။ ။ ဟုတ်တယ် . . . စောပါသေးတယ်။

ဆော့။ ။ ဘယ်အချိန်လောက် ရှိမလဲ။

ခရိ။ ။ မိုးလင်းစပြုနေပါပြီ။

ဆော့။ ။ထောင်စောင့်က ခင်ဗျားကို ဒီအချိန်ကြီးပေးဝင်တယ်ထင်တယ်။

ခရိ။ ။ ကျုပ်က မကြာမကြာ လာလည်တတ်လို့ သူနဲ့ရင်းနှီးနေပါပြီ။ ကျုပ်လည်း သူ့ကို ကျေးဇူးပြုထားတာတွေလည်း ရှိတာမို့ပါ။

ဆော့။ ။ခင်ဗျားက အခုပဲ ရောက်တာလား၊ ရောက်နေတာကြာပြီလား။

ခရိ။ ။ နည်းနည်းကြာသွားပါပြီ။

ဆော့။ ။ဟာ . . . ဒါဆိုလည်း ဘာကြောင့် ငုတ်တုတ်ထိုင်စောင့်နေရတာတုန်း။ ကျုပ်ကို ချက်ချင်း နှိုးလိုက်တာမဟုတ်ဘူး။

ခရိ။ ။ ဩော် . . . ဆော့ခရေ့တီး(စ်)ရယ်။ ကျုပ်သာဆိုရင် ဘယ်အနှိုးခံချင်မှာလဲ။ နိုးသွားရင် အိပ်ရေးပျက်ရမယ်၊ စိတ်သောကရောက်ရမယ်လေဗျာ။ ခင်ဗျား အေးအေးဆေးဆေး အိပ်မောကျနေတာကို ကျုပ်က အတော်ကြီးကြည့်ပြီး အံ့ဩနေမိတာ။ ပြီးတော့ ကျန်တဲ့အချိန်တိုလေးမှာလည်း တတ်နိုင်သလောက် ငြိမ်းချမ်းစွာနေသွားစေချင်လို့ပါ။ တည်ငြိမ်တဲ့ သဘာဝ ခင်ဗျားမှာ ရှိတာကို ကျုပ်သတိထားမိတာကြာပါပြီ။ ခင်ဗျားဟာ ကံကောင်းတာပဲလို့လည်း အားကျမိပါတယ်။ ဒါပေမဲ့ အခုလက်ရှိ ကံကြမ္မာဆိုးကို ရင်ဆိုင်တဲ့ ခင်ဗျားရဲ့ အေးဆေးမှုမျိုးနဲ့ တည်ငြိမ်မှုမျိုးကို အရင်က တစ်ခါမှ မတွေ့ဘူးဗျာ။

ဆော့။ ။ဒီအရွယ်ကြီးရောက်တော့မှ သေရဖို့ကြောက်လန့်နေတယ်ဆို ဘယ်လိုလုပ် သင့်တော်မှာတုန်း ခရိတို။

ခရိ။ ။ ဒါပေမဲ့ဗျာ . . . ခင်ဗျားလို အရွယ်တူ လူကြီးတွေ အခုလို အဖြစ်ဆိုးနဲ့ကြုံတဲ့အခါမှာ အသက်အရွယ်ကြီးတာမို့ မတုန်လှုပ်ကြဘူးဆိုတာ မရှိကြပါဘူး။

ဆော့။ ။ဟုတ်ပါလိမ့်မယ်။ ဒါနဲ့ ဘာကြောင့် အစောကြီး ဒီကိုရောက်နေရတဲ့ကြောင်းကိုလည်း ပြောပါဦး။

သူ့သူငယ်ချင်းတွေက ဆော့ခရေ့တီး(စ်)ကို ထောင်ထဲကထွက်ပြေးပြီး

အခြားမြို့တစ်ခုမှာ သွားနေဖို့ ချော့ပြီးခြောက်ပြီး နည်းမျိုးမျိုးနဲ့ချဉ်း ကြိုးစားကြတယ်။ သူက ထွက်ပြေးချင်ရင် ငွေကြေးရော လူပါ အကူအညီ ပေးမယ့်သူတွေအသင့်ပဲ။ ဒါပေမဲ့ ဆော့ခရေ့တီး(စ်)ရဲ့ သဘောထားက တစ်လက်မတောင်မရွေ့ဘူး။

*မေး။ မထွက်ပြေးဖို့ သူက ဘယ်လိုဆင်ခြေတွေပေးသလဲ။*

ဖြေ။ အဓိကအချက်အချို့ကတော့ သူတရားရုံးမှာပြောခဲ့သလိုပါပဲ။ (၁) သူဟာ သေရမှာကို မကြောက်ဘူး။ ဒဿနဆရာတစ်ယောက်ဟာ စစ်မှန်တယ်ဆိုရင် သူမသိတာကို သိတယ်လို့မထင်ကောင်းဘူး။ သေခြင်းဟာ သူ့အတွက်ကောင်းသလား၊ ဆိုးသလား ဆိုတာ သူမသိဘူး။ သေရရင်လည်းပဲ ကောင်းတာ မှန်တာလုပ်သူကို ဘယ်သူမှ၊ ဘယ်လိုနည်းနဲ့မှ ဒုက္ခအန္တရာယ် မပေးနိုင်ဘူး။ (၂) အေသင်က သူထွက်ပြေးရင်လည်း အခြားမြို့တွေမှာလည်း ဒီလိုအမှုတွေနဲ့ ထပ်ကြုံရပြီး အခြေအနေတူကိုပဲ ပြန်ရောက်မှာပဲ။ (၃) သူ့သူငယ်ချင်းတွေက သူ့ကိုလွတ်အောင် အကူအညီမပေးဘူးဆိုပြီး အများအမြင်မှာ သူတို့နာမည်ပျက်ကြရင် သူတို့က အများအမြင်ဆိုတာကို ဂရုစိုက်စရာမလိုဘူး။ ဘယ်သူဖြစ်ဖြစ် ကိုယ့်လုပ်ရပ် မှန်သလား၊ မှားသလားဆိုတာကိုသာ တကယ်ဂရုစိုက်ဖို့ လိုတယ်။ (၄) သူဟာ အေသင်မှာနေထိုင်သူတစ်ယောက်အနေနဲ့ အေသင်ဥပဒေကို လေးစားရမယ်၊ ဥပဒေရဲ့ ဆုံးဖြတ်ချက်ကို သဘောမတူရင်တောင် နိုင်ငံသားကောင်းတစ်ယောက်အနေနဲ့ သူဟာ အဲဒီဆုံးဖြတ်ချက်ကို လက်ခံသင့်တယ်။ ဥပဒေက ကိုယ့်ကို ပြစ်ဒဏ်မပေးခင်တော့ ဘာမှမလုပ်ဘဲ ကိုယ့်ကိုပြစ်ဒဏ်ပေးမှ ဥပဒေက မတရားပါဘူးလို့ သူ့အနေနဲ့ မဆိုသင့်ဘူး။ မဖောက်ပြန်ဖို့က သူနဲ့ အေသင်နိုင်ငံတော်အကြားရှိတဲ့ 'ကတိစာချုပ်' တစ်ခုဖြစ်တယ်။ အဲသလို ကတိစာချုပ်ကို သူ့ဘက်က မဖျက်သင့်ဘူးလို့ ယုံကြည်တယ်။

*မေး။ ဒီအချက်ကတော့ သိပ်မဟုတ်သေးဘူး။ ဥပဒေက မတရားရင်ကော၊ သူက ကတိစာချုပ်ကို လိုက်နာနေမှာပဲလား။*

ဖြေ။ ဒီမိုကရေစီစနစ်လို့ခေါ်ရမယ့် အများသဘောနဲ့အုပ်ချုပ်တဲ့အစိုးရက သူ့ကို သေဒဏ်ပေးတာပါ။ ဆော့ခရေ့တီး(စ်)က အများအုပ်ချုပ်မှုစနစ်ကို အပြည့်အဝ မယုံကြည်ပေမယ့် လိုအပ်ချက်အရ လိုက်နာသင့်

တယ်ဆိုတဲ့ သဘောရှိတယ်။ ဒါတွေကိုဆွေးနွေးရရင် သူ့ရဲ့ နိုင်ငံရေး အမြင်တွေကိုပါ ကျယ်ကျယ်ပြန့်ပြန့်ထည့်ပြောမှ ကောင်းမှာလေ။ ဒါကိုထားပြီး သူ့ရဲ့ထောင်ထဲက အဖြစ်အပျက်တွေကိုပဲ လေ့လာကြည့်ရအောင်။

ဆော့ခရေ့တီး(စ်)ကို အဆိပ်ကျွေးသတ်မယ့်နေ့ မနက်စောစောမှာ သူ့သူငယ်ချင်းအချို့က သူ့ကိုတွေ့ဖို့ ထောင်ကိုလာကြတော့ တွေ့ကြုံရ တာတွေကို သူငယ်ချင်း တစ်ယောက်က အခုလို အသေးစိတ်ပြော ပြတယ် . . .

"ပုံမှန်ဆို ပေးဝင်နေကျ ထောင်စောင့်က ကျုပ်တို့ကိုစောင့်ခိုင်းပြီး ဆော့ခရေ့တီး(စ်)က ခေါ်မှ ဝင်ခွင့်ပေးမယ်လို့ ပြောတယ်။ အဲဒီ အစောင့်ရဲ့ ပြောပုံအရဆို ထောင်ပိုင်၁၁ ယောက်က ဆော့ခရေ့ တီး(စ်)ရဲ့ သံခြေကျင်းကို ဖြုတ်နေပြီး ဒီနေ့ သူသေရမယ်ဆိုတဲ့ အမိန့်ကို ပြောပြနေတယ်ဆိုတယ်။ မကြာခင်ပဲ သူပြန်လာပြီး ကျုပ်တို့ကို ဝင်ခွင့်ပေးလိုက်တယ်။

သူ့အခန်းထဲလည်းဝင်ရော ဆော့ခရေ့တီး(စ်)ရဲ့ သံခြေကျင်းတွေ ဖြုတ်ထားပြီးသား ဖြစ်နေပြီ။ ဇန်သီပေက ကလေးငယ်လေး တစ်ယောက်ကို ရင်မှာပိုက်ပြီး သူ့အနားမှာ ထိုင်နေတယ်။ ကျုပ်တို့ကိုလည်းတွေ့ရော ဇန်သီပေက ဟစ်အော်ပြီး ငိုပါလေရော။ ဒီလိုအချိန်အခါမျိုးမှာ အမျိုးသမီးတွေပြောတတ်တဲ့ စကား တွေလည်း ဇန်သီပေက ပြောပြီးငိုတာပေါ့။ "ဆော့ခရေ့တီး(စ်)ရေ . . . ရှင့်သူငယ်ချင်းတွေက ရှင်နဲ့ နောက်ဆုံးအကြိမ် အတူ စကား ပြောဖို့ လာကြပြီ" ဆိုတာမျိုးပေါ့။ ဆော့ခရေ့တီး(စ်)က ခရိတိုဘက် လှည့်ပြီး "ခရိတို၊ ဇန်သီပေကို အိမ်ခေါ်သွားဖို့ တစ်ယောက် ယောက်ကိုခိုင်းလိုက်ပါ"လို့ ဆိုတာနဲ့ ခရိတိုရဲ့ တပည့်အချို့က ဇန်သီပေကို ခေါ်ထုတ်သွားတယ်။ ဇန်သီပေလည်း သူ့ကိုယ်သူ ရိုက်နှက်ပြီး ငိုကြွေးရင်း လိုက်ပါသွားတယ်။

ဆော့ခရေ့တီး(စ်)လည်း ခုတင်ပေါ်ထိုင်ချပြီး ခြေထောက်ကို ဆွဲတင်လိုက်တယ်။ ပြီးတော့ ခြေထောက်ကို နည်းနည်းလေး ပွတ်သပ်ပေးရင်း "လူတွေ ဓိမ်လို့ခေါ်တဲ့ အရာက အတော့်ကို

ထူးဆန်းတာပဲ။ သူနဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ နာကျင်မှု ဆိုတာနဲ့ ဆက်စပ်နေပုံကလည်း စိတ်ဝင်စားစရာပါ။ ဒီနှစ်ခုကို တစ်ပြိုင်တည်း လူတွေမခံစားရပေမယ့် တစ်ခုကိုရဖို့ ကြိုးစားရင် အခြားတစ်ခုကိုလည်း မယူလို့ မဖြစ်ပြန်ဘူး။ အခုလည်း အဲသလိုပဲ ထင်တယ်။ ခြေထောက်က နာကျင်မှုလည်း ထွက်သွားရော ဇိမ်က နေရာဝင်ယူတော့တာပဲ"

မကြာခင်ပဲ ဆော့ခရေ့တီး(စ်)နဲ့ သူ့ သူငယ်ချင်းတွေ ဒဿနကိစ္စ အမျိုးမျိုးအကြောင်း အကျယ်တဝင့် ဆွေးနွေးကြပြန်တယ်။ သူတို့ ဆွေးနွေးတဲ့ အဓိကအကြောင်းအရာတွေကို အကျဉ်းသဘောလောက်ပဲ ပြောတော့မယ်။ လူတစ်ယောက်၊ ဒဿနဆရာ တစ်ယောက်ဟာ မိမိကိုယ်မိမိ သတ်သေသင့်၊ မသင့်ဆိုတာကို သူတို့ စပြီးဆွေးနွေးပါတယ်။ ဆော့ခရေ့တီး(စ်)ရဲ့ အယူအဆကတော့ အချို့သော အခြေအနေတွေမှာ အချို့လူတွေအတွက်က သေရတာဟာ ရှင်ရတာထက် ပိုပြီး သင့်တော်တာမှန်ပေမယ့် "အခြားကျေးဇူးရှင်" တစ်ယောက်က အသက်နုတ်တဲ့ အထိ စောင့်သင့်တယ်လို့ ဆိုတယ်။ ပြီးတော့ လူတစ်ယောက် သေပြီးနောက်မှာ ဘာဖြစ်နိုင်သလဲ ဆိုတာကို အလေးအနက် ဆွေးနွေးကြသေးတယ်။ ဒီအကြောင်းတွေကိုတော့ မပြောတော့ပါဘူး။ ဆွေးနွေးတာတွေပြီးတဲ့နောက် ဆော့ခရေ့တီး(စ်)ရဲ့ နောက်ဆုံးနေ့အချိန်ကို သူ့မိတ်ဆွေက အခုလိုဖော်ပြတယ် . . .

"'ကျုပ်အခု ရေချိုးဖို့ သွားချိန် တန်ပြီ။ အဆိပ်မသောက်ခင် ကိုယ့်ဘာသာကိုယ် ရေချိုးထားရင် ပိုကောင်းမယ်ထင်တယ်။ ကျုပ်အလောင်းကို အမျိုးသမီးတွေ ရေချိုးပေးရတဲ့ဒုက္ခ မပေးချင်ဘူး'လို့ [ဆော့ခရေ့တီး(စ်) က] ဆိုတယ်။

သူက အဲသလိုပြောရော ခရိတိုက 'ကောင်းပြီလေ . . . ကျုပ်ကိုရော၊ ဒီက အခြားသူတွေကိုရော ဘာမှာချင်တာ ရှိလဲ။ ခင်ဗျားရဲ့ကလေးတွေကိစ္စပဲဖြစ်ဖြစ်၊ အခြားဘာကိစ္စပဲဖြစ်ဖြစ်ပါ။ ခင်ဗျား အကျေနပ်ဆုံးဖြစ်ရမယ့်ကိစ္စ ဘာတွေ ရှိပါသလဲ။' 'ကျုပ်ပြောနေကျ ကိစ္စတွေပါပဲ ခရိတို။ အထွေအထူးမရှိပါဘူး။ ကိုယ့်ကိုယ်ကိုယ်ကိုထိန်းသိမ်းစောင့်ရှောက်ပါ။ ခင်ဗျားရော ကျုပ်ပါ

ကျေနပ် ရမယ်။ ဒီအတွက်လည်း ခင်ဗျားက ဘာကတိမျိုးမှ ပေးစရာမလိုပါဘူး' လို့ ဆော့ခရေ့တီး(စ်)က ပြောတယ်။ ခရိတိုက 'ခင်ဗျားကို ဘယ်လိုမြှုပ်ပေးရမလဲ' လို့ မေးတော့ ဆော့ခရေ့တီး(စ်)က 'ကြိုက်သလိုသာ မြှုပ်ပါ။ ဒါပေမဲ့ ကျုပ်ထွက်မပြေးနိုင်အောင်တော့ သေသေချာချာ ချုပ်ထားမယ်မဟုတ်လား' လို့ဆိုတယ်။ ပြီးတော့ အခြားသူငယ်ချင်းတွေဘက်လှည့်ပြီး 'ကျုပ်က ခင်ဗျားတို့နဲ့အခုပဲ စကားပြောနေတဲ့ ဆော့ခရေ့တီး(စ်)ပါ ဆိုတာကို ခရိတို နားလည်အောင်ပြောလို့ မရဘူး။ သူက ကျုပ်ကို ကျုပ်ရဲ့ အလောင်းလို့ထင်ပြီး ဘယ်လို မြှုပ်ပေးရမလဲ ဆိုတာကို လာမေးနေတယ်' လို့ဆိုပြီး မသိမသာ ပြုံးနေလေတယ်။ မကြာခင်ပဲ ဆော့ခရေ့တီး(စ်)က ထပြီး ရေချိုးခန်းထဲဝင်တော့ ခရိတိုက အနောက်က လိုက်သွားတယ်။

[သူတို့နှစ်ယောက်ကို စောင့်နေရင်း ကျန်တဲ့ သူငယ်ချင်းတွေက] အချင်းချင်း စကားတွေ ပြောကြတယ်။ ဆွေးနွေးခဲ့တဲ့ စကားတွေကိုလည်း ပြန်ပြောင်း အောက်မေ့ကြတယ်။ အပြန်ပြန် စဉ်းစားမိကြတယ်။ ပြောရင်းဆိုရင်းနဲ့လည်း ဆော့ခရေ့တီး(စ်)အတွက် ဝမ်းနည်းပူဆွေးခြင်း ဖြစ်ရလေတယ်။ ပြီးတော့ အဖေတစ်ယောက် ဆုံးရှုံးရတော့မလို ကျုပ်တို့ရဲ့ ကံကြမ္မာဆိုးကိုလည်း အမှန်တကယ်ပဲ ခံစားမိကြတယ်။ ကျုပ်တို့ဘဝတစ်သက်တာလုံး မိဘမဲ့ကလေးတွေ ဖြစ်ရတော့မှာ။

ရေချိုးပြီးတဲ့အခါမှာ သူ့ကလေးတွေကို ဆော့ခရေ့တီး(စ်)ဆီ ခေါ်လာပေးတယ်။ သူ့မှာ သားငယ်နှစ်ယောက်နဲ့ သားကြီးတစ်ယောက်ရှိတယ်။ သူနဲ့အမျိုးတော်တဲ့ အမျိုးသမီးတွေကိုလည်း ခေါ်လာပြီး ခရိတိုရဲ့ အရှေ့မှာပဲ စကားတွေပြောကြတယ်။ သူ ပြောချင်တဲ့ အမှာစကားတွေ ပြောပြီးနောက် မိန်းမတွေနဲ့ ကလေးတွေကို သွားခိုင်းလိုက်ပြီး အခြားသူငယ်ချင်းတွေ ရှိရာကို ပြန်ဝင်လာတယ်။

ပြီးတော့ ဆော့ခရေ့တီး(စ်)က စကား သိပ်မပြောတော့ဘူး။ မကြာခင်ပဲ ထောင်မှူးတစ်ယောက်က ဝင်လာပြီး ဆော့ခရေ့တီး(စ်)

ရဲ့အနားမှာ လာရပ်တယ်။ ပြီးတော့ သူက 'ဆော့ခရေ့တီး(စ်) အခြားသူတွေကပေးတဲ့ ပြဿနာမျိုး ခင်ဗျားပေးမှာ မဟုတ်ပါဘူး။ အုပ်ချုပ်သူတွေရဲ့ အမိန့်အရ အဆိပ်ရည်သောက်ဖို့ ပေးတဲ့အခါမှာ အချို့က ကျုပ်ကို ဒေါသထွက်ကြတယ်၊ ဆဲဆိုကြတယ်။ ရောက်ခါစတည်းက ခင်ဗျားကို သတိထားမိပါတယ်။ ဒီနေရာကို ရောက်ဖူးသမျှ လူတွေအားလုံးအထဲမှာ ခင်ဗျားဟာအမွန်မြတ်ဆုံး၊ အသိမ်မွေ့ဆုံးနဲ့ အကောင်းဆုံး ပုဂ္ဂိုလ်တစ်ယောက်ဖြစ်တယ်။ ဒါကြောင့် ကျုပ်ကို အပြစ် မမြင်ဘဲ ဘယ်သူတွေကို အပြစ်မြင်သင့်တယ်ဆိုတာကို ခင်ဗျား နားလည်ပါလိမ့်မယ်။ ကျုပ်အခု ဘာကိုလာပြောတယ်ဆိုတာ ခင်ဗျားသိမှာပါ။ နှုတ်ဆက်ပါတယ်။ မလွှဲသာတဲ့အဖြစ်ကို တတ်နိုင်သလောက် အေးအေးဆေးဆေးနဲ့ ရင်ဆိုင်နိုင်ဖို့ ကြိုးစားပါ' လို့ဆိုပြီး မျက်ရည်တွေ ကျလာတော့ သူပြန်လှည့်ထွက်သွားတယ်။

သူ့နောက်ကြည့်ရင်း ဆော့ခရေ့တီး(စ်)က 'ခင်ဗျားကိုလည်း နှုတ်ဆက်ခဲ့ပါတယ်။ ခင်ဗျားပြောသလိုပဲ ကျုပ်တို့က လုပ်မှာပါ'လို့ လှမ်းပြောလိုက်တယ်။ ပြီးတော့ သူငယ်ချင်းတွေဘက်လှည့်ပြီး 'အင်မတန်ယဉ်ကျေးတဲ့လူပါလား။ ကဲ လာပါ ခရိတို၊ သူပြောသလို လုပ်ရအောင်။ အဆိပ်ရည် ပြင်ပြီးပြီဆိုရင် ယူလာခိုင်းတော့၊ မပြင်ရသေးရင်လည်း ပြင်ခိုင်းလိုက်ပါ'လို့ ဆိုတယ်။


'ဆော့ခရေ့တီး(စ်)၊ နေတောင်မကွယ်သေးဘဲ၊ အချို့လူတွေဆို အတော်လေး နောက်ကျတော့မှသောက်ကြတာ'လို့ ခရိတိုက ဆိုတော့ 'သွားပါ။ ကျုပ် ပြောသလိုသာ လုပ်ပါ။ မတားပါနဲ့တော့' လို့ ဆော့ခရေ့တီး(စ်)က ခိုင်းလေတယ်။

အနားမှာရပ်နေတဲ့ ကောင်လေးကို ခရိတိုက ခေါင်းညိတ်ပြလိုက်တယ်။ ကောင်လေးက အခန်းထဲကထွက်သွားပြီး မကြာခင်ပဲ အဆိပ်တိုက်မယ့်လူကိုခေါ်ပြီး ပြန်ရောက်လာတယ်။ အဲဒီလူရဲ့ လက်ထဲမှာလည်း အဆိပ်ရည် အဆင်သင့်ပါလာတယ်။ ဒီလူကိုလည်းတွေ့ရော ဆော့ခရေ့တီး(စ်) က 'မိတ်ဆွေ၊ ခင်ဗျားက ဒီကိစ္စတွေ ကျွမ်းကျင်သူဖြစ်တယ်။ ဘာလုပ်သင့်တယ် ဆိုတာ

ကိုသာပြောပါ'လို့ဆိုတယ်။ 'အထွေထူးတော့မဟုတ်ပါဘူး။ သောက်ပြီးရင် လမ်းနည်းနည်းလျှောက်ပါ။ ခြေထောက်တွေ လေးလာတဲ့အခါကျရင် လှဲနေလိုက်ပါ။ ဒါဆို အဆိပ်ရည်ရဲ့ အာနိသင်ပြလာပါလိမ့်မယ်' လို့ဆိုပြီး ဒီလူက အဆိပ်ခွက်ကို ဆောခရေ့တီး(စ်)ဆီ လှမ်းပေးလိုက်တယ်။

ဆောခရေ့တီး(စ်)က သူ့ကိုပေးတဲ့ အဆိပ်ခွက်ကို ရွှင်မြူးစွာနဲ့ ယူလိုက်ပါတယ်။ ဒီမှာ ကြောက်ရွံ့ခြင်း၊ တုန်လှုပ်ခြင်းမရှိဘူး။ အဲဒီလူကို သေသေချာချာ စိုက်ကြည့်ပြီး 'ဒီထဲမှာ အဆိပ်ရည် ဘယ်လောက်ပါသလဲ၊ ပူဇော်တဲ့အနေနဲ့ နည်းနည်း ထုတ်ယူလို့ ရသလား၊ ဥပဒေနဲ့ကိုက်ညီသလား' လို့ မေးတော့ 'ကျုပ်တို့က သောက်ဖို့အတွက် လိုသလောက်ကိုပဲ ဖျော်စပ်ထားတာ' လို့ သူက ပြန်ဖြေတယ်။ 'နားလည်ပါပြီ။ ကျုပ်ခွဲခွာခြင်းဟာ ပျော်ရွှင်ဖွယ် ဖြစ်ဖို့အတွက် နတ်ဘုရားတွေဆီ ဆုတောင်းတာတော့ ဥပဒေနဲ့ ညီတယ်။ သင့်တော်တယ်ထင်တယ်။ ဒါကြောင့် ကျုပ် ဆုတောင်း ပါတယ်' လို့ ဆိုပြီး အဆိပ်ရည်ကို မှန်မှန်နဲ့ ငြိမ်ငြိမ်လေး သောက်ချ လိုက်တယ်။

အဲဒီအချိန်ထိ ကျုပ်တို့က စိတ်ကိုခိုင်ခိုင်ထားနိုင်ပါတယ်။ ဒါပေမဲ့ ဆောခရေ့တီး(စ်)က အဆိပ်တွေ အကုန်သောက်ချလိုက်တာ ကိုလည်း မြင်ရော စိတ်တင်းခံနိုင်ခြင်း မရှိတော့ပါဘူး။ စိတ်ကို ထိန်းဖို့ ကြိုးစားပေမယ့် မျက်ရည်တွေ တသွင်သွင် စီးလာလို့ မျက်နှာကို ဖုံးဖိထားရပါတယ်။ သူ့အတွက် ကျုပ် ငိုတာ မဟုတ် ပါဘူး။ ကျုပ်အတွက်ငိုတာပါ။ အဲသလောက်ကောင်းတဲ့ သူငယ်ချင်း တစ်ယောက် ဆုံးရှုံးရတော့မယ့်အတွက် ငိုတာပါ။ မျက်ရည် မထိန်း နိုင်လို့ ခရိတိုက ကျုပ်ထက်အရင်ထသွားတယ်။ ခရိတိုမသွားခင် တည်းက အာပိုလိုဒိုးရပ်(စ်)က ငိုနေတာ မရပ်နိုင်ပါဘူး။ သူက တကယ့်ကိုပဲ နာကျင်စွာနဲ့ ဟစ်အော်ပြီး ငိုကြွေးနေတာ။ ဒါကို ကြားရသူတိုင်း အသည်းထဲစူးရှရှ ခံစားရတာပေါ့။ ဆော ခရေ့တီး(စ်)တစ်ယောက်က လွဲရင်ပေါ့လေ။ 'ဘာလုပ်နေကြတာလဲ သူငယ်ချင်းကောင်းကြီးတွေရဲ့။ အခုလို ပေါက်ကရတွေလုပ်မှာစိုးလို့



အမျိုးသမီးတွေကို ပြန်ခိုင်းလိုက်တာ။ နိမိတ်ကောင်းကောင်းနဲ့သေရတာ ကောင်းတယ်လို့ ကျုပ်ကြားဖူးတယ်။ တော်ကြပါ။ အားတင်းစမ်းပါ' လို့ ဆော့ခရေ့တီး(စ်) က ဆူလေတယ်။

အဲဒီအခါကျမှ အားလုံးလည်း စိတ်မလုံဖြစ်ပြီး မျက်ရည်တွေ ထိန်းနိုင်တယ်။ သူက လမ်းနည်းနည်းလျှောက်တယ်။ ခြေထောက်တွေလေးလာတဲ့အခါမှာ ကုတင်ပေါ် ကျောချလိုက်တယ်။ ဟိုလူ ပြောသလိုပါပဲ။ အဲဒီအဆိပ်ပေးတဲ့ လူက သူ့ကို ကိုင်ကြည့်ပြီး သူ့ခြေဖျားနဲ့ခြေတံကို မကြာမကြာ စမ်းကြည့်တယ်။ ပြီးတော့ ခြေထောက်ကို နာနာနှိပ်ပြီးနာသလားလို့မေးတော့ သူကမနာဘူးလို့ဖြေတယ်။ မကြာခင် သူ့ပေါင်သားကို နှိပ်ကြည့်တယ်၊ ဒီလိုနဲ့ တဖြည်းဖြည်း အပေါ် တက်လာတယ်။ ပြီးတော့ အေးသွားပြီ၊ တောင့်သွားပြီလို့လည်း ကျုပ်တို့ကို ပြောတယ်။ ဆော့ခရေ့တီး(စ်)က သူ့ကိုယ်သူ ကိုင်ကြည့်ပြီး သူ့နှလုံးသားထဲ အဆိပ်ရည်ဝင်ရင် သူသေပြီလို့ဆိုတယ်။ အခုတော့ သူ့ဗိုက်အောက်နားတစ်ပိုက်က အတော်လေး အေးနေပြီ။ သူ့ကို အဝတ်နဲ့ ခြုံထားတာမို့ ဆော့ခရေ့တီး(စ်)က အဝတ်စကို ဖယ်ပြီး နောက်ဆုံးစကားကို ဆိုလေတယ် . . . 'ခရိတို၊ ကျုပ်တို့ အက်(စ်)ခလီပီးယပ်(စ်)ကို ကြက်ဖတစ်ကောင် ပေးစရာ

အကြွေးရှိတယ်။ ဆက်သလိုက်ပါ။ မပျက်ကွက်နဲ့။' 'လုပ်လိုက်ပါ့မယ်'လို့ ခရိတိုကပြောပြီး 'အခြားဘာမှာစရာရှိသလဲ စဉ်းစားကြည့်ပါ' လို့ဆိုတော့ သူကမဖြေတော့ဘူး။ မကြာခင်ပဲ ဆော့ခရေ့တီး(စ်)က တစ်ချက်တွန့်သွားတယ်။ ဟိုလူက သူခြုံထားတဲ့ အဝတ်စကို ဖယ်လိုက်တော့ သူ့မျက်လုံးတွေ မရွေ့တော့ဘူး။ ခရိုတိုက သူ့မျက်လုံးကိုပိတ်ပြီး ပါးစပ်ကိုစေ့လိုက်တယ်။

**မေး။** *ဆော့ခရေ့တီး(စ်) နောက်ဆုံးစကားက တစ်မျိုးပဲနော်။ ကြက်ဖတစ်ကောင် အကြွေးဆပ်ခိုင်းတာပါလား။*

**ဖြေ။** အက်(စ်)ခလီပီးယပ်(စ်) ဆိုတာက ကျန်းမာရေးနဲ့ ဆိုင်တဲ့ ဂရိနတ်တစ်ပါးပါ။ ရောဂါဝေဒနာ ပျောက်ကင်းတဲ့အခါမှာ သူ့ကိုကျေးဇူးဆပ်တဲ့ သဘောနဲ့ ကြက်ဖတစ်ကောင်ဆက်သတဲ့ ထုံးစံရှိတယ်။ လူ့လောက ထဲက သူထွက်သွားတဲ့အခါမှာ အနာဝေဒနာတွေက လွတ်ကင်းသွားပြီလို့ ဆိုလိုပုံရတယ်။


## ရှင်းလင်းချက်များ

ဒီဆောင်းပါးက ပလေးတိုးရေးတဲ့ ခရိတို Crito နဲ့ ဖီဒို Phaedo ကို အခြေခံပါတယ်။ ဘာသာပြန်ရာမှာ ဇော်ဂျီ (၁၉၆၇)နဲ့ ညှိထားပါတယ်။ စကားသွက်အောင်လည်း လိုအပ်သလို တည်းဖြတ်ပါတယ်။

ခရိတို- Crito

အာပိုလိုဒိုးရပ်(စ်)- Apollodorus

အက်(စ်)ခလီပီးယပ်(စ်)- Asclepius



ဆောင်းပါး အမှတ် (၉)

# သူ့စာရိတ္တရဲ့အားသာချက်ဟာ သူ့အတွေးအခေါ်ရဲ့အားနည်းချက်ပဲ

**နောက်ဆုံးအနေနဲ့ ဆော့ခရေးတီး(စ်)က ကျွန်တော်တို့ကို ဘာတွေ အမွေပေးခဲ့ သလဲဆိုတာကို ဆွေးနွေးကြမယ်။ သူပြောခဲ့တဲ့စကားတွေ ဆွေးနွေးချက်တွေဟာ ဘယ်လောက်အသုံးဝင်တယ်၊ လက်တွေ့ကျတယ်၊ ဘယ်လိုကန့်သတ်ချက်တွေရှိတယ် စသည်ဖြင့် ဝေဖန်သုံးသပ်ကြည့်ကြမယ်လေ။**

မေး။ *ဆော့ခရေ့တီး(စ်)ရဲ့ အယူအဆအရဆို လူကောင်း ဖြစ်ချင်ရင် 'အသိပညာ'၊ 'တရားမျှတခြင်း'၊ 'သတ္တိတရား' စတဲ့ စကားလုံးတွေရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို သေသေချာချာ နားလည်ဖို့ ကြိုးစားရမယ်။ အဲသလို အဓိပ္ပာယ်ဖွင့်ဆိုချက်တွေကို အလေးပေးတာကို ကျွန်မကတော့ သိပ်ပြီး အားမရဘူး။ လူကောင်းဟာ ဘာလဲဆိုတာကို သိဖို့ထက် လူကောင်းတစ်ယောက်ဖြစ်ဖို့ကသာ ပိုပြီးအရေးကြီးတယ် မဟုတ်လား။*

ဖြေ။ ခင်ဗျားက နည်းနည်းစိတ်စောနေလို့ပါ။ လူကောင်းဆိုတာ ဘယ်လို နေမှန်းမသိဘဲနဲ့ ခင်ဗျားက ဘယ်လိုလူဖြစ်အောင် ကြိုးစားမှာတုန်း။

မေး။ *ကျွန်မ ပြောချင်တာကို တစ်မျိုး ပြောကြည့်မယ်။ ဒဿနဆရာ တစ်ယောက်အနေနဲ့ ဆော့ခရေ့တီး(စ်)ဟာ အခုလို စကားမျိုး ပြောသင့် တယ် - 'အသင်သူသည် လူကောင်း ဖြစ်လိုလျှင် ဤသို့သောအရာကို*

*ပြုကျင့်ပါ။ ဤသို့သောအရာကို ရှောင်ပါ။ အဘယ်ကြောင့်ဆိုသော် အသင်သည် ဤသို့ပြုလျှင် ဤသို့သော အကျိုးဆက်များ ခံစားရမယ်'။ သူက အကောင်းအဆိုးကို ဆင်ခြင်ပြရင် ကီစွက ရှင်းနေပြီ။ လူကောင်းဖြစ်ချင်သူက ညွှန်ကြားချက်အတိုင်း လိုက်နေရုံပဲပေ့ါ။ အဲသလိုသဘောနဲ့ ကွန်မက ပြောတာပါ။*

ဖြေ။ ခင်ဗျားက လူတိုင်းလိုက်နာနိုင်တဲ့ 'လူကောင်းဖြစ်နည်းလမ်းညွှန်' ဆိုတာမျိုးကို လိုချင်တယ်ပေ့ါ။ ဆော့ခရေ့တီး(စ်)မှာ အဲသလို တစ်ချက် ခုတ်နှစ်ချက်ပြတ် လမ်းညွှန်တွေ မရှိဘူး။ သူ့အတွေးအခေါ် အလုပ်ရဲ့ တွေ့ရှိချက်အရဆိုရင် အဲသလိုမျိုး လမ်းညွှန်တွေဟာ အခြေခံအားဖြင့် အဓိပ္ပာယ်မရှိဘူး။ ဘာလို့လဲဆိုတော့ ဒီလမ်းညွှန်ထဲက စကားတွေဟာ ဟုတ်မလိုလိုနဲ့ အဓိပ္ပာယ်မရေရာတဲ့ စကားတွေသာ ဖြစ်နေတတ်တယ်။ ပထမပိုင်းမှာပြောခဲ့သလိုပဲ 'သူများပစ္စည်းကိုမပေးဘဲ မယူပါနဲ့' ဆိုတာကို အကြွင်းမဲ့မှန်တဲ့တရားလို့ လူအများက ထင်ကောင်းထင်ကြလိမ့်မယ်။ ဆော့ခရေ့တီး(စ်)ကတော့ အဲသလို မှန်တယ်လို့မထင်ဘူး။ ခင်ဗျားကို လူတစ်ယောက်က ဓားရှည်တစ်ချောင်းလာပေးထားပြီး ပြန်လာယူချိန်မှာ ဒေါသ တထောင်းထောင်း ထွက်နေတဲ့ စိတ်ဝေဒနာရှင်တစ်ဦးဖြစ်နေရင် ဘယ်လိုလုပ်မှာလဲ။ အဲဒီ ဓားရှည်နဲ့ ခင်ဗျားကို ခုတ်ချင်လို့ပါဆိုရင်ကော ခင်ဗျားက'သူများပစ္စည်းကို မပေးဘဲ မယူဘူး' လို့ လုပ်မှာလား။ သဲကန္တာရထဲ ရေငတ်ပြီး သေမလောက်ဖြစ်ချိန်မှာ ရေတွင်းတစ်ခု တွေ့ရင် ရေမသောက်ဘဲ ရေတွင်းပိုင်ရှင် ဘယ်သူလဲဆိုတာ လိုက်ရှာမှာလား။ ဘာပဲဖြစ်ဖြစ်'သူများပစ္စည်းကို မပေးဘဲမယူဘူး' လို့ပဲ လုပ်နေရင် အသိဉာဏ် မရှိရာရောက်မယ်။ မိုက်မဲရာရောက်လိမ့်မယ်။

လူတွေကို ဘာလုပ်ပါ။ ဘာမလုပ်ပါနဲ့လို့ ပြောရတာကတော့လွယ်တယ်။ လက်တွေ့ ပြဿနာတွေက ခပ်လွယ်လွယ်မေးခွန်းမေးမှာမဟုတ်ဘူး။ လက်တွေ့မှာက အင်မတန်ရှုပ်ထွေးတဲ့အခြေအနေတွေ ကြုံရတာ။ အဲသလိုအချိန်မှာ ဘာလုပ်ပါ၊ ဘာမလုပ်နဲ့ဆိုတဲ့ စည်းမျဉ်းတွေက ရှင်းလွန်းလို့ သုံးမရဖြစ်လေ့ရှိတယ်။ ဆော့ခရေ့တီး(စ်)က ဒီအချက်ကို ကောင်းကောင်းမြင်တယ်။ ဒီထက်ပိုပြီး အခြေခံကျတဲ့ပြဿနာက လူဟာ သူများပြောတိုင်းကိုပဲ မဆင်မခြင်လုပ်တာမျိုးကို ဆော့ခရေ့တီး(စ်)က

အားမပေးဘူး။ ခင်ဗျားက လူကောင်းဖြစ်ချင်ရင် ခင်ဗျားကိုယ်တိုင်တသော စဉ်းစားပြီး ကြိုးစားအားထုတ်မှဖြစ်မယ်။ ဘယ်ဟာက မှန်တယ်၊ ဘယ်ဟာက မှားတယ်ဆိုတာကို ကိုယ်ပိုင် ဆန်းစစ်ကြည့်ရမယ်၊ အပြန်အလှန် ဆွေးနွေးရမယ်၊ ဒီလိုနည်းနဲ့ ကိုယ့်ကိုယ်ကိုယ် ကောင်းအောင် ကြိုးစားရမှာ။ ဒီမှာ ဖြတ်လမ်းတွေ၊ အလွယ်လမ်းတွေ ရှိတယ်လို့ဆိုရင် 'အင်' ဖြစ်ဖို့များတယ်။ ဒါတွေကို လွယ်လွယ် ယုံလို့မဖြစ်ဘူး။

မေး။ *ကိုယ့်ဘာသာကိုယ် အားထုတ်ရမယ်ဆိုတာတော့ ဟုတ်ပါတယ်။ ဒါပေမဲ့ ဘာလို့ အဓိပ္ပာယ်ဖွင့်ဆိုချက်တွေကိုပဲ အလေးပေးရတာတုံး၊ ကျွန်မက အဲဒါကို နားမလည်တာ။ အဓိပ္ပာယ်ဖွင့်ဆိုချက်တွေကိုရှာတော့လည်း သူကသူလိုချင်တဲ့အဓိပ္ပာယ်ဖွင့်ဆိုချက်မျိုးတွေတွေ့ရှိတာလဲ မဟုတ်ဘူး။ အများအားဖြင့် ဟိုမရောက် ဒီမရောက်နဲ့ စကားပျက်သွားတာ များတယ်မဟုတ်လား။*

ဖြေ။ ဟုတ်ပါတယ်။ သူလိုချင်တဲ့အဓိပ္ပာယ်ဖွင့်ဆိုချက်မျိုးတွေကို ရလေ့မရှိပါဘူး။ ဒါပေမဲ့ ဘယ်လိုအဓိပ္ပာယ်ဖွင့်ဆိုချက်မျိုးကတော့ မမှန်ဘူး၊ မပြည့်စုံဘူးဆိုတာကိုတော့ တွေ့ရှိလေ့ရှိပါတယ်။ ဒါက အရေးကြီးတဲ့ နားလည်မှုတွေကို ပေးနိုင်တယ်။ ဥပမာ ရန်သူ့အခြေအနေ ကိုယ့် အခြေအနေ မသုံးသပ်ဘဲ မျက်စိမှိတ်ချသူကို သတ္တိရှိတယ် မခေါ်နိုင်ဘူး။ ပြီးတော့ အတိအကျနိုင်မယ်လို့ သိပြီး တိုက်သူကိုလည်း သတ္တိရှိတယ်လို့ ခေါ်ဖို့ခက်နိုင်တယ်။ ဒါကြောင့် သတ္တိရှိဖို့ အသိတရားရှိဖို့လိုသလို အသိတရားကြောင့် သတ္တိမရှိတာလဲ ဖြစ်နိုင်တယ်လို့သိရတယ်။ ဒါက သတ္တိဆိုတာဘာပါလို့ မပြောပေမယ့် အရေးကြီးတဲ့တွေ့ရှိချက်တစ်ခုပဲ။

မေး။ *ကျွန်မအထင်က သူ့မေးခွန်းတွေကို တိတိကျကျ ဖြေနိုင်တဲ့အဖြေတွေ မရှိနိုင်ဘူး။ ဒီမှာ ကျွန်မက စိတ်ကူးယဉ်နည်းနည်းဆန်တယ်ထင်ရင် ခွင့်လွှတ်ပါ။ ဥပမာ ဆိုပါတော့။ လူ အတော်များများဟာ 'အချစ်' ဆိုတာ ဘယ်လိုအရာမျိုးဆိုတာကို ကိုယ့်နည်းနဲ့ကိုယ် သိကြတာပဲ။ ဘယ်သူမှ သင်ပေးစရာမလိုပါဘူး။ ဒါပေမဲ့ ဒီစကားလုံးကို အဓိပ္ပာယ် ဖွင့်ခိုင်းရင် ဘယ်သူမှ တိတိကျကျနဲ့ ပြည့်ပြည့် စုံစုံ ဖြေနိုင်မှာမဟုတ်ဘူး။ တကယ့်ကို ခက်တာ။ ကာရံမဲ့ကဗျာရေးသူတွေတောင် မရှင်းပြနိုင်ဘူး။*

*ဒါကို ဘယ်လိုပြောမလဲ၊ ကျွန်မတို့ လူတွေသုံးတဲ့ဘာသာစကားရဲ့ ကန့်သတ်ချက်လို့ ခေါ်ရမလား။ လူတစ်ယောက်ရဲ့ ခံစားချက်၊ နားလည်ချက်တွေကို တိတိကျကျ ပြောပြနိုင်ဖို့ ကျွန်မတို့မှာ စကားလုံးတွေမရှိတတ်ဘူး။ ပြောသူက စကားလုံးတွေ သုံးပြီး ပြောချင်ရာရဲ့ အရိပ်အယောင်ကိုသာ ပြနိုင်တာ။ နားထောင်သူက သူ့ စိတ်ကူး၊ အတွေ့အကြုံတွေကို သုံးပြီး ဆက်စပ်နားလည်ယူပေးရတာပေ့ါ။ ဒီလိုမဟုတ်ဘဲ ဆော့ခရေ့တီး(စ်)လို ဘာကိုမှ မသိချင်ယောင်ဆောင်ရင် သူ့ကို ဘာမှကို ရှင်းပြလို့ ရနိုင်မှာ မဟုတ်ဘူး။*

ဖြေ။ ဆော့ခရေ့တီး(စ်)ကမေးတဲ့ 'တရားမျှတတယ်ဆိုတာဘာလဲ'၊ 'သတ္တိဆိုတာဘာလဲ'၊ 'လူကောင်းလူမွန် ဆိုတာ ဘာလဲ' ဆိုတဲ့ မေးခွန်းတွေဟာ မှန်မှန်ကန်ကန် ပြန်ဖြေလို့မရတဲ့ မေးခွန်းတွေမို့ အဓိပ္ပာယ်မရှိတဲ့ မေးခွန်းတွေဖြစ်တယ်လို့ ပြောချင်တာလား။

*မေး။ ဟုတ်မယ်ထင်တယ်။*

ဖြေ။ ၂၀ ရာစု အနောက်တိုင်း ဒဿနဆရာအချို့က ဒီလိုစကားမျိုး ပြောဖူးတယ်။ သူတို့ပြောတာက အချို့သောစကားတွေဟာ ဘာသာစကားနဲ့ သဒ္ဒါစည်းမျဉ်း စည်းကမ်းတွေအရ မှန်ပေမယ့် လက်တွေ့မှာ လုံးလုံးအဓိပ္ပာယ်မရှိဘူးလို့ဆိုတယ်။ ဆိုပါစို့ဗျာ။ အင်္ဂလန်မှာရှိတဲ့ အောက်စ်ဖို့(ဒ်) တက္ကသိုလ် နာမည်ကို ကြားဖူးမှာပေါ့။ အဲဒီ တက္ကသိုလ်ရှိတဲ့ အောက်စဖို့(ဒ်)မြို့လေးထဲသွားရင် မြို့ထဲမှာ နာမည်အမျိုးစုံနဲ့ ကောလိပ်တွေ၊ စာကြည့်တိုက်တွေ၊ ပုံနှိပ်လုပ်ငန်းတွေ၊ ကျောင်းသားဆောင်တွေ၊ ဆရာဆောင်တွေ စသည်ဖြင့် အဆောက်အအုံတွေ အများကြီး တွေ့ရမယ်။ ဒါပေမဲ့ 'အောက်စဖို့(ဒ်)တက္ကသိုလ်'လို့ ရေးထားတဲ့ အဆောက်အအုံကို ရှာရင်တော့ တွေ့မှာ မဟုတ်ဘူး။ အဲသလို မတွေ့ရလို့ နေရာမှားရောက်နေတယ်ထင်ပြီး ဒေသခံတစ်ယောက်ကို 'အောက်စဖို့(ဒ်)တက္ကသိုလ်က ဘယ်မှာလဲ'လို့ မေးကြည့်ရင် သူတို့ကလည်း ဖြေတတ်မှာမဟုတ်ဘူး။ ဘာလို့လဲဆိုတော့ အဲဒီအဆောက်အအုံတွေ၊ လူတွေ စတာတွေ အားလုံးကိုစုပြီး အောက်စဖို့(ဒ်)တက္ကသိုလ်လို့ ခေါ်တာမို့ပဲ။

အဲဒါက ဘာနဲ့ဆင်သလဲဆိုတော့ အင်္ဂါဂြိုဟ်က ဂြိုဟ်သားတစ်ယောက်

အာကာသထဲ ခရီးသွားရင်း လမ်းမှားပြီး ရန်ကုန်က ဆူးလေဘုရားလမ်းပေါ်ကို ရောက်လာတယ် ဆိုပါစို့။ ပြီးတော့ ဒီဂြိုဟ်သားက မြေပုံတစ်ခု ထုတ်ကြည့်ပြီး ရန်ကုန်မြို့က ဘယ်မှာတုန်းလို့မေးရင် ဘယ်လို ဖြေရမှာလဲ။ တွေ့ရာအဆောက်အအုံကို လက်ညှိုးထိုးပြရင် သူက အဆောက်အအုံကို ရန်ကုန်မြို့လို့ထင်မှာပေါ့။ မြေကြီးကို လက်နဲ့ထိုးပြရင် သူက မြေကြီးက ရန်ကုန်မြို့လို့ထင်မှာပေါ့။ ရန်ကုန်မြို့ဟာ ဘာပါလဲဆိုတာကို ဘယ်လိုလုပ်ပြီး ရှင်းပြရမှာလဲ။

လူတစ်ယောက် အကြောင်းအရာတစ်ခုကို တကယ်သိရင် လူများနားလည်နိုင်အောင် ရှင်းပြနိုင်ရမယ်။ မရှင်းပြနိုင်ရင် မသိလို့ဘဲလို့ ဆော့ခရေ့တီး(စ်)က အခိုင်အမာ ယုံကြည်သူဖြစ်တယ်။ ဒဿနနဲ့ဆိုင်တဲ့ မေးခွန်းတွေကလည်း အဓိပ္ပာယ် မရှိတဲ့ မေးခွန်းတွေ ဖြစ်နိုင်သလားဆိုတာကို ဆော့ခရေ့တီး(စ်)က သေသေချာချာ စဉ်းစားမိတယ် မထင်ဘူး။

*မေး။ ဆူးလေဘုရားလမ်းပေါ်က ဂြိုဟ်သားကို နည်းနည်းအချိန်ယူပြီး သေသေချာချာ ရှင်းပြရင်ကော မရနိုင်ဘူးလား။ မြို့ဆိုတာက ဧရိယာတစ်ခုလုံးကို စုပြီးခေါ်တယ်။ ရန်ကုန်ဆိုတာက ဒီဧရိယာရဲ့အမည်ပါ။ ဒီဧရိယာထဲမှာ မြင်ရတဲ့တိုက်တွေ အဆောက်အအုံတွေ၊ လူတွေ၊ တိရစ္ဆာန်တွေ၊ ကားတွေ၊ သစ်ပင်တွေ အကုန်လုံးဟာ မြို့ရဲ့အစိတ်အပိုင်းတွေဖြစ်ပါတယ် စသည်ဖြင့်ပေါ့လေ။*

ဖြေ။ ကောင်းပြီလေ။ ဒီဂြိုဟ်သားက ဆူးလေဘုရားလမ်းပေါ် နည်းနည်းလျှောက်ကြည့်ပြီး ထပ်မေးပြန်တယ်။ 'ခင်ဗျားတို့မြို့က ခရမ်းရောင်စိတ်ကူးတွေက ခါးသလား၊ မခါးဘူးလား' လို့ဆိုရင်ကော ဘယ်လိုပြန်ဖြေရမှာလဲ။ ဒီမေးခွန်းက သဒ္ဒါအရ မှန်တယ်။ ဒါပေမဲ့ ခါးတယ်၊ မခါးဘူး ဘယ်လိုမှဖြေလို့ မရဘူးလေ။ ဒီမေးခွန်းက ယုတ္တိမရှိဘူးလို့ဘဲ ပြန်ပြောရမယ်။ ဆိုလိုချင်တာက မေးလို့ရတဲ့ မေးခွန်းတိုင်းအတွက် အဓိပ္ပာယ်ရှိတဲ့ အဖြေမရှိဘူး။

*မေး။ ဟုတ်ပါတယ်။ ကျွန်မပြောချင်တာက အခုပေးတဲ့ဥပမာတွေလိုပါပဲ၊ ဆော့ခရေ့တီး(စ်)မေးတဲ့ ကောင်းခြင်းဆိုတာ ဘာလဲလို့ဆိုတဲ့ မေးခွန်းတွေကရော ခရမ်းရောင်စိတ်ကူးတွေက ခါးသလားလို့မေးတာမျိုးနဲ့*

*မတူနိုင်ဘူးလား။*

ဖြေ။ ဒီလိုအကြောင်းကြောင့် ဒဿနဆွေးနွေးချက်တွေဟာ စကားလုံးနဲ့ အပျော်ကစားခြင်းပဲလို့ အချို့ဆိုကြတယ်။ ဒီလိုကစားရာမှာ တကယ် အကျိုးထိရောက်မှု ဘာမှမရှိဘူး ပေါ့။ ဥပမာ လူနှစ်ယောက်အပျင်းပြေ စကားဝှက်ကစားကြတယ်ဆိုပါစို့။ ဒါဆို တစ်ယောက်က မေးမယ်။

'စိတ်ကူးက မှောင်တယ်၊

ထိုင်ခုံက 'နီတယ်၊

ထိုင်သူက စိမ်းတယ်၊

လက်ညှိုးက ကောက်တယ်'

ဒီလိုစကားဝှက်မျိုး ကစားသူဟာ အချိန်ကုန်ချင်လို့ နေမှာပေါ့။ စကားဝှက်ကို နိုင်လို့၊ ရှုံးလို့ ဘယ်သူ့အတွက်မှ ဘာမှအကျိုးမထူးဘူး။ လောကကြီးမှာ ပြောင်းလဲမှု ဘာမှမရှိဘူး။ ဒါဆိုရင် ဆော့ခရေ့တီး(စ်)မေးတဲ့ ကောင်းခြင်း ဆိုးခြင်းအကြောင်း မေးခွန်းတွေကရော စကားဝှက် ကစားတာနဲ့ ဘာကွာသလဲလို့ မေးစရာရှိလာတယ်။

*မေး။ ဒါ သိပ်ကောင်းတဲ့အချက်ပေါ့။ 'ခင်ဗျားရဲ့ မေးခွန်းတွေက ဘာမှ အဓိပ္ပာယ်မရှိပါဘူး' လို့ပြောရင် ဆော့ခရေ့တီး(စ်)က ပြန်ဖြေနိုင်မှာ မဟုတ်ဘူးထင်တယ်။*

ဖြေ။ သူ ဘယ်လိုအတိအကျပြန်ပြောမယ်ဆိုတာကို ကျွန်တော်တို့မသိနိုင်ဘူး။ ဒါပေမဲ့ ခပ်ဆင်ဆင်မေးခွန်းတွေကိုတော့ သူ့မိတ်ဆွေတွေက သူနဲ့ ဆွေးနွေးဖူးတယ်။ သူက ဒီအချက်ကို လက်ခံပုံမရဘူး။

*မေး။ အတော်မလွယ်တဲ့ လူပဲရှင့်။ လုပ်စမ်းပါဦး။ သူက ဘာပြောတုန်း။*

ဖြေ။ သူက ခင်ဗျားရဲ့စကားနဲ့ ခင်ဗျားကို ပြန်ချည်နိုင်တယ်လေ။ 'ဒဿန ဆွေးနွေးချက်တွေဟာ စကားလုံးနဲ့ အပျော်ကစားခြင်းလိုပဲ' လို့ဆိုရင် 'ဒီစကားကရော စကားလုံးနဲ့ အပျော်ကစားခြင်းပဲလား' လို့ ဆော့ခရေ့တီး(စ်)က ပြန်မေးနိုင်တယ်။

*မေး။ စူပါနတ်ဘုရားကို 'သူတောင် ပြန်မ,မနိုင်တဲ့ ကျောက်တုံး' ဖန်တီးနိုင် သလိုပေါ့။*

ဖြေ။ ဟုတ်တယ်။ ဆိုတော့ ဒီသန ဆွေးနွေးချက်အချို့ဟာ အဓိပ္ပာယ်ရှိတယ်ဆိုတာကို ယုတ္တိရှိရှိနဲ့ ငြင်းလို့တော့ မရနိုင်ဘူး။ ဒါကြောင့် ဆော့ခရေတီး(စ်)ရဲ့ မေးခွန်းတွေ အားလုံးကလည်း အဓိပ္ပာယ်မရှိလို့ သိမ်းကျုံးပြောလို့လည်း မရနိုင်ဘူး။

*မေး။ ဒါပေမဲ့ သူမေးတဲ့မေးခွန်းတိုင်းအတွက် အဖြေကောင်းမရှိတာကိုတော့ လက်ခံရမယ်။*

ဖြေ။ ဟုတ်ပါတယ်။ ဒါကိုတော့ လက်ခံရမယ် ထင်တယ်။

*မေး။ အခုက စကားဝှက်ရဲ့အဖြေက ဘာလဲ။ အစိမ်းရောင်လူဆိုတော့ ဂြိုဟ်သားပဲ ဖြစ်ရမယ်။*

ဖြေ။ စကားဝှက်ကစားတယ်ဆိုပြီး အဖြေပေးလို့ ဘယ်ဖြစ်မလဲ။ ရှေ့နောက်မညီဖြစ်ကုန်မှာပေါ့။

*မေး။ ဆော့ခရေတီး(စ်)နဲ့ပတ်သက်ပြီး ကျွန်တော်လက်မခံနိုင်တဲ့ အခြားအချက် တစ်ခု ရှိတယ်။ သေမိန့်ပေးခံရတော့ သူက ပြစ်ဒဏ်ကလွတ်အောင်ရှောင်ဖို့မကြိုးစားဘဲ ခပ်အေးအေးပဲ အသေခံသွားတယ်။ ဒီမှာ သူ့ရဲ့သတ္တိကိုတော့ ချီးကျူးစရာရှိပါတယ်။ ဒါပေမဲ့ သူ့ရဲ့စဉ်းစားဆင်ခြင်ချက်ကိုတော့ သဘောတူစရာမရှိဘူး။*

ဖြေ။ ခင်ဗျားပြောတာကို ကျွန်တော် ရှင်းရှင်းလင်းလင်း သိချင်တယ်။ ထပ်ရှင်းပြပါဦး။

*မေး။ ဒီလိုဗျာ။ 'လူငယ်တွေရဲ့စိတ်ဓာတ်ကိုဖျက်ပြားအောင်လုပ်တယ်' ဆိုပြီးပြစ်မှုနဲ့ ဆော့ခရေတီး(စ်)ကို သေမိန့်ပေးတော့ သူက ဒီစွဲချက်ကိုလက်မခံဘူး။ ဒါပေမဲ့ တရားရုံးက ပေးတဲ့ ပြစ်ဒဏ်ကိုတော့တရားမျှတတယ်လို့ လက်ခံတယ်။ ဘာကြောင့်လဲ ဆိုတော့တရားရုံးရဲ့သဘောဟာ အေသင်တစ်မြို့လုံးရဲ့ သဘော ဖြစ်တယ်။ တစ်မြို့လုံးရဲ့သဘောဟာ ကိုယ့်အမြင်နဲ့မတူရင်တောင် နိုင်ငံသားကောင်း တစ်ယောက်အနေနဲ့ သူဟာ အများသဘောကို လက်ခံရမယ်လို့ ဆော့ခရေတီး(စ်) ယုံကြည်တယ်နော်။ ဒါကြောင့် သူကအသေခံသွားတာပေါ့။*

*ဒါက အင်မတန်ဆိုးရွားတဲ့ အယူအဆလို့ ကျွန်တော်ထင်တယ်။*

*ဘယ့်နှယ်ဗျာ ကိုယ့်ကို မတရားလုပ်နေတယ်ဆိုရင် သိရက်နဲ့ခံနေလို့ ဘယ်ဖြစ်မှာလဲ။ ဆော့ခရေ့တီး(စ်)က သူမှန်တယ်ဆိုတာကို တကယ် ယုံရင် ဘာလို့သေဒဏ်ခံရမှာလဲ။ ဥပမာ အေသင်ကနေ ထွက်ပြေးပေါ့။ ဒီလိုမှ မဟုတ်ရင် မတရားတဲ့နည်းနဲ့ အုပ်ချုပ်သူကို မတော်လှန်နိုင်ရင် မရှောင်နဲ့၊ ခေါင်းငုံ့ခံလို့ သူက ပြောနေသလိုပဲ။*

ဖြေ။ ခင်ဗျားပြောပုံအရဆို ဥပဒေအရ အပြစ်ပေးခံရသူရယ်လို့ ရှိမှာ မဟုတ်ဘူး။

*မေး။ ဘာကြောင့်လဲ။*

ဖြေ။ ဒီလိုလေ။ ဥပဒေအရ အပြစ်ပေးခံရသူတိုင်းမှာ သူတို့မဟုတ်တာ မလုပ်မိကြောင်းကို ရှင်းပြဖို့ ဆင်ခြေအမျိုးမျိုးရှိကြမှာပဲမဟုတ်လား။ အချောင်သမား၊ ခါးပိုက်နှိုက်ကလည်း စားဝတ်နေရေး ပြေလည်ဖို့ ခိုးရတာ၊ ရွှေဆိုင်ဓားပြတိုက်သူက ရွှေဆိုင်ပိုင်ရှင်မှာ ရွှေတစ်ဆယ်သား ဆုံးရှုံးလို့ ငမွဲဖြစ်မှာမဟုတ်။ သူများပိုင်ပစ္စည်း ပြန်မပေးချင်သူကလည်း သူသာလျှင် ပိုင်ရှင်အစစ်ဖြစ်တယ် စသည်ဖြင့် မဟုတ်တာလုပ်မိသူတိုင်း မှာ ကိုယ်ပိုင်ဆင်ခြေလေးတွေရှိကြမြဲဆိုတာ စဉ်းစားကြည့်လို့ ခက်မယ် မထင်ဘူး။ ဆော့ခရေးတီး(စ်)လိုပဲ သူတို့ကလည်း ဥပဒေရဲ့ ပြစ်ဒဏ်ကို ခံရတော့မှ ဒီဥပဒေက မတရားပါဘူးလို့ဆိုပြီး ထွက်ပြေးရင် ထောင်ထဲမှာ ကျန်ခဲ့မယ့်လူရယ်လို့ ရှိမယ် မထင်ဘူး။ ဒါကြောင့် လူကောင်းပဲဖြစ်ဖြစ် လူဆိုးပဲဖြစ်ဖြစ် လူတိုင်းဟာ ကိုယ်မှန်တာလို့ထင်တဲ့အရာကိုပဲ လုပ်တာ ပါလို့ ဆော့ခရေ့တီး(စ်)က ပြောတာ။ လူဆိုးတွေက သူတို့လုပ်ရပ်ကို ဆိုးမှန်းသိလျက်နဲ့ လုပ်တာမဟုတ်။ ကောင်းတယ်လို့ ထင်လို့ လုပ် ကြတာ။ ဆော့ခရေ့တီး(စ်)က အဲသလိုနားလည်တယ်။

*မေး။ ပြဿနာပဲ။ ကျွန်တော်ပြောချင်တာကို ထပ်ပြောကြည့်မယ်။ အဓိပ္ပာယ် ရှိမရှိတော့ မသိဘူး။ မရှိဘူးဆိုရင် ကြိုတင်ဆောရီးပဲ။*

*အများအမြင်မှာ တရားတဲ့အရာတွေ ရှိတယ်။ မတရားတာတွေလည်း ရှိတယ်။ ဥပဒေရဲ့အမြင်အရ တရားတာတွေရှိတယ်။ မတရားတာတွေ လည်းရှိတယ်။ ကိုယ့်အမြင်မှာ တရားတာတွေရှိတယ်။ မတရားဘူး ဆိုတာတွေလည်း ရှိမယ်။ ဒီသုံးခုဟာ သဘောတူညီမှုရှိရင် လွယ် တာပေါ့။ ကိုယ်မှန်တယ်လို့ ယုံကြည်တဲ့အရာဟာ ဥပဒေဘောင်လည်း*

*ဝင်မယ်၊ အများအမြင်နဲ့လည်း ဒဲကိုက်ရင် ပြဿနာ သိပ် မရှိဘူးပေါ့။*

*အဲသလို သဘောတူညီမှုမရှိရင် ခက်ပြီ။ အများအမြင်ကမှားနိုင်တယ်၊ ဥပဒေ မတရားတာဖြစ်နိုင်တယ်၊ ကိုယ့်အမြင်ကလည်း တလွဲတချော် ဖြစ်နိုင်တယ်။ ဒီလိုမရေရာတဲ့အခြေခံတွေပေါ် တည်တည်မြဲမြဲ ရပ်နိုင်ဖို့ ဘာကိုအမိကိုင်ထားမလဲ။ ဆော့ခရေ့တီး(စ်) အဆိုအရဆို ဥပဒေကိုပဲ လက်ကိုင်ရမယ်ဆိုတယ်။ ဒါကို ကျွန်တော် လက်မခံနိုင်ဘူး။ အခု ပြောသလိုပဲ ဥပဒေက မတရားတာဖြစ်နိုင်တယ်။*

ဖြေ။ ခင်ဗျားမေးပုံက ကောင်းပါတယ်။ ဒါကိုလဲ ဆော့ခရေ့တီး(စ်)က အတော်အတန် ရိပ်မိပုံပါပဲ။ သူ့အဆိုကတော့ လူဟာ စဉ်းစား ဆင်ခြင်မှု က လွဲရင် အခြားဘာကိုမှ အားကိုးစရာမလိုဘူး။ စဉ်းစားဆင်ခြင်မှုအရ သေဒဏ်ခံသင့်တယ်ဆိုရင် ဒါကို ထပ်စောဒကတက်စရာမရှိတော့ဘူး။

ဒါပေမဲ့ ဆော့ခရေ့တီး(စ်)က 'စဉ်းစားဆင်ခြင်မှု' ဆိုတာကို လက်ကိုင် ထားဖို့ ပြောပေမယ့် လူတစ်ဦးချင်းရဲ့ စဉ်းစားဆင်ခြင်စွမ်းနဲ့ စိတ်သဘာဝ ဆက်စပ်ပုံကို ဆော့ခရေ့တီး(စ်)က သေသေချာချာ နားလည်ပုံမပေါ်ဘူး။ ဒုစရိုက်ကောင်တွေမှာလည်း သူ့ကိုယ်ပိုင် 'စဉ်းစားဆင်ခြင်မှု' တွေ ရှိတယ်။ သူတို့ရဲ့ စိတ်အခြေအနေက တလွဲတချော်တွေ ဖြစ်နေတော့ ဆုံးဖြတ်ချက်တွေမှားတာပေါ့။ ရေပက်မဝင်အောင် မှန်တဲ့ စဉ်းစား ဆင်ခြင်မှုမျိုး လူတစ်ယောက်ရဖို့က တကယ်ပဲ ဖြစ်နိုင်သလားလို့ ဆော့ ခရေ့တီး(စ်) ကို မေးကြည့်သင့်တယ်။

စဉ်းစားဆင်ခြင်မှုကြောင့်မဟုတ်ဘဲ စိတ်နဲ့ကိုယ်ရဲ့ အလိုအလျောက် တုံ့ပြန်ချက်တွေကြောင့် လုပ်မိတာရှိကြောင်း သူ့ကိုရှင်းပြဖို့ကမခက်ဘူး။ ထမင်းစားတာ ဗိုက်ဆာလို့ပါ လို့ပြောရင် စဉ်းစားဆင်ခြင်မှုနည်းအရ မှန်ပေမယ့် လက်တွေ့မှာဟုတ်ချင်မှဟုတ်မှာ။ ဗိုက်မဆာပေမယ့်လည်း အရသာခံချင်လို့ စားတာလည်း ဖြစ်နိုင်တယ်။ ထမင်းဆိုင်က ကောင် မလေးကို ခိုက်လို့ စားတာလည်းဖြစ်နိုင်တယ်။ ဝယ်ကျွေးတဲ့သူကို အားနာလို့ စားတာလည်းဖြစ်နိုင်တယ်။ စားစရာမှာ မူးယစ်ဆေးပါလို့ စွဲနေတာလည်း ဖြစ်နိုင်တယ်။ လူရဲ့ဆုံးဖြတ်ချက်အားလုံးဟာ အကျိုး အကြောင်း ခိုင်လုံမှုမရှိနိုင်ဘူးဆိုတာကိုတော့ ဆော့ခရေ့တီး(စ်)က ကောင်းကောင်း နားမလည်နိုင်ဘူး။

မေး။ ကျွန်တော် သဘောမကျတာတစ်ခု ရှိပါတယ်။ အဲဒါက လူဟာ ဘာကိုပဲ လုပ်လုပ် ဒီလုပ်ရပ်ကို ကောင်းတယ် ထင်လို့ လုပ်တာပါလို့ ဆော့ခရေ့တီး(စ်)က ယူဆတယ်။ ဒါက သိပ်မဟုတ်ဘူး။ တစ်ခါခါ ကျွန်တော်တို့မှာ ဆုံးဖြတ်ချက် မှန်မှန်ကန်ကန် ချဖို့ လိုအပ်တဲ့သတင်းအချက်အလက်တွေ အသိပညာတွေ မရှိဘူး။ တစ်ခါခါမှာ လူဟာ မတော်တဆဖြစ်ပြီး မလုပ်ချင်ရာကို လုပ်မိတတ်တယ်။ တစ်ခါခါမှာလည်း ဝေခွဲမရ ဖြစ်ပြီး အကောင်းဆုံးဖြစ်မယ်လို့ မျှော်လင့်ပြီး လုပ်တဲ့အရာဟာ ထင်သလို မကောင်းတာလဲ ရှိတယ်။

ဒီလိုအခြေအနေတွေမှာ လူဟာ သူကောင်းတယ်လို့ ထင်ရာကိုပဲ လုပ်ပါတယ်လို့ ဆိုလို့ မသင့်တော်ဘူး။ လွယ်လွယ်ပြောရရင် လမ်းသွားရင်း ခလုတ်တိုက်မိသူကို 'ခလုတ်တိုက်မိတာ ကောင်းတယ် ထင်လို့ခင်ဗျား တိုက်မိတာပါ' လို့ဆိုရင် ဒုက္ခရောက်သူကို စော်ကားသလို ဖြစ်နေမှာပေါ့။ ဆော့ခရေ့တီး(စ်)က လက်ခံတဲ့ လူ့စိတ်သဘာဝဟာ အရမ်းကို ရှင်းလွန်းလို့ လက်တွေ့နဲ့ အတော်ဝေးတယ်လို့ ကျွန်တော် ထင်တယ်။

ဖြေ။ ခင်ဗျား ဥပမာက ကောင်းပါတယ်။ လူတွေဟာ တစ်ခါခါမှာ မထင်တာ တွေလုပ်မိတာကို ဆော့ခရေ့တီး(စ်) က လျော့တွက်ပုံ ရပါတယ်။ ဒါကြောင့် နှောင်းခေတ် ဒဿနဆရာတစ်ယောက်က 'သူ့စာရိတ္တ အားသာချက်ဟာ သူ့အတွေးအခေါ် အားနည်းချက်ရဲ့ အခြေခံဖြစ်တယ်' လို့ဆိုတယ်။

မေး။ ဒါစကားကို နားမလည်ဘူး။ ဂရုလို ရှင်းပြပေးပါလား။

ဖြေ။ ဆော့ခရေ့တီး(စ်)ရဲ့ နေထိုင်သွားလာပုံကို ပထမပိုင်းမှာ ပြောကြတုန်းက သူဟာ ဒေါင်ကျကျ ပြားကျကျ နေနိုင်တယ်။ လူ့စဉ်းစားဆင်ခြင်နိုင်စွမ်းကို ယုံကြည်တယ်။ သူတစ်ပါးကို ရိုသေတယ်။ လေးလေးစားစား ဆက်ဆံတယ်။ လူကောင်းလူမြတ်ဖြစ်ဖို့ ကြိုးစားရင်း နောက်ဆုံး အသက်ပါအသေခံသွားတယ်။ ဒီအတွက်လည်း ခါးသီးမှုတွေ မရှိဘူး ဆိုတာကို ထင်ထင်ရှားရှား သိရတယ်။ သူ့စာရိတ္တက ထူးထူးခြားခြားကို ကောင်းလွန်းတော့ လူသာမန်ရဲ့ ပင်ကိုအားနည်းချက်တွေကို သူက နားမလည်နိုင်ဘူး။ သူ့အတွေးအခေါ်က သူ့လိုစာရိတ္တရှိသူတွေအတွက်

အဆင်ပြေနိုင်တယ်။ အခြားလူတွေအတွက်တော့ သိပ်မလွယ်ဘူး။ သူ့လိုမျိုး အမွဲအတေခံပြီး ဒဿန အလုပ်ကို ဘယ်သူက လုပ်နိုင်မှာလဲ။ ကိုယ့်ယုံကြည်ချက်ကို လျှောင်ပြောင်တာ ဘယ်သူခံရဲလဲ။ ကိုယ်ပိုင်ခံယူချက်ကြောင့် ဘယ်သူ အသေခံရဲသလဲ။ လူသာမန်နဲ့ ယှဉ်ရင် သူ့စာရိတ္တက ကောင်းလွန်းတယ်။

အဲသလို ထူးခြားတဲ့စာရိတ္တကြောင့် သူနားလည်တဲ့ လူ့စိတ်သဘာဝဟာ အတော်ပဲ ရှင်းလွန်းတယ်။ လက်တွေ့ပြဿနာတွေနဲ့ ဝေးတယ်လို့ဆိုရင် လွန်ရာကျမယ် မထင်ဘူး။ ဥပမာ လူဟာ တစ်ခါခါမှာ ကိုယ့်ကိုယ်ကိုယ် မထိန်းသိမ်းနိုင်ဘဲ မလုပ်သင့်တာတွေ လုပ်မိတတ်တယ်။ သတိမထားမိလို့ ခလုတ်တိုက်မိတတ်တယ်။ ဒါမျိုးကို တမင်တကာဖြစ်ချင်လို့ စဉ်းစားပြီး လုပ်တာ မဟုတ်ဘူး။ အကျိုးအကြောင်းပြဖို့ ခက်တဲ့ လူ့ခံစားချက်တွေ၊ စိတ်ကူးစိတ်သန်းတွေ၊ အလိုအလျောက် တုံ့ပြန်မှုတွေအပေါ် အခြေခံပြီးလည်း လူဟာ နေထိုင်လေ့ရှိတယ်ဆိုတာကို ဆော့ခရေ့တီး(စ်)က နားမလည်ဘူး။ လက်မခံဘူး။ ထည့်မစဉ်းစားဘူး။ ဒါကြောင့် သူပြောတဲ့ လူကောင်းလူမွန် စံက လူသာမန်အတွက် မြင့်လွန်းတယ်။ ဒါက ဒဿနရဲ့အားနည်းချက်ပဲ။

တကယ်တော့ လူ့စိတ်သဘာဝဟာ ဆော့ခရေ့တီး(စ်) ထင်တာထက် အများကြီး ရှုပ်ထွေးတယ်။ သိမ်မွေ့တယ်။ ကျယ်ပြန့်တယ်။ သူ့ခေတ်မှာ ဒီကိစ္စတွေကို သေသေချာချာ မလေ့လာကြသေးတာမို့လို့လဲ ပြောနိုင်မယ်ထင်ပါတယ်။ အခုခေတ်သိပ္ပံပညာရှင်တွေရေးတဲ့ စိတ်သဘာဝ အကြောင်းကို ကြားရင် ဆော့ခရေ့တီး(စ်)တော့ အတော်ပဲ ဖြုံသွားနိုင်တယ်။

*မေး။ အမှန်တရားဟာ တစ်ခုတည်းရှိတယ်လို့ဆိုတဲ့ ဆော့ခရေ့တီး(စ်)ရဲ့ ယုံကြည်ချက်ကို ငါ့အနေနဲ့ လက်ခံရခက်တယ်။ ဥပမာသတ္တိအကြောင်း မေးတဲ့အခါမှာ အခြေအနေအချို့မှာ လူအချို့ထားတဲ့သတ္တိကို ဆော့ခရေ့တီး(စ်)က သိချင်တာမဟုတ်။ သတ္တိရဲ့ ယေဘုယျသဘာဝကို သိချင်တာ။ သတ္တိတရားဆိုတာကို သိချင်တာပေ့ါ။ ဒါက မှားတယ်လို့ ငါထင်တယ်။ အမှန်ဆိုတာ နေရာအချိန်မှဲ့ရပ်တည်တဲ့ သဘောမရှိဘူး။ အခြေအနေအချိန်အခါကို လိုက်ပြီးပြောင်းလဲတာ။*

ဖြေ။ ဒီအယူအဆဟာ ရှေ့နောက်မညီနိုင်ဘူးဆိုတာကို စူပါနတ်ဘုရား ဥပမာနဲ့ ရှင်းပြခဲ့ပြီးပြီနော်။

မေး။ မမေ့သေးပါဘူး။ မှတ်မိပါသေးတယ်။ ရှေ့နောက်ညီဖို့ထက် လက်တွေ့မှာ ဘယ်လောက်မှန်သလဲ စဉ်းစားကြည့်ရအောင်ကွာ။ လူနဲ့တိရစ္ဆာန်တွေ အကြောင်း ပြောကြည့်ရအောင်။

အချို့သော အရှေ့တိုင်းယဉ်ကျေးမှုတွေမှာ ခွေးဆိုတဲ့တိရစ္ဆာန်ကို မသန့်ရှင်းတဲ့၊ ညစ်ပတ်တဲ့ အောက်တန်းကျသတ္တဝါတစ်မျိုးလို့ ယူဆကြတယ်နော်။ လူတစ်ယောက်ကို စော်ကားချင်ရင် ခွေးနဲ့နှိုင်းပြောကြတာ။ အနှိုင်းခံရသူမှာ အတော်ပဲနာရတာပေါ့။ သူတို့ဆီက ခွေးဆိုတာ ခွေးလေခွေးလွင့်တွေများတာကို။

ဒါပေမဲ့ အနောက်တိုင်း ယဉ်ကျေးမှုတွေမှာတော့ ခွေးကို အောက်တန်းကျတဲ့ သတ္တဝါလို့ မယူဆကြဘူး။ သူတို့ဆီမှာ ခွေးလေခွေးလွင့်တွေက နည်းပြီး အိမ်မွေးခွေးတွေကသာ များတာ။ ခွေးတွေနဲ့ ခင်ခင်မင်မင်နေသူဟာ တစ်နည်းအားဖြင့် ယဉ်ကျေးသူလို့ ယူဆကြတာ။ အချို့က သူတို့ကိုယ်သူတို့ 'ခွေးချစ်သူ' လို့ ဂုဏ်ယူပြီး ပြောကြတာ။ လူတချို့ကို ခွေးနဲ့နှိုင်းရင် လူကိုစော်ကားရာမရောက် ခွေးကို စော်ကားရာရောက်နိုင်တယ်။

သဘောထားတွေ တစ်ယောက်နဲ့တစ်ယောက်မတူကြလို့ ဘယ်သူမှန်တယ်၊ ဘယ်သူ မှားတယ် ငြင်းခုံကြလို့ အပိုပဲလေ။ အမှန်ဆိုတာ တစ်ခုတည်းရှိတယ်ဆိုပြီး အပြန် အလှန် အနိုင်လုကြလဲ ဘာမှထူးလာမှာ မဟုတ်ဘူး။ ဒါကြောင့် အမှန်တရားဆိုတာ အမျိုးမျိုးရှိပြီး အချိန် နေရာနဲ့အလိုက် ပြောင်းလဲတတ်တယ်ဆိုတာကို လက်ခံဖို့လိုတယ်။ ဆော့ခရေ့တီး(စ်)က ဒါကို လက်မခံတာ အံ့ဩဖို့ကောင်းတယ်။

ဒီလိုမရှိနိုင်တဲ့ 'အမှန်တရား' တွေအကြောင်း လိုက်မေးတော့ အားရလောက်တဲ့အဖြေ ဘယ်လိုလုပ်ရနိုင်ပါ့မလဲ။ ဒါကြောင့် သူ့စကားတွေက ဟိုမရောက် ဒီမရောက်နဲ့ ပျက်သွားတာများတယ်မဟုတ်လား။

ဖြေ။ ဟုတ်ကဲ့။ တိရစ္ဆာန်တွေအပေါ်ထားတဲ့ လူ့သဘောက ယဉ်ကျေးမှုအလိုက် ကွာတယ်ဆိုပေမယ့် အဲသလို ကွာခြားချက်တွေက အပေါ်ယံတွေပဲလား

ဆိုတာ စဉ်းစားစရာရှိပါတယ်။ ရိုးရိုးရေလည်း $H_2O$ပဲ။ ဂါထာမန်းထားတဲ့ရေလည်း $H_2O$ ပါပဲ။ ဒီ ရေနှစ်မျိုးက မတူဘူးလို့ ဘယ်လိုပြောပြော ဓာတုဗေဒဖွဲ့စည်းပုံအရ လုံးဝအတူတူပဲ။ ခြားနားမှုတစ်စက်မှ မရှိဘူး။ $H_2O$ ဆိုတာဟာ ရေရဲ့ ဘယ်လိုမှ မပြောင်းတဲ့ အခြေခံအရည်အသွေးလို့ ဆိုနိုင်တယ်။ ဒီလိုပဲ အရာရာတိုင်းမှာ မပြောင်းလဲတဲ့ အရည်အသွေးတွေရှိပုံပေါ်တယ်။

ခွေးကိုမသန့်ဘူးလို့ထင်ရာမှာ အခြေခံသဘောက ဘာပါလဲဆိုတာကို နားလည်နိုင်ဖို့ ကြိုးစားရမှာပေါ့။ အစားအစာ မသန့်လို့လား၊ လမ်းဘေးမှာ နေလို့လား၊ လူကို ကိုက်တတ်လို့လား လေ့လာရမယ်။ ခွေးကို ခင်စရာကောင်းတယ်လို့ ထင်ရာမှာ အခြေခံသဘောက ဘာပါလဲဆိုတာကိုလဲ နားလည်နိုင်ဖို့ ကြိုးစားရမယ်။ ခွေးတွေရဲ့ စရိုက်ကောင်းတယ်ထင်သလား။ ရုပ်လှတယ် ထင်သလား စသည်ဖြင့်လဲ မေးကြည့်ရမယ်။


ခင်ဗျားကလည်း ထင်ချင်သလိုထင်၊ ကျုပ်လည်း ထင်ချင်သလို ထင်မယ်ဆိုပြီး တစ်ယောက်နဲ့တစ်ယောက် ဘာသိဘာသာပဲနေကြရင် အသိပညာတိုးတက်မှုရှိမှာ မဟုတ်ဘူး။ အထင်အမြင်လွဲတာတွေ များသထက်များပြီး ပြဿနာတွေပဲပိုများလာဖို့ ရှိတယ်။ အသိပညာတိုးတက်ဖို့ သုတေသနလုပ်တယ်ဆိုတာ အပြန်အလှန် ဆွေးနွေးမှုတစ်မျိုးပဲ။ တရားရုံးတွေမှာ တရားမျှတမှုကိုရှာဖွေတာ အပြန်အလှန်ဆွေးနွေးမှု တစ်မျိုးပဲ။ ခေတ်မီ ကျောင်း တက္ကသိုလ်တွေမှာ ပညာသင်ကြားပေးတယ်ဆိုတာ အပြန်အလှန် ဆွေးနွေးမှုတစ်မျိုးပဲ။ နိုင်ငံတကာကူးသန်းရောင်းဝယ်ရေးမှာ အပေးအယူ လုပ်တာ အပြန်အလှန်ဆွေးနွေးမှုတစ်မျိုးပဲ။ စစ်ပွဲတွေပြီးလို့ ငြိမ်းချမ်းရေးစာချုပ်ချုပ်ကြတာ အပြန်အလှန်ဆွေးနွေးမှုတစ်မျိုးပဲ။

အမှန်အမှားရှာဖွေရာမှာ တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန်ကူညီဆွေးနွေးဖို့၊ ညှိနှိုင်းတိုင်ပင်ဖို့က အရေးကြီးတယ်၊ တွေ့ဆုံဆွေးနွေးပြီး အားလုံး လက်ခံနိုင်မယ့်အဖြေကို ရှာတဲ့အလုပ်ဟာ အင်မတန်လှူဆန်တဲ့အလုပ်ဖြစ်တယ်။ အကျိုးရှိတဲ့အလုပ် ဖြစ်တယ်။ မွန်မြတ်တဲ့ အလုပ်ဖြစ်တယ်။ လူ့ယဉ်ကျေးမှုမှာ အထွတ်အထိပ်ကျတဲ့

အလေ့အကျင့်တစ်ခုဖြစ်တယ်။

*မေး။ ခင်ဗျားပြောချင်တာတွေ ပြီးပြီဆိုရင် မေးစရာတစ်ခုကျန်သေးလို့ မေးပါရစေ။ အခု ဆွေးနွေးချက်တွေကိုပြီးအောင်လေ့လာရင် ဘဝ မီးရထားပေါ်က လက်မှတ်စစ်နဲ့ တွေ့လည်း အဖမ်းမခံရဘူးလို့ ခင်ဗျားက အစပိုင်းမှာ ကြေညာခဲ့တယ်နော်။ ခင်ဗျား ပြောတာ တကယ်ပဲလား။ လက်မှတ်စစ်က ဘယ်သူလဲ။ တွေ့ရင်အဖမ်းမခံရအောင် ဘာလုပ်ရမှာလဲ။*

ဖြေ။ လက်မှတ်စစ်က ဘယ်သူဆိုတာကို ကြိုမပြောနိုင်ပါဘူး။ တွေ့ရင် ဘယ်သူဆိုတာကို သိလာပါလိမ့်မယ်။ ရထားပေါ်က မဆင်းချင်ဘူး ဆိုရင်တော့ ဟောဒီ လက်မှတ်ကိုသာ ထုတ်ပြလိုက်ပါ။




## ရှင်းလင်းချက်များ

**၂၀ရာစုအနောက်တိုင်း ဒဿနဆရာ တချို့ . . .** အဲသလို သဒ္ဒါအရမှန်ပြီး အဓိပ္ပာယ်မရှိတဲ့စကားတွေကို 'category mistake' အမျိုးအစား မှားယွင်းခြင်းလို့ ဒဿနဆရာ ဂင်းလ်ဘတ်ရိုင်လ် Gilbert Ryle က ခေါ်တယ်။

**ခရမ်းရောင်စိတ်ကူးတွေက ခါးသလား . . .** ဒါက အမျိုးအစားမှားယွင်းတဲ့ ဥပမာစကားတစ်ခုပေါ့။ ခရမ်းရောင် ဆိုတာရှိတယ်။ စိတ်ကူးဆိုတာ ရှိတယ်။ ခါးတဲ့အရသာလည်းရှိတယ်။ ဒါပေမဲ့ အားလုံးကိုပေါင်းပြီး ခရမ်းရောင်စိတ်ကူးတွေက ခါးသလားလို့ ပြောခြင်းဟာ အမျိုးအစား မှားယွင်းမှု

တစ်ခုကျူးလွန်ခြင်းပဲ။ အမေရိကန်လူမျိုး ဘာသာဗေဒပညာရှင် နုမ်းချော(မ်)စကီး Noam Chomsky ရဲ့ 'Colorless green ideas sleep furiously' 'အရောင်မဲ့ စိမ်းရောင် စိတ်ကူးများ ဒေါကြီးမောကြီးနဲ့အိပ်တယ်' ဆိုတဲ့ ဥပမာမျိုးပါပဲ။

**သူ့စာရိတ္တ အားသာချက်ဟာ သူ့ အတွေးအခေါ် . . .** ဒါကို ဂျာမန် ဒဿန ဆရာခါးလ်ဂျိုအဲလ် Karl Joel က ဆိုခဲ့တာပါ။ ဥပမာ W.K.C Gurthrie (1971) *Socrates*, Cambridge University Press ရဲ့ စာမျက်နှာ ၁၃၈ ကို ကြည့်ပါ။

အခုခေတ် သိပ္ပံပညာရှင်တွေရေးတဲ့ စိတ်သဘာဝ . . . ဥပမာဆစ်(ဂ်) မွန်ဖရိုက်(ဒ်) Sigmund Frend နဲ့ ခါး(လ်) ယွန်း Carl Jung တို့ပြောတဲ့ လူ့စိတ်သဘာဝကို မကြားဖူးတာ၊ စတန်လေမီ(လ်)ဂရမ် Stanley Milgram ရဲ့ စမ်းသပ်ချက်နဲ့ မကြုံလိုက်ရတာ၊ ထိုထိုးတဲ့သူတွေ သင်္ချာ အတွက်အချက် ဘယ်လိုမှားတယ်ဆိုတာကို ဆော့ခရေ့တီး(စ်) မသိလိုက်ရတာက နှစ်ပေါင်း နှစ်ထောင့်ငါးရာလောက် အချိန်စောပြီး လူ့လောကထဲရောက်လာလို့ ဖြစ်တယ်။

**တီတီထွန်း**

မှတ်စု ရေးရန် ........


## ၂၀၁၁ မောင်ဝံသ စာအုပ်သစ်များ

### ခေတ်မီ နိုင်ငံရေးဝေါဟာရ အဘိဓာန်

A Modern Dictionary of Political Terms

"စကားနောက်မှာ တရားပါ" ဆိုသည့်အတိုင်း နိုင်ငံရေးစကားလုံး တစ်လုံးချင်း၏နောက်က အဓိပ္ပာယ်ဖွင့်ဆိုရှင်းလင်းချက်များကို ပြည့်ပြည့်စုံစုံ ဖတ်ရှု လေ့လာနိုင်မည်။

စာမူခွင့်ပြုအမှတ် ၃၁၀၁၅၈၁၂၀

### နိုင်ငံရေးစာရေးဆရာ တွမ်ပိန်း

Common Sense, The Rights of Man, The Age of Reason နာမည်ကျော် စာအုပ်များဖြင့် ကမ္ဘာ့လူသားတို့၏ အတွေးအမြင်ကို ဉာဏ်သစ်ဖွင့်ပေး၍ ပြောင်းလဲစေခဲ့သော စာရေးဆရာ ထောမတ်စ် ပိန်းအကြောင်း အပြည့်စုံဆုံး အတ္ထုပ္ပတ္တိ။

စာမူ ခွင့်ပြုအမှတ် ၃၁၀၁၅၈၁၂၀

### နိုင်ငံရေး စာကိုး စကားကိုး

Political Quotations

ကမ္ဘာ့နိုင်ငံရေး လူမှုရေး ခေါင်းဆောင်များ၏ အဆိုအမိန့်များ။

စာမူခွင့်ပြုအမှတ် ၃၁၀၁၄၆၁၁၁၀

### ပထမတန်းစားနိုင်ငံ
### ပထမတန်းစားစိတ်ဓာတ်

လွတ်လပ်သော သတင်းစာဆရာ အမြင်ဖြင့် နိုင်ငံရေး လူမှုရေး ဆန်းစစ်ဝေဖန်ချက်များ။

စာမူခွင့်ပြုအမှတ် ၃၁၀၁၇၇၀၈၁၁

ဒေါ်ခင်းစာပေ၊ ၁၁၃၊ ၃၃လမ်း၊ ကျောက်တံတား၊ ရန်ကုန်၊ ဖုန်း (၀၁) ၃၇၃၂၂၀

# ၂၀၁၁ မောင်ဝံသ စာအုပ်သစ်များ

## ခေတ်မီ နိုင်ငံရေးဝေါဟာရ အဘိဓာန်

A Modern Dictionary of Political Terms

"စကားနောက်မှာ တရားပါ" ဆိုသည့်အတိုင်း နိုင်ငံရေးစကားလုံး
တစ်လုံးချင်း၏နောက်က အဓိပ္ပာယ်ဖွင့်ဆိုရှင်းလင်းချက်များကို
ပြည့်ပြည့်စုံစုံ ဖတ်ရှု လေ့လာနိုင်မည်။

စာမူခွင့်ပြုအမှတ် ၃၁၀၁၅၈၁၂၁၀

## နိုင်ငံရေးစာရေးဆရာ တွမ်ပိန်း

Common Sense, The Rights of Man, The Age of Reason
နာမည်ကျော် စာအုပ်များဖြင့် ကမ္ဘာ့လူသားတို့၏ အတွေးအမြင်ကို
ဉာဏ်သစ်ဖွင့်ပေး၍ ပြောင်းလဲစေခဲ့သော စာရေးဆရာ
သောမတ်စ် ပိန်းအကြောင်း အပြည့်စုံဆုံး အတ္ထုပ္ပတ္တိ။

စာမူ ခွင့်ပြုအမှတ် ၃၁၀၁၅၈၁၂၁၀

## နိုင်ငံရေး စာကိုး စကားကိုး

Political Quotations

ကမ္ဘာ့နိုင်ငံရေး လူမှုရေး ခေါင်းဆောင်များ၏ အဆိုအမိန့်များ။

စာမူခွင့်ပြုအမှတ် ၃၁၀၁၄၆၁၁၁၀

## ပထမတန်းစားနိုင်ငံ
## ပထမတန်းစားစိတ်ဓာတ်

လွတ်လပ်သော သတင်းစာဆရာ အမြင်ဖြင့် နိုင်ငံရေး လူမှုရေး
ဆန်းစစ်ဝေဖန်ချက်များ။

စာမူခွင့်ပြုအမှတ် ၃၁၀၁၇၇၀၈၁၁

ဒေါင်းစာပေ၊ ၁၁၃၊ ၃၃လမ်း၊ ကျောက်တံတား၊ ရန်ကုန်၊ ဖုန်း (၀၁) ၃၇၃၃၂၀